
ယဿ သိယာ အာပတ္တိ - ၌၊ အာပတ္တိ - အရ

ပါရာဇိက၊ သံဃာဒိ သေသ်၊ ထုလ္လစ္စဉ်း၊ ပါစိတ်၊ ဒုက္ကဋ်၊ ဒုဗ္ဘာသီ၊ ပါဋိဒေသနီ အားဖြင့် အာပတ် - ၇ပုံဖြစ်ပါသည်။

http://www.dhammadownload.com

အာပတ် (ရ) ပုံကို ဂရုက+လဟုက ခွဲခြားချက်

ပါရာဇိက,သံဃာဒိသေသ် အာပတ်၂-ပါးသည် လူထွက်ခြင်း၊ ပရိဝါသ်, မာနတ်ဆောက်တည်ရခြင်း ဟူသော ကြီးလေးသောကံဖြင့် ဖြဖျောက်မှပြေသောကြောင့် ဂရုကအာပတ် မည်ပါသည်။ ကျန် အာပတ်ငါးပါးသည် **ဒေသနာ**ပြောကြားခြင်းဟူသော ပေါ့သောကံဖြင့် ဖြဖျောက်ရသောကြောင့် **လဟုက** အာပတ် မည်ပါသည်။

အာပတ်ရှိလျှင် ဥပုသ်မပြုကောင်း

ယော ပန ဘိက္ခု ယာဝတတိယံ (ပ) သမ္မဇာနမုသာဝါဒဿ ဟောတိ-ကို ထောက်၍ မပြုကောင်းပါ။ (၁၃၅၁-ခု အခြေပြုတန်း)

မိမိ၌ အာပတ်မစင်ကြယ်ဘဲလျက် ပါတိမောက်ကို ကြားနာခြင်း ၄ာ သင့်/မသင့်

ပါရိသုဒ္ဓိ အာယသ္မန္တော အာရောစေထ၊ ပါတိမောက္ခံ ဥဒ္ဒိသိဿာမိ၊ ယဿ သိယာ အာပတ္တိ၊ သော အာဝိကရေယျကို ထောက်၍ မိမိ၌ အာပတ်မစင်ကြယ်ဘဲ ပါတိမောက်ကို ကြားနာခြင်း ၄ာ မသင့်ပါ။ (၁၃၂၈-ခု အလတ်တန်း)

အာပတ်ရှိသောရဟန်း ပြုလုပ်ရမည့်ကိစ္စ

အာပတ်ရှိပါက ထင်စွာ ပြုရပါမည်၊ ဒေသနာ ပြောကြားရပါမည်။ သာဓက - ယဿ သိယာ အာပတ္တိ သော အာဝိကရေယျ။

အာပတ်မရှိသောရဟန်း ပြုလုပ်ရမည့်ကိစ္စ

အာပတ်မရှိပါက ဆိတ်ဆိတ်နေရပါမည်။ သာဓက - အသန္တိယာ အာပတ္တိယာ တုဏှီ ဘဝိတဗ္ဗံ။

http://www.dhammadownload.com

ပါတိမောက်နာယူသော ရဟန်းတော်များအနေဖြင့် ဘုရားရှင်က "တုဏှီ ဘဝိတဗ္ဗံ" ဟု ဟောတော်မူရာ အဘယ်ရဟန်းတော်မျိုးသာ ဆိတ်ဆိတ်နေသင့်ပါသနည်း။

ဖဿသိယာ အာပတ္တိ၊ သော အဝိကရေယျ – အာပတ်ရှိက ထင်စွာပြုရမည်၊ ဒေသနာကြားရမည်။ အသန္တိယာ အာပတ္တိယာ တုဏှီ ဘဝိတဗ္ဗံ – အာပတ်မရှိမှသာ ဆိတ် ဆိတ်နေရမည် ဟု ဟောတော်မူထားသောကြောင့် အာပတ်မရှိသော ရဟန်းသည်သာ ဆိတ်ဆိတ်နေသင့်ပါသည်။

တိုက်ရိုက် မမေးသော်လည်း ဖြေကြားသင့်ပုံပြပါဦ

ယထာ ခေါ ပန ပစ္စေကပုဗ္ဗဿ (ပ) အနုသာဝိတံ ဟောတိ။

ဧဝရူပါယ ပရိသာယ–အရ

ဤသို့ ဂုဏ်သရေရှိသော ပကတတ်ရဟန်းပရိသတ်။

ယာဝတတိယာနုဿာဝန ဝါကျ

တတ္ထာယသ္မန္တေ ပုစ္ဆာမိ (ပ) ဧဝမေတံ ဓာရယာမိ။

အာပတ်ကို ထင်စွာမပြုလျှင် အာပတ်သင့်ကြောင်းကို ပြသောပါဦ

ယော ပန ဘိက္ခု (ပ) မုသာဝါဒဿ။

အန္တရာယိကော–အရ

ပဌမစျာန်စသည်ကို ရခြင်း၏ အန္တရာယ်ကို ပြုတတ်သော သမ္မောဇန မုသာဝါဒဒုက္ကဋ်အာပတ်။ (၁၃၂၇–ခု အလတ်တန်း)

http://www.dhammadownload.com

မုသာဝါဒဟူသည် ကိုယ်, နှုတ်နှစ်ပါး တစ်ပါးပါးဖြင့် လိမ်ညာမှု ဖြစ်ပါလျက် ဆိတ်ဆိတ်နေရုံမျှဖြင့် သမ္ဘာန မုသာဝါဒ ဒုက္ကဋ်သင့်ခြင်း အကြောင်း-

ယဿ သိယာ အာပတ္တိ, သော အာဝိကရေယျ-ဖြင့် ပါတိမောက်ပြသော ပုဂ္ဂိုလ်က "အာပတ်ရှိလျှင် ထင်စွာပြပါ" ဟု တိုက်တွန်းနေသောကြောင့် အာပတ်သင့်နေသူမှန်လျှင် ဇကန်ထုတ်ဖော်ပြောဆိုသင့်၏။ ထုတ်ဖော်မပြောလျှင် တုဏှီဘာဝေန (ပ) ဝေဒိဿာမိ အရ အာပတ်မှ စင်ကြယ်သူဟု အထင်လွဲသွားပေလိမ့်မည်။ ဤသို့လျှင် ဆိတ်ဆိတ်နေခြင်းသည် နှုတ်ဖြင့် ထုတ်ဖော်ပြောဆိုရမည်ကို မပြောဘဲ လိမ်ရာရောက်သောကြောင့် ဝစီဒ္ဒါရေ အက္ကြိယသမုဋ္ဌာနခေါ် သမ္ဘာန မုသာဝါဒ ဒုက္ကဋ်အာပတ် သင့်ရလေသည်။ (၁၃၅၂-ခု အငယ်တန်း)

သံဃာဥပုသ်ပြုရန် ကြွလာသော ရဟန်းသည် (က) မိမိ အပြစ်ရှိမှန်း သိက ပြုလုပ်ရမည့်အစီအစဉ် (ခ) အပြစ်မရှိပါက ပြုလုပ်ရမည့် အစီအစဉ်

(က) ဒေသနာပြောကြားခြင်း, ထုတ်ဖော်ဝန်ခံခြင်းအားဖြင့် ထင်စွာပြုရမည်။

(ခ) ဆိတ်ဆိတ်နေရမည်။ (၁၃၅၃-ခု အခြေပြုတန်း)

သံဃာတော်များ၏ ပရိသုဒ္ဓအဖြစ် သိနိုင်ခြင်းအကြောင်းများ

ထင်စွာပြုခြင်းကြောင့်လည်းကောင်း၊ ဆိတ်ဆိတ်နေခြင်းကြောင့် လည်းကောင်း၊ ပရိသုဒ္ဓအဖြစ်ကို သိရပါသည်။ သာဓက-ယဿ သိယာ အာပတ္တိ၊ သော အာဝိကရေယျ၊ အသန္တိယာ အာပတ္တိယာ တုဏှီ ဘဝိတဗ္ဗံ၊ တုဏှီဘာဝေန ခေါ ပနာယသ္မန္တေ "ပရိသုဒ္ဓါ" တိ ဝေဒိဿာမိ။

http://www.dhammadownload.com

ဥပုသ်ပြုစဉ် ပါတိမောက္ခုဒ္ဒေသကရဟန်းက သုံးကြိမ်တိုင်တိုင်မေးမြန်းသောအခါ ဆိတ်ဆိတ်နေသင့်သော ရဟန်း

မိမိမှာ အာပတ်မရှိသော ရဟန်း။

မနေသင့်သော ရဟန်း။ ။ မိမိမှာ အာပယ်ရှိသောရဟန်း။

မိမိမှာ အာပတ်ရှိသော ရဟန်းသည် ပါတိမောက္ခုဒ္ဒေသက ရဟန်းက မေးမြန်းစီစစ်ပါလျက် မိမိ၌ ထင်ရှားသော အာပတ်ကို မဖော်ပြလျှင် အဘယ်အပြစ်ရှိပါသနည်း။

သမ္မဇနမုသာဝါဒ ဒုက္ကဋ်သင့်သည်။

အာပတ်ကို ထင်စွာပြုရခြင်းအကြောင်း

သမ္မာနမုသာဝါဒဒုက္ကဋ်အာပတ်ကို စွာန်, မဂ်ဖိုလ် အန္တရာယ်ကို ပြုတတ်သော အာပတ်ဟု ဘုရားရှင် ဟောတော်မူသောကြောင့် အာပတ်ကို ထင်စွာပြုရပါသည်။

အာပတ်ကို ထင်စွာပြုရကျိုး

ပထမစျာန် စသည်ကို ရဖို့ရာ ချမ်းသာ လွယ်ကူပါသည်။

(၁၃၂၇-ခု အလတ်တန်း၊ ၃၉-ခု အငယ်တန်း)

ထင်စွာ မပြုခြင်း၏ အပြစ်

သမ္မာနမုသာဝါဒ ဒုက္ကဋ်အာပတ်သင့်သည်။

(၁၃၃၉-ခု အငယ်တန်း)

အာပတ်သင့်နေပါလျက် သတိမရ၍ ဆိတ်ဆိတ်နေမှု

သရမာနေနဟု ဟောတော်မူသောကြောင့် အပြစ်မရှိပါ။

(၁၃၃၁-ခု အကြီးတန်း)

http://www.dhammadownload.com

နိဂုံးစကား

ဥဒ္ဒိဋ္ဌံ ခေါ အာယသ္မန္တော နိဒါနံ (ပ) ဓာရယာမိ။

နိဒါန်းကို ဝိဏ္ဏာတ္တ ၅-ပါးဖြင့် ခွဲခြားချက်

၁။ နိဒါနေ ဥတ္တိဋ္ဌပနံ = သုဏာတု.မေ (ပ) ဥဒ္ဒိသေယျ။
၂။ ပုဗ္ဗကိစ္စသ ပုစ္ဆနံ = ပါရိသုဒ္ဒိ (ပ) ဥဒ္ဒိသိဿာမိ။
၃။ နိဒါနုဒ္ဒေသသဝနေ = တံ သဗ္ဗေ၀ သန္တော (ပ) မနသိကရောမ။
၄။ ဝိသုဒ္ဓါရောစနေ ဝိဓိ = ပါရိသုဒ္ဒိ (ပ)အာရောစေထ နှင့် ယဿ သိယာ အာပတ္တိ (ပ) အနုဿာဝိတံ ဟောတိ။
၅။ အနာရောစနေ အာပတ္တိ= ယော ပန ဘိက္ခုမှစ၍ ဖာသု ဟောတိ အထိ။

(၁၃၃၃-ခု အကြီးတန်း)

[ဆောင်] နိဒါနေ ဥတ္တိထပနံ, ပုဗ္ဗကိစ္စသ ပုစ္ဆနံ။
နိဒါနုဒ္ဒေသသဝနေ, ဝိသုဒ္ဓါရောစနေ ဝိဓိ။
အနာရောစနေ အာပတ္တိ, ဥဃျံ ဝိဏ္ဏာတ္တပဉ္စကံ။

နိဒါန်း ပြီးပါပြီ။

http://www.dhammadownload.com

ပထမ ပါရာဇိက သိက္ခာပုဒ်

ပါရာဇိက သိက္ခာပုဒ်များ၏ အချီးနိဒါန်း

တတြိ မေ စတ္တာရော (ပ) အာဂစ္ဆန္တိ။

သိက္ခာနှင့် သာဇီဝအထူး

သိက္ခာအရ ပါတိမောက္ခသံဝရ ဟူသော အဓိသီလကို ရပါသည်။

သာဇီဝ-အရ ပညတ်တော်မူအပ်သော သိက္ခာပုဒ် ပါဠိတော်များကို ရပါသည်။ ဤသို့ ထူးပါသည်။

(၁၃၅၅-ခု အလတ်တန်း၊ ၁၃၆၉-ခု အငယ်တန်း)

ဘိက္ခုနှံ သိက္ခာ သာဇီဝသမာပန္နော-၌ ဘိက္ခုနှံကို ထည့်ခြင်း အကြောင်း

ထိုသိက္ခာနှင့် သာဇီဝသည် ဘိက္ခုနီတို့၏ သိက္ခာသာဇီဝ မဟုတ်။ လူတို့၏သိက္ခာသာဇီဝလည်း မဟုတ်။ ဘိက္ခုတို့နှင့် ဆိုင်သော သိက္ခာသာဇီဝ ဖြစ်သည်ဟု သိစေလိုသောကြောင့် ဘိက္ခုနှံဟု ထည့်ပါသည်။

သီလနှင့် အဓိသီလအထူး

သာသနာပကာလ၌လည်း ရနိုင်သော ၅-ပါး, ၈-ပါး, ၁၀-ပါး သီလများသည် သီလသာမည်၍ ဘုရားရှင် ပွင့်တော်မူမှ ဟောတော်မူသဖြင့် စောင့်သုံးရသောသီလသည် အဓိသီလ မည်ပါသည်။ ဤသို့ ထူးပါသည်။

သီလ၂-မျိုး

၁။ ဝါရိတ္တသီလ- "မပြုလုပ်ရ"ဟု တားမြစ်ထားသဖြင့် ထိုအမှုမှ ရှောင်ကြဉ်ခြင်း။

http://www.dhammadownload.com

(တရားကိုယ်အားဖြင့် ပထမပါရာဇိကစသော သိက္ခာပုဒ် သီလများ)

၂။ စာရိတ္တသီလ–"ပြုကျင့်ရမည်"ဟု ပညတ်တော်မူသဖြင့် ပြုကျင့်ခြင်း။

(တရားကိုယ်အားဖြင့် မဟာဝဂ္ဂခန္ဓက စသည်၌ လာသော ကျင့်ဝတ်သီလမျိုး)

သိက္ခာသမာပန္နနှင့် သာဇီဝသမာပန္နအထူး

အဓိသီလ သိက္ခာများကို ဖြည့်ကျင့်သောပုဂ္ဂိုလ်သည် သိက္ခာသမာပန္န မည်ပါသည်။ သိက္ခာပုဒ်ပညတ်တော်ကို မလွန်ကျူးသူသည် သာဇီဝ သမာပန္န မည်ပါသည်။

(၁၃၃၂–ခု အငယ်တန်း)

[ဆောင်]။ ။ (၁) သိက္ခာသီလ, မြင်ရတုံဘိ,ဝိရတိ စေတနံ, ထို(၂)တန်ကို, လျော်ကံဖြည့်က, မှတ်ကုန်ကြ, သိက္ခာသမာပန်။

(၂) သိက္ခာပုဒ်ဟု, ပညတ်စုကို, မကျူးလွန်က, မှတ်ကုန်ကြ, သာဇီဝသမာပန်။

သိက္ခာတင် ပဉ္စက်

၁။ ဝတ္ထုသမ္ပတ္တိ ၂။ ဥတ္တိသမ္ပတ္တိ ၃။ အနုဿာဝနသမ္ပတ္တိ
၄။ ပရိသာသမ္ပတ္တိ ၅။ သီမာသမ္ပတ္တိ

(၁၃၃၀–ခု အလတ်တန်း)

[ဆောင်] ။ ။ ဝတ်, ဥတ်, သိမ်, ကမ်၊ ပရိသံ၊ ငါးတန်သမ္ပတ္တိ။

သိက္ခာချ ဆဋ္ဌက်

၁။ သိက္ခာချလိုသော စိတ်ရှိခြင်း။
၂။ သိက္ခာချကြောင်း ခေတ်ပုဒ် ဖြစ်ခြင်း။
၃။ ပစ္စုပ္ပန်ကာလ, အနာမဋ္ဌကာလ ဖြစ်ခြင်း။

http://www.dhammadownload.com

၄။ ကာယပယောဂ, ဝစီပယောဂ ဖြစ်ခြင်း။
၅။ သိက္ခာချသောပုဂ္ဂိုလ်နှင့် ချရာပုဂ္ဂိုလ်နှစ်ဦးလုံး ဥမ္မတ္တက စသည် မဟုတ်ဘဲ လူဇာတ်ရှိခြင်း။
(၁၃၃၇-ခု အကြီးတန်း၊ ၃၀-ခု အလတ်တန်း၊ ၅၄-ခု အငယ်တန်း)

[ဆောင်] ။ ။ စိတ်-ခေတ်-ကာလ၊ ပယောဂနှင့်၊ ပုဂ္ဂလ-ဝိဇာ၊ ဤခြောက်ဖြာ၊ သိက္ခာကျကြောင်းတည်း။

မေထုန်ဟူသည်

တပ်ခြင်းတူသူ မိန်းမ ယောကျ်ားနှစ်ဦးသားတို့၏ **အကျင့်**။
(၁၃၅၇-ခု အခြေပြုတန်း)

မဂ်(၃)မျိုး

၁။ ဝစ္စမဂ် ၂။ ပဿာဝမဂ် ၃။ မုခမဂ်။

မိန်းမ(၃)မျိုး

၁။ လူမ ၂။ နတ်မ ၃။ တိရစ္ဆာန်မ။

ပါရာဇိကကျနိုင်သည့် တိရစ္ဆာန်အပိုင်းအခြား

ခြေထောက် မရှိသောသတ္တဝါတို့တွင် မြွေမ, ငါးမ၊ ခြေနှစ်ချောင်း ပါသူတို့တွင် ကြက်မ၊ ခြေလေးချောင်းပါသူတို့တွင် ကြောင်မ။
[ဆောင်] ။ ။ အပဒါနံ အဟိ မစ္ဆာ၊ ဒွိပဒါနဉ္စ ကုက္ကုဋိ။
စတုပ္ပဒါနံ မဇ္ဇာရီ၊ ဝတ္ထု ပါရာဇိကသိမာ။

အသံဝါသော-၌ သံဝါသသရုပ်

၁။ ဧကကမ္မ ၂။ ဧကုဒ္ဒေသ ၃။ သမသိက္ခတာ

http://www.dhammadownload.com

ပထမပါရာဇိကလာ အနုပညတ်နှစ်ပါး

၁။ ပထမအနုပညတ် – အန္တမသော တိရစ္ဆာနဂတာယပိ။

၂။ ဒုတိယအနုပညတ် – ဘိက္ခူနံ သိက္ခာသာဇီဝ (ဝ) အနာဝိကတ္တာ။

(၁၃၃၇–ခု၊အကြီးတန်း)

ပထမပါရာဇိက အင်္ဂါများ

ဆောင် ။ ။ မိုဝဲလိုဘိ, စိတ်ကူးရှိလျက်, သူ၏မင်္ဂတွင်း, ကိုယ်မင်္ဂသွင်းဟု, ကြောင်းရင်း၂–လီ, အင်္ဂါညီ, ကျုပြီ ပါရာဇိက။

(၁၃၃၆–ခု, ၄၈–ခု အငယ်တန်း)

ပထမပါရာဇိက၏ နိဒါန်းစသည်

နိဒါန်း – ဝေသာလီပြည်၊

ပုဂ္ဂိုလ် – ရှင်သုဒိန်၊

ဝတ္ထု – မယားဟောင်း၌ မေထုန်မှီဝဲ။



ဒုတိယ ပါရာဇိက သိက္ခာပုဒ်

ဘိက္ခူနံ (ပ) အနာဝိကတ္တာ ဝါကျလိုက်ရမည့် သိက္ခာပုဒ်

ကန်ဒိုကာဟောင်း၌ ရတနဝဂ် သုဂတစီဝရသိက္ခာပုဒ် တိုင်ရုံသာ လိုက်ပုံပြပါသည်။ သို့သော်လည်း ပါဠိဒေသနီယ, သေခိယ သိက္ခာပုဒ်ဆိုင်ရာ အပြစ်များကိုလည်း သိက္ခာမချဘဲပြုမူသော အာပတ်သင့်သောကြောင့် သေခိယတိုင်အောင် လိုက်ခွင့်ရှိပါသည်။

http://www.dhammadownload.com

ဂါမာ ဝါ ရညာ ဝါ-၌ ဂါမအရ

ခိုးရာအရပ် မလစ်လပ်စေလိုသောကြောင့် ရွာကိုသာမက ရွာ၏ ဥပစာကိုပါ ယူရမည်။

ဘိက္ခုပါတိမောက်၌ "ဂါမာ ဝါ" သဒ္ဒါပါသော သိက္ခာပုဒ်

အဒိန္နာ ဒါနသိက္ခာပုဒ်။

"ဂါမံ ဝါ" ပါသော သိက္ခာပုဒ်

ကုလဒူသက သိက္ခာပုဒ်၊ ဥယျောဇန သိက္ခာပုဒ်။

သူတစ်ပါးပစ္စည်းဥစ္စာကို ခိုးယူချင်လာအောင် ပရိယာယ်ဖြင့် ပြောသောကြောင့် ထိုသူ ခိုးယူသော် ပြောသောရဟန်းအား ပါရာဇိက ကျ/မကျ။

အဒိန်္နံ ထေယျသင်္ခါတံ အာဒိယေယျ-ကိုထောက်၍ ပရိယာယ်အားဖြင့် ပြောလျှင် ပြောသောရဟန်းအား ပါရာဇိက မကျပါ။

ဒုတိယပါရာဇိက အနုပညတ်

ဂါမာ ဝါ အရညာ ဝါ။ (၁၃၅၃-ခု အငယ်တန်း)

ဂါမ, နိဂမ, နဂရ ခွဲခြားချက်

တံတိုင်း, ဈေး နှစ်ပါးစုံရှိလျှင် နဂရ။
တံတိုင်းမရှိ, ဈေးသာရှိလျှင် နိဂမ။
နှစ်ပါးစုံ မရှိလျှင် ဂါမ။

နဂရ, နိဂမတို့၌ ခိုးလည်း အပြစ်ရှိ

ဂါမဖြင့် ရွာကိုသာမက နဂရ, နိဂမတို့ကိုလည်း ယူရသောကြောင့် နဂရ, နိဂမတို့၌ ခိုးလည်း အပြစ်ရှိသည်။

(၁၃၃၇-ခု အလတ်တန်း)

http://www.dhammadownload.com

ထေယျသင်္ခတံ-ဆိုကျိုး

တာဝကာလိက-ခေတ္တခဏာယူနည်း, ဝိဿာသိက-အကျွမ်းဝင်၍ ယူနည်းများကို တားမြစ်လိုသောကြောင့် ထေယျသင်္ခါတံ-ကို ဆိုပါသည်။ (၁၃၃၆-ခု အလတ်တန်း)

[ဆောင်]။ ။ တာဝကာလိ၊ ဝိဿာသိက၊ ယူခြင်းမျှကို၊ တားမြစ်လို၊ မိန့်ဆို ထေယျသင်္ခတ။

သူတစ်ပါးပစ္စည်းခိုးယူချင်အောင် ပရိယာယ်အားဖြင့် ပြောမှု

အဒိန္နံ ထေယျသင်္ခါတံ အာဒိယေယျ-ကိုထောက်၍ ပါရာဇိက မကျပါ။ (၁၃၃၂-ခု အကြိုးတန်း)

အဒိန္နံ စသည်အရ

အဒိန္နံ အရ - ပိုင်ရှင်က ကိုယ်, နှုတ်ဖြင့် မပေးအပ်သော သူတစ်ပါးဥစ္စာ၊
ထေယျ အရ - ခိုးလိုသောစိတ်၊
ထေယျသင်္ခါတအရ- ခိုးလိုမှုစိတ်အစု။
(၁၃၃၇-ခု အလတ်တန်း)

ယထာရူပ-အရ ပါရာဇိက ကျူံငသောပစ္စည်း

အနည်းဆုံးအားဖြင့် ငွေတစ်မတ်, တစ်မတ်တန်ပစ္စည်း။

နိလကဟာပဏ ပြုလုပ်ပုံ

ရွှေသား ၅-ပဲ၊ ငွေသား ၅-ပဲ၊ ကြေးနီ ၁၀-ပဲ၊ ဤပဲ၂၀ ကိုပေါင်း၍ နိလကဟာပဏခေါ် ငွေတစ်ကျပ် ပြုလုပ်သည်။ (၎င်းငွေတစ်ကျပ်၏ တစ်မတ်ငွေကို ခိုးမှ ပါရာဇိက ကျသည်။)

http://www.dhammadownload.com

ဘုရားရှင်က "အဒိန္နံ" ဟု ဟောထားပါလျှက် တစ်မတ်အောက် ယူတ်လျော့သော ပစ္စည်းဥစ္စာကို ခိုးယူရာ၌ ပါရာဇိကမကျခြင်း အကြောင်း။

ပါရာဇိက အပြစ်သည် လောကဥ္စလည်း အပြစ်ရှိသော လောကဝဇ္ဇ အပြစ်မျိုးဖြစ်၍ တစ်မတ်အောက်ခိုးယူလျှင် လောကဥ္စ အပြစ်မရှိပါ။ ထို့ကြောင့် တစ်မက်အောက် ယုတ်လျော့သော ပစ္စည်းကို ခိုးယူရာ၌ ပါရာဇိက မကျပါ။

သာဓက – ယထာရူပေ အဒိန္နာဒါနေ (ပ) အသံဝါ သော။

တန်ဖိုးအလိုက် အာပတ်ခွဲပုံ

တစ်မတ်, တစ်မတ်တန်မှစ၍ အထက်ယူလျှင် ပါရာဇိက၊ တစ်ပဲအထက် တစ်မတ်အောက်ယူလျှင် ထုလ္လစ္စဉ်း၊ တစ်ပဲအောက် ယူလျှင် ဒုက္ကဋ်။

ရာဇာနော–အရ

ဗိမ္မိသာရ မင်းကို ယူပါ။ (၁၃၃၇-ခု, ၄၈-ခု အငယ်တန်း)

ရာဇဂြိုဟ်ပြည်၌ သူခိုးကို ပြစ်ဒဏ်ပေးရမည့် ဥပဒေများ

၁။ သတ်ပုတ်ညှဉ်းဆဲခြင်း။
၂။ နှောင်ဖွဲ့ခြင်း။
၃။ တိုင်းပြည်မှ နှင်ထုတ်ခြင်း။
၄။ 'သင်သည် လူမိုက်, သူခိုး, သူဌက်, တွေဝေသူ' ဟု ကြိမ်းမောင်းခြင်း။

ဗိမ္မိသာရမင်းကြီးက ရာဇဂြိုဟ်ပြည်၏ ဥပဒေအရ ခိုးသူများကို မည်သို့ အပြစ်ပေးပုံ

ဗိမ္မိသာရမင်းကြီးသည် ရာဇဂြိုဟ်ပြည်၏ ဥပဒေအရ – ခိုးသူ

http://www.dhammadownload.com

များကို ဖမ်းယူ၍ "သင်သည် သူခိုး၊ လူမိုက်၊ တွေဝေသူ၊ ဝှက်တတ်သူ" ဟု ဆဲရေးမူလည်း ဆဲရေးသည်၌၊ သတ်ပုတ်မူလည်း သတ်ပုတ်ပါသည်၊ နှောင်ဖွဲ့မူလည်း နှောင်ဖွဲ့ပါသည်၊ နှင်ထုတ်မူလည်း နှင်ထုတ်ပါသည်။

ပရိဘာသနာကာရ ပြပါဠ်

စောရောသိ (ပ) ထေနောသိ။

ကြိမ်းမောင်းပုံ စကားရပ်

စောရောသိ ဗာလောသိ မူဠ္ဍောသိ ထေနောသိ။

နိဒါန်းစသည်

နိဒါန်း – ရာဇဂြိုဟ်ပြည်၊
ပုဂ္ဂိုလ် – ရှင်ဓနိယ၊
ဝတ္ထု – မင်း၏သစ်တော်တို့ကို မပေးဘဲ ယူမှု။

(၁၃၅၃-ခု အငယ်တန်း)

နတ်စသူတို့၏ ဥစ္စာကို ခိုးမှု

လူဇာတ်ရှိသူ၏ဥစ္စာကို ခိုးယူမှ ပါရာဇိက ကျသောကြောင့် နတ် စသူတို့၏ဥစ္စာကို ခိုးသော်လည်း ပါရာဇိက မကျပါ။ သို့သော်လည်း ငါးပါး သီလ ထုံးစံအတိုင်း အဒိန္နာဒါနသိက္ခာပုဒ် အပြစ်ကား မလွတ်ပါ။

ဒုတိယပါရာဇိကအင်္ဂါများ

[ဆောင်]။ ။လူဇာတ်ရှိငြား, သူတစ်ပါး၏, ပိုင်ထားဥစ္စာ၁, သူ့ဥစ္စာဟု, သိမှတ်မူနှင့်၂, ဂရုပရိက်၃, ထေယျစိတ်သွင်း၄, ခိုးယူခြင်းဟု၅, ကြောင်းရင်း ငါးလီ, အင်္ဂါညီ, ကျပြီပါရာဇိက်။

http://www.dhammadownload.com

တတိယ ပါရာဇိက သိက္ခာပုဒ်

သဠေစ-ဖြင့် သိစေအပ်သော အင်္ဂါ ၂-ပါး

၁။ သတ္တဝါမှန်း သိခြင်း၊

၂။ သတ်လိုသော စိတ် ရှိခြင်း။

မနုဿဝိဂ္ဂဟ-အရ

ကလလရေကြည် တည်ချိန်မှစ၍ အသက်ရှင်ဆဲ လူဇာတ်ရှိသူ အားလုံးကို မနုဿဝိဂ္ဂဟအရ ယူရမည်။ (၁၃၅၀-ခု အင်္ဂလိပ်တန်း)

ကိုယ်ဝန်ဖျက်သောရဟန်း ပါရာဇိက

မနုဿဝိဂ္ဂဟ ဟူသည် အကောင်အထည် ထင်ရှားရှိမှ မဟုတ်။ **အဓိပ္ပါယ်**တွင်း၌ ကလလရေကြည် တည်ချိန်မှစ၍ မမွေးခင်လည်း မနုဿဝိဂ္ဂဟပင် ဖြစ်သည်။ ထို့ကြောင့် ကိုယ်ဝန်ဖျက်ချသောရဟန်း လည်း ပါရာဇိက ကျသည်။

အခြားသတ္တဝါများကို သတ်မှု

ဘီလူး, နတ်ကို သတ်လျှင် ထုလ္လစ္စဉ်း။

နဂါး စသော တိရစ္ဆာန်ကို သတ်လျှင် ဒုက္ကဋ်။

တတိယပါရာဇိကလာ ပါဏ-စသည်အရ

ပါဏ အရ – ပညတ်အားဖြင့် သတ္တဝါ။
ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေ။

ပါဏာတိပါတ အရ – ဇီဝိတိန္ဒြေကို ဖြတ်တတ်သော ပယောဂကို ဖြစ်စေတတ်သော စေတနာ။

http://www.dhammadownload.com

ပါဏာတိပါတိ အရ – သတ်ကြောင်းစေတနာနှင့် ပြည့်စုံသောပုဂ္ဂိုလ်။ (၁၃၄၀-ခု အလတ်တန်း)

ထာဝရပယောဂပြ ပါဠ်

သတ္ထဟာရကံ ဝါသ ပရိယေသေယျ။ (၁၃၃၃-ခု အငယ်တန်း)

ပရိယေသေယျ ပုဒ်၏ သိခါပတ္တာအနက်

ရှာမှီး၍ချထားခြင်းအနက် ဖြစ်ပါသည်။

သတ္ထအရ–

လက်နက်အားလုံးကို **ယူရမည်**။

သံဝဏ္ဏနာကာရပြပါဠ်

အမ္ဘောပုရိသ ကိံ တုယှိမိနာ (ပ) သေယ္ယော။

(၁၃၂၉-ခု အကြီးတန်း၊ ၃၃-ခု အငယ်တန်း)

ပရိယာယ်ဖြင့် ပြောလည်း ပါရာဇိကကျ

မရဏဝဏ္ဏံ ဝါ သံဝဏ္ဏေယျ–ကို ထောက်ပါ။

(၁၃၃၂-ခု အကြီးတန်း)

သေခြင်း၏ ကျေးဇူးဂုဏ်ကို ချီးမွမ်းပြောဆိုပုံ

အိုယောကျ်ား...သင့်အား ယုတ်ညံ့ဆိုးရွားစွာ အသက်ရှင်နေရခြင်းဖြင့် အဘယ်အကျိုး ရှိအံ့နည်း၊ သင့်အား အသက်ရှင်နေရခြင်းထက် သေရခြင်းကမြတ်သေး၏။ သာဓကအမ္ဘောပုရိသ(ပ)သေယ္ယော။

တတိယ ပါရာဇိက၏ အနုပညတ်

မရဏဝဏ္ဏံ ဝါ သံဝဏ္ဏေယျ။

http://www.dhammadownload.com

"ဆင်းရဲလှစွာ အသက်တစ်ရာ နေရတာထက် သေရတာက မြတ်သေး၏"ဟု သေချင်လာအောင် ပြောလျှင် ပါရာဇိက ကျ၊မကျ

မရဏဝဏ္ဏံဝါ သံဝဏ္ဏေယျ-ကို ထောက်၍ ပါရာဇိက ကျပါသည်။

အာဏတ္တိပယောဂပြပါဠ်

မရဏာယ ဝါ သမာဒပေယျ။ (၁၃၃၃-ခု အငယ်တန်း)

ဣတိ စိတ္တမနော-၌ မနသဒ္ဒါ ထည့်ဆိုခြင်းအကြောင်း

စိတ္တသဒ္ဒါသည် စိတ်ဟူသောအနက်, အထူးအဆန်းဟူသော အနက်, ပန်းချီဆေးရေးရုပ်အနက်စသည်ကို ဟောနိုင်သောကြောင့် ဤနေရာ၌ စိတ်ကိုသာ ယူစေလို၍ "မန"ဟု တွဲဖက်ပြရသည်။

စိတ္တသဒ္ဒါနှစ်ခုတို့အထူး

ဣတိ စိတ္တမနော-၌ စိတ္တသည် စိတ်အနက်ကို ဟော၍ဣတိ စိတ္တ သင်္ကပ္ပေါ-၌ စိတ္တသည် ဆန်းပြားဟူသောအနက်ကို ဟောပါသည်။ ဤသို့ ထူးပါသည်။ (၁၃၅၂-ခု အငယ်တန်း)

တတိယပါရာဇိကလာ လူသတ်နည်း ၄-မျိုး

၁။ မနုဿဝိဂ္ဂဟံ ဇီဝိတာ ဝေါရောပေယျ- အရ ကိုယ်တိုင်ဖြစ်စေ, ခိုင်း၍ဖြစ်စေ သတ်ခြင်း၊

၂။ သတ္ထဟာရကံ ဝါဿ ပရိယေသေယျ-အရ သေချင်သူ အလွယ် တကူရအောင် လက်နက်ရှာ၍ ပို့ထားခြင်း၊

၃။ မရဏဝဏ္ဏံ ဝါ သံဝဏ္ဏေယျ- အရ သေရခြင်း၌ အကျိုးရှိပုံကို ထင်ရှားပြခြင်း (ချီးမွမ်းခြင်း)၊

၄။ မရဏာယ ဝါ သမာဒပေယျ- အရ သေပို့ရာ နည်းပေး လမ်းပြ ပြုလုပ် သင်ပြခြင်းတည်း။

http://www.dhammadownload.com

နိဂုံးဝါကျ

အနေကပရိယာယေန ပါဠိ၏နောက်၌ရှိသော "မရဏာ ဝဏ္ဏံ ဝါ သံဝဏ္ဏေယျ၊ မရဏာယ ဝါ သမာဒပေယျ" ဟူသော စကား သည် နိဂုံးစကားဖြစ်ပါသည်။

နိဒါန်းစသည်

နိဒါန်း – ဝေသာလီပြည်၊
ပုဂ္ဂိုလ် – ရဟန်းများစွာ၊
ဝတ္ထု – အချင်းချင်းသတ်မှု။

လူယောင်ဆောင်ထားသော ဘုမ္မဇိုးနတ်ကို သတ်ဖြတ်သော ရဟန်း အား ပါရာဇိက အာပတ်မသင့်

လူဇာတ်ရှိသော ခန္ဓာကိုယ်ကို သတ်မှသာလျှင် ပါရာဇိက ကျသည်ဟူသော အဂ်ါ ချုတ်ယွင်းနေသောကြောင့် ပါရာဇိက အာပတ် မသင့်ပါ။

သာဓက – မနုဿဝိဂ္ဂဟံ ဇီဝိတာ ဝေါရောပေယျ။

ဆေးပေးမှား၍ လူနာသေသွားခဲ့သော် ဆေးပေးသော ရဟန်း ပါရာဇိက မကျ

သဉ္ဇီစ္စ မနုဿဝိဂ္ဂဟံ ဇီဝိတာ ဝေါရောပေယျ – ကိုထောက်၍ သေစေလိုသော စိတ် စေတနာ မရှိသောကြောင့် ပါရာဇိက မကျပါ။

တတိယ ပါရာဇိကအဂ်ါများ

[ဆောင်]။ ။ လူဇာတ်လည်းရှိ[၁]၊ သတ္တဝါဟုသိ၍[၂]၊ သတ်မည်လိုလား၊ စိတ်စက် ထားဖြင့်[၃]၊ အားပါးစိုက်လျင်း[၄]၊ စုတေခြင်း[၅]ဟု၊ ကြောင်းရင်း ငါးလီ၊ အဂ်ါညီ၊ ကျပြီ ပါရာဇိက်။

http://www.dhammadownload.com

စတုတ္ထ ပါရာဇိက သိက္ခာပုဒ်

ဥတ္တရိ မနုဿဓမ္မ-၌ မနုဿ စသည်အရ

မနုဿ အရ – ရိုးရိုးပုထုဇဉ်လူများ။

ဥတ္တရိမနုဿ အရ – ရိုးရိုးပုထုဇဉ် လူများထက် သာလွန်သောစျာန်ရဟုဂ္ဂိုလ်နှင့် အရိယာ ပုဂ္ဂိုလ်များ။

မနုဿဓမ္မ အရ -- လူတို့၏ ကုသလကမ္မပထ ၁၀ ပါး။

ဥတ္တရိမနုဿဓမ္မ အရ - စျာန်, မဂ်, ဖိုလ်တရားများ။

(၁၃၃၇-ခု အကြီးတန်း)

သမုဒါစရတိအာကာရပြပါဠိ

ဣတိ ဇာနာမိ၊ ဣတိ ပဿာမိ။ (၁၃၂၇-ခု အလတ်တန်း)

နားလည်သူအား ပြောမှ ပါရာဇိကကျ

ဥတ္တရိမနုဿဓမ္မကို ပြောရာ၌ အပြောခံရသူက နားလည်လောက်သူ လူသားစစ်စစ်ဖြစ်မှသာ ပါရာဇိက ကျသည်။ နားမလည်လောက်သော ကလေးသူငယ် စသည်နှင့် နတ် စသည်ကို ပြောရာ၌မူ ပါရာဇိက မကျပါ။

အာပတ္တိပဋိဇာနနကာလပြပါဠိ

တတော အပရေန (ပ) ဇဝံ ဝဒေယျ။

ဝဒနာကာရပြပါဠိ

အဇာနမေဝံ အာဝုသော အဝစံ ဇာနာမိ၊ အပဿံ ပဿာမိ တုစ္ဆံ မုသာ ဝိလပိ်ဖြစ်ပါသည်။

http://www.dhammadownload.com

ပါရာဇိကအာပတ်မှ လွတ်လိုလွတ်ငြား ဥတ္တရိမနုဿဓမ္မကို ဝါကြွားပြောဆိုသော ရဟန်းက ရဟန်းကောင်းတို့ထံ ဝန်ချတောင်း ပန်ပုံ

ငါ့ရှင်တို့...ဤသို့ ငါ မသိဘဲ သိ၏ဟု ဆိုမိပါပြီ၊ မမြင်ဘဲ ငါမြင်၏ဟု ဆိုမိပါပြီ။ အချည်းနှီး မှားယွင်းသော စကားကို ပြောဆိုမိပါပြီ။ သာဓက-အဇာနမေဝံ (ပ) ဝိလပိ်။

ဝိသုဒ္ဓပေက္ခော-၌ ဝိသုဒ္ဓိအရ

လူအဖြစ်, သာမဏေအဖြစ်, ဥပါသကာအဖြစ်, အာရာမ်စောင့်အဖြစ် စသည်။

ဝိသုဒ္ဓိပေက္ခော-၌ ဝိသုဒ္ဓိဖြစ်ပုံ + မဖြစ်ပုံ

ပါရာဇိက ကျူးလွန်သည် လူ, ဥပါသကာ, အာရာမ်စောင့်, သာမဏေ တစ်မျိုးမျိုးအဖြစ်ဖြင့် ကုသိုလ်အားထုတ်လျှင် နတ်ရွာ, နိဗ္ဗာန်ရောက်နိုင်သောကြောင့် ပါရာဇိကကျူး၏ လူ စသော အဖြစ်သည် ဝိသုဒ္ဓိဖြစ်သည်။ ပါရာဇိကကျူးသည် ရဟန်းဘဝ၌ တည်လျက် စျာန် စသည်ကို ရခြင်းငှာ မထိုက်တော့။ ထို့ကြောင့် ပါရာဇိကကျူး၏ ရဟန်းအဖြစ်သည် ဝိသုဒ္ဓိ မဖြစ်ပါ။ (၁၃၅၀-ခု အင်္ဂေတန်း)

နိဒါန်းလာ ဝိသုဒ္ဓါပေက္ခေန-၌ ဝိသုဒ္ဓိနှင့် စတုတ္ထပါရာဇိကလာ ဝိသုဒ္ဓါပေက္ခော-၌ ဝိသုဒ္ဓိတို့အထူး

နိဒါန်းလာ ဝိသုဒ္ဓိ-အရ အာပတ်မှ စင်ကြယ်ခြင်းကို ယူ၍ စတုတ္ထပါရာဇိကလာ ဝိသုဒ္ဓိ-အရ စင်ကြယ်ကြောင်းဖြစ်သောလူအဖြစ်, သာမဏေ အဖြစ်ကို ယူရပါမည်။ ဤသို့ ထူးပါသည်။

http://www.dhammadownload.com

လိမ်လည်ပြောမိကြောင်းကို ဝန်ခံပုံပြပါ၌

အဇာန မေဝံ (ပ) ဝိလပိံ ။ (၁၃၂၉-ခု အကြီးတန်း)

တုစ္ဆံနှင့် မုသာ အထူး

အနက်မမှီး အချည်းနှီးသောစကားသည် တုစ္ဆာမည်၍ လိမ်လည်လိုငြား ချို့ယွင်းသောစကားသည် မုသာ မည်ပါသည်။

(၁၃၃၇-ခု အကြီးတန်း၊ ၁၃၂၇-ခု အလတ်တန်း)

စတုတ္ထပါရာဇိကကို မူလပညတ်နှင့် အနုပညတ် ခွဲခြားချက်

အညတြ အဓိမာနာသည် အနုပညတ်ဖြစ်၍ ကျန်ပါဌိများသည် မူလပညတ် ဖြစ်ပါသည်။ (၁၃၂၉-ခု အကြီးတန်း)

စတုတ္ထပါရာဇိကအင်္ဂါများ

[ဆောင်]။ ။ ဈာန် မဂ် ဖိုလ် ဥတ္တရိရယ်က, မိမိ၌ မရှိမှန်[၁], ပါပိစ္ဆာစိတ် ဝါကြွားနှင့်, ပြောမှားမိဟန်[၂], သူတစ်ပါး မညွှန်ပြန်[၃], နာခံသူ့ လူသား[၄], ပြောချင်းပင် အမြန်သိလျှင်လ[၅], အင်ငါးတန် အမှန်ပြည့်တာ ကြောင့်, စတုတ္ထာပါရာဇိငယ်, ကျ၏မမှား။

(၁၃၃၁-ခု၊ ၃၆-ခု အကြီးတန်း)

လူသာမဏေအား မိမိဈာန်မဂ်ဖိုလ် ရရှိကြောင်းကို ပြောကြားပါလျက် ထိုပြောကြားသော ပါရာဇိက မကျခြင်းအကြောင်း

ဟုတ်မှန်သော အကြောင်းကိုပြော ကြားခြင်းကြောင့် ပါရာဇိက မကျပါ။

နိဒါန်းစသည်

နိဒါန်း - ဝေသာလီပြည်၊

ပုဂ္ဂိုလ် - ဝဂ္ဂုမုဒါမြစ်ကမ်းနေ ရဟန်းများ၊

http://www.dhammadownload.com

ဝတ္ထု – အချင်းချင်း၏ စျာန်မဂ်ဖိုလ်တရားကို ဝါကြွားပြောမှု။
(၁၃၂၉-ခု, ၃၁-ခု အကြီးတန်း)

သူတစ်ပါးကို ညွှန်ပြသကဲ့သို့(အညာပဒေသ)ပြောနည်း

မိမိကိုယ်ပင် သူတစ်ပါးအနေမျိုးဖြင့် "ယော တေ ဝိဟာရေ ဝသတိ, သော အရဟာ= သင်ဒါယကာရဲ့ကျောင်း၌နေသော ဘုန်းကြီး ဟာ ရဟန္တာပဲ" စသည်ဖြင့် ပြောခြင်း။

အညာပဒေသနည်းဖြင့် ပြောရာ၌ အာပတ်သင့်ပုံ ၂-မျိုး

နားထောင်သူက ထိုပြောတိုင်း နားလည်လျှင် ပါရာဇိက မကျ။ ထုလ္လစ္စဉ်းအာပတ်သာ သင့်သည်။ နားထောင်သူက ပြောတိုင်း နားမလည်လျှင် ဒုက္ကဋ်အာပတ် သင့်သည်။

ပါရာဇိကကျသော ရဟန်း၏ သာသနာတော်မှ ဆုံးရှုံးရပုံ

ပါရာဇိကလေးပါးတို့တွင် တစ်ပါးပါးသို့ရောက်ပြီးသောရဟန်း သည် ရှေးလူဖြစ်စဉ် သာမဏေဖြစ်စဉ်အခါ၌ ရဟန်းကောင်းတို့နှင့် ပေါင်း သင်းခွင့်မရသကဲ့သို့ ထို့အတူပင် ရဟန်းကောင်းတို့နှင့် ဧကဓမ္မ ဧကုဒ္ဒေသ သမသိက္ခာဟူသော ပေါင်းဖော်ခြင်းကို မရတော့ပါ။ သာဓက – ယေသံ ဘိက္ခူ အညတရံ ဝါ အညတရံ ဝါ အာပဇ္ဇိတ္ဝာ နံ လဘတိ ဘိက္ခူဟိ သဒ္ဓိံ သံဝါသံ ယထာ ပုရေ၊ တထာ ပစ္ဆာ၊ ပါရာဇိကော ဟောတိ အသံဝါသော။

(၁၃၂၅-ခု အလတ်တန်း ၅၂ ခု အခြေပြုတန်း)

မှတ်ချက်။ ။ပါရာဇိက ၄-ပါးလုံး လွန်ကျူးမှသာ လွန်ကျူးရာ ရောက်သည်ဟု မသတ်မှတ်ရ၊ တစ်ပါပါးကို ကျူးလွန်ရုံမျှနှင့် သာသနာတော်မှ ဆုံးရှုံးရသည်။ သာဓက – ယေသံ(ပ)အသံဝါသော။

http://www.dhammadownload.com

ပါရာဇိကကျသော ဒုဿီလရဟန်း၏ ကိုယ်ပိုင်အခွင့်အရေး

လူ, သာမဏေ စသည် ပြောင်းနေလျှင် ဒါနစသည်ဖြင့် နတ်ပြည်, နိဗ္ဗာန်, စျာန်, မဂ်, ဖိုလ် ရနိုင်သော အခွင့်အရေး ဖြစ်သည်။
(၁၃၅၇-ခု အငယ်တန်း)

ပါရာဇိက ၂၄-ပါး

၁။ ပါတိမောက်၌ တိုက်ရိုက်လာသော ဘိက္ခုအတွက် ပါရာဇိက ၄-ပါး။
၂။ ဘိက္ခုနီအတွက် ပါရာဇိက ၄-ပါး။
၃။ "ပဏ်-ထေ- ပက်- ဆန်၊ ပဋ္ဌာနန်၊ ဒူသံ ဥဘောဗျည်း" ဟူသော အဘဗ္ဗပုဂ္ဂိုလ် ၁၁-ယောက်။
၄။ လူထွက်လို၍ လူဝတ်လဲသော ဘိက္ခုနီ။
၅။ အင်္ဂါဇာတ်ရှည်သော လမ်ဗီပုဂ္ဂိုလ်။
၆။ ကျောက်ကုန်းနူးညံ့သော မုဒုပိဋ္ဌကပုဂ္ဂိုလ်။
၇။ သူတစ်ပါး၏ အင်္ဂါဇာတ်ပေါ်သို့ ရှေးရှုထိုင်သူ။
၈။ သူတစ်ပါး၏ အင်္ဂါဇာတ်ကို စုပ်သူ။

[ဆောင်]။ ။ ရှစ်ပါး ပါရာ, ဘဗ္ဘာရောသွတ်, လူဝတ်သည့်နီ, လမ်ဗီ-မုဒု, ရှေ့ရှုထိုင်ခဲ့, စုပ်ပြန်ငဲ့, နှစ်ဆယ့်လေး ပါရာ။

ပါရာဇိက ကုစားနည်း

[ဆောင်]။ ။ ပါရာဇိက၊ ကျတုံက၊ ကုသလမ်း မရှိ၊
လူသာမဏေ၊ လုပ်၍နေ၊ စင်လေ အာပတ္တိ။
(၁၃၃၂-ခု, ၃၉-ခု အငယ်တန်း)

http://www.dhammadownload.com

သံဃာဒိသေသ ကဏ္ဍ

သုက္ကဝိဿဋ္ဌိသိက္ခာပုဒ်

ဤသိက္ခာပုဒ်အစဉ် ထည့်ရမည့်ပါဠိများ

ဘိက္ခုနော– ရဟန်း၏။ သိက္ခာသာဇီဝ သမာပန္နော– ပါတိမောက္ခ သံဝရ သီလတည်းဟူသော (ပ) ရောက်လျက်။ သိက္ခံ–ကို။ အပ္ပစ္စက္ခာယ–၍။ ဒုဗ္ဘဂ္ဂါ–ကို။ အနာဝိကတွာ–၍။

သဏ္ဌေတနိကာ–၌ စေတနာ–အရ

မောစနသာဒစေတနာကို ယူရမည်။

သုက် ၁၀–မျိုး

၁။ အဖြူရောင်အဆင်းရှိသောသုက်၊

၂။ အနီရောင် အဆင်းရှိသောသုက် စသည်ဖြင့် ရေတွက်ပါ။ [ဆောင်]။ ။ ဖြူ– နီ–ညို– ရွှေ၊ ရက်တက်ရေ၊ ဆီ–ရေ– နို့– ထောပတ်၊ နို့ခမ်းပမာ၊ ဆင်းတူစွာ၊ သုက္ကာ ၁၀–မျိုးမှတ်။

သုက်ပမာဏ

ယင်ငယ်လေးမျှ, သောက်နှင်ထ, သုက္ကပမာဏတ်။

အိပ်မက်၌ သုက်လွတ်လျှင် အာပတ်သင့်+မသင့်

အညတြ သုပိနန္တာကို ထောက်၍ မသင့်ပါ။

အာပတ်တစ်ချက်တည်းကိုပင် အာပတ္တိနိကာယ ဟုခေါ်နိုင်ပုံ

သံဃာဒိသေသ ဟူသောအမည်သည် အာပတ်တစ်ခု၏ အမည် မဟုတ်၊ သံဃာဒိသေသ အာပတ်များ၏ အမည် ဖြစ်သည်။ သို့သော်

http://www.dhammadownload.com

အာပတ်အပေါင်း၏ သံဃာဒိသေသ ဟူသောအမည်ကို အစိတ်အာပတ် တစ်ခုတစ်ခု အပေါ်၌တင်စား၍ အာပတ်တစ်ခုတစ်ခုကိုပင် ဧက ဒေသုဒ္ဒေပ စာရအားဖြင့် သံဃာဒိသေသဟု ခေါ်နိုင်ပါသည်။

ဘိက္ခုသံဃာဒိသေသ်သိက္ခာပုဒ်များ၌ အာပတ္တိနိကာယောပုဒ် ထည့်၍ အနက်ပေးခြင်းအကြောင်း

သံဃာဒိသေသော ဟူသောအမည်သည် အာပတ်တစ်ခု၏ အမည် မဟုတ်၊ သံဃာဒိသေသ်အာပတ်များ၏ အမည်သာ ဖြစ်သည် ဟူသော အဓိပ္ပာယ်ကို သိစေလိုသောကြောင့် ထည့်သည်။

(၁၃၃၆-ခု အကြီးတန်း)

သံဃာဒိသေသ် အဓိပ္ပာယ်

သံဃာဒိသေသ် အာပတ်သင့်၍ အာပတ်မှ ထမြောက်လိုသော ရဟန်းအား ပရိဝါသ်ပေးခြင်းအကျိုးငှာ အစဉ်ဖြစ်စေ, မာနတ်ပေးခြင်း နှင့် အရင်းသို့ ငင်ခြင်းငှာ အလယ်၌ဖြစ်စေ, အဗ္ဘာန်သွင်းခြင်းငှာ အဆုံး၌ဖြစ်စေ သံဃာကို အလိုရှိအပ်သောကြောင့် သံဃာဒိသေသ် ဟုခေါ်ပါသည်။

မူလပညတ်, အနုပညတ် ခွဲခြားချက်

အညတြ သုပိနန္တာသည် အနုပညတ်ဖြစ်၍ ကျန်ပါဠိများသည် မူလပညတ် ဖြစ်ပါသည်။

သိက္ခာပုဒ်အင်္ဂါ ၃-ပါး

၁။ လွတ်စေလိုသော စေတနာရှိခြင်း၊
၂။ လွတ်အောင် လုံ့လပြုခြင်း၊
၃။ သုက်လွတ်ခြင်း။

http://www.dhammadownload.com

[ဆောင်]။ ။ လွတ်စေလို့ဌာ, စေတနာတည့်ံ, ဗျာပါလုံ့ဟ, ပြုမိကလျှင်း၂, သုက်လွတ်ခြင်း၃ဟု, ကြောင်းရင်းသုံးလီ, အင်္ဂါညီ, သင့်ပြီ ဝိဿဋ္ဌိ။

နိဒါန်းစသည်

နိဒါန်း – သာဝတ္ထိပြည်၊
ပုဂ္ဂိုလ် – ရှင်သေယျသက၊
ဝတ္ထု – လက်ဖြင့် လုံ့လပြု၍ သုက်ကို လွတ်စေမှု။

ကာယသံသဂ္ဂသိက္ခာပုဒ်

ဝိပရိဏာတစိတ္တ–အရ

ကာယသံသဂ္ဂရာဂစိတ်ကို ယူရမည်။

မာတုဂါမ–အရ

ယနေ့မွေးခါစ မိန်းကလေးမှစ၍ အသက်ရှင်ဆဲ လူမိန်းမ အားလုံးကို ယူရမည်။ (၁၃၂၄–ခု, ၂၈–ခု, ၃၃–ခု, ၄၇–ခု အလတ်တန်း)

မိန်းမရုပ်ကလာပ်ကို ကိုင်တွယ်မှု

မိန်းမရုပ်ကလာပ်ကို ကာယသံသဂ္ဂဖြင့် ကိုင်ရာ၌ အလောင်း မပျက်သေးလျှင် ထုလွှစွဲဉ်း၊ အလောင်းပျက်လျှင်မူ ဒုက္ကဋ်။

မိန်းမအဝတ်စသည်ကို ကာယသံသဂ္ဂဖြင့် ကိုင်မှု

ဒုက္ကဋ်အာပတ် သင့်သည်။ (**မိန်းမပိုစတာ** စသည်ကို ကိုင်လည်း အတူတူပင်။)

http://www.dhammadownload.com

ကာယသံသဂ္ဂ–၌ တစ်ကိုယ်လုံး ကိုင်တွယ်မှုသာ အာပတ် သင့်သည်မဟုတ်

ဟတ္ထဂ္ဂါဟံ ဝါ ဝေဏိဂ္ဂါဟံ ဝါ အညတရဿ ဝါ အညတရဿ ဝါ အင်္ဂဿ ပရာမသနံ–ကို ထောက်၍ တစ်ကိုယ်လုံးကိုင်တွယ်မှုသာ အာပတ် သင့်သည်မဟုတ်။ လက်စသော ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ခုခုကိုကိုင်လည်း အာပတ်သင့်သည်။

ဟတ္ထ–အရ

တတောင်ဆစ်မှစ၍ လက်များအထိ ယူရမည်။

(၁၃၂၈–ခု, ၃၂–ခု အလတ်တန်း)

ဝေဏီ–အရ

ဖွတ်မြီးထိုး၍ဖြစ်စေ၊ မထိုးဘဲ ရိုးရိုးဖြစ်စေ၊ ပန်း, ရွေ, ငွေ စသည်ဖြင့် ရောရှိဖြစ်စေ၊ မရောဘဲ ဆံချည်းသက်သက်ဖြစ်စေ ထုံးအပ်သော ဆံထုံးကို ဝေဏီ–အရ ယူရမည်။

(၁၃၂၈–ခု, ၃၃–ခု အလတ်တန်း)

အင်္ဂါအရ

ဟတ္ထ, ဝေဏိတို့မှ ကြွင်းသော ကိုယ်အင်္ဂါအစိတ်အပိုင်းကို ယူပါ။ (၁၃၂၈–ခု, ၃၂–ခု အလတ်တန်း)

မထုံးဘဲထားသော ဆံပင်နှင့် အမွေးများကို ကိုင်တွယ်မှု

ဝေဏီသဒ္ဒါကို ဥပလက္ခဏ နည်းအားဖြင့် ဆိုထားရကား ဝေဏီ၌ အကျုံးဝင်သောကြောင့် အာပတ်သင့်ပါသည်။

ကာယသံသဂ္ဂ အဓိပ္ပာယ်

လက်ကိုကိုင်ခြင်း၊ ဆံထုံးကို ကိုင်ခြင်း၊ အမှတ်မထား တစ်ပါး

http://www.dhammadownload.com

ပါးသော အင်္ဂါကြီးငယ်ကို သုံးသပ်ခြင်းသည် ကာယသံသဂ္ဂ မည်ပါသည်။ သာဓက- ဟတိဂ္ဂါဟံ ဝါ (ပ) ပရာမသနံ။

ကာယသံသဂ္ဂ၏ အကျယ်ပြပါဠိ

ဟတ္ထဂ္ဂါဟံ ဝါ (ပ) ပရာမသနံ။

မှတ်ချက်။ ။ ကာယသံသဂ္ဂ၏ အဓိပ္ပာယ်ကိုမေးလျှင် ဤပါဠိကို မြန်မာပြန်၍ ဖြေပါ။ (၁၃၄၇-ခု အခြေပြုတန်း)

မာတုဂါမက လာကိုင်တွယ်၍ သာယာလျှင် အာပတ်မသင့်

ကာယသံသဂ္ဂ သမာပဇ္ဇေယျ-ကို ထောက်၍ မသင့်ပါ။

အင်္ဂါများ

[ဆောင်]။ ။လူမိန်းမပင်[၁], မိန်းမထင်လျက်[၂], သံသင်္ဂာဂ[၃], လုံ့လပြုလျှင်း[၄], ကိုင်မိခြင်းဟု[၅], ကြောင်းရင်း ၅-လီ, အင်္ဂါညီ, သင့်ပြီသံသဂ္ဂ။ (၁၃၃၆-ခု အလတ်တန်း)

နိဒါန်းစသည်

နိဒါန်း - သာဝတ္ထိပြည်၊
ပုဂ္ဂိုလ် - ရှင်ဥဒါယီ၊
ဝတ္ထု - ကိုယ်လက်နှိုးနှောမှု။



ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်

ဝိပရိဏာမိတ္တ-အရ

ဒုဋ္ဌုလ္လဝါစသာဒ ရာဂစိတ်။

http://www.dhammadownload.com

ဒုဋ္ဌုလ္လဝါစာအဓိပ္ပာယ်

ဝစ္စမဂ်, ပဿဝမဂ်, မေထုန်နှင့် စပ်သောစကားကို ခေါ်သည်။

ဒုဋ္ဌုလ္လဝါစာ- ဟူသည်

လှလင်ပျိုသည် မိန်းမပျိုကို မေထုန်နှင့်စပ်သော စကားတို့ဖြင့် ပျက်ရယ် ပြောဆိုသကဲ့သို့ ပျက်ရယ်ပြောဆိုခြင်းမျိုးကို ဒုဋ္ဌုလ္လဝါစာ ဟု ခေါ်ပါသည်။

သိခါပတ္တဒုဋ္ဌုလ္လဝါစာ

မေထုနပသံဟိတာဟိ-ကို ထောက်၍ မေထုန်နှင့်စပ်သော စကားမျိုး ဖြစ်ပါသည်။

မာတုဂါမ-အရ

ရုန့်ရင်းသော စကား, မရုန့်ရင်းသော စကားကို နားလည်သော မိန်းမကို ယူရမည်။ (၁၃၂၄-ခု၊ ၂၈-ခု, ၃၃-ခု အလတ်တန်း)

ယုတ်ယုတ်မာမာ ပြောဆိုရာ၌ အတင့်ရဲလွန်းပုံပြပါ၌

ယထာ တံ ယုဝါ ယုဝတိံ။

အစွမ်းကုန် ရုန့်ရင်းသောစကားကို ညွှန်ပြသောပါ၌

မေထုနပသံဟိတာဟိ။

အဂ်ါများ

[ဆောင်]။ ။လူမိန်းမပင်[၁], မိန်းမထင်လတ်[၂], ဝါစသာဒ[၃], ထိုရာဂဖြင့်, ပြောပြလေဘိ[၄], ချက်ချင်းသိဟု[၅], ကြောင်းရှိ ငါးလီ, အဂ်ါညီ, သင့်ပြီ ဒုဋ္ဌုလ္လ။

http://www.dhammadownload.com

နိဒါန်းစသည်

နိဒါန်း – ဝေသာလီပြည်၊
ပုဂ္ဂိုလ် – ရှင်ဥဒါယီ၊
ဝတ္ထု – ဒုဋ္ဌုလ္လဝါစာ ပြောဆိုမှု။

အတ္ထကာမပါရိစရိယ သိက္ခာပုဒ်

မာတုဂါမ–အရ

(ဒုဋ္ဌုလ္လဝါစာနှင့်တူပြီ) (၁၃၃၃–ခု, ၄၇–ခု အလတ်တန်း)

သန္တီကော–အရ အနီး ဟူသည်

ရဟန်း၏စကားကို မာတုဂါမ ကြားလောက်သော အရပ်တည်း။

ဝိပရိဏတ စိတ္တ–အရ

အတ္ထကာမပါရိစရိယရာဂစိတ်ကို ယူပါ။

လုပ်ကျွေးခြင်း၏ဂုဏ်ကို ပြောဆိုပုံပြစကား

ဧတဒဂ္ဂံ (ပ) ပရိစရေယျ။ (ဘာသနာကာရ ပြပါ၌ဟုလည်း ခေါ်သည်။)

ဝတ္ထုံ ဘာသေယျ အဓိပ္ပာယ်၊ မိမိအတွက် ကာမဂုဏ်ဖြင့် လုပ်ကျွေးခြင်း၏ ကျေးဇူးကိုပြောဆိုပုံ

နမ... အကြင်မိန်းမသည် အကျင့်သီလရှိသော ကောင်းသော တရားရှိသော မြတ်သောအကျင့်ကို ကျင့်လေ့ရှိသော ငါကဲ့သို့သော သူကို ဤမေထုန်အမှုဖြင့် လုပ်ကျွေးခြင်းသည် လုပ်ကျွေးခြင်းတကာတို့တွင် အမြတ်ဆုံးဖြစ်သည်။

သာဓက။ ။ဝတ္ထုံ ဘာသေယျ "ဧတဒဂ္ဂံ (ပ) ပရိစရေယျ။"

http://www.dhammadownload.com

ဗြဟ္မစာရီ, သီလဝန္တ စသည်တို့အထူး

မေထုနဝိရတိသီလရှိသူကို ဗြဟ္မစာရီ ဟုခေါ်သည်။ မေထုနဝိရတိ မှတစ်ပါး ပါဏာတိပါတဝိရတိစသော သီလရှိသူကို သီလဝန္တ ဟုခေါ်သည်။

မေထုနဝိရတိ သီလနှင့် ပါဏာတိပါတ ဝိရတိ စသော နှစ်ပါးစုံ သီလရှိသူကို ကလျာဏဓမ္မ ဟုခေါ်သည်။

(၁၃၃၇-ခု, ၅၄-ခု အလတ်တန်း)

ကာမဂုဏ်ဖြင့် လုပ်ကျွေးချင်လာအောင် ရဟန်းထုတ်သုံးသော ဂုဏ်ပုဒ်များ

၁။ သီလဝန္တ – သီလရှိခြင်း၊ ၂။ကလျာဏဓမ္မ – ကောင်းသော သဘောရှိခြင်း၊ ဗြဟ္မစာရီ – မြတ်သော အကျင့်ကို ကျင့်လေ့ရှိခြင်း။

အဂ်ါများ

[ဆောင်]။ ။ လူမိန်းမပင်[၁], မိန်းမထင်လျက်[၂],ကိုယ်တွက်တာဟု, ကာမမှုဖြင့်, ပြုစေလိုတုံ့, ရာဂကြီး[၃], ဂုဏ်ကိုပြောဘိ[၄], ချက်ချင်းသိဟု[၅], ကြောင်းရှိငါးလီ, အင်္ဂါညီ, သင့်ပြီ ကာမ ပါရိစရိယ။

နိဒါန်းစသည်

နိဒါန်း – သာဝတ္ထိပြည်၊
ပုဂ္ဂိုလ် – ရှင်ဥဒါယီ၊
ဝတ္ထု – မိမိအတွက် ကာမဂုဏ်ဖြင့် လုပ်ကျွေးခြင်း၏ ဂုဏ်ကို ပြောဆိုမှု။

http://www.dhammadownload.com

သဠရိတ္တ သိက္ခာပုဒ်

သဠရိတ္တ–၌ အောင်သွယ်ဟူသည်

မိန်းမယောကျ်ား နှစ်ဦးသားတို့၏ အကြား၌ သွားလိုက် ပြန်လိုက်နှင့်တစ်ဦး၏ စကားကို အခြားတစ်ဦးထံ ပို့ပေးခြင်းကို သဠရိတ္တ–အောင်သွယ်ခြင်း ဟုခေါ်သည်။ (၁၃၃၉-ခု အယ်တန်း)

အောင်သွယ်ခြင်းဟူသည်

မယားဖြစ်စေလိုသောကြောင့် မိန်းမအား ယောကျ်ား၏အလိုကို ပြောပြပေးခြင်း၊ လင်ဖြစ်စေလိုသောကြောင့် ယောကျ်ားအား မိန်းမ၏ အလိုကိုပြောပြပေးခြင်းကို သဠရိတ္တ–အောင်သွယ်ပေးခြင်းဟု ခေါ်ပါသည်။ သာဓက = သဠရိတ္တံ (ပ) ဇာရတ္တနေ ဝါ။

အောင်သွယ်ခြင်း၏ အကြောင်းနှစ်ပါး

၁။ ယောကျ်ား၏အလိုကို မိန်းမအား မယားဖြစ်စေလိုသောကြောင့် လည်းကောင်း။

၂။ မိန်းမ၏အလိုကို ယောကျ်ားအား လင်ဖြစ်စေလိုသောကြောင့် လည်းကောင်း။ (၁၃၅၇-ခု အခြေပြုတန်း)

အနုပညတ်

အန္တ မသော တခ်ီကာယပိ။

တခ်ီကာ–အရ

ပြည့်တန်ဆာမကို ယူရမည်။

http://www.dhammadownload.com

ဧည့်ဂေဟာ၌ တည်းခိုနေသော ခရီးသွားယောကျ်ားများအတွက် အဖော်အမျိုးသမီး ရှာပေးသော ရဟန်းအား အာပတ်သင့်/ မသင့်

တခဏမျှ ပေါင်းဖော်ထိုက်သော မိန်းမအားလည်း အောင်သွယ်ပေးလျှင် သံဃာဒိသိသ် အာပတ်သင့်သောကြောင့် အာပတ်သင့်ပါသည်။ သာဓက–အန္တမသော တန်ဏိကာယပိ သံဃာဒိသေသော။

အာပတ်သင့်ပုံ

၁။ ဝန်ခံခြင်း, စုံစမ်းခြင်း, ပြန်ပြောခြင်း ဟူသော ကိစ္စ ၃ ရပ်လုံး လုပ်လျှင် သံဃာဒိသေသ်။

၂။ ရှေ့နှစ်ချက်ကိုသာ လုပ်လျှင် ထုလ္လစ္စဉ်း။

၃။ ဝန်ခံရုံသာ ဝန်ခံလျှင် ဒုက္ကဋ်။

ရဟန္တာပုဂ္ဂိုလ်အားပင် အာပတ်သင့်နိုင်သော သံဃာဒိသေသ်

သဉ္ဌရိတ္တ သိက္ခာပုဒ်။ (၁၃၅၀–ခု အလတ်တန်း)

အင်္ဂါများ

[ဆောင်]။ ။ ကျား–မနှစ်ရပ်, လူသားဇာတ်တို့[၁], ကင်းပြတ်ကွဲခိုက်, အောင်သွယ် ထိုက်၍[၂], ခိုင်းခိုက်ဝန်ခံ[၃], စုံစမ်းဟန်နှင့်[၄]၊ တစ်ဖန်မယွင်း ပြန်ပြောခြင်းဟု[၅], ကြောင်းရင်းငါးလီ, အင်္ဂါညီ, သင့်ပြီသဉ္ဌရိတ်။

(၁၃၂၉–ခု အကြီးတန်း)

နိဒါန်းစသည်

နိဒါန်း – သာဝတ္ထိပြည်၊

ပုဂ္ဂိုလ် – ရှင်ဥဒါယီ၊

ဝတ္ထု – အောင်သွယ်မှု။

http://www.dhammadownload.com

ကုဋိကာရသိက္ခာပုဒ်

သစ်ဝါး ခုတ်ပေးမည့်သူ စသည်တို့ကို လုပ်အားပေးခေါ်ကောင်း

တစ်စုံတစ်ခုသော ဝတ္ထုပစ္စည်းကို တောင်းယူခြင်း မဟုတ်သောကြောင့် လုပ်အားပေးခေါ်ကောင်းသည်။

ဤသိက္ခာပုဒ်၌ လိုအပ်သော ကုဋိများနှင့် ဆောက်လုပ်ပုံအသီးသီး

၁။ ဥလ္လိတ္တကုဋိ = အင်္ဂတေ, မြေညက်တို့ဖြင့် အတွင်းဘက်၌သာသုတ်ထားအပ်သောကုဋိ။

၂။ အဝလိတ္တကုဋိ = အင်္ဂတေ, မြေညက်တို့ဖြင့် အပြင်၌သာ သုတ်ထားအပ်သောကုဋိ။

၃။ ဥလ္လိတ္တာဝလိတ္တကုဋိ = အင်္ဂတေ, မြေညက်တို့ဖြင့် နှစ်ဘက်သုတ်ထားအပ်သောကုဋိ။

ရေနုံသုတ်သစ်သားကျောင်း၌ ကုဋိကာရသိက္ခာပုဒ်အရ ကျင့်စရာမလို

ဥလ္လိတ္တ, အဝလိတ္တ, ဥလ္လိတ္တာဝလိတ္တ ကုဋိများ မဟုတ်သောကြောင့် ကျင့်စရာမလိုပါ။ (၁၃၃၉-ခု အလတ်တန်း)

အခြားသူအတွက်, သံဃာအတွက် ကုဋိကို ကြိုးကြိုးဆောက် လုပ်လျှင် အာပတ်သင့်+မသင့်

အတ္တုဒ္ဒေသံ- ကိုထောက်၍ မသင့်ပါ။ (၁၃၃၂-ခုအကြီးတန်း)

ကျောင်းရှင်ဒါယကာရှိ၍ ပမာဏကြီးစွာ ဆောက်လုပ်လျှင် အာပတ်သင့်+မသင့်

အဿာမိကံ-ကို ထောက်၍ အာပတ်မသင့်ပါ။

http://www.dhammadownload.com

အဿာမိက စသည်တို့အဓိပ္ပာယ်

(က) အဿာမိက = ဆောက်လုပ်လှူဒါန်းသူ ဒါယကာ မရှိသော ကျောင်း၊

(ခ) အတ္တုဒ္ဒေသ = မိမိဟု ဆိုအပ်သော ရည်ညွှန်းအပ်သောပုဂ္ဂိုလ် ရှိသောကျောင်း၊ (တစ်နည်း) မိမိဖို့ ဆောက်လုပ်သောကျောင်း၊

(ဂ) သပရိက္ကမန = နွားနှစ်ကောင် ကသောလှည်း, နွားလေးကောင်ကသော လှည်းတို့ဖြင့် လှည့်ပတ်လောက် ရာ ဥပစာရိသောကျောင်း။

(၁၃၅၅-ခု အင်္ဃတန်း)

ဆောက်လုပ်သင့်သော ကုဋိ၏ပမာဏ

၁။ ဘုရားရှင်၏ အထွာတော် – အလျား (၁၂)ထွာ, အနံ(၇)ထွာ။

၂။ မဇ္ဈိမပုရိသ၏ အထွာတော် – အလျား (၃၆)ထွာ, အနံ(၂၁)ထွာ။

၃။ ပကတိပုရိသ၏ အထွာ – အလျား (၅၄)ထွာ, အနံ(၂၁)ထွာနှင့် ခြောက်သစ်။

(၁၃၅၆-ခု၊ အခြေပြုတန်း)

[ဆောင်]။ ။ရှင်စောတစ်ထွာ, မဇ်သုံးထွာ, တို့ထွာခေါက်ချိုးတက်။

ကုဋိ၏အောက်ထစ်ဆုံးပမာဏ

အနည်းဆုံး ၄-တောင် ရှိရမည်။

မိမိအတွက် ကျောင်းဆောက်သော ရဟန်းသည် မိမိ ဆောက်ချင်သည့် နေရာ၌ ဆောက်ခွင့် ရ+မရ

ဘိက္ခူ အဘိနေတဗ္ဗာ ဝတ္ထု ဒေသနာယ တေဟိ ဘိက္ခူဟိ ဝတ္ထု ဒေသေတဗ္ဗံ-ကိုထောက်၍ မိမိဆောက်ချင်သည့်နေရာ၌ ဆောက်ခွင့်မရပါ။ ရဟန်းတို့ ညွှန်ပြသောနေရာ၌သာ ဆောက်ရမည်။

http://www.dhammadownload.com

ကျောင်းဒါယကာမရှိသော ရဟန်းကျောင်းဆောက်သင့်သောနေရာ

၁။ အနာရမ္ဘ– ပိုးရွ, ခြပုန်းစသော ၁၆ ပါးသော ဘေးရန် မရှိသောနေရာ။

၂။ သပရိက္ကမန – နှစ်ကောင်ကလည်း, လေးကောင်ကလည်း တို့ဖြင့် လှည့်ပတ်လောက်ရာ ဥပစာရှိသောနေရာ။

ကျောင်းငယ် မဆောက်လုပ်သင့်သောနေရာများ

၁။ သာရမ္ဘ = ပိုး. ရွ, ခြပုန်း, ကောက်ပဲသီးနှံ စသော ဘေးရန် ရှိသောနေရာ။

၂။ အံပရိက္ကမန = နှစ်ကောင်ကလည်း, လေးကောင်ကလည်းတို့ဖြင့် လှည့်ပတ်လောက်ရာ ဥပစာ မရှိသောနေရာ။

ကိုယ်တိုင်ကျောင်းဆောင်လိုသော ပုဂ္ဂိုလ်၏ လိုက်နာဆောင်ရွက်ရမည့် ဝတ္တရားများ

၁။ကိုယ်တိုင်တောင်းခြင်းဖြင့် ဆောက်လုပ်သော ကျောင်းဖြစ်ရမည်။ ၂။ကျောင်းရှင်**ဒါယကာ** မရှိသူဖြစ်ရမည်။ ၃။မိမိ သည် ညွှန်ကြားသူမဖြစ်စေရ၊ ၄။ဘုရားရှင်၏ အထွာတော်ဖြင့် ဘေးစွန်းခြင်း အလျား ၁၂–ထွာ၊ အတွင်းဘက်မှ အနံ ၇ ထွာ အလွန်ဆုံး ရှိရမည်။ ၅။ကျောင်းနေရာကို ညွှန်ပြဖို့ရာ အခြားရဟန်းတို့ကို ပင့်ဆောင်ရမည်။

မှတ်ချက်။ ။ ကျောင်းရှင်ဒါယကာမရှိဘဲ ပဲခွပ်, ပုဆိန်စသော အဆောက်အဦးများကို ကိုယ်တိုင်ငှား၍ ကျောင်းဆောက်လိုသော ရဟန်း လိုက်နာရမည့် အင်္ဂါရပ်များလည်း အတူတူပင်။

ပင့်ဆောင်ရမည့်နေရာ

အနာရမ္ဘသပရိက္ကမန ဖြစ်လောက်သော နေရာဖြစ်ပါသည်။

http://www.dhammadownload.com

ဘိက္ခူ အဘိနေတဗ္ဗာ ဝတ္ထုဒေသနာယ–၌ ပင့်ဆောင်ခြင်း၏ ရည်ရွယ်ချက်နှင့် ပင့်ဆောင်ရမည့်နေရာ

ကျောင်းရာကို ညွှန်ပြရန် ကျောင်းဆောက်ဖို့ ရည်မှန်းထားသော နေရာသို့ ပင့်ဆောင်ရမည်။

အပင့်အဖိတ်ခံ ရဟန်းတော်တို့တာဝန်

ပင့်ဖိတ်ထားသော ရဟန်းတော်များသည် ပိုးရွ၊ ခြ၊ ပုန်း ကောက်ပဲသီးနှံစသည့် ဘေးရန်မရှိသောနေရာ၊ ၂– ကောင်ကပ်လှည်း၊ ၄– ကောင်ကပ်လှည်းတို့ဖြင့် လှည့်ပတ်လောက်ရာ ဥပစာရှိသော ကျောင်းနေရာကို ညွှန်ပြရပါမည်။

အာပတ် ၄–ချက် တစ်ပြိုင်နက်သင့်ပုံ

သာရမ္ဘေ စေ (ပ) ကာရေယျပါဠ်–အရ သာရမ္ဘ, အပရိက္ကမန နေရာတို့၌ ဆောက်လုပ်ခြင်းကြောင့် ဒုက္ကဋ်အာပတ် ၂–ချက်သင့်၍ ဘိက္ခူ ဝါ အနာဘိနေယျ, ပမာဏ ဝါ အတိက္ကာမေယျပါဠ်–အရ ကျောင်းနေရာကို ကြည့်ရန် ရဟန်းတို့ကို မပင့်ဆောင်ခြင်း, ပမာဏကို လွန်စေခြင်းတို့ကြောင့် သံဃာဒိသေသ် အာပတ် ၂–ချက်တို့ သင့်ကြသည်။

အာပတ်သင့်ချိန်

အင်္ဂတေ မြေညက်စပ်မိချိန်။

ကျောင်းဒါယကာမရှိဘဲ ကျောင်းဆောက်လိုသောရဟန်း၏ ဆောင်ရွက်ရမည့်နည်းလမ်း

၁။ ဘုရားရှင် အထွာအားဖြင့် အလျား ၁၂–ထွာ, အနံ ၇–ထွာ ပမာဏထက် မပိုလွန်အောင် ဆောက်လုပ်ရခြင်း။

http://www.dhammadownload.com

၂။ ကျောင်းနေရာကို ညွှန်ကြားရန် ရဟန်းတို့ကို ပင့်ဆောင်ရခြင်း။

၃။ ထိုရဟန်းတို့ညွှန်ပြသည့် အနာရမ္မ, သပရိက္ကမန နေရာ၌ ဆောက်လုပ်ရခြင်း။ (၁၃၅၀-ခု အကြီးတန်း)

အဂ်ါများ

[ဆောင်]။ ။ ဥလ္လိတ္တာဒိ, အစရှိသား, ကုဋိ ၃-လုံး[၁], အောက်ဆုံးပမာဏ[၂], ကျောင်းဌာနလည်း, မပြမညွှန်[၃], ပမာဏလွန်လျက်[၄], မိမိတွက်တာ[၅], နေထိုင်ရာ[၆]နှင့်, လျော်စွာသုတ်လေ, အင်္ဂတေမြေကို, စပ်စေမကြွင်း[၇], အကြောင်းရင်းဟု, ခြောက်ခင်းခုနစ်လီ, လျော်အောင်ညီ, သင့်ပြီ ကုဋိကာ။

နိဒါန်းစသည်

နိဒါန်း - အာဠဝီပြည်၊
ပုဂ္ဂိုလ် - အာဠဝိတိုင်းသားရဟန်းများ၊
ဝတ္ထု - သညာဝိကကုဋိ ဆောက်လုပ်မှု။



ဝိဟာရကာရသိက္ခာပုဒ်

ကုဋိကာရ သိက္ခာပုဒ်နှင့် ဝိဟာရကာရ သိက္ခာပုဒ်တို့အထူး

ကုဋိကာရသိက္ခာပုဒ်၌ ကျောင်းရှင်ဒါယကာ မရှိ။ ပမာဏသတ်မှတ်ချက် ရှိပါသည်။ ဤဝိဟာရကာရ သိက္ခာပုဒ်၌မူ ကျောင်းရှင်ဒါယကာရှိ၍ ပမာဏသတ်မှတ်ချက် မရှိပါ။ ဤသို့ ထူးပါသည်။

(၁၃၃၂-ခု အကြီးတန်း)

http://www.dhammadownload.com

သညာစိကကုဋိနှင့် မဟလ္လကဝိဟာရတို့ ဆောက်လုပ်ရာ၌ တူညီသော ဝိနည်းဥပဒေ

(၁) ကျောင်းနေရာကို ပြောကြားဖို့ရန် ရဟန်းတော်တို့ကို ပင့်ဆောင်ရမည်။ (၂) ပင့်သံဃာ ရဟန်းတော်တို့က အနာရမ္မသပရိက္ကမန ဖြစ်သော ကျောင်းနေရာကို ပြောကြားပေးရပါမည်။

ကုဋိကာရ သိက္ခာပုဒ်မှ ထူးခြားသောအချက်

မဟလ္လကဝိဟာရ သိက္ခာပုဒ်သည် ကျောင်းရှင်ဒါယကာရှိခြင်း၊ ပမာဏသတ်မှတ်ချက် မရှိခြင်းတို့ ဖြစ်ပါသည်။

သစ်သားကျောင်းနှင့် အင်္ဂတေ မကိုင်သောတိုက်တို့ကို ကြိုးကြိုးမားမား ဆောက်လုပ်သော် အပြစ်ရှိ+မရှိ

ဤသိက္ခာပုဒ်၌ အင်္ဂတေ, မြေညက် သုတ်လိမ်းအပ်သော ဥလ္လိတ္တ စသော ကျောင်း ၃-မျိုးကိုသာ ဆိုလိုသောကြောင့် အပြစ်မရှိပါ။ (၁၃၃၂-ခု အကြီးတန်း)

အင်္ဂတေ သုတ်လိမ်းအပ်သော သံဃိကကျောင်းဆောက်မှု

အတ္တုဒ္ဒေသံ-ဟု ဆိုသောကြောင့် အပြစ်မရှိပါ။

အလှူရှင်ဒါယကာရှိသဖြင့် မဟာဝိဟာရကျောင်းတော်ကြီး ဆောက်လုပ်သော ရဟန်း၏ကျင့်ဝတ်

၁။ ကျောင်းနေရာကို ညွှန်ပြရန် ရဟန်းတို့ကို ပင့်ဆောင်ရခြင်း၊
၂။ အနာရမ္မ, သပရိက္ကမန နေရာ၌ ဆောက်လုပ်ရခြင်း။

(၁၃၅၄-ခု အခြေပြုတန်း)

http://www.dhammadownload.com

အင်္ဂါများ

[ဆောင်]။ ။ကုဋိကာရ, အင်ခုနစ်ဝတွင်, ပမာဏလွန်ပယ်, ကျန်ခြောက်သွယ်, သင့်ဖွယ်ဝိဟာရ။

နိဒါန်းစသည်

နိဒါန်း – ကောသမ္ဗီပြည်၊
ပုဂ္ဂိုလ် – အရှင်ဆန္နာ၊
ဝတ္ထု – စေတီယရက္ခကို ဖြတ်မှု။



ဒုဋ္ဌဒေါသ သိက္ခာပုဒ်

အမူလကေန-၌ မူလသရုပ်

ဒိဋ္ဌ, သုတ, ပရိသင်္ကိတ။

ပါရာဇိကေန- အရ

ပါရာဇိက ၂၄-ပါးတွင် ဘိက္ခုနီနှင့်သာဆိုင်သော ၅-ပါးကို နုတ်၍ ကျန် ၁၉-ပါးကို ယူရမည်။ (၁၃၃၆-ခုအကြီးတန်း)

ကိုယ်တိုင်မြင်တွေ့ခြင်းကြောင့် စွပ်စွဲလျှင် အပြစ်ရှိ+ မရှိ

အမူလကေန-ကို ထောက်၍ အပြစ်မရှိပါ။

စွပ်စွဲသောရဟန်း၏ အလိုဆန္ဒပြဝါကျ

အပ္ပေဝ နာမ (ပ) စာဝေယျံ

မှတ်ချက်။ ။(အနုဒ္ဒံသနာကာရ ပြပါ၌ ဟုလည်း ခေါ်သည်။

ဗြဟ္မစရိယ-အရ

သာသနာတော်ကို ယူပါ။

http://www.dhammadownload.com

ပါရာဇိကကျပြီးသော ရဟန်းတုကို စွပ်စွဲမှု

ပါရာဇိက ကျပြီးစေကာမူ သူ့ကိုယ်သူ ရဟန်းဟု ဝန်ခံနေသေးလျှင် ရဟန်းအရေအတွက်တွင် ပါဝင်ခြင်း, စွပ်စွဲသူကလည်း ပါရာဇိကမှ စင်ကြယ်သူဟု အထင်ရှိနေခြင်းတို့ကြောင့် အာပတ်သင့်သည်။

ရဟန်းတစ်ပါးကို အမှုလကပါရာဇိက အာပတ်ဖြင့် စွပ်စွဲခြင်း၏ ရည်ရွယ်ချက်

ထို ရဟန်းကို ဤမြင်သောအကျင့်မှ ရွေ့လျောစေနိုင်တန်၏ ဟူသော ရည်ရွယ်ချက် ဖြစ်ပါသည်။

စွပ်စွဲမှု၏ အခြေအမြစ် မရှိပုံ ထင်ရှားရာကာလပြပါဠ

တတော အပရေန သမယေန (ပ) ပတိဋ္ဌာတိ, (အမှုလကဘာဝ ပါကဋ ကာလပြ ပါဠိဟု သုံးနှုန်းထားသည်။) (၁၃၄၁-ခု အလတ်တန်း)

အဓိကရဏ-အရ

အာပတ္တာဓိကရဏ်းကို ယူရပါမည်။ (၁၃၃၄-ခု အကြီးတန်း)

အဂ်ါများ

[ဆောင်]။ ။ ရဟန်းများတွင်, ရေတွက်ဝင်၍[၁], သန့်စင်သောသူ, ထင်မှတ်ယူလျက်[၂], အမှုလက[၃], သမ္မုခလျှင်း, စွပ်စွဲခြင်းတည့်[၄], ချက်ချင်းသိဟု[၅], ကြောင်းရှိငါးလီ, အဂ်ါညီ, သင့်ပြီ ဒုဋ္ဌဒေါသ။

နိဒါန်းစသည်

နိဒါန်း – ရာဇဂြိုဟ်ပြည်၊
ပုဂ္ဂိုလ် – မေတ္တိယဘူမဇက ရဟန်းများ၊
ဝတ္ထု – အခြေအမြစ်မရှိသော ပါရာဇိကဖြင့် စွပ်စွဲမှု။

http://www.dhammadownload.com

အညဘာဂိယ သိက္ခာပုဒ်

အဓိကရဏ–အရ

နာမည်တည်ရာကို ယူရမည်။ (၁၃၃၄–ခု အကြီးတန်း)

အညဘာဂိယ်–ဌ် အညဘာဂ အရ

လူဇာတ်, ရဟန်းအဖြစ်မှ တစ်ပါးသော တိရစ္ဆာန်ဇာတ်, ဆိတ်ဖို အဖြစ်ကို ယူရမည်။

အနုဒ္ဒံသနာကာရပြပါဠ်

အပ္ပေဝနာမ နံ ဣမမှာ ဗြဟ္မစရိယာ စာဝေယျံ။

အညအပါဒါန်

လူဇာတ်, ရဟန်းအဖြစ်မှ။

အည ဘာဂိယ–အရ

ဆိတ်ဖိုကို ယူရမည်။

အင်္ဂါများ

[ဆောင်]။ ။ ရှေ့ဒုဋ္ဌဒေါသ, အင်ငါးဝတွင်, အညဘာဂိ, တည်ရာ၏လျှင်, ကီဋ္ဌဒေသ, အမြွက်မျှကို, စွဲယူပို, မှတ်လိုဒုတိယ, ဒုဋ္ဌဒေါသ။

ဤသိက္ခာပုဒ်နှင့် ကာလအပိုင်းအခြားတူသောအရာများ

၁။ သိက္ခာချမှု

၂။ အဘူတာရောစန– ထင်ရှားမရှိသော စျာန် မဂ် ဖိုလ်ကိုပြောမှု၊

၃။ ဒုဋ္ဌုလ္လဝါစာ ပြောမှု၊

http://www.dhammadownload.com

၄။ အတ္တကာမ ပြောမှု၊
၅။ ဤဒုဋ္ဌဒေါသဖြင့် စွပ်စွဲမှု၊
၆။ ပါစိတ်လာ ဘူတာရောစနအမှု။

ဤလုပ်ရပ် ၆–ပါးတို့သည်ပြောပြီးလျှင် သိမှုအားဖြင့် ကာလ အပိုင်းအခြားတူကြသည်။

[ဆောင်]။ ။ သိက္ခာကိုချ, အဘူတနှင့်, ဌာလွဝါစာ, အတ္တကာတည်း, ဒုဋ္ဌဒေါသ, ဘူတရောစန်, ဤ ၆–တန်တို့, ပိုင်းရန် ကာလ, တူညီမှု, သိရ ချက်ချင်းသာ။



သံယဘေဒက သိက္ခာပုဒ်

သံဃာဒိသေသ် အာပတ်သင့်ချိန်

ဤသိက္ခာပုဒ်၌ သံဃာချင်း ကွဲပြားအောင် အားထုတ်ရုံမျှဖြင့် သံဃာဒိသေသ် မသင့်သေး၊ နှုတ်ဖြင့် တားမြစ်၊ တားမြစ်၍မရမှ ကံပြု၊ ကံပြု၍ မပြီးခင် အားထုတ်မှု စွန့်လျှင်လည်း သံဃာဒိသေသ် မသင့်သေး။ ကံပြု၍ ပြီးသည်တိုင်အောင် မစွန့်မှ သံဃာဒိသေသ် သင့်ပါသည်။

သမဂ္ဂဿ သံဃဿ–၌ သမဂ္ဂသံဃာဟူသည်

သံဝါသတူသော, တူသောသိမ်၌ စည်းဝေးသော သံဃာ။
(၁၃၅၇–ခု အငယ်တန်း)

အဓိကရဏ–အရ

ဘေဒကရဝတ္ထု ၁၈–ပါးတို့ကို ယူရမည်။

အဓိကရဏ (၃) ခုတို့အထူး

ဒုဋ္ဌဒေါသသိက္ခာပုဒ်လာ အဓိကရဏမှာ–အာပတ္တာ ဓိကရဏ်း ဖြစ်၍ အညဘာဂိယ သိက္ခာပုဒ်လာ အဓိက ရဏမှာမူ တည်နေရာကို

http://www.dhammadownload.com

ယူရပါသည်။ သံဃဘေဒက သိက္ခာပုဒ်လာ အဓိကရဏမှာ သံဃာ ကွဲပြားခြင်း အကျိုးငှာဖြစ်သော ဘေဒကဝတ္ထု (၁၈)ပါးဟူသော အကြောင်းကို ယူရပါသည်။ ဤသို့ ထူးပါသည်။

သံဃာ ကွဲပြားခြင်း၏ အကြောင်းရင်းနှစ်ပါး

၁။ ဘေဒါယ ပရက္ကမေယျ= ကွဲပြားအောင် အားထုတ်ခြင်း။

၂။ ဘေဒနသံဝတ္တနိကံ ဝါ(ပ) တိဋ္ဌေယျ = ကွဲပြားခြင်းကို ဖြစ်စေ နိုင်မည့်အကြောင်းကို ယူ၍ ရပ်တည်ခြင်း။

(၁၃၅၇-ခု အင်္ဂလိပ်တန်း)

သံဃာဘေဒက ရဟန်းအား ရဟန်းကောင်းတို့က ပြောဆိုပုံ

အရှင်သည် ညီညွတ်သော သံဃာ၏ ကွဲပြားခြင်းငှာ လုံ့လ မပြုပါလင့်၊ ကွဲပြားခြင်းကို ဖြစ်စေတတ်သော အကြောင်းကိုသော် လည်း ခိုင်မြဲစွာ စွဲယူပြုမူ၍ မတည်ပါလင့်၊ အရှင်သည် သံဃာနှင့် ညီညွတ်ပါလော့၊ ညီညွတ်သည်သာလျှင် ဖြစ်သော သံဃာသည် ကောင်းစွာ ဝမ်းမြောက်သည်ဖြစ်၍ မငြင်းခုံသည်ဖြစ်၍ တူသော ပါတိမောက်ပြခြင်း ရှိသည် ဖြစ်၍ ချမ်းသာစွာ နေရ၏။ သာဓက-မာယသ္မာ သမဂ္ဂဿ (လ)ဖာသု ဝိဟရတိ။

သံဃာဘေဒကရဟန်းကို ကြားသောရဟန်း ပြောရမည့်ခရီး တာဝေး

ယူဇနာဝက်ခရီး ဝေးစေကာမူ လာ၍ပြော၊ တားမြစ်ရပေမည်။

ရဟန်းကောင်းတို့က သံဃာဘေဒကရဟန်းကို ပြောပုံပြပါ၌

မာ ယသ္မာ (ပ) ဖာသု ဝိဟရတိ။ (၁၃၅၅-ခု အခြေပြုတန်း)

သံဃာဘေဒကရဟန်းကို တွေ့လျှင် ပြောရန် တာဝန်ရှိသော ရဟန်းများ

မြင်ကုန်, ကြားကုန်သော ရဟန်းများ။

http://www.dhammadownload.com

သံဃာညီညွတ်ခြင်း၏အကျိုးပြပါဠ်

သမဂ္ဂေါ ဟိ (ပ) ဖာသု ဝိဟာရတိ။ (၁၃၄၉-ခု အခြေပြုတန်း)

သံဃာညီညွတ်ခြင်း၏ အကျိုးရလဒ်များ

၁။ လွန်စွာဝမ်းမြောက်ရခြင်း၊
၂။ ဆန့်ကျင်ဘက်စကား မပြောကြားရခြင်း၊
၃။ ပါတိမောက် အတူတူပြုရခြင်း၊
၄။ချမ်းသာစွာ နေရခြင်း။ (၁၃၅၄-ခု အလတ်တန်း)

မာ ယသ္မာ (ပ) ဝိဟရတိ ဟူသော စကားကို ပြောရမည့်နေရာ

သံဃာ့အလယ်သို့ မခေါ်သေးဘဲ သင့်လျော်သည့် နေရာ၌ ၃-ကြိမ် တိုင်အောင် ပြောရမည်။ ပြောမရလျှင် သံဃာ့အလယ်သို့ အတင်းဆွဲခေါ်၍ ၃-ကြိမ်တိုင်အောင် ပြောရမည်။

ပြောမရလျှင် လုပ်ရမည့်တာဝန်

သမနုဘာသနကံ ပြုရမည်။

သံဃာညီညွတ်မှုကို ပျက်ပြားအောင် အားထုတ်သော ရဟန်းအား ဝိနယဓမ္မဖြင့် ဆုံးမပါလျက် ထိုအယူကို မစွန့်ခဲ့သော် ရှေ့ဆက် ပြုလုပ်ရမည့် နည်းလမ်း

တသ္မ ပဋိနိဿဂ္ဂါယ ယာဝတတိယဉ္စေ သမနုဘာသ သိယမာနော-ဟူသော ပါဠိကိုထောက်၍ သံဃာညီညွတ်မှုကို ပျက်ပြားအောင် အားထုတ်သော ရဟန်းအား အယူကို စွန့်ဖို့ရာ သံဃာ့အလယ်သို့ ခေါ်၍ သမနုဘာသနကံ ပြုရပါမည်။

သမနုကဘာသနကံ ပြုရာ၌ အာပတ်သင့်ချိန်

တတိယကမ္မဝါစာဝယ် ယျ-အက္ခရာရောက်ချိန်။

http://www.dhammadownload.com

အာပတ်သင့်ပုံ

ဥတ်ကြောင့်ဒုက္ကဋ်၊ ကမ္မဝါစာ (၂) ကြိမ်တို့ကြောင့် ထုလ္လစ္စဋ်း၊ ကမ္မဝါစာအဆုံး၌ သံဃာဒိသေသ်။

အင်္ဂါများ

[ဆောင်]။ ။ သံဃာကွဲမှု, လုံ့လပြု၍[၁], သမနုဘာသနံ, ဓမ္မကံတည်း[၂], ကမ္မဝါစာ, ပြီးဆုံးရာဝယ်[၃], မြစ္စာယူလျှင်း, မစွန့်ခြင်းဟု[၄], ကြောင်းရင်းလေးလီ, အင်္ဂါညီ, သင့်ပြီ ဘေဒက။

နိဒါန်းစသည်

နိဒါန်း – ရာဇဂြိုဟ်ပြည်၊
ပုဂ္ဂိုလ် – ရှင်ဒေဝဒတ်၊
ဝတ္ထု – သံဃာသင်းခွဲမှု။



ဘေဒါနဝတ္ထုက သိက္ခာပုဒ်

အနုဝတ္တကာ–အရ နောက်လိုက်ဟူသည်

အနုဝတ္တကာ–အရ နောက်လိုက်ဟူရာ၌ သံဃာ ကွဲပြားအောင် ပြုသော ရဟန်း၏ နောက်မှ တကောက်ကောက်လိုက်ခြင်းကို ဆိုသည် မဟုတ်။ ထိုရဟန်းက အဓမ္မကို ဓမ္မဟု ယူ၏၊ အဓမ္မကို ဓမ္မဟု နှစ်သက်၏။ အဓမ္မကို ဓမ္မဟု ကြိုက်၏။ ထိုရဟန်းယူသည့်အတိုင်း, နှစ်သက်သည့်အတိုင်း, ကြိုက်သည့်အတိုင်း လိုက်၍ယူခြင်း, နှစ်သက်ခြင်း, ကြိုက်ခြင်းကို နောက်လိုက်ဟုဆိုသည်။

ဝဂ္ဂဝါဒကာ၌ ဝဂ္ဂဝါဒကရဟန်းဟူသည်

ဝဂ်ဖြစ်ကြောင်း စကား ကို ပြောဆိုတတ်ကုန်သော တစ်ပါး

http://www.dhammadownload.com

(သို့မဟုတ်) နှစ်ပါး (သို့မဟုတ်) သုံးပါးသော ရဟန်းတို့ကို "ဝဂ္ဂဝါဒက ရဟန်း" ဟု ခေါ်ပါသည်။

ဝဂ္ဂဝါဒကာ-၌ ဝဂ္ဂ-အရ

အစုကိုသာ မယူဘဲ အစုဖြစ်ကြောင်းဖြစ်သော ဘေဒကရဝတ္ထု ၁၈-ပါးကို ယူရမည်။

ဝဂ္ဂဝါဒက ရဟန်းဟူသည်

မညီမညွတ်သော အဖို့ဖြစ်သောစကားကို ပြောဆိုသောရဟန်း။

(၁၃၅၇-ခု အငယ်တန်း)

တသေဝ ဓေါ ပန ဘိက္ခုသ ဘိက္ခူ ဟောန္တိ -၌ ဘိက္ခုသ အရ

သံဃာ ကွဲပြားအောင် လုံ့လပြုသော ရဟန်းကို ယူရပါမည်။

ဘိက္ခူ-အရ

ထိုသံဃာကွဲပြားအောင် လုံ့လပြုသော ရဟန်း၏အယူကိုယူ၍ အတုလိုက်ကြကုန်သော မညီမညွတ်အဖို့ဖြစ်သော စကားကို ဆိုတတ်ကုန်သော တစ်ပါး (သို့မဟုတ်) နှစ်ပါး (သို့မဟုတ်) သုံးပါးသော ရဟန်းတို့ကို ယူရပါမည်။

တယော ဝါဟု ၃-ပါး အထိသာ ပြရခြင်းအကြောင်း

၃-ပါးထက်ပိုလွန်လျှင် သံဃာဖြစ်၍ သံဃာသည် သံဃာအား နိဂ္ဂဟကံ မပြုထိုက်သောကြောင့် တယော ဝါဟု ၃-ပါးအထိသာ ပြပါသည်။

ဘေဒါနုဝတ္တက ရဟန်းတို့ ပြောသောစကား

မာယသ္မန္တော (ပ) အမှာကမ္မေတံ ခမတိ။ (၁၃၂၉-ခု အငယ်တန်း)

http://www.dhammadownload.com

ဘေဒါနုဝတ္တကရဟန်းဆိုးများက ရဟန်းကောင်းတို့အား ပြောဆိုပုံ

အရှင်တို့သည် ထိုရဟန်းကို တစ်စုံတစ်ခုမျှ မပြောဆိုကြပါကုန်လင့်၊ ထိုရဟန်းသည် အမှန်ကိုလည်း ဆိုလေ့ရှိပါသည်။ ထိုရဟန်းသည် ဝိနည်းနှင့်အညီလည်း ဆိုလေ့ရှိပါသည်။ ထိုရဟန်းသည်တပည့်တော် တို့၏ အလိုကိုလည်းကောင်း ထောက်ခံချက်ကိုလည်းကောင်း ယူ၍ သုံးစွဲပါသည်။ တပည့်တော်တို့၏ အလို၊ ထောက်ခံချက်ကို သိလည်း သိပါသည်။ စာပည့်တော်တို့နှင့်အတူ ပြောဆိုတိုင်ပင်ပါသည်။ ထိုအမှုကို တပည့်တော်တို့လည်း နှစ်သက်ပါသည်။ သာဓက – မာယသွန္တော ဇတံ ဘိက္ခု(ပ) ခမတိ။

ရဟန်းကောင်းတို့က ဘေဒါနုဝတ္တကရဟန်းတို့ကို ပြောသော စကား

မာယသွန္တော (ပ) ဖာသု ဝိဟရတိ။

ဘေဒါနုဝတ္တကရဟန်းတို့အား ရဟန်းကောင်းတို့က ဝိနည်းတရားတော်နှင့်အညီ ဆောင်ရွက်ရမည့် တာဝန်များ (ရဟန်းကောင်းတို့က ဘေဒါနုဝတ္တကရဟန်းတို့ကို ပြောဆိုဆုံးမပုံ)

အရှင်တို့ "ဤသို့မဆိုကြပါကုန်လင့်၊ ထိုသံဃဘေဒကရဟန်းသည် ခမ္မဝါဒီ၊ ဝိနယဝါဒီ မဟုတ်၊ အရှင်တို့သည် သံဃာကွဲပြားမှုကို မနှစ်သက်ကြပါကုန်လင့်၊ သံဃာတော်နှင့် ညီညွတ်ကြပါကုန်၊ ညီညွတ်ခြင်းကြောင့် သမဂ္ဂသံဃာသည် လွန်စွာဝမ်းမြောက်ရ၏။ ဝိဝါဒမဖြစ်၊ အတူတကွ တစ်ခုတည်းသော ပါတိမောက်ပြရခြင်း၊ ချမ်းသာစွာ နေထိုင်ရခြင်း စသော အကျိုးရှိပါ၏" ဟု ပြောဆိုရပါမည်။ သာဓက – မာယသွန္တော ဇဝံ အဝစုတ္ထ (ပ) ဖာသု ဝိဟရတိ။

အင်္ဂါများ

[ဆောင်]။ ။ သံဃာခွဲသူ., နောက်လိုက်မှုနှင့်[၁], သမနုဘာသနံ, ခမ္မကံတည်း[၂], ကမ္မဝါစာ, ပြီးဆုံးရာဝယ်[၃], မြစွာယူလျှင်း, မစွန့်ခြင်းဟု[၄], ကြောင်းရင်းလေးတန်, အင်ညီပြန်, သင့်ရန် နုဝတ္တက။

http://www.dhammadownload.com

နိဒါန်းစသည်

နိဒါန်း – ရာဇဂြိုဟ်ပြည်၊

ပုဂ္ဂိုလ် – ကောကာလိက စသော ဒေဝဒတ်၏ နောက်လိုက်ရဟန်းများ၊

ဝတ္ထု – သံဃဘေဒကရဟန်းကို အတုလိုက်၍ကျင့်မှု။



ဒုဗ္ဗစ သိက္ခာပုဒ်

ဒုဗ္ဗစဇာတိကော – ၌ ဒုဗ္ဗစဟူသည်

ခဲယဉ်းသော ဆုံးမကြောင်းစကား ရှိသူသည် "ဒုဗ္ဗစ" မည်၏။ (တနည်း) ပါတိမောက်လာ သိက္ခာပုဒ် တို့ဖြင့် ဆိုဆုံးမခက်သော သဘောရှိသူသည် "ဒုဗ္ဗစ" မည်ပါသည်။

အပြောမခံ ပြန်လှန်ပုတ်ခတ်ရုံမျှဖြင့် အာပတ်မသင့်

အပြောမခံ ပြန်လှန်ပုတ်ခတ်ရုံမျှဖြင့် သံဃာဒိသေသ် အာပတ်မသင့် သေး။ အပြောမခံလျှင် အပြောခံအောင် အကျိုးအကြောင်းပြ၍ ပြော။ ထိုသို့ပြော၍မရလျှင် သမနုဘာသနကံပြုပါ။ သမနုဘာသနကံ ဆုံးသည့်တိုင်အောင် အပြောမခံမှ သံဃာဒိသေသ် အာပတ်သင့်သည်။

ဥဒ္ဒေသ–အရ

ပါတိမောက္ခုဒ္ဒေသကို ယူရမည်။

ဥဒ္ဒေသပရိယာပန္နေသု သိက္ခာပဒေသု–၌ ဥဒ္ဒေသ–အရ ပါတိမောက်ပြရာ၌ ပါဝင်သောသိက္ခာပုဒ်များကိုသာမက မပါဝင်သော ထုလ္လစ္စဉ်း,

http://www.dhammadownload.com

ဒုက္ကဋ်, ဒုဗ္ဘာသိတတို့ကိုလည်း သိမ်းကျုံးယူနိုင်ပုံ

ထိုပါတိမောက်၌ အာပတ်(၇) ပုံတွင် ထုလ္လစ္စဉ်း, ဒုက္ကဋ်, ဒုဗ္ဘာသိတ တို့ တိုက်ရိုက်မလာသော်လည်း ယသ သိယာ အာပတ္တိ၊ သော အာဝိကရေယျ-ဟူသော နိဒါန်းဝယ် အာပတ်၇-ပုံလုံးကို ယူထားသောကြောင့် ပါတိမောက္ခုဒ္ဒေသ၌ အကျုံးဝင်သော သိက္ခာပုဒ် ဟူရာ၌ အာပတ် ၇-ပုံလုံး ပါဝင်နိုင်သည်။

သဟဓမ္မိက-အရ သီတင်းသုံးဖော်ငါးဦး

ဘိက္ခု, ဘိက္ခုနီ, သိက္ခမာန်, သာမဏေ, သာမဏေမ။

သဟဓမ္မိကဟူသည်-

သီတင်းသုံးဖော်တို့ ကျင့်ထိုက်သောသိက္ခာပုဒ်(တစ်နည်း) သီတင်းသုံး ဖော်တို့၏ဥစ္စာဖြစ်သော သိက္ခာပုဒ်။

ဒုဗ္ဗစရဟန်းက ပြောပုံပြပါ၌

မာမံ (ပ) မမ ဝစနာယ။

ဒုဗ္ဗစရဟန်းက ရဟန်းကောင်းတို့ကို ပြောဆိုပုံ (ဒုဗ္ဗစရဟန်း၏ အပြောခက် အဆိုခက်ဖြစ်နေပုံ)

အရှင်တို့သည် တပည့်တော်ကို တစ်စုံတစ်ခု ကောင်းသည်ကို လည်းကောင်း၊ မကောင်းသည်ကိုလည်းကောင်း မဆိုပါကုန်လင့်၊ တပည့်တော်ကလည်း အရှင်တို့ကို တစ်စုံတစ်ခု ကောင်းသည်ကို လည်းကောင်း၊ မကောင်းသည်ကိုလည်းကောင်း မဆိုပါအံ့၊ အရှင်တို့ သည် တပည့်တော်ကို ဆိုခြင်းမှ ရှောင်ကြဉ်ကြပါကုန်လော့။ သာဓက -မာ မံ အာယသ္မန္တော (ပ)မမ ဝစနာယ။

http://www.dhammadownload.com

ရဟန်းကောင်းတို့က ဒုဗ္ဗစရဟန်းတို့ကို ဖျောင်းဖျပုံပြပါ၌

မာယသ္မာ အတ္တာနံ (ပ) ဝုဋ္ဌာပနေန။ (၁၃၅၀-ခု အခြေပြုတန်း)

ရဟန်းကောင်းတို့က ဒုဗ္ဗစရဟန်းကို ပြောဆိုပုံ

အရှင်သည် မိမိ ကိုယ်ကို မပြောဆိုသင့်သည်ကို မပြုပါလင့်၊ အရှင်သည် မိမိကိုယ်ကို ဆိုသင့်သည်ကိုသာ ပြုပါလော့။ အရှင်ကလည်း ရဟန်းတို့ကို တရားနှင့်အညီ ဆိုပါလော့၊ ရဟန်းတို့ကလည်း အရှင်ကို တရားနှင့်အညီ ဆိုကြပါလိမ့်မည်။ ဤသို့ အချင်ချင်း ဆိုဆုံးမခြင်း၊ အချင်းချင်း အာပတ်မှထစေခြင်းဖြင့်သာလျှင် ထိုမြတ်စွာ ဘုရား၏ ပရိသတ်သည် ကြီးပွားခြင်းသို့ ရောက်နိုင်၏။ သာဓက-မာယသ္မာ အတ္တာနံ (ပ) အညမည ဝုဋ္ဌာပနေန။

သာသနာတော် (သံဃာ့ပရိသတ်) စည်ပင်ပြန့်ပွားရန် လုပ်ဆောင်ရမည့် ကိစ္စ၂-ရပ်

၁။ အပြစ်တွေ့လျှင် အချင်းချင်းပြောဆို သတိပေးခြင်း၊

၂။ အချင်းချင်း အာပတ်မှ ထမြောက်စေခြင်း။

(၁၃၅၂-ခု အခြေပြုတန်း၊ ၅၄-ခုအကြီးတန်း)

အချင်းချင်းပြောဆိုမှု, အာပတ်မှ ထစေမှုတို့ကြောင့် ရရှိသည့်အကျိုး

ဘုရားရှင်၏ပရိသတ် ကြီးပွားခြင်းအကျိုးရှိ၏။

ကြီးပွားခြင်း၏ အကြောင်းပြပါ၌

ယဒိဒံ အညမညဝစနေန အညမညဝုဋ္ဌာပနေန။

အင်္ဂါများ

[ဆောင်]။ ။ မပြောထိုက်သူ, ကိုယ့်ကိုပြု၍[၁], သမနုဘာသနံ, ဓမ္မကံတည်း[၂], ကမ္မဝါစာ, ပြီးဆုံးရာဝယ်[၃], မြဲစွာယူလျှင်း, မစွန့်ခြင်းဟု[၄], ကြောင်းရင်းလေးတန်, အင်ညီပြန်, သင့်ရန် ဒုဗ္ဗစ။

http://www.dhammadownload.com

နိဒါန်းစသည်

နိဒါန်း – ကောသမ္ဗီပြည်၊
ပုဂ္ဂိုလ် – အရှင်ဆန္နာ၊
ဝတ္ထု – ဆိုနိုင်ခက်မှု။



ကုလဒူသကသိက္ခာပုဒ်

ကုလဒူသကရဟန်းကို မြို့မှလည်း နှင်ထုတ်သင့်+မသင့်

မြို့သည် ရွာအထူးပင်ဖြစ်၍ ဂါမဋ္ဌ သွင်းယူထားသောကြောင့် နှင်ထုတ်သင့်ပါသည်။

ကုလဒူသကသိက္ခာပုဒ်၌ နဂရံ ဝါ–ဟု မဆိုခြင်းအကြောင်း

နဂရကို ဂါမဋ္ဌ သွင်းယူနိုင်သောကြောင့် မဆိုပါ။

(၁၃၃၉–ခု အလတ်တန်း)

ဥပနိဿယ–အရ မှီခြင်းဟူသည်

ထိုမြို့, ရွာ, နိဂုံးတို့မှ ရအပ်သော ပစ္စည်းလေးပါးကို အားထားခြင်း, သုံးစွဲခြင်း စသည်ကို ဆိုလိုသည်။

ကုလဒူသကရဟန်းဟူသည်

အမျိုးလေးပါးတို့၏သဒ္ဓါတရားကို ပန်းပေးခြင်း စသည်ဖြင့် ဖျက်ဆီး သော ရဟန်းကို ဆိုသည်။ (၁၃၃၄–ခု အလတ်တန်း)

ကုလဒူသကော–၌ ကုလသရုပ်

၁။ ခတ္တိယ ၂။ ဗြဟ္မဏ ၃။ ဝေဿ ၄။ သုဒ္ဒ

http://www.dhammadownload.com

ကုလဒူသကဝတ္ထုများ

၁။ ပန်း၊ ၂။ သစ်သီး၊ ၃။ ရေချိုးဆပ်ပြာမှုန့်၊ ၄။ မြေညက်၊ ၅။ ဝါး၊ ၆။ တံပူ၊ ၇။ ခြေဖြင့်သွားခြင်း၊ ၈။ ဆေးကုသခြင်း။

[ဆောင်]။ ။ပန်း-သီး-မှုန့်-မြေ၊ ဝါး-ပူ-ခြေ၊ ဝဇ္ဇီဒူရုစ်ဖြာ။

ပစ္စည်းပေးဖျက်ဆီး၍ သဒ္ဓါပျက်ပုံ

မိန်းကလေးသည် ရိုးရိုးရာရာအားဖြင့် နဂိုက သဒ္ဓါတရား ကောင်းသူလေးတည်း။ သို့သော် ဒါနံ သဗ္ဗတ္ထ သာဓကံ-ပေးကမ်းခြင်းသည် အကျိုးအားလုံး ပြီးစေ၏ဟူသော စကားကို သဘော ပေါက်၍ ရဟန်းတစ်ပါးပါးက သူ့ကို ကြည်ညိုအောင် ထိုမိန်းကလေး အား ပန်းကို ပေးလိုက်ရာ ထိုရဟန်းအား လှူချင်စိတ်ပေါက်ကာ ချစ်ခင်လာပေမည်။ သို့သော် ထိုကဲ့သို့ ပေးဖော်မရသော လဇ္ဇီသီလဝန် အရှင်မြတ်တို့အား မလှူချင်, မတန်းချင်, မဆည်းကပ်ချင်, မကိုးကွယ်ချင်တော့သဖြင့် ထိုမိန်းကလေး၏အဖိုးတန် အစစ်အမှန် သဒ္ဓါတရား ကား ပျက်ပြားလေပြီ။

ပစ္စည်းပေး, ဆေးကုပေးသော်လည်း အပြစ်မရှိနိုင်ရာပုဂ္ဂိုလ်များ

၁။ မိဘ၊
၂။ မိမိ၏ဝေယျာဝစ္စကို ပြုလုပ်သူ၊
၃။ ရိက္ခာပြတ်၍ ကျောင်းကပ်လာသူ၊
၄။ ကျောင်း၌ မကျန်းမာနေသူ၊
၅။ ကျောင်းသားရှင်လောင်း။

ကုလဒူသနပြုလျှင် သင့်သောအာပတ်နှင့် ကုလဒူသနကြောင့် ရသော ပစ္စည်းကို သုံးစွဲလျှင် သင့်သောအာပတ်များ

ကုလဒူသနအမှုကို ပြုလျှင် ဒုက္ကဋ်အာပတ်သင့်သည်။ ထိုကုလ ဒူသနကြောင့် ရအပ်သော ဆွမ်းစသော ပစ္စည်းများကိုလည်း ထို

http://www.dhammadownload.com

ကူလဒူသက ရဟန်းနှင့်တကွ သီတင်းသုံးဖော် ၅-ဦးလုံးပင် မသုံးကောင်း။ သုံးစွဲသူတိုင်း ဒုက္ကဋ်အာပတ်သင့်ပါသည်။

နဂိုက ဖိတ်မံထားသော ဒကာ, ဒကာမတို့ကို ပန်းစသည် ပေးမှု

ဒုက္ကဋ်သင့်သည်သာ။ သို့သော် ထိုသို့ ပေးမှုကြောင့် အပိုမလှူဘဲ လှူရိုးလှူစဉ် လှူနေသော ပစ္စည်းများကား အပ်ပါသည်။

ပါပသမာစာရော-အရ ယုတ်မာသောအကျင့်များ

ဒကာ, ဒကာမတို့အား ပေးဖို့ရန် ရည်မှန်း၍ ပန်းပင်စိုက်ခြင်း, ရေလောင်းခြင်း စသော ရဟန်းတို့နှင့် မလျော်သောအကျင့်များ။

ပါပသမာစာရ အဓိပ္ပာယ်

ပန်းပင်ငယ်စိုက်ပျိုးခြင်းစသော ယုတ်မာသော အကျင့်ရှိသူကို "ပါပသမာစာရ" ဟု ခေါ်ပါသည်။

ကုလဒူသကရဟန်းတို့က ရဟန်းကောင်းတို့ကို ပြောဆိုသော စကား ၄ ခွန်း

(၁) ရဟန်းတို့သည် ချစ်သဖြင့် မလားအပ်သည်သို့လည်း လားကုန်၏။ (၂) ရဟန်းတို့သည် အမျက်ထွက်သဖြင့် မလားအပ်သည်သို့လည်း လားကုန်၏။ (၃) ရဟန်းတို့သည် မိုက်သဖြင့် မလားအပ်သည်သို့လည်း လားကုန်၏။ (၄) ရဟန်းတို့သည် ကြောက်သဖြင့် မလားအပ်သည်သို့လည်း လားကုန်၏။

ရဟန်းကောင်းတို့က ကုလဒူသကရဟန်းကို ပြောဆိုပုံ

အရှင်သည်ကား အမျိုးကို ဖျက်ဆီးတတ်၏။ ယုတ်မာသော အကျင့်ရှိ၏။ အရှင်၏ ယုတ်မာသော အကျင့်တို့ကို မြင်လည်းမြင်အပ်ကုန်၏။ ကြားလည်း ကြားအပ်ကုန်၏။ အရှင်သည် ဖျက်ဆီးအပ်

http://www.dhammadownload.com

ကုန်သော အမျိုးတို့ကိုလည်း မြင်လည်းမြင်အပ်ကုန်၏။ ကြားလည်း ကြားအပ်ကုန်၏။ အရှင်သည် ဤကျောင်းတိုက်မှ ဖဲသွားပါလော့၊ အရှင်အား ဤကျောင်းတိုက်၌ နေခြင်းဖြင့် အကျိုးမရှိပါ။ သာဓက – အာယသ္မာ ခေါ် ကုလဒူသကော(ပ)လံ တေ ဣမ ဝါသေန။

ကုလဒူသကရဟန်းက ရဟန်းကောင်းတို့ကို ပြန်၍ပြောဆိုပုံ

ရဟန်းတို့သည် ဆန္ဒာဂတိသို့လည်း လိုက်ကုန်၏။ ဒေါသာဂတိသို့လည်း လိုက်ကုန်၏။ မောဟာဂတိသို့လည်း လိုက်ကုန်၏။ ဘယာဂတိသို့လည်း လိုက်ကုန်၏။ ထိုသို့သဘောရှိသော အာပတ်ဖြင့် ရဟန်းအချို့ကို နှင်ထုတ်ကုန်၏။ ရဟန်းအချို့ကို မနှင်ထုတ်ကုန်။ သာဓက – ဆန္ဒဂါမိနောစ(ပ)ဧကစ္စံ နံ ပဗ္ဗာဇေန္တိ။

ရဟန်းကောင်းတို့က ကုလဒူသကရဟန်းကို တဖန်ပြောဆိုပုံ

အရှင်သည် ဤသို့မဆိုပါလင့်၊ ရဟန်းတို့သည် ဆန္ဒာဂတိသို့လည်း မလိုက်ကြပါ၊ မောဟာဂတိသို့လည်း မလိုက်ကြပါ။ ဒေါသာဂတိသို့လည်း မလိုက်ကြပါ။ ဘယာဂတိသို့လည်း မလိုက်ကြပါ၊ အရှင်သည်သာ အမျိုးတို့ကို ဖျက်ဆီးတတ်၏။ ယုတ်မာသော အကျင့်ရှိ၏။ အရှင်၏ ယုတ်မာသောအကျင့်တို့ကို မြင်လည်း မြင်အပ်ကုန်၏။ ကြားလည်း ကြားအပ်ကုန်၏။ အရှင်သည် ဖျက်ဆီးအပ်ကုန်သော အမျိုးတို့ကိုလည်း မြင်လည်း မြင်အပ်ကုန်၏။ ကြားလည်း ကြားအပ်ကုန်၏။ အရှင်သည် ဤကျောင်းတိုက်မှ ဖဲသွားပါလော့၊ အရှင့်အား ဤ ကျောင်းတိုက်၌ နေခြင်းဖြင့် အကျိုးမရှိပါ။

သာဓက – မာယသ္မာ ဧဝံ အဝစ (ပ) အလံ တေ ဣမ ဝါသေန။

ကုလဒူသကရဟန်းကို သမဂ္ဂသံဃာက ပြုရမည့်ကံ

ပဗ္ဗာဇနီယကံ ဖြစ်ပါသည်။

http://www.dhammadownload.com

ပဗ္ဗာဇနီယက် ပြုထိုက်သောရဟန်း

ကုလဒူသကရဟန်းဖြစ်ပါသည်။ သာဓက – အာယသ္မာ ခေါ ကုလဒူသကော (ပ) အလံ တေ ဣဓ ဝါသေန။

ပဗ္ဗာဇနီယက် ပြုထိုက်ကြောင်းပြပါဠိ

အာယသ္မာ ခေါ ကုလဒူသကော (ပ) တေ ဣဓ ဝါသေန။

ရဟန်းတို့စကား နားထောင်၍ ထိုကျောင်းတိုက်မှ အလိုက်တသိ ထွက်သွားသော် ပဗ္ဗာဇနီယက် ပြုစရာလို+မလို

ပဗ္ဗာဇနီယက် ပြုဖွယ်မလိုပါ။ ကုလဒူသနကြောင့် သင့်မိသော ဒုက္ကဋ်ကို ဒေသနာပြော၍ အခြားအရပ်မှာ ကောင်းစွာနေလျှင် စင်ကြယ်ပါသည်။

ပဗ္ဗာဇနီယက်

အာယသ္မာ ခေါ ကုလဒူသကော (ပ) အလံ တေ ဣဓ ဝါသေန ဟူ၍ ပြောဆိုရုံမျှဖြင့် မပြီးသူကို ဥတ်ကမ္မဝါစာ ရွတ်ဖတ်၍ ကုလဒူသန ပြုရာဖြစ်သော နေထိုင်ရာကျောင်းတိုက်မှ နှင်ထုတ်ကြောင်းကံကို ပဗ္ဗာဇနီယကံဟု ခေါ်သည်။

ပဗ္ဗာဇနီယက် အပြုခံရသောရဟန်းက ကံပြုသောရဟန်းတို့ကို စွပ်စွဲပြောဆိုပုံပြပါဠိ

ဆန္နဂါမိနော စ ဘိက္ခူ (ပ) နံ ပဗ္ဗာဇေန္တိ။

အဂတိ–ဟူသည်

မရောက်အပ် မရောက်သင့်, မပြုအပ် မပြုသင့်သော အမှုကို အဂတိ ဟု ခေါ်သည်။

http://www.dhammadownload.com

အဂတိ ၄-ပါးသရုပ်

၁။ ဆန္ဒာဂတိ ၂။ ဒေါသာဂတိ ၃။ မောဟာဂတိ ၄။ ဘယာဂတိ (၁၃၅၁-ခု, အခြေပြုတန်း)

ပက္ကမတာ ယသ္မာ (ပ) ဝါသေန (၂)ဝါကျအထူး

ရှေ့ဝါကျဖြင့် ပဗ္ဘာဧနိယကံပြုပုံကို ပြ၍ နောက်ဝါကျဖြင့် ပဗ္ဘာဧနိယကံ အပြုခံရသော ရဟန်း၏ကျင့်ဝတ်ကို ပြပါသည်။ ဤသို့ ထူးပါသည်။

ဤသိက္ခာပုဒ်၌ သမနုဘာသနကံ ပြုရခြင်း၏ရည်ရွယ်ချက်

ဆန္ဒဂါမိနော စ ဘိက္ခူ စသော အပြောမျိုးကို စွန့်လွှတ်စေရန် ဖြစ်ပါသည်။ ကုလဒူသနအမှုကြောင့် မဟုတ်။

အဂ်ါများ

[ဆောင်]။ ။ ဆန္ဒာဂတိ, လိုက်ကြ၏ဟု, စသည်ပြောမူ[၁], သမနုဘာသန်, မမ္မကံတည်း[၂], ကမ္မဝါစာ, ပြီးဆုံးရာဝယ်[၃], မြစ်ဖွာယူလျှင်း, မစွန့်ခြင်းဟု[၄], ကြောင်းရင်းလေးတန်, အင်ညီပြန်, သင့်ရန်ဒူသန။

နိဒါန်းစသည်

နိဒါန်း – သာဝတ္ထိပြည်၊
ပုဂ္ဂိုလ် – အသဇီပုနဗ္ဗသုကရဟန်းများ၊
ဝတ္ထု -- ဆန္ဒဂါမိတာ စသည်တို့သို့ ရောက်စေမှု။

http://www.dhammadownload.com

သံယာဒိဿေသ်နိဂုံး

နဝ ပထမာပတ္တိကာ–၌ နဝသရုပ်

သုက္ကဝိဿဋ္ဌိ မှစ၍ ဒုတိယဒုဋ္ဌဒေါသသိက္ခာပုဒ်တိုင်အောင် ရေတွက်ပါ။ (၁၃၃၃–ခု အလတ်တန်း)

ယာဝတတိယက ၄–ပါး

သံဃဘေဒ, ဘေဒါနုဝတ္တက, ဒုဗ္ဘစ, ကုလဒူသက။

(၁၃၃၃–ခု အလတ်တန်း၊ ၃၁–ခု အငယ်တန်း)

ပထမာပတ္တိကဟူသည်

ပထမလွန်ကြူးဆဲခဏ၌ သင့်ရောက်လေ့ရှိသော အာပတ်များ။

(၁၃၃၃–ခု အလတ်တန်း)

ယာဝတတိယကဟူသည်

၃–ကြိမ်မြောက် သမနုဘာသနကံအဆုံး၌ သင့်ရောက်သော အာပတ်။ (၁၃၃၃–ခုအလတ်တန်း, ၄၆–ခု အခြေပြုတန်း)

သံဃာဒိသိသ်အာပတ်သင့်ကာ ဆယ့်ငါးရက်ကြာမှ ဒေသနာကြားသော ရဟန်းသည် (က) အာပတ်စင်ကြယ်အောင် ကုစားပုံ(ခ)ထို အာပတ်ကုစားရာဝယ် အခြားရဟန်းများ ဆောင်ရွက်ရပုံ(ဂ) ဆောင်ရွက်ပုံနည်းလမ်းမကျ၍ ရအပ်သောအပြစ်တို့ကို ဖြေဆိုပါ။

(က) ဆယ်ငါးရက်ပရိဝါသ် ဆောက်တည်ရမည်၊ ဆယ်ငါးရက်ပရိဝါသ် ဆောက်တည်ပြီးက ခြောက်ရက် မာနတ် ကျင့်ရမည်၊ ခြောက်ရက် မာနတ်ကျင့်ပြီးသောအခါ အနည်းဆုံး နှစ်ကျိပ် အရေအတွက်ရှိသော သံဃာဖြင့် သိမ်အတွင်း၌ အဇ္ဈာန်သွင်းရပါမည်။

http://www.dhammadownload.com

(ခ) အခြားရဟန်းများသည် ပရိဝါသ်ပေးခြင်း၊ မာနတ်ပေးခြင်း၊ အဇ္ဈာန်သွင်းခြင်းကိစ္စများကို ဆောင်ရွက်ပေးရပါမည်။

(ဂ) ဆောင်ရွက်ပုံနည်းလမ်း မကျပါက သံဃာသိသေသ် သင့်သော ရဟန်းကို အဇ္ဈာန်သွင်းရာ မရောက်၊ သွင်းခေါ်သော ရဟန်းများလည်း ဒုက္ကဋ်သင့်သည်။

သံဃာဒိသေသ်အာပတ် ကုစားနည်း

၁။ သိလျက် ဖုံးလွှမ်းထားသော ရက်ပတ်လုံး အလိုဆန္ဒမပါသော်လည်း ပရိဝါသ်နေရခြင်း၊

၂။ ပရိဝါသ်ကျင့်သုံးပြီးသော ရဟန်းသည် ပကတတ်ရဟန်းတို့ မြတ်နိုး ကျေနပ်စေရန် (၆)ညဉ့်ပတ်လုံး မာနတ်ကျင့်ရခြင်း၊

၃။ မာနတ်ကျင့်ပြီးရာအခါ၌ သံဃာ၂-ကျိပ်ဂိုဏ်းရှိသော သိမ်ဝယ် ထိုရဟန်းကို အဇ္ဈာန်သွင်းရခြင်း။

(၁၃၃၀-ခု, ၁၃၃၇-ခု အလတ်တန်း၊ ၅၀-ခု အခြေပြုတန်း)

အလိုဆန္ဒမပါ၍ ပရိဝါသ်မနေလျှင် ရ+မရ

အကာမာ ပရိဝတ္တာဗ္ဗံ-ကို ထောက်၍ မရပါ။

အာပတ်ဖုံးထားရာ ရောက်ခြင်းအင်္ဂါ ၁၀-ပါး

၁။ အာပတ်သင့်ခြင်း၊

၂။ အာပတ်သင့်မှန်း သိခြင်း၊

၃။ ပကတတ်ဖြစ်ခြင်း၊

၄။ ပကတတ်မှန်း သိခြင်း၊

၅။ အန္တရာယ် ၁၀-ပါး မရှိခြင်း၊

၆။ အန္တရာယ်မရှိမှန်း သိခြင်း၊

၇။ အခြားရဟန်း၏ထံသို့ သွားနိုင်, သွားပြီး၍လည်း ဒေသနာပြောနိုင်ခြင်း၊

http://www.dhammadownload.com

၈။ ထိုသို့ စွမ်းနိုင်မှန်းလည်း သိခြင်း၊
၉။ ဒေသနာမပြောဘဲ ဖုံးထားလိုခြင်း၊
၁၀။ ဖုံးထားခြင်း။ (၁၃၃၀-ခု အကြီးတန်း)

[ဆောင်]။ ။ သင့်တုံအာပတ်[၁], ပကတတ်တည်း[၂], ကင်းလွတ်အန္တရာယ်[၃], အစွမ်းကြွယ်သား, လေးသွယ်သိစွမ်း[၄], စဉ်တိုင်းပြွမ်း၍[၅], ဖုံးလွှမ်းလိုငြား[၆], ဖုံးလွှမ်းငြားဟု, ၅-ပါးနှစ်လီ, အင်ဆယ်ညီ, ဖုံးပြိထိုအာပတ်။

ပဋိစ္ဆာဒေတိ-အရ ဖုံးထားဟူသည်

အာပတ်သင့်မှန်း သိပါလျက် ထင်စွာမပြုခြင်းကို ဆိုသည်။
(၁၃၃၀-ခုအကြီးတန်း)

အာပတ်သင့်မှန်းမသိ၍ ဖုံးထားသော် အပြစ်ရှိ+မရှိ

ဇာနံ-ကို ထောက်၍ အပြစ်မရှိပါ။

ဘိက္ခု မာနတ္တာယ-၌ ဘိက္ခု-အရ

ပကတတ်ရဟန်းတို့ကို ယူရမည်။

ပရိဝါသ်နေပြီးနောက် အဘယ်အကျိုးငှာ မာနတ်ကျင့်ရ

ပကတတ်ရဟန်းတို့ မြတ်နိုးစေခြင်းငှာ အကျိုးငှာ မာနတ်ကျင့်ရသည်။

ယတ္ထ သီယာ ဝီသတိဂဏော ဘိက္ခုသံဃော-၌ ဝီသတိသဒ္ဒါ ထည့်ရခြင်းအကြောင်း

ဝီသတိဝဂ္ဂသံဃာက ပြုရမည့်ကံ ဖြစ်ကြောင်းကို သိစေလိုသောကြောင့် ထည့်ရသည်။ (၁၃၅၃-ခု အကြီးတန်း)

http://www.dhammadownload.com

အဇ္ဈာန်သွင်းဟူသည်

မာနတ်ကျင့်ပြီး၍ ရဟန်းများက ကျေနပ်သောကြောင့် သံဃာက လက်ခံသွင်းခေါ်ခြင်းကို အဇ္ဈာန်သွင်းသည်ဟု ခေါ်သည်။

အဇ္ဈာန်သွင်းရာ၌ သံဃာအပါး (၂၀) မပြည့်ခြင်းကြောင့် ရနိုင်သော အပြစ်များ

၁။ ထိုရဟန်းကို သွင်းခေါ်ရာ မရောက်ခြင်း။
၂။ ရဟန်းအားလုံး ဒုက္ကဋ်အာပတ် သင့်ခြင်း။

အဇ္ဈာန်သွင်းရာ၌ အနည်းဆုံး အလိုရှိအပ်သော သံဃာအရေအတွက်

သံဃာတော် (၂၀) ပါးကို လိုအပ်ပါသည်။

တေစ ဘိက္ခူ ဂါရယှာ-ဌ် ဘိက္ခူ-အရ

သံဃာဒိသိသ်အာပတ် ကုစားသောရဟန်းကို အဇ္ဈာန်သွင်းသည့် နှစ်ဆယ်မပြည့်သော ဘိက္ခုသံဃာကို ယူရပါမည်။

အဇ္ဈန်သွင်းသောရဟန်းတို့ အာပတ်သင့်ပုံ

ဒုက္ကဋ်အာပတ်သင့်ပါသည်။

ဂါရယှာ-အရ

ဒုက္ကဋ်အာပတ်ကို ယူရပါမည်။

အနုပညတ်ပါသော သိက္ခာပုဒ်များ

၁။သုက္ကဝိဿဋ္ဌိ သိက္ခာပုဒ် [အညတြ သုပိနန္တာ]၊ ၂။သဉ္စရိတ္တ သိက္ခာပုဒ် [အန္တမသော တန်ဏာ ကာယပိ]။

http://www.dhammadownload.com

ဩတိလ္လော/ဝိပရိဏာတေန – ပါသော သိက္ခာပုဒ်များ

ကာယသံသဂ္ဂ သိက္ခာပုဒ်၊ ဒုဋ္ဌုလ္လ ဝါစာ သိက္ခာပုဒ်၊ အတ္တ ကာမပါရိစရိယသိက္ခာပုဒ်တို့ ဖြစ်ပါသည်။

သာဓေရဏာ [ဘိက္ခု – ဘိက္ခုနီ နှစ်မျိုးလုံးနှင့်ဆက်ဆံသော] သိက္ခာပုဒ်များ

(၁) သဉ္စရိတ္တ၊ (၂) ကုဋိကာရ၊ (၃) ဒုဋ္ဌဒေါသ၊ (၄) အညဘာဂိယ၊ (၅) သံဃဘေဒက၊ (၆) ဘေဒါနုဝတ္တက (၇) ဒုဗ္ဘစ (၈) ကုလဒူသက သိက္ခာပုဒ်တို့ ဖြစ်ပါသည်။

အသာဓာရဏာ [ဘိက္ခုနှင့်သာ ဆိုင်သော] သိက္ခာပုဒ်များ

(၁) သုက္ကဝိဿဋ္ဌိ (၂) ကာယသံသဂ္ဂ (၃) ဒုဋ္ဌုလ္လဝါစာ (၄) အတ္တကာမ ပါရိစရိယ (၅) ဝိဟာရကာရ သိက္ခာပုဒ်။

ဂါရယှာ–ဟူသည်

ဒုက္ကဋ်အာပတ်သင့်သည် ဟုဆိုလိုသည်။

အနုပညတ်ပါသော သံဃာဒိသေသ်များ

၁။ သုက္ကဝိဿဋ္ဌိ၊

၂။ သဉ္စရိတ္တ။

ပထမ အနိယတ သိက္ခာပုဒ်

ဝိနည်းအဆုံးအဖြတ်၏ လက္ခဏာကို ပြသောသိက္ခာပုဒ်

အနိယတ သိက္ခာပုဒ်(၂)ပုဒ်။

http://www.dhammadownload.com

ရဟော– သရုပ်

၁။ စက္ခုရဟာ၊

၂။ သောတရဟာ။

ဤသိက္ခာပုဒ်၌ ယူရမည့် ရဟော

ပဋိစ္စန္နေ အာသနေ–ဟုဆိုသောကြောင့် စက္ခုရဟာကို ယူရမည်။

(၁၃၃၆–ခု အငယ်တန်း၊ ၅၂–ခု အလတ်တန်း)

နိသဇ္ဇ–အရ

ထိုင်ပြီးနောက်မှ လျောင်းရသောကြောင့် ထိုင်ခြင်းကိုသာမက လျောင်းခြင်းကိုပါ ယူရမည်။

သဒ္ဓေယျဝစသာ–အရ

အရိယာ ဥပါသိကာမ–ကို ယူရမည်။ (၁၃၃၆–ခုအငယ်တန်း)

အပြစ်ကို ဝန်မခံလျှင် မဆုံးဖြတ်ရ

ပဋိဇာနမာနော–ကို ထောက်၍ ဝန်ခံမှသာ ဆုံးဖြတ်ရမည်။

အရိယာဥပါသိကာမက အာပတ်တပ်၍ စောဒနာပုံပြပါ၌

တိဏ္ဏံ ဓမ္မာနံ (ပ) ပါစိတ္တိယေန ဝါ။

အာပတ်နာမည် မတပ်ဘဲ ဝတ္ထုကို ထုတ်ဖော်၍ စောဒနာပုံပြပါ၌

ယေန ဝါ (ပ) ဝဒေယျ။

အနိယတ မည်ပုံ

ပါရာဇိက ဟူ၍လည်းကောင်း, သံဃာဒိသေသ် ဟူ၍လည်း

http://www.dhammadownload.com

ကောင်း, ပါစိတ်ဟူ၍လည်းကောင်း အမြဲသတ်မှတ်၍ မရသောကြောင့် အနိယတ အာပတ်ဟု ဆိုသည်။ (၁၃၃၇-ခု အင်္ဂတိန်း)

မာတုဂါမနှင့်အတူနေရာဝယ် သင့်ခွင့်ရှိသော အာပတ်များ

ပထမ ပါရာဇိက, ကာယသံသဂ္ဂ သံဃာဒိသေသ်, အစေလက ဝဂ်လာ ရဟောပရိစ္ဆန္န ပါစိတ်အာပတ်များ။

တိဏ္ဏံ-သရုပ်

၁။ ပါရာဇိက
၂။ သံဃာဒိသေသ်
၃။ ပါစိတ် (၁၃၆၀-ခု အခြေပြုတန်း)

ပထမအနိယတ သိက္ခာပုဒ်၌ သင့်ခွင့်ရှိသော အာပတ် (၃) ခုနှင့် သိက္ခာပုဒ်များ

(၁) ပါရာဇိကအာပတ် - မေထုနဓမ္မသိက္ခာပုဒ် (၂) သံဃာဒိသေသ်အာပတ် - ကာယသံသဂ္ဂ သိက္ခာပုဒ်၊ (၃) ပါစိတ်အာပတ် - အစေလကဝဂ် ရဟော ပဋိစ္ဆန္နသိက္ခာပုဒ်။

အာသန - အရ ယူရမည့်နေရာ

နံရံစသည်ဖြင့် ဖုံးလွှမ်းသော နေရာမျိုး၊ မေထုန်အမှုကိုပြုခြင်း ငှာခန့်သော နေရာမျိုးတို့ကို ယူရပါမည်။

တိဏ္ဏံ ဓမ္မာနံ - ၌ ပါဝင်သော အာပတ်တို့ကို သိက္ခာပုဒ်နှင့် ယှဉ်တွဲပုံ

(၁) ပါရာဇိကအာပတ် - မေထုနဓမ္မသိက္ခာပုဒ် (၂) သံဃာဒိသေသ်အာပတ် - ကာယသံသဂ္ဂသိက္ခာပုဒ်၊ (၃) ပါစိတ်အာပတ် - ရဟောပဋိစ္ဆန္န သိက္ခာပုဒ်တို့ဖြစ်ပါသည်။

http://www.dhammadownload.com

ပဌမ အနိယတသိက္ခာပုဒ်အရ မာတုဂါမနှင့် အတူနေသော ရဟန်းအား မည်သည့်သိက္ခာပုဒ်ဖြင့် မည်သည့်အာပတ်များ ဖြစ်သင့်သနည်း။

ပထမပါရာဇိက သိက္ခာပုဒ်ဖြင့် ပါရာဇိကအာပတ်သင့်ပါသည်။ ကာယသံသဂ္ဂ သိက္ခာပုဒ်ဖြင့် သံဃာဒိသသ် အာပတ်သင့်ပါသည်။ ရဟော ပဋိစ္ဆန္နေ သိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ် အာပတ်သင့်ပါသည်။

ပါရာဇိကေန–အရ

အလံကမ္မနိယေ–ကိုထောက်၍ မေထုနဓမ္မပါရာဇိကကို ယူရမည်။ (၁၃၃၆–ခု အကြီးတန်း)

သံဃာဒိသေသေန–အရ

ရဟော ပဋိစ္ဆန္နေ အာသနေ–ကို ထောက်၍ ကာယသံသဂ္ဂ သံဃာဒိသေသ်ကို ယူရမည်။

ပါစိတ္တိယေန–အရ

ရဟော ပဋိစ္ဆန္နေ အာသန္နေကို ထောက်၍ အစေလကဝဂ်လာ ရဟောပဋိစ္ဆန္နကို ယူရမည်။

(၁၃၃၆–ခုအလတ်တန်း၊ ၅၅–ခု အခြေပြတန်း)

မာတုဂါမ–အရ

မွေးဖွားစမှစ၍ အသက်ရှင်ဆဲ မိန်းမဟူသမျှကို ယူရမည်။

ကော ကောယ–အရ ယောက်ျားအဖော်မရှိခြင်းကို ယူသင့်

မိန်းမတို့သည် မေထုန်ကဲ့သို့ ကြီးလေးသော သူတစ်ပါး၏ အပြစ်များကို ဖုံးထားလေ့ရှိသောကြောင့် မိန်းမအဖော်ရှိသော်လည်း, ဤသိက္ခာပုဒ်၌ အဖော်မမည်။

http://www.dhammadownload.com

ဒုတိယ အနိယတ သိက္ခာပုဒ်

ရဟော–အရ

နှ ဟေဝ ခေါပန ပဋိစ္စန်း ဘာသနံ ဟောတိ၊ နာလံ ကမ္မနိယံ– ကိုထောက်၍ နား၏ကွယ်ရာ သောတရဟကို ယူရမည်။

(၁၃၅၂–ခု အလတ်တန်း)

ဒွိန်း–သရုပ်

၁။ သံဃာဒိသေသ်၊

၂။ ပါစိတ်။ (၁၃၆၀–ခု အခြေပြုတန်း)

ဒုတိယ အနိယတ သိက္ခာပုဒ်၌ ပါရာဇိကအာပတ် မပါဝင်ခြင်း အကြောင်း

ပဋိစ္စန်း အလံကမ္မနိယနေရာမျိုးမဟုတ်သောကြောင့် ပါရာဇိက အာပတ် မပါဝင်ပါ။

သံဃာဒိသေသေန စသည်အရ

အလဋ္ဌ ခေါ(ပ) ဩဘာသိတုံ–ဟုဆိုသောကြောင့် သံဃာဒိသေသေန–အရ ဒုဋ္ဌုလ္လဝါစာကိုယူ၍ ပါစိတ္တိယေန–အရ ဘိက္ခုနော ဝါဒကဝဂ်နှင့် အစေလကဝဂ်တို့၌ လာသော ရဟောနိသဇ္ဇသိက္ခာပုဒ်၂–ပါး၊ကို ယူရပါမည်။ (၁၃၃၆–ခု အလတ်တန်း)

အနိယတ သိက္ခာပုဒ် ၂–ခုအထူး

ပထမအနိယတ သိက္ခာပုဒ်၌ မိန်းမများအဖော်မဖြစ်ပါ။ ဒုတိယ အနိယတသိက္ခာပုဒ်၌မူ အဖော်ဖြစ်ပါသည်။ ဤသို့ ထူးပါသည်။

(၁၃၃၁–ခု အလတ်တန်း)

http://www.dhammadownload.com

အနိယတသိက္ခာပုဒ် နှစ်ခုတို့၏ ထူးခြားချက်

ပဌမ အနိယတ သိက္ခာပုဒ်၌ ရဟော–အရ စက္ခုရဟကိုသာ ယူရပါသည်။ အာပတ် အရာ၌ ပထမ ပါရာဇိက၊ ကာယသံသဂ္ဂ သံဃာဒိသိသ်၊ အစေလကဝဂ်လာ ရဟော ပဋိစ္ဆန္နေ ပါစိတ်အာပတ်ကို ယူရ ပါသည်။

ဒုတိယ အနိယတ သိက္ခာပုဒ်၌ ရဟော–အရ သောတရဟကို ယူ ရပါသည်၊ အာပတ်အရာ၌ ပါရာဇိကမပါဘဲ ဒုဋ္ဌုလ္လဝါစာ သံဃာ ဒိသိသ်၊ ဘိက္ခုနောဝါဒဝဂ်, အစေလကဝဂ်တို့၌လာသော ရဟောနိသဇ္ဇေ ပါစိတ်အာပတ်ကို ယူရပါသည်။

ရဟော–အရ နား၏ ကွယ်ရာဟူသည်–

၁၂–တောင်အရပ်ကို ဆိုလိုသည်။

ရဟော နှစ်ခုတို့အထူး

ပထမအနိယတ သိက္ခာပုဒ်၌ ရဟော–အရ ရဟော ပဋိစ္ဆန္နေ အာသနေ အလံ ကမ္မနိယေ–ကို ထောက်၍ စက္ခုရဟကို ယူရပါမည်။

ဒုတိယအနိယတက သိက္ခာပုဒ်၌ ရဟော–အရ နဟေဝခေါ ပန ပဋိစ္ဆန္နံ အာသနံ ဟောတိ အလံ ကမ္မနိယံ၊ အလဉ္စ ခေါ ဟောတိ မာတုဂါမံ ဒုဋ္ဌုလ္လာဟိ ဝါစာဟိ သြဘာသတုံကို ထောက်၍ သောတရဟကို ယူရပါမည်။ ဤသို့ ထူးပါသည်။

အနိယတ သိက္ခာပုဒ် (၂) ပုဒ်တို့၌ သင့်နိုင်သော ပါစိတ်အာပတ်များ

ပထမအနိယတသိက္ခာပုဒ်၌ အစေလကဝဂ် ရဟော ပဋိစ္ဆန္နေ သိက္ခာပုဒ်ဖြင့် ပါစိတ်သင့်သည်။ ဒုတိယအနိယတ သိက္ခာပုဒ်၌မူ သြဝါဒဝဂ်၊ အစေလကဝဂ်တို့၌လာသော ရဟောနိသဇ္ဇေသိက္ခာပုဒ် တို့ဖြင့် ပါစိတ်သင့်သည်။

http://www.dhammadownload.com

မာတုဂါမ–အရ

(ဒုဋ္ဌုလ္လဝါစာနှင့်တူပါပြီ)

သီးခြားအာပတ်မရှိဘဲ အနိယတသိက္ခာပုဒ် (၂)ပါးကို ပညတ်ရကျိုး

သိက္ခာပုဒ်၌ ပြထားသော အရိယာဉပါသိကာမ ကိုယ်တိုင်ဖြစ်စေ, အခြား ယုံကြည်လောက်သူကဖြစ်စေ စွပ်စွဲပြောဆိုစေကာမူ အစွပ်စွဲခံရသော ရဟန်းက ဝန်ခံမှသာ အာပတ်ဖြင့် ဆုံးဖြတ်ရမည်။ ဝန်မခံလျှင် အာပတ်ဖြင့် မဆုံးဖြတ်ရဟု ဝိနည်းတော် ဆုံးဖြတ်နည်း လက္ခဏာကို ပြခြင်း အကျိုးငှာ ဤအနိယတ ၂–ပါးကို ပြတော်မူသည်။

ဘိက္ခုနီမများအတွက် အနိယတသိက္ခာပုဒ် (၂) ပုဒ် ကို မပညတ်ခြင်း အကြောင်း

ဤဆုံးဖြတ်နည်းလက္ခဏာသည် ဘိက္ခုနီမများအတွက်လည်း သက်ရောက်သောကြောင့် သီးသန့် မပညတ်တော့ပါ။

[ဆောင်]။ ။ အနိယတုတ်, သိက္ခာပုဒ်၌, ဖော်ထုတ်အာပတ်, ထူးမတပ်လည်း, ဆုံးဖြတ်နည်းနာ, လက္ခဏာကို, လျော်စွာပြမှု, ပညတ်ပြု၏။။ ဘိက္ခုနီလည်း, ဤတိုင်းမှီးဖို့, တသီးတခြား, ထပ်မထားသည့်, မှတ်သားဋီကာ, အမိန့်တည်း။

ဝန်ခံမှဆုံးဖြတ်ရမည်ဟုဆိုရာ၌ လဇ္ဇီပုဂ္ဂိုလ်, အလဇ္ဇီပုဂ္ဂိုလ်တို့ အလိုက် ဝန်မခံလျှင် ဆုံးဖြတ်နည်း

လဇ္ဇီပုဂ္ဂိုလ်က "စွပ်စွဲသလို မဟုတ်ပါ"ဟု ပြောဆိုလျှင်ကား အာပတ် မတပ်ဘဲ သုဒ္ဓ(စင်ကြယ်သောပုဂ္ဂိုလ်)ဟု ဆုံးဖြတ်ရသည်။ အလဇ္ဇီပုဂ္ဂိုလ်ဟု ထင်မှားသူက "စွပ်စွဲသည့်အတိုင်း မဟုတ်ပါ"ဟု ငြင်းကွယ်နေလျှင်ကား နေဝသုဒ္ဓ နာသုဒ္ဓ–စင်ကြယ်သူလည်း မဆိုရ, မစင်ကြယ်သူလည်း မဆိုရ ဟု ဆုံးဖြတ်ရမည်။

http://www.dhammadownload.com

နိဿဂ္ဂိယ ကဏ္ဍ

ပထမကထိန သိက္ခာပုဒ်

ဤသိက္ခာပုဒ်၏ ဆိုလိုရင်းအဓိပ္ပာယ်

စီဝရပလိဗောဓ၊ အာဝါသပလိ ဗောဓဟူသော ပလိဗောဓ နှစ်မျိုးမရှိလျှင် အသစ်ရရှိသော သင်္ကန်းကို အဓိဋ္ဌာန်လည်းမတင်၊ ဝိကပ္ပနာလည်းမပြုဘဲ အလွန်ဆုံး ၁၀-ရက်သာ ထားနိုင်၏။ ၁၀-ရက်လွန်လျှင် နိဿဂ္ဂိယပါစိတ် အာပတ်သင့်သည်။

ပထမကထိန သိက္ခာပုဒ်၏ အနုပညတ်သဖွယ်ဖြစ်သောသိက္ခာပုဒ်

အစွေ့က စီဝရသိက္ခာပုဒ် (တနည်း) အကာလစီဝရ သိက္ခာပုဒ် ဖြစ်ပါသည်။

ကထိန်အာနိသင်ဟုခေါ်သော ကထိန်၏အကျိုး ၅-ပါး

၁။ အနာမန္တစာရ၊
၂။ အသမာဒါနစာရ၊
၃။ ယာဝဒတ္ထစီဝရ၊
၄။ ဂဏဘောဇန၊
၅။ ယော စ တတ္ထစီဝရုပ္ပါဒ။

ကထိန်အာနိသင် ရရာကာလ

ကထိန်မခင်းရလျှင် သီတင်းကျွတ်လပြည့်ကျော်(၁)ရက်မှစ၍ တန်ဆောင်မုန်းလပြည့်နေ့အထိ (၁)လ၊ ကထိန်ခင်းရလျှင် တပေါင်းလပြည့်နေ့အထိ (၅)လသည် အာနိသင်ရရာ ကာလဖြစ်သည်။

http://www.dhammadownload.com

ပလိဗောဓ (၂) မျိုးနှင့် အဓိပ္ပာယ်

၁။ စီဝရပလိဗောဓ= မချုပ်ရသေးသောသင်္ကန်းစသည်၊

၂။ အာဝါသပလိဗောဓ= ကထိန်ခင်းရာ, မိမိ၏နေရာလည်း ဖြစ်သော ကျောင်းတိုက်။

ယခုကာလမှတ်ဖွယ်

ယခုကာလ၌ များသောအားဖြင့် နဂိုကပင် ချုပ်ပြီးဆိုးပြီးသော သင်္ကန်းကို ရလေ့ရှိသောကြောင့် နိဋ္ဌိတစီဝရဖြစ်ပြီး, စီဝရပလိဗောဓ ပြတ်ပြီးဖြစ်လေပြီ။ အာဝါသပလိဗောဓရှိသေးသောကြောင့်သာ အသစ်ရအပ်သော သင်္ကန်းကို အဓိဋ္ဌာန်မတင်, ဝိကပ္ပနာ မပြုဘဲ ထားခွင့်ရသည်။

စီဝရပလိဗောဓ ပြတ်ဆဲကြောင်းပြပါဠိ

နိဋ္ဌိတ စီဝရသ္မိံ။

ဥဇ္ဇုတာသ္မိံ ကထိနေ-၌ ကထိန်နုတ်ဟူသည်

ကထိန်ခင်းထားသဖြင့် ရရှိနေသော အရှိန်အဝါ အကျိုးအာနိသင်များကို ရုပ်သိမ်းလိုက်ခြင်း ဖြစ်သည်။

ကထိန်ခင်းရာကျောင်းတိုက်မှ အခြားကျောင်းတိုက်သို့ သင်္ကန်းကာလအတွင်း ပြောင်းရွှေ့သွားသော ရဟန်းအား ကထိန် အာနိသင် ရ+မရ

နိဋ္ဌိတစီဝရဖြစ်သည့် ပြောင်းရွှေ့သွားသော ရဟန်းအား အာဝါသပလိဗောဓ ပြတ်စဲသောကြောင့် ကထိန်အာနိသင် မရပါ။

(၁၃၃၄-ခု အကြီးတန်း)

ကထိန်နုတ်ခြင်းအမျိုးမျိုး

တပေါင်းလပြည့်နေ့မတိုင်မီအတွင်း၌ ကမ္မဝါစာဖြင့်နုတ်ခြင်း,

http://www.dhammadownload.com

တပေါင်းလပြည့်သဖြင့် အလိုလိုနုတ်ခြင်း, ထိုကထိန်ခင်းရာကျောင်းတိုက်၌ ဆက်လက်မနေတော့ဘဲ အခြားကျောင်းတိုက်သို့ ရွှေ့ပြောင်းနေထိုင်သောအားဖြင့် နုတ်ခြင်း, တခြားကျောင်းသို့ ခေတ္တသွားလေရာသဘောကျ၍ မပြန်တော့အံ့ဟု ဆုံးဖြတ်သောအားဖြင့် နုတ်ခြင်းဟု အမျိုးမျိုး ရှိပါသည်။

အာဝါသပလိဗောဓ ပြတ်ကြောင်းပြပါဠိ

ဥဇ္ဇတသ္မိံ ကထိနေ။

အတိရေကစီဝရဟူသည်

အဓိဋ္ဌာန်တင်, ဝိကပ္ပနာတင်အပ်သောသင်္ကန်းမှ အပိုအလွန်ဖြစ်သော သင်္ကန်း။ (၁၃၃၇-ခု အကြီးတန်း၊ ၃၇-ခုအလတ်တန်း)

သင်္ကန်း(၆)မျိုး (ဇာတိသင်္ကန်း)

၁။ ခေါမ – ခုမ်ချည်ဖြင့် ရက်အပ်သောအဝတ် (တစ်နည်း) ခေါမတိုင်း၌ဖြစ်သောအဝတ်။

၂။ ကပ္ပါသိက – ဝါချည်ဖြင့် ရက်အပ်သော ပိတ်, ဖျင်, ဧင်, အဝတ်။

၃။ ကောသေယျ – ပိုးချည်ဖြင့် ရက်အပ်သော ပိုးထည်အဝတ်။

၄။ ကမ္မလ – သားမွေးဖြင့် ရက်အပ်သော ကမ္မလာ။ (သက္ကလတ်) အဝတ်။

၅။ သာဏ – ပိုက်ဆံလျှော်ချည်ဖြင့် ရက်အပ်သောအဝတ်။

၆။ ဘင်္ဂ – ဘန်ချည်ဖြင့် ရက်အပ်သောအဝတ်။

(၁၃၃၇-ခု အကြီးတန်း)

[ဆောင်]။ ။ခေါမ ကောသေယျ ကပ္ပါသ၊ သာဏ ဘင်္ဂါနိ ကမ္မလံ။

http://www.dhammadownload.com

အဓိဋ္ဌာန်ဝိကပ္ပနာတင်လောက်သော သင်္ကန်း၏ပမာဏကို မဇ္ဈိမပုရိသ ဟတ္ထအားဖြင့် ဖော်ပြချက်–

ဝမုကီဟတ္ထဟုလည်းကောင်, မဇ္ဈိမပုရိသဟုလည်းကောင်း ခေါ်အပ်သော လက်သမားတို့အတောင်(ကိုက်တောင်)အားဖြင့် အလျား တစ်တောင်, အနံတစ်ထွာရှိသော အဝတ်သည် အဓိဋ္ဌာန်တင်လောက်, ဝိကပ္ပနာပြု လောက်သော အဝတ်တည်း။ (၁၃၂၅-ခု အလတ်တန်း)

[ဆောင်]။ ။ ကိုက်တောင်ခေါ်ငြား,လက်သမား၏, အလျားတစ်တောင်မှန်, တစ်ထွာနံ, ဓိဋ္ဌာန်ဝိကပ်လော၏။

အဓိဋ္ဌာန်တင်ခြင်း (၂)မျိုး

၁။ တိစီဝရိတ် အဓိဋ္ဌာန်တင်ခြင်း။

၂။ ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်ခြင်း။

တိစီဝရိတ် အဓိဋ္ဌာန်တင်ပုံ

သင်္ကန်း (၃)ထည်တို့တွင် အနီးဥဒ္ဓိရှိသော သင်းပိုင်ကို "ဣမံ အန္တရ ဝါသကံ အဓိဋ္ဌာမိ" ဟုဆို၍ အဓိဋ္ဌာန် တင်ရမည်။ (အဝေးဥဒ္ဓိ ရှိနေလျှင် ဣမံအစား ဧတံ ဟုဆိုရမည်။)

ပစ္စုဒ္ဓိရ်ဟူသည်

တင်ထားသော အဓိဋ္ဌာန်ကို ရုပ်သိမ်းခြင်းကို ခေါ်သည်။

အနီးဥဒ္ဓိရှိသော သင်းပိုင်ကို ပစ္စုဒ္ဓိရ်ပြုပုံ

ဣမံ အန္တရဝါသကံ ပစ္စုဒ္ဓရာမိ။

မှတ်ချက်။ ။ အဝေးဥဒ္ဓိရှိလျှင် ဣမံအစား ဧတံဟုဆိုရမည်။ ဒုကူဋ်ဖြစ်လျှင် သံဃာဒိ်ဟုလည်းကောင်း, ဧကသိဖြစ်လျှင် ဥတ္တရာသင်္ဂဟုလည်းကောင်း ပြောင်း၍ဆိုရမည်။

http://www.dhammadownload.com

တိစီဝရိတ်အဓိဋ္ဌာန်တင်ရမည့်သူ

ဝိနည်းတိစီဝရိတ်ဆောင်သူ။

တိစီဝရိတ်အဓိဋ္ဌာန်တင်သူ၏ တိစီဝရိတ်ကို စောင့်ရှောက်နည်း

ဝတ်၍သော်လည်း ထားရမည်။ မဝတ်လျှင် အရုဏ်တက်ချိန်မှာ မိမိ၏ ၂-တောင်ထွာအတွင်း၌ ရှိစေရမည်။ ထိုသို့ မစောင့်ရှောက်လျှင် နောက်သိက္ခာပုဒ်အရ နိသဂ္ဂိယဖြစ်၍ ပါစိတ်အာပတ် သင့်သည်။

သင်းပိုင်, ဧကသီ, သင်္ကန်းကြီးတို့ကို မိမိအမည်ဖြင့် အဓိဋ္ဌာန်တင်မှု

တစ်ထည်စီသာ အဓိဋ္ဌာန် တင်နိုင်သည်။ ကျန်သော သင်းပိုင်စသည်ကို ပရိက္ခာရ စောဋ္ဌအဓိဋ္ဌာန်သော်လည်း တင်ရမည်။ သို့မဟုတ် ဝိကပ္ပနာသော်လည်း ပြုထားရမည်။

ပရိက္ခာရစောဋ္ဌ အဓိဋ္ဌာန်တင်ပုံ

ဣမံ စီဝရံ ပရိက္ခာရစောဋ္ဌံ အဓိဋ္ဌာမိ-ဟုဆိုပါ။ အများဖြစ်လျှင် တစ်ခါတည်းပေါင်း၍ ဣမာနိ စီဝရာနိ ပရိက္ခာရစောဋ္ဌာနိ အဓိဋ္ဌာမိ ဆိုပါ။ အဝေးရှိလျှင် ဧတံ စီဝရံ ဟုလည်းကောင်း။ များလျှင် ဧတာနိ စီဝရာနိ ဟုလည်းကောင်း ဆိုပါ။

ပရိက္ခာရစောဋ္ဌ အဓိဋ္ဌာန်တင်နိုင်သော သင်္ကန်းများ

တိစီဝရိတ်ကိုလည်း သံဃာဋိ စသော သူ့နာမည်ဖြင့် တိစီဝရိတ်အဓိဋ္ဌာန်မတင်လိုလျှင် ပရိက္ခစောဋ္ဌနာမည်ဖြင့် တင်နိုင်၏။ အဓိဋ္ဌာန်လောက် သော ပိတ်တိုဖျင်စမှစ၍ အခြားအထည်များကိုလည်း ပရိက္ခာရစောဋ္ဌ နာမည်ဖြင့် အဓိဋ္ဌာန် တင်ကောင်းသည်။

http://www.dhammadownload.com

သင်္ကန်း ၉-ထည်

၁။ သင်းပိုင်၊ ၂။ ကိုယ်ရုံ၊
၃။ ဒုကုဋ်၊ ၄။ အိပ်ရာခင်း၊
၅။ မျက်နှာသုတ်ပဝါ၊ ၆။ ပရိက္ခာရစောဋ္ဌ၊
၇။ နီသီဒိုင်၊ ၈။ မိုးရေခံသင်္ကန်း၊
၉။ အမာလွှမ်းသင်္ကန်း (၁၃၃၃-ခု အလတ်တန်း)

[ဆောင်]။ ။သင်း-ကိုယ်- ဒု- အိပ်၊ မျက်- ပရိက်၊ နီသီဒ် မိုး- အမာ။

ယခုကာလ၌ အသုံးမပြုတော့သော သင်္ကန်းများ

နိသီဒန၊ ဝဿိကသာဋိက၊ ကဏ္ဍုပ္ပဋိစ္ဆာဒိ။

(၁၃၃၃-ခု အလတ်တန်း)

သင်္ကန်း(၉)မျိုး အဓိဋ္ဌာန်ကျခြင်း၏အကြောင်းများ

၁။ သူတစ်ပါးအား ပေးစွန့်ခြင်း၊
၂။ ခိုးယူသွားခြင်း၊
၃။ အကျွမ်းဝင်၍ ဝိဿာသဂ္ဂါဟ ယူနည်းဖြင့် ယူသွားခြင်း၊
၄။ (သင်္ကန်းရှင်က ဘိက္ခုနီဖြစ်လျှင်)သိက္ခာမချဘဲ လူဝတ်လဲခြင်း၊
၅။ ဘိက္ခုဖြစ်လျှင် သိက္ခာချခြင်း၊
၆။ သေဆုံးခြင်း၊
၇။ လိင်ပြန်ခြင်း၊
၈။ ပစ္စုဒ္ဓိရ်ပြုခြင်း။

[ဆောင်]။ ။ ၁။ ပေးစွန့်-ခိုးဝှက်, ဝိဿာသဂ်, လူထွက်-ချသိက္ခာ။
၂။ သေဆုံး-လိင်ပြန်, ပစ္စုဒ္ဓံ, ရှစ်တန် ကျဓိဋ္ဌာနာ။
၃။ လက်သန်းသည်းမျှ, ပေါက်လတ်က, သုံးဝ စီဝရိတ်မှာ။

http://www.dhammadownload.com

တိစီဝရိတ် အဓိဋ္ဌာန်တင်၍ဆောင်အပ်သော တိစီဝရိတ်အတွက် သီးသန့်အဓိဋ္ဌာန်ကျ အင်္ဂါ-

လက်သန်း၏ လက်သည်းခွံလောက် အပေါက်ပေါက်မှု။

နိဿဂ္ဂိထိုက်သောသင်္ကန်းကို မစွန့်မှု

ဒုက္ကဋ်အာပတ် သင့်သည်။

တိစီဝရိတ် အဓိဋ္ဌာန်ကျနိုင်သော အပေါက်၏တည်နေရာ

အပေါက်ဟူရာ၌ အနားပတ်လည် ပေါက်ရုံဖြင့် မကျ။ ၃-ထည်လုံး အတွက် အလျားစွန်း တစ်ထွာအတွင်း, အနံစွန်း ၄ကသီနှင့် သင်္ကန်းကြီးအတွက် လက်ရှစ်သစ်အတွင်း၌ လည်းကောင်း၊ သင်းပိုင်အတွက် လက်လေးသစ်အတွင်း၌လည်းကောင်း ထုတ်ချင်းပေါက်မှ အဓိဋ္ဌာန်ကျကြောင်း အပေါက်ဖြစ်သည်။ အပေါက်ကို ဖာပြီးသောအခါ ထပ်၍ အဓိဋ္ဌာန် တင်နိုင်၏။

(၁၃၂၄-ခု အလတ်တန်း)

ပထမကထိန သိက္ခာပုဒ်၏ အနုပညတ်သဖွယ်ဖြစ်သောသိက္ခာပုဒ်

အစွေ့က စီဝရသိက္ခာပုဒ် (တနည်း) အကာလစီဝရ သိက္ခာပုဒ် ဖြစ်ပါသည်။

သင်္ကန်းအသစ်ကို ဝတ်လိုသူတို့ ပြုရမည့် ဝိနည်းကံ

(၁)ကထိန သိက္ခာပုဒ်အရ ၁၀-ရက်မလွန်မီ အဓိဋ္ဌာန်ဝိကပ္ပနာ ပြုရမည်။ (၂)ဒုဗ္ဗဏ္ဏကရဏ သိက္ခာပုဒ်အရ နီလ၊ ကဒ္ဒမ၊ ကာဠသာမ အရောင်တစ်မျိုးမျိုးဖြင့် ကပ္ပဗိန္ဒုထိုးရမည်။ (၃)ဝိကပ္ပနာ ပြုထားလျှင် ဝိကပ္ပနာ သိက္ခာပုဒ်-အရ ပစ္စုဒ္ဒါရ်ပြုရပါမည်။

http://www.dhammadownload.com

အဓိဋ္ဌာန်၊ ဝိကပ္ပနာမပြုဘဲ ဆယ်ရက်အတွင်းသာ ဆောင်ထားနိုင်သော ပရိက္ခရာများ

ပထမကထိန သိက္ခာပုဒ်ကို ထောက်၍ သင်းပိုင်၊ ဧကသီ၊ ဒုကုဋ္ဌ၊ ပတ္တသိက္ခာပုဒ်ကိုထောက်၍ သပိတ်တို့ ဖြစ်ပါသည်။

နိဿဂ္ဂိထိုက်သောသင်္ကန်းကို စွန့်ရမည့်ဌာနများ

၁။ သံဃာ့ထံ၊ ၂။ ဂိုဏ်းထံ၊ ၃။ ပုဂ္ဂိုလ်ထံ။

နိဿဂ္ဂိအာပတ် ကုစားနည်း

၁။ နိဿဂ္ဂိပစ္စည်းကို စွန့်ရခြင်း၊ ၂။ ပါစိတ်အာပတ်ကို ဒေသနာ ကြားရခြင်း။

ပုဂ္ဂိုလ်ထံစွန့်၍ အာပတ်ကုစားပုံ

၁။ ဣဒံ မေ ဘန္တေ စီဝရံ ဒသာဟာတိက္ကန္တံ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ–ဟု ဆို၍စွန့်ရမည်။

၂။ စွန့်ပြီးသောအခါ ယခုကာလထုံးစံအတိုင်း ပါစိတ်အာပတ်ကို ရည်မှန်း၍ ဒေသနာကြားရမည်။

၃။ နိဿဂ္ဂိသင်္ကန်းကို ခံယူသောရဟန်းက "ဣမံ စီဝရံ အာယသ္မတော ဒမ္မိ" ဟုဆို၍ သင်္ကန်းကို ပြန်ပေးရမည်။

နိဿဂ္ဂိထိုက်သောသင်္ကန်းကို ပြန်ရသောရဟန်း၏ သင်္ကန်း ထားနည်း

အလိုရှိရာ အဓိဋ္ဌာန်သော်လည်း တင်ရမည်။ သို့မဟုတ် ဝိကပ္ပနာသော်လည်း ပြုရမည်။

http://www.dhammadownload.com

ဥဒေါသိတ သိက္ခာပုဒ်

တစ်ထည်နှင့်ကင်းလည်း အာပတ်

တိစီဝရေန-ဟု သင်္ကန်း ၃-ထည်လုံးကို ဆိုသော်လည်း သင်းပိုင်, ကိုယ်ရုံ, ဒုကူဋ်(၃)ထည်လုံးနှင့် ကင်းမှမဟုတ်။ ထို(၃)ထည်တွင် တစ်ထည်နှင့် ကင်းလျှင်လည်း တိစီဝရိတ်နှင့် ကင်းသည်ဟု ဆိုနိုင်သဖြင့် အာပတ်သင့်သည်။

ဧကရတ္တမို့-၌ တစ်ညလုံးကင်းမှ မဟုတ်

ညဉ့်ဟုဆိုရာ၌ ဝိနည်းအရာဝယ် အရုဏ်သာ လိုရင်းဖြစ်သောကြောင့် တစ်ညဉ့်လုံးကင်းမှ အာပတ်သင့်သည်မဟုတ်။ အရုဏ်တက်ချိန်၌ ကင်းနေလျှင် အာပတ်သင့်သည်။

ရဟန်း၏ တစ်ညဉ့်မျှသော်လည်း ကင်းကွာ၍ မနေကောင်းသော သင်္ကန်းများ

တိစီဝရိတ် အဓိဋ္ဌာန်တင်ထားသော သင်းပိုင်၊ ဧကသီ၊ ဒုကူဋ် သင်္ကန်းတို့ဖြစ်သည်။

တိစီဝရိတ် အဓိဋ္ဌာန်တင်ထားသော သင်္ကန်းနှင့် ကင်းကွာ၍ နေခွင့်ရှိသောရဟန်း

အညတြ ဘိက္ခုသမ္မုတိယာ - ကိုထောက်၍ သမ္မု တိရသော ရဟန်းဖြစ်ပါသည်။

ဘိက္ခုသမ္မုတိဟူသည်

အဝိပ္ပဝါသ သမ္မုတိ ဖြစ်ပါသည်။

http://www.dhammadownload.com

ဘိက္ခုသမ္မုတိပေးသင့်သော ရဟန်း

တိစီဝရိတ်သင်္ကန်းကို သွားလေရာ မယူသွားနိုင်သော ဂိလာန ရဟန်း။

သမ္မုတိရသောရဟန်း၏ အခွင့်အရေး

သမ္မုတိရထားသော ဂိလာနမှာ ရောဂါမပျောက်သေးသမျှ တိစီဝရိတ်နှင့် ညဉ့်ကင်းနေသော်လည်း အာပတ်မသင့်။ ရောဂါပျောက်လျှင်ကား သင်္ကန်း ရှိရာအရပ်သို့ ဖြည်းဖြည်းသင်္ကာ သွားရမည်။ နဂိုက အဓိဋ္ဌာန်မပျက်သောကြောင့် အဓိဋ္ဌာန်ထပ်၍ မတင်ဘဲ ထိုသင်္ကန်းကို သုံးစွဲနိုင်သည်။

သင်္ကန်းထားရာဌာနများ

ရွာ, အိမ်, တိုက်(ဘဏ္ဍာတိုက်), ထီးတပ်အပ်သော ပြာသာဒ်, ထီး မတပ်အပ်သော ပြာသာဒ်ဦးပြည်း, လှေ, လှည်း, ပြအိုး, လယ် (ယာ), ကောက်နယ်တလင်း, သစ်ပင်, လွင်တီးခေါင်, အာရာမ်, ကျောင်းတိုက်, တန်ဆောင်း။

[ဆောင်]။ ။ ရွာ, အိမ်နှင့်-တိုက်, ထီးစိုက်ဦးပြည်း, လှေ- လှည်း- ပြ-လယ်,ကောက်နယ်-သစ်ပင်, လွင်-အာရာမ်-ကျောင်း, တန်ဆောင်းဆယ့်ငါး, သင်္ကန်းထား, မှတ်သားအရပ်တည်း။

ညဉ့်ကင်းဖွယ်ရှိသောအခါ နိဿဂ္ဂိ မထိုက်အောင် ပြုလုပ်နည်း

ညဉ့်ကင်းတော့မည်ထင်လျှင် အရဏ်မတက်ခင် အဝေးသင်္ကန်းရှိရာကိုမှန်း၍ "ဧတံ သံဃာဋိ ပစ္စုဒ္ဓရာမိ-ထိုသင်္ကန်းကြီးကို ပစ္စုဒ္ဓိရ် ပြုပါ၏"ဟုဆို၍ ပစ္စုဒ္ဓိရ်ပြုလိုက်လျှင် နိဿဂ္ဂိမထိုက်တော့ပါ။

P.23.8

http://www.dhammadownload.com

အကာလစီဝရသိက္ခာပုဒ်

စီဝရကာလ, စီဝရအကာလအခွဲ

ကထိန်မခင်းလျှင် သီတင်းကျွတ် လပြည့်ကျော်တစ်ရက်မှ တန်ဆောင်မုန်းလပြည့်အထိ တစ်လသည် စီဝရကာလဖြစ်၍ တန်ဆောင်မုန်း လပြည့် ကျော် တစ်ရက်မှ သီတင်းကျွတ်လပြည့်နေ့အထိ ၁၁-လသည် စီဝရအကာလ ဖြစ်ပါသည်။

ကထိန်ခင်းလျှင် သီတင်းကျွတ်လပြည့်ကျော်(၁)ရက်မှ တပေါင်းလပြည့်အထိ (၅)လသည် စီဝရကာလဖြစ်၍ တပေါင်းလပြည့်ကျော်(၁) ရက်မှစ၍ သီတင်းကျွတ် လပြည့်နေ့အထိ (၇)လ သည် စီဝရအကာလ ဖြစ်သည်။ (၁၃၃၉-ခု အလတ်တန်း)

အကာလ စီဝရဟူသည်

သင်္ကန်းကာလမှ ကာစ်ပါးသောကာလ၌ လွှဲသောသင်္ကန်း။

(၁၃၃၇-ခု အလတ်တန်း)

အကာလသင်္ကန်းအလိုရှိသော ရဟန်း ဆောင်ရွက်ရမည့် ဝတ္တရား

အကာလသင်္ကန်းကို အလိုရှိသော ရဟန်းသည် အလျှုခံနိုင်ပါသည်။ အလျှုခံပြီး ဆယ်ရက်အတွင်း လျှင်မြန်စွာ ချုပ်ဆိုးမှုပြုရမည်။ သင်္ကန်း ပြည့်စုံလုံလောက်မှု မရှိပါက ယုတ်လျော့သော သင်္ကန်းပြည့်စုံလောက်ဖို့ရန် သင်္ကန်း၌ အာသာရှိနေသေးလျှင် တစ်လပတ်လုံး ထိုသင်္ကန်းကို ထားနိုင်ပါသည်။ တစ်လထက်ပို၍ မထားရပါ။

ရဟန်းတော်တစ်ပါးအား အကာလစီဝရ ဖြစ်ပေါ်လာရာ၌ ပြုလုပ်ရမည့် ဝိနည်းကံ

(၁) ခံယူပြီးပါက ၁၀-ရက်အတွင်း အမြန်ပြုလုပ်ရခြင်း၊ (၂) မလောက်ပါက ပစ္စာသာသင်္ကန်းရှိသေးလျှင် ၁-လ ပိုထား နိုင်ခြင်း၊

http://www.dhammadownload.com

(၃) ထို ၁-လထက်ပို၍ ပစ္စာသာ သင်္ကန်းရှိသော်လည်း သိုမှီးမထား ရခြင်း။

သင်္ကန်းနှင့် ကျောင်းတိုက်၌ ကြောင့်ကြစိုက်နေမှု ကင်းပြတ်သော ရဟန်အား အခါမဲ့သင်္ကန်း လျှဒါန်းလာလျှင် ယင်းသင်္ကန်းအတွက် မည်သို့ ဆောင်ရွက်ရမည်ကို ရှင်းလင်းဖြေဆိုပါ။

အလိုရှိလျှင် အလျှဲခံပြီးလျှင်မြန်စွာ (၁၀) ရက်အတွင်း၌ ချုပ်ရပါမည်။ သင်္ကန်းမချုပ်လောက်လျှင် ထိုသင်္ကန်းကိုဖြည့်၍ ချုပ်ဖို့ရန် နောက်ထပ်ရဖို့ လမ်းမြင်လျှင် မချုပ်ထားဘဲ တစ်လထားကောင်းပါသည်။ တစ်လထက်ပို၍ကား မထားရပါ။

ဓိပ္ပမေဝ ကာရေတဗ္ဗ-၌ အမြန်ချုပ်ရမည့်ကာလ

ပထမကထိနသိက္ခာပုဒ်၌ အဓိဋ္ဌာန်, ဝိကပ္ပနာမပြုဘဲ ၁၀-ရက် ပို၍ မထားကောင်းသောကြောင့် ၁၀-ရက်အတွင်း ပြီးအောင် ချုပ်ရမည်။

အမြန်ချုပ်ဖွယ်မလိုအောင် လုပ်ဆောင်နည်း

ဝိကပ္ပနာ ပြုထားရမည် (သို့မဟုတ်) ပရိက္ခာရစောင္ဌ အဓိဋ္ဌာန် တင်ထားရမည်။

ဓိပ္ပမေဝ ကာရေတဗ္ဗ-စည်းကမ်းကို လိုက်နာရမည့် ပုဂ္ဂိုလ်

တိစီဝရိတ် အဓိဋ္ဌာန်တင်မည့် ပုဂ္ဂိုလ်။

ပစ္စာသာသင်္ကန်းမရှိဘဲ တစ်လ မထားကောင်း

သတိယာ ပစ္စာသာယ-ကို ထောက်၍ မထားကောင်းပါ။

http://www.dhammadownload.com

ပစ္စာသာသင်္ကန်းနှင့် မူလသင်္ကန်းတို့ တွဲဖက်မချုပ်သင့်လျှင် (အမျိုးအစား မတူလျှင်) လုပ်ရမည့်အစီအစဉ်

နောက်ထပ်မျှော်လင့်ဖွယ်ရှိသေးက မူလသင်္ကန်းကို ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်၍ နောက်ရအပ်သော ပစ္စာသာသင်္ကန်းကို မူလသင်္ကန်းလုပ်ပြီးလျှင် နောက်ထပ်တစ်လ ထားကောင်းပါသေးသည်။

ပစ္စာသာသင်္ကန်းရှိသော်လည်း တစ်လထက်ပို၍ မထားကောင်း

တတော စေ ဥတ္တရိ နိက္ခိပေယျ သတိယာပိ ပစ္စာသာယာ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ–ကိုထောက်၍ တစ်လထက်ပို၍ မထားကောင်းပါ။

အမျိုးအစားချင်းမတူသော ပစ္စာသာသင်္ကန်းကို ရနေလျှင် ဆက်၍ ထားနိုင်သည့်လပေါင်း

ဤနည်းအတိုင်းဆက်ကာဆက် အမျိုးအစားချင်းမတူသော သင်္ကန်းကို ရနေပါလျှင် ဤနည်းအတိုင်းပင် မချုပ်သေးဘဲ ဆက်ကာဆက်ကာ ကထိန်မခင်းလျှင် ၁၁–လ, ခင်းလျှင် ၇–လ ဤသိက္ခာပုဒ် အရထားကောင်း၏။ သင်္ကန်းကာလ ရောက်မူကား ပထမ ကထိန သိက္ခာပုဒ် ထုံးစံအတိုင်း ထားကောင်းပြီ။

ယခုခေတ်၌ အကာလစီဝရ သိက္ခာပုဒ်ကို ကျင့်စရာ မလို+မလို

ယခုကာလ၌ ချုပ်ပြီးသောသင်္ကန်းသာ အရမျှားသောကြောင့် ကျင့်စရာ မလိုပါ။

ပထမကထိနနှင့် တတိယကထိနတို့အထူး

ပထမကထိနသိက္ခာပုဒ်၌ (၁၀)ရက်လွန်လျှင်အာပတ်သင့်၍ တတိယ ကထိနသိက္ခာပုဒ်၌မူ တစ်လလွန်လျှင် အာပတ်သင့်ပါသည်။ ဤသို့ထူးပါသည်။ **(၁၃၃၉–ခု အလတ်တန်း)**

http://www.dhammadownload.com

ပုရာဏစီဝရသိက္ခာပုဒ်

ဆွေမျိုးမတော်သော ဘိက္ခုနီမအား မည်သို့စေခိုင်းမှုကြောင့် ရဟန်းတော်အား နိဿဂ္ဂိယပါစိတ် အာပတ်သင့်ရသည်ကို ဖြေဆိုပြပါ။

သင်္ကန်းဟောင်းကို ဖွပ်လျှော်ခိုင်းမှု၊ ဆိုးခိုင်းမှု၊ ထုရိုက်ခိုင်းမှုတို့ကြောင့် နိဿဂ္ဂိစိတ် အာပတ်သင့်ရပါသည်။

ယခုခေတ် ပုရာဏစီဝရသိက္ခာပုဒ်ကို ကျင့်စရာလို+မလို

ယခုအခါ ဘိက္ခုနီ မရှိတော့သောကြောင့် ကျင့်စရာမလိုပါ။

ဆွေမျိုးအထက် ၇-ဆက်

ဘ-ဘိုး-ဘေး-ဘီ-ဘင်-ဘောင်-ဘော။

ဆွေမျိုးအောက် ၇-ဆက်

သား-မြေး-မြစ်-တီ-တွတ်-ကျွတ်-ကျွတ်ဆတ်။

အညာတိကာ ဟူသည်

ဆွေ(၇)ဆက် မျိုး(၇)ဆက်တွင် မပါဝင်နိုင်သူ သွေးသားချင်း မဆက်သွယ်နိုင်သူကို အညာတိကာဟုခေါ်သည်။

ချွေးမ, မိမိ၏ ဇနီးဟောင်းနှင့် ဆွေမျိုးများ ရဟန်းအတွက် ဆွေမျိုး မဟုတ်

ဆွေ (၇)ဆက် မျိုး(၇)ဆက်တွင် မပါဝင်သောကြောင့်လည်းကောင်း၊ သွေးသားချင်း မဆက်သွယ်နိုင်သောကြောင့်လည်းကောင်း ရဟန်းအတွက် ဆွေမျိုးမဟုတ်ကြပါ။

http://www.dhammadownload.com

စီဝရဟူသည်

ဆိုးပြီး ကပ္ပဗိန္ဓုထိုးပြီးသော ဝတ်လောက်သည့် သင်္ကန်း။

ပုရာဏစီဝရဟူသည်

တစ်ကြိမ်ဝတ်ဖူးသော သင်္ကန်း, တစ်ကြိမ်ရုံဖူးသောသင်္ကန်း။

(၁၃၃၇-ခု အလတ်တန်း)

ဤသိက္ခာပုဒ်၌ ဘိက္ခုနီမအား မလုပ်ခိုင်းသင့်သော လုပ်ငန်း (၃) သွယ်

၁။ ဖွတ်ခိုင်းခြင်း၊ ၂။ ဆိုးခိုင်းခြင်း၊ ၃။ ထုရိုက်ခိုင်းခြင်း။

အဆုံးအဖြတ်

ဖွတ်-ဆိုး နှစ်ခုခိုင်းရာ၌ တစ်ခုကြောင့် နိဿဂ္ဂိယ၊ အခြားတစ်ခုခုကြောင့် ဒုက္ကဋ်၊ သုံးခုလုံးခိုင်းရာ၌ တစ်ခုကြောင့် နိဿဂ္ဂိယ၊ အခြား၂-ခုကြောင့် ဒုက္ကဋ် ၂-ချက်။



စီဝရပဋိဂ္ဂဟဏသိက္ခာပုဒ်

ဆွေမျိုးမတော်သော ဘိက္ခုနီမနှင့် သင်္ကန်းချင်းလဲလှယ်ကောင်း

အညတြ ပါရိဝတ္တကာ-ဟု ဟောကြားတော်မူသောကြောင့် လဲလှယ် ကောင်းပါသည်။

စီဝရဟူသည်

အဓိဋ္ဌာန်ဝိကပ္ပနာလောက်သော အဝတ်။

အနုပညတ်

အညတြ ပါရိဝတ္တကာ။

http://www.dhammadownload.com

ဘိက္ခုနီမထဲမှ အပြစ်လွတ်အောင် သက်နှံးခံယူနည်း

ဆီးဖြူသီး, ဖန်ခါးသီးမျှဖြင့်လည်း လဲယူလျှင်လည်းကောင်း၊ လဲမည်ဟု နှလုံးသွင်း၍ ယူလျှင်လည်းကောင်း အပြစ်မရှိပါ။



အညာတကဝိညတ္တိသိက္ခာပုဒ်

ဂဟပတိဟူသည်

ရဟန်း, သာမဏေမှတစ်ပါး ယောကျ်ားအားလုံး။

ဂဟပတာနီဟူသည်

ဘိက္ခုနီ, သိက္ခမာန်, သာမဏေမတို့မှတစ်ပါး မိန်းမအားလုံး။

စီဝရံ –အရ

အဓိဋ္ဌာန်, ဝိကပ္ပနာလောက်သော အဝတ်မှစ၍ အဝတ်အားလုံးကို ယူရမည်။

ဝိညာပေယျ–၌ သိစေဟူသည်

ကိုယ်တိုင်တောင်းခြင်း, သူတစ်ပါးကို တောင်းခိုင်းခြင်း။

အညတြ သမယာ–အရ တောင်းသင့်ရာကာလများ

၁။ အစ္ဆိန္နစီဝရအခါ၊ ၂။နဋ္ဌစီဝရအခါ။

ဆွေမျိုးမတော်သော ဒါယကာ၏ အထံ၌ သက်နှံးတောင်းသင့်သည့် အခါသမယ

(၁)အစ္ဆိန္နစီဝရ–လုယူခံရသောသက်နှံးရှိရာအခါ၊ (၂)နဋ္ဌစီဝရ–ပျက်စီးပျောက်ဆုံးသော သက်နှံးရှိရာအခါတို့ ဖြစ်ပါသည်။

http://www.dhammadownload.com

ဆွေမျိုးမတော်သော ဒါယကာများထံမှ အစီရိန်မရွေး သင်္ကန်းအလှူခံနိုင်သော ရဟန်း

(၁) အစ္ဆိန္နစီဝရ – သင်္ကန်းလုယူခံရသောရဟန်း (၂) နဋ္ဌစီဝရ – သင်္ကန်းပျောက်ပျက်သော ရဟန်းတို့ဖြစ်ပါသည်။

အစ္ဆိန္နစီဝရဟူသည်

ခိုးသူ, ဓားပြ, မင်း စသည်တို့ အလုခံရသူ။

နဋ္ဌစီဝရဟူသည်

မီးလောင်, ရေမျော, ကြွက်ကိုက်ခြင်းစသည်ကြောင့် သင်္ကန်းပျောက်သူ။

သင်္ကန်းလုယူခံရ၍ အနီးအနား၌ တောင်းရမည့်သူ မရှိသော် ကျင့်ရမည့်နည်းလမ်း

သစ်ပင်မှ သစ်ခက်ကိုကိုယ်တိုင်ချိုးယူကောင်းသည်၊ ထိုသစ်ရွက်များကိုလျော်ဖြင့် တွဲစပ်၍ ဝတ်သွားရမည်၊ အဝတ်မဝတ်ဘဲ မသွားကောင်း။



တတ္တရိသိက္ခာပုဒ်

ဖိတ်မံထားသူအကြည်ညိုပျက်လျှင် မတောင်းကောင်း

အပဝါရိတအရာ၌ တည်သောကြောင့်တည်း။

ဤသိက္ခာပုဒ်နှင့်အညီ သင်္ကန်းတောင်းနည်း

နဂိုက သင်္ကန်း ၃-ထည်ဖြင့် လှည့်လှည်နေသူမှာ တစ်ထည်ပျောက်လျှင် (ဘာပျောက်ပျောက်) ၂-ထည်ကျန်သေး၍ မယူကောင်း။

http://www.dhammadownload.com

၂-ထည်ပျော်လျှင် ၁-ထည်ယူ၊ ၃-ထည်ပျော်လျှင် ၂-ထည်ယူ၊ နဂိုက ၂-ထည်ဖြင့် လှည့်လည်နေသူမှာလည်း တစ်ထည်ပျော်လျှင် တစ်ထည်ယူ။ ၂-ထည်ပျော်လျှင် ၂-ထည်ယူကောင်း၏။ ၃ ထည်ပြည့်အောင် မယူကောင်း။ (၁၃၃၂-ခုအကြိုးတန်း)

အစုံများစွာ လာရောက်လှူသော အမျိုးမတော်သူ၌ သင်္ကန်းအခိုးခံရသော ရဟန်း အလှူခံနိုင်သော သင်္ကန်းပမာဏ

မိမိမှာရှိသော သင်္ကန်းအပါအဝင် သင်းပိုင်နှင့် ကိုယ်ရုံ ဤနှစ်ထည်ရှိရုံသာ အလှူခံ ရပါမည်။ မိမိမှာ သင်းပိုင်၊ ကိုယ်ရုံ ဤနှစ်ထည်ထက် မပိုမရှိစေရပါ။ သာဓက-သန္တ ရုတ္တရပရမံ တေန ဘိက္ခုနာ တတော စီဝရံ သာဒိတဗ္ဗံ။

ဒွိစုံထက် ပိုတောင်းကောင်းရာဌာနများ

၁။ နဂိုဖိတ်မံထားသူ၊
၂။ အခြားဂုဏ်အတွက်ကြည်ညိုး၍ ယခုမှ ဖတ်မံသူ၊
၃။ ဉာတိ ပဝါရိတများ။



ပထမဥပက္ခဥသိက္ခာပုဒ်

စီဝရစေတာပန္နဟူသည်

သင်္ကန်းကိုလဲလှယ်၍ ရနိုင်သော ရွှေ, ငွေစသော အကပ်ိယဝတ္ထု, ချည်စသော ကပ်ိယဝတ္ထုများ။

အလှူရှင်တို့က ရဟန်းကို ရည်မှန်းပုံပြပါ၌။

ဣမိနာ (ပ) အစ္ဆာဒေဿာမိ။

http://www.dhammadownload.com

ဝိကပ္ပံ အာပဇ္ဇေယျ–၌ ထူးခြားအောင်စိမ်မှု ဟူသည်

မူလရည်စူးထားသော သင်္ကန်းထက် အလျှားရှည်အောင်, အနုံပြန့် အောင်, အသားကျစ်အောင်, ချောအောင်စိမ်ခြင်းတည်း။

သင်္ကန်း၌ အထူးစီရင်ပုံ

ဒါယကာ တောင်းပန်ပါသည်၊ ငါ့ကို ဒါယကာသည် ဤသင်္ကန်းဖိုးဖြင့် ဤသို့ သဘောရှိသည်လည်းဖြစ် သော သင်္ကန်းကို ဝယ်၍ ဖုံးလွှမ်းပါလော့။

အပ်သော စီရင်ပုံ

မူလရည်ရွယ်ထားသော တန်ဖိုးထက် မပိုအောင် စီရင်ရပါမည်။

မအပ်သော စီရင်ပုံ

မူလရည်ရွယ်ထားသော တန်ဖိုးထက် ပို၍စီရင်ရခြင်း ဖြစ်ပါသည်။

ထူးခြားအောင်စိမ်တိုင်း အာပတ်သင့်

စိမ်လိုက်သည့်အတွက် မူလရည်မှန်းထားသော တန်ဖိုးထက် ပိုကုန်မှ သာ နိဿဂ္ဂိ ထိုက်သည်။ မူလတန်ဖိုးထက် မပိုလျှင် နိဿဂ္ဂိ မထိုက်ပါ။ (၁၃၅၄-ခု အကြီးတန်း)

ရဟန်းက စိမ်ပုံပြပါ၌ (ဝိကပ္ပနာကာရပြပါ၌)

သာဓု ဝတ (ပ) အစ္ဆာဒေဟိ။

ရဟန်းက ကိုယ်နှုတ်ဖြင့် သင်္ကန်းပုံစံကို ညွှန်ပြသောစကား

ဧဝရူပံ ဝါ ဧဝရူပံ ဝါ။

http://www.dhammadownload.com

ဒုတိယဥပက္ခဥသိက္ခာပုဒ်

ပစ္စေကစီဝရ စေတာပန္နာနိ – ၌ ပစ္စေကအဓိပ္ပာယ်

နဂိုက တစ်ပေါင်းတည်းလျှမ်းမည်ဟု ကြံရွယ်ချက် မရှိ၊ ကိုယ့် ဘာသာကို သက်နှံးဝယ်၍ လျှမ်းမည်ဟု သီးခြားစီကြံစည်၍ စုဆောင်း ထားသော သင်္ကန်းဖိုးကို ပစ္စေက – ဟု ခေါ်ပါသည်။

ဝိကပ္ပနာကာရပြပါဠိ

သာဓု ဝတ မံ အာယသ္မန္တော ဣမေဟိ ပစ္စေကစီဝရစေတာ ပန္နေဟိ ဧဝရူပံ ဝါ ဧဝရူပံ ဝါ စီဝရံ စေတာပေတွာ အစ္ဆာဒေထ ဥဘောဝ သန္တာ ဧကေန။

သင်္ကန်း၌ အထူးစီရင်ပုံ

ဒါယကာတို့... တောင်းပန်တိုက်တွန်းပါသည်။ ငါ့ကို ဤ အသီးသီးသော သင်္ကန်းဖိုးတို့ဖြင့် ဤသို့သဘောရှိသည်လည်းဖြစ် ဤသို့သဘောရှိသည်လည်းဖြစ်သော သင်္ကန်းကိုဝယ် ၍ နှစ်ယောက် ဖြစ်ကြသူတို့သည် တစ်ပေါင်းတည်း ဖြစ်ကုန်လျက် ဖုံးလွှမ်းကြကုန် လော့။

ဥပက္ခဥသိက္ခာပုဒ် ၂–ပုဒ်တို့အထူး

ပထမဥပက္ခဥသိက္ခာပုဒ်၌ အလျှရှင်တစ်ဦးကိုသာ ညွှန်းဆဲရာ ရောက်၍ ဒုတိယဥပက္ခဥသိက္ခာပုဒ်၌မူ အလျှရှင်နှစ်ဦးတို့ကို ညွှန်းဆဲရာ ရောက်သည်။ (၁၃၃၂–ခု အငယ်တန်း)

ကျောင်းစသည်လည်း တန်ဖိုးပိုလျှင် မအပ်

ဥာတိပဝါရိတ မဟုတ်သူတို့က သင်္ကန်းကိုသာမဟုတ်၊ ကျောင်း စသည်ကို ရည်စူးထားရာဝယ် သွားရောက်စီမံရာ၌လည်း နဂိုရည်စူး

http://www.dhammadownload.com

ချက်ထက် တန်ဖိုးပိုသွားလျှင် ထိုပစ္စည်းများ မအပ်သည်သာ။ ဥာတိပရိဝါရိတ ဖြစ်သူတို့က လှူဖို့ရည်ရွယ်ရာ၌ကား ရဟန်းစီမံသည့် အတွက် တန်ဖိုးပိုသွားသော်လည်း အပ်ပါသည်။



ရာဇသိက္ခာပုဒ်

ရာဇသိက္ခာပုဒ်၏ ဆိုလိုရင်း

သင်္ကန်းဖိုးဖြစ်သော ရွှေ ငွေ – စသော အကပ်ိယဝတ္ထုကို အလှူလာရာဝယ် ပြုလုပ်ရမည့်အစီအစဉ်ကိုလည်းကောင်း၊ ထိုအစီအစဉ်အတိုင်း လိုက်နာ၍ မပြုလုပ်လျှင် နိဿဂ်ပါစိတ်အာပတ်ကိုလည်းကောင်း ပညတ်တော်မူခြင်း ဖြစ်ပါသည်။

တမန်ဖြင့် သင်္ကန်းဖိုးကို အလှူခိုင်းသော ပုဂ္ဂိုလ်များ

ရာဇာ – မင်း၊ ရာဇဘောဂ္ဂ – မင်းမှ ရအပ်သော စည်းစိမ်ရှိသော/အမတ်၊ ဗြဟ္မဏ – ပုဏ္ဏား၊ ဂဟပတိ – သူကြွယ်တို့ဖြစ်ပါသည်။

အာဂမန သုဒ္ဓိပြပါဠိ

ကျမိနာ စီဝရစေတာပန္နေန (ပ) အစ္ဆာဒေဟိ။

လာခဲ့ရာ စကား၏ စင်ကြယ်ပုံပြပါဠိ

(မင်း စသည်တို့က သင်္ကန်းဖိုး လှူပေးဖို့ရန် တမန်ကိုစေခိုင်းပုံ)

ကျမိနာ စီဝရစေတာ ပန္နေနစီဝရံ စေတာပေတွာ ကျတ္ထန္နာမံ ဘိက္ခုံ စီဝရေန အစ္ဆာဒေဟိ။

တမန်က "သင်္ကန်းဖိုးအလှူခံပါ" ဟု လျှောက်လျှင် ရဟန်းက ပြောရမည့် စကား–

နံ ခေါ် မယံ (ပ) ကာလေန ကပ္ပိယံ။

F.24.A

http://www.dhammadownload.com

နေ ခေါ မယ် – စသည်ဖြင့် ပယ်မြစ်ရခြင်းအကြောင်း

အပ်စပ်သောနည်းလမ်းဖြင့် ဆောင်အပ်သည်လည်းဖြစ်သော သင်္ကန်းဖိုးသည် သင်္ကန်ဖိုးကို အလျှုခံပါ – ဟူသော တမန်၏ စကားကြောင့် မအပ်မစပ်ဖြစ်သွားရသည်၊ ထို့ကြောင့် ထိုသင်္ကန်းကို ပယ်မြစ်ထိုက်၏ဟူသော အနက်ကိုပြခြင်းအကျိုးမှာ "နေ ခေါ မယ်" စသည်ဖြင့် ပယ်ရပါ၁သည်။

သင်္ကန်းဖိုးငွေ လှူလာသည့်အခါ ရဟန်းတော်များ ပြောဆိုသင့်သည့် စကား:

ငါ့ရှင်... ငါတို့သည် သင်္ကန်းဖိုးကို အလှူမခံပါကုန်၊ ငါတို့သည် သင့်တော်သောကာလ၌ အပ်စပ်သော သင်္ကန်းကိုသာ အလှူခံကုန်၏ဟု ပြန်ပြောရပါမည်။

ပထမဥပက္ခဥသိက္ခာပုဒ်လာ စီဝရစေတာပန္နနှင့် ရာဇသိက္ခာပုဒ်လာ စီဝရစေတာပန္နတို့အထူး

ပထမဥပက္ခဥသိက္ခာပုဒ်လာ စီဝရစေတာပန္န–အရ ကပ္ပိယ, အကပ္ပိယ ဘဏ္ဍာနှစ်မျိုးလုံးကိုရပါသည်။ ရာဇသိက္ခာပုဒ်လာ စီဝရစေတာပန္န–အရမူ အကပ္ပိယဘဏ္ဍာကိုသာ ရပါသည်။ ဤသို့ထူးပါသည်။

တမန်က "အရှင်ဘုရားမှာ ဝေယျာဝစ္စကရ ရှိပါသလား" ဟု လျှောက်သော် သင်္ကန်းလိုချင်သောရဟန်း လုပ်ရမည့်တာဝန်

အာရာမ်စောင့်ကိုဖြစ်စေ, ဥပါသကာကိုဖြစ်စေ "ဒါယကာ ဤသူသည် ရဟန်းတို့၏ဝေယျာဝစ္စကရတည်း" ဟု ပြော၍ ဝေယျာဝစ္စကရကို ညွှန်ရမည်။

http://www.dhammadownload.com

ကပ္ပိယကာရက ညွှန်ပြရာ၌ အသင့်တော်ဆုံးလူများ

၁။ အာရာမ်စောင့်၊ ၂။ ဥပါသကာ၊

ကပ္ပိယကာရကညွှန်းပုံ

"ဒါယကာ... ဤသူဟာ ရဟန်းတို့အတွက် ကိစ္စကြီးငယ်ကို ပြုလုပ်တတ်သူတည်းဟု ညွှန်းရပါမည်။

ကပ္ပိယအဖြစ် ညွှန်ကောင်းသူများ

သီတင်းသုံးဖော် (၅)ဦးမှ တစ်ပါး အခြားသူအားလုံးကို ကပ္ပိယအဖြစ် ညွှန်နိုင်သည်။

ပါတိမောက်၌ အာရာမ်စောင့်, ဥပါသကာ နှစ်ယောက်ကိုသာ ကပ္ပိယ ညွှန်ရန် ပြခြင်းအကြောင်း

ဤနှစ်ယောက်တို့သည် ကျောင်း၌ရှိတတ်သူများ ဖြစ်၍ ညွှန်ပြဖို့ရန် လျောက်ပတ်သောကြောင့် ဤနှစ်ယောက်ကိုသာ ညွှန်ပြသည်။

(၁၃၅၀-ခု အလတ်တန်း)

"ဓေယျာဝစ္စကရိပါသလား"ဟု မလျှောက်ဘဲ "ဤသင်္ကန်းဖိုး ကိုသာ ယူပါ။ ဘယ်သူ့အား ပေးရမည်နည်း"ဟု လျှောက်မှ

ယင်းသို့လျှောက်လျှင် ကပ္ပိယကို မညွှန်ကောင်းပါ။

ကပ္ပိယညွှန်ပြီးနောက် ကပ္ပိယထံ သင်္ကန်းဖိုးအပ်နှံရုံမျှဖြင့် တောင်းကောင်း+ မတောင်းကောင်း

သင်္ကန်းဖိုးအပ်နှံရုံမျှဖြင့် မတောင်းကောင်းပါ။ အပ်နှံ၍ ကပ္ပိယကိုနားလည်အောင်ပြောဆိုကာ "ကပ္ပိယကို နားလည်အောင် မှာထားခဲ့ပါပြီ၊ အလိုရှိသောအခါ သင်္ကန်းကို အလှူခံရန် ချဉ်းကပ်တော်မူပါ၊

http://www.dhammadownload.com

သင်္ကန်းလျှပါ လိမ့်မည်”ဟု လျှောက်မှသာ သင်္ကန်းကို တောင်းကောင်း သည်။

“အလိုရှိသောအခါ သင်္ကန်းကို အလှူခံရန်ချဉ်းကပ်ပါ”စသည်ဖြင့် လျှောက်သော ရဟန်း၏ တာဝန်

“အတ္ထော မေ အာဝုသော စီဝရေန= ငါ သင်္ကန်းလိုချင်တယ်”ဟု ပြောရမည်။ “သင်္ကန်းပေးပါ၊ သင်္ကန်းဝယ်ခဲ့ပါ”စသည်ဖြင့်ကား မပြော ကောင်းပါ။

ကပ္ပိယထံ သင်္ကန်းရအောင် တောင်းရမည့်အကြိမ်

(၃)ကြိမ်။

ရပ်ရမည့်အကြိမ်

(၆)ကြိမ်။

မှတ်ချက်။ ။ ၁-ကြိမ်တောင်းခြင်းနှင့် ၂-ကြိမ်ရပ်ခြင်း ညီမျှသောကြောင့် တောင်းရုံသက်သက်တောင်းလျှင် ၆-ကြိမ်တောင်းနိုင်သည်။ ရပ်ရုံချည်း ရပ်လျှင် ၁၂-ကြိမ် ရပ်နိုင်သည်။

နိဿဂ္ဂိထိုက်သော သင်္ကန်း

၃-ကြိမ် တောင်းခြင်း, ၆-ကြိမ်ရပ်ခြင်းထက်ပို၍ အားထုတ်မှ ရသော သင်္ကန်း။

၃-ကြိမ်တောင်းခြင်း, ၆-ကြိမ်ရပ်ခြင်းထက်ပို၍ အားထုတ်ပါ လျှက် မရလျှင် လုပ်ရမည့် အစီအစဉ်

သင်္ကန်းဖိုးဆောင်ယူခဲ့ရာ မင်း၏အမတ်စသူတို့ထံသို့ “ဒါယကာ တို့... သင်တို့ပို့အပ်သော သင်္ကန်းဖိုးသည် ရည်စူးရာ ရဟန်းအား

http://www.dhammadownload.com

တစ်စုံတစ်ခုသော အကျိုးကို မပြီးစေပါ။ ဒါယကာတို့...မိမိဥစ္စာကို တောင်းကြပါ။ သင် ဒါယကာတို့သည် မိမိဥစ္စာကို မပျက်စီးကြပါလင့်" ဟု ကိုယ်တိုင်သွားလျှင် သွားရမည်။ တမန်ကို စေလွှတ်လျှင်လည်း စေလွှတ်ရမည်။ (၁၃၅၅-ခု အကြီးတန်း)

သင်္ကန်းရအောင် အားထုတ်ရာ၌ တောင်းနိုင်/ ရပ်နိုင်သည့် အကြိမ်

၁။ ၁-ကြိမ်တောင်း၍ မရလျှင် (၁၀) ကြိမ် ရပ်နိုင်ပါသည်။
၂။ ၂-ကြိမ်တောင်း၍ မရလျှင် (၈) ကြိမ် ရပ်နိုင်ပါသည်။
၃။ ၃-ကြိမ်တောင်း၍ မရလျှင် (၆) ကြိမ် ရပ်နိုင်ပါသည်။
၄။ ၁-ကြိမ်မျှ မတောင်းရသေးလျှင် (၁၂) ကြိမ်ရပ်နိုင်ပါသည်။
၅။ ၂-ကြိမ်ရပ်လျှင် (၅) ကြိမ် တောင်းနိုင်ပါသည်။
၆။ ၄-ကြိမ်ရပ်လျှင် (၄) ကြိမ် တောင်းနိုင်ပါသည်။
၇။ ၆-ကြိမ်ရပ်လျှင် (၃) ကြိမ် တောင်းနိုင်ပါသည်။
၈။ တောင်းရုံသက်သက်ဖြစ်ပါက-(၆) ကြိမ်တောင်းနိုင်ပါသည်။
၉။ ရပ်ရုံသက်သက်ဖြစ်ပါက (၁၂) ကြိမ် ရပ်နိုင်ပါသည်။
၁၀။ တောင်းလည်းတောင်း၊ ရပ်လည်းရပ်နိုင်သော အကြိမ် ၃-ကြိမ်တောင်း၍ ၆-ကြိမ်ရပ်နိုင်ပါသည်။

နိဿဂ္ဂိယဝတ္ထု

ရွှေ၊ ငွေ၊ ကဟာပဏ၊ မာသက။ (၁၃၃၄-ခု အလတ်တန်း)

ဒုက္ကဋဝတ္ထု

ပုလဲ, ပတ္တမြား, ကြောင်မျက်ရွဲ, ခရုသင်း, ကျောက်သလင်း, သန္ဓာ, ပတ္တမြားနီ, ပတ္တမြားပြောက်, စပါးမျိုး(၇)ပါး, ကျွန်မိန်းမ, ကျွန် ယောကျ်ား, လယ်, ယာ, ပန်းအရံ, သစ်သီးအရံ စသည်။

(၁၃၃၄-ခု အလတ်တန်း)

http://www.dhammadownload.com

မှတ်ချက်။ ။နိဿဂ္ဂိယဝတ္ထု၊ ဒုက္ကဋဝတ္ထုနှစ်မျိုးစလုံးကို မည်သည့် ပုဂ္ဂိုလ် အတွက်ဖြစ်ဖြစ် အလှူမခံကောင်းပါ။

ကပ္ပိယတစ်ကျိပ်

၁။ ရဟန်းညွှန်းအပ်သော ကပ္ပိယ ၄-ယောက်၊
၂။ တမန်ညွှန်းအပ်သော ကပ္ပိယ ၄-ယောက်၊
၃။ မည်သူမျှ မညွှန်းအပ်သော ကပ္ပိယ ၂-ယောက်။

(၁၃၃၇-ခု အကြီးတန်း)

မညွှန်းအပ်သော ကပ္ပိယ ၂-ယောက်

၁။ ရဟန်းကမညွှန်ဘဲ အနီးအပါး လူတစ်ယောက်၏ တာဝန်ယူမှုကြောင့် တမန်က အပ်နှံခဲ့၍ ကပ္ပိယကိုလည်း လှူရန်မမှာ၊ ရဟန်းကိုလည်း အလှူခံရန် မလျှောက်ဘဲ ပြန်သွားရာ၌ မိမိဘာသာ တာဝန်ယူသော ကပ္ပိယ။

၂။ တမန်က ရဟန်း၏ကွယ်ရာ၌ပင် သင့်တော်သူ တစ်ယောက်ထံ အပ်နှံ၍ "သင်္ဃန်းလှူရစ်ပါ"ဟု မှာကြားသွားသော်လည်း ရဟန်းအား မလျှောက်ဘဲထားသော ကပ္ပိယ။

[ဆောင်]။ ။

၁။ ရဟန်းညွှန်ပြ, လေးရောက်မျှ, ဒူတ ညွှန်းလေးဖြာ။
၂။ အနီဒ္ဒိဋ္ဌ, ဒုဝိဓ, ပေါင်းကတစ်ကျိပ်သာ။
၃။ တစ်ဦးမျက်မှောက်, ကွယ်သုံးယောက်, ညွှန်းမြောက် ရဟန်းမှာ။
၄။ ရှေ့အပ်-ပြန်ကြား, စေ၍ကြား, မှာထားသွားသည့်ခါ။
၅။ တမန်ညွှန်းလည်း, လေးပါးတည်း, ဤနည်းယူလေပါ။
၆။ ရှေ့အပ်မကြား, ကွယ်အပ်သွား, နှစ်ပါးမညွှန်းရာ။
၇။ ရာဇ-မေထုန်, အညာတ, ကျင့်ရစဉ်တိုင်းသာ။

http://www.dhammadownload.com

ကပ္ပိယတစ်ကျိပ်တို့ အပေါ်၌ကျင့်နည်း

ရဟန်းညွှန်းအပ်သော ကပ္ပိယ ၄-ယောက်၌ ရာဇ သိက္ခာပုဒ် အတိုင်း, ၃-ကြိမ်ကောင်းမှု, ၆-ကြိမ်ရပ်မှကိုပြုရမည်။ တမန်ညွှန်းအပ်သော ကပ္ပိယ ၄-ယောက်၌ မေထုန်ကသိက္ခာပုဒ်အတိုင်း ကျင့်ရမည်။ မည်သူမျှ မညွှန်ပြအပ်သော အနိဒ္ဒိဋ္ဌကပ္ပိယ ၂-ယောက်၌ အညာတက အပ္ပဝါရိတအတိုင်း ကျင့်ရမည်။ (၁၃၃၇-ခု အကြီးတန်း)

နိဿဂ္ဂိယပါစိတ် စီဝရဝဂ်၌ ပရမသဒ္ဒါပါသော သိက္ခာပုဒ်များ

ဒသာဟပရမံ၊ မာသပရမံ၊ သန္တံ ရတ္တရပရမံ၊ ဆက္ခတ္တုံပရမံ။
(၁၃၂၈-ခု အလတ်တန်း)

ဘိက္ခုနိဿဂ္ဂိယပါစိတ်စီဝရဝဂ်၌ အနုပညတ်ပါသော သိက္ခာပုဒ်များ

၁။ ကထိန သိက္ခာပုဒ် (ဒသာဟ ပရမံ)
၂။ ဥဒေါသိတ သိက္ခာပုဒ် (အညတြ ဘိက္ခုသမ္မုတိယာ)
၃။ စီဝရ ပဋိဂ္ဂဟဏ သိက္ခာပုဒ် (အညတြ ပရိဝတ္တကာ)
၄။ အညာတက ဝိညတ္တိ သိက္ခာပုဒ် (အညတြ သမယာ)
(၁၃၃၀-ခု အလတ်တန်း)

[ဆောင်]။ ။ ကထိ- ဥဒေါ၊ ဋ္ဌဂဟော၊ နောက်နှောာ အညာတာ။
စီဝရဝဂ်၊ ပုဒ်နိဿဂ်၊ နုစွက် ပညတ်ပါ။

http://www.dhammadownload.com

ဇဋ္ဌကလောမဝဂ်

ကောသိယ သိက္ခာပုဒ်

သန္ဆ တပြုလုပ်ပုံ

ညီညွတ်သော ကြမ်းပြင်, မြေပြင် စသည်ဝယ် သိုးမွေးချည်တို့ကို အလျား, အနံ အလိုရှိသလို ဖြန့်ထားရမည်။ ထို့နောက် အလိုရှိသလောက် ထူအောင်ထပ်လျက် အထက်အောက် အချင်းချင်း ကပ်နေအောင် ကဋ္ဌိယ–ကစည်ရေစသော စေးကပ်သောအရည်တို့ဖြင့် သွန်းလောင်း ဖိနှိပ်ပေးရမည်။ ဤသို့ ညီညွတ်သောအပြင်ဝယ် ဖြန့်ခင်း၍ ပြုအပ်သောကြောင့် သန္ဆ တ– အခင်းဟု ခေါ်၏။ ရက်ကန်းစင်ပေါ်တင်၍ ရက်အပ်သော အထည်မျိုး မဟုတ်။ ခင်း၍ ပြုအပ်သော အထည်မျိုး ဟုဆိုလိုသည်။

ကောသိယ မိဿက–၌ အာပတ်သင်နိုင်သည့် ပိုးချည်ပမာဏ

ပိုးချည်တစ်မျှင်မျှ ရောလည်း အာပတ်သင့်ပါသည်။

ကာရာပေယျဟုဆိုသောကြောင့် ကိုယ်တိုင်လုပ်လျှင် အာပတ် သင့်+ မသင့်

မပြုအပ်သော အရာတိုင်း၌ သူတစ်ပါးကို ခိုင်းခြင်းထက် ကိုယ်တိုင် ပြုလုပ်ခြင်းကသာ၍ ရှန့်ရင်းသောကြောင့် အာပတ်သင့်ပါသည်။

http://www.dhammadownload.com

ပိုးချည်ရက်ထည် အပ်စပ်

ပိုးချည်ကို ခင်း၍ပြုအပ်သော အထည်ကိုသာ တားမြစ်သော ကြောင့် အပ်စပ်သည်။

အဆုံးအဖြတ်

၁။ မိမိအတွက် လုပ်ခြင်း၊ လုပ်ခိုင်းခြင်းကြောင့် နိဿဂ္ဂိယပါစိတ်။

၂။ အခြားသူအတွက်လုပ်ခြင်း၊ လုပ်ခိုင်းခြင်းကြောင့် ဒုက္ကဋ်။



ဒွေဘာဂသိက္ခာပုဒ်

ဒွေဘာဂ သိက္ခာပုဒ်နှင့်အညီ အခင်းလုပ်နည်း

သိုးမွေးအနက် (၂)ဆ၊ အဖြူ (၁)ဆ၊ အကြောင် (၁)ဆတို့ကို ယူ၍ လုပ်ရမည်။ (၁၃၅၅-ခု အကြီးတန်း၊ ၄၇-ခု အလတ်တန်း)

ဒွေဘာဂ သိက္ခာပုဒ်အရ သိုးမွေးအနက်ကို အာပတ်မသင့်အောင် ယူ၍ လုပ်နည်း

၂-ဆထက် မပိုအောင် ယူ၍ လုပ်ရမည်။

အဖြူ, အကြောင် သိုးမွေးတို့ကို တစ်ဆထက်ပိုနိုင်

အနက်ရောင်များနေမည်ကိုသာ တားမြစ်လိုရင်း ဖြစ်သော ကြောင့် ပိုနိုင်သည်။

သိုးမွေးအခင်းသစ် ပြုလုပ်ပုံ

၁။ အမည်သက်သက် သိုးမွေးနှစ်ဆ၊ ၂။အဖြူရောင် သိုးမွေး တစ်ဆ၊ ၃။ ကြောင်သော သိုးမွေးတစ်ဆတို့ကို အချိုးအား ကျကျနနယူ၍ လုပ်ရပါမည်။

http://www.dhammadownload.com

သိုးမွေးဖြင့် လုပ်သော်လည်း အာပတ်မသင့်နိုင်သော ပစ္စည်းများ

ဗိတာန်, မျက်နှာကျက်, ကန့်လန့်ကာ, ဘုံလျှို, ခေါင်းအုံးစသော ပစ္စည်းများ။

ဝိနည်းထုံးစံအတိုင်း စွန့်ပြီးနောက် ပြန်ရသော်လည်း မသုံးဆောင်ကောင်းသော နိဿဂ္ဂိပစ္စည်းများနှင့် သိက္ခာပုဒ်များ

(၁) ပိုးချည်ဖြင့် ရောနှောသောအခင်း [ကောသိယ သိက္ခာပုဒ်] (၂) သက်သက်နက်သော အဆင်းရှိသော သိုးမွေးအခင်း [သုဒ္ဓကာဠက သိက္ခာပုဒ်] (၃) သိုးမွေးလေးပုံတွင် မည်းနက်သော သိုးမွေးတို့၏ နှစ်ပုံထက် ပိုလွန်သော အခင်း [ဒွေဘာဂ သိက္ခာပုဒ်]။



ဆဗ္ဗညုသိက္ခာပုဒ်

အနုပညတ်

အညတြ ဘိက္ခုသမ္မုတိယာ။

သိုးမွေးအခင်းသစ် သုံးဆောင်ရမည့် နှစ်အပိုင်းအခြား

ဆဗ္ဗညု သိက္ခာပုဒ်ကို ထောက်၍ ၆-ပုဒ်ဖြစ်ပါသည်။

သိုးမွေးအခင်းသစ် သုံးဆောင်သည့် ရဟန်းတော်များ လိုက်နာရမည့် စည်းကမ်း

သမ္မုတိရသော ရဟန်းမဟုတ်လျှင် သိုးမွေးအခင်းသစ်ကို ၆-နှစ် တိုင်အောင် သုံးဆောင်ရပါမည်။

သိုးမွေးအခင်းသစ် ပြုလုပ်ပြီးနောက် မလုပ်ရတော့ဟု သတ်မှတ်ထားသောနှစ်၌ နောက်ထပ်လုပ်သော်လည်း အပြစ်မသင့်သော ရဟန်း

အညတြ ဘိက္ခုသမ္မုတိယာ- ကို ထောက်၍ သမ္မတိရသော ရဟန်းဖြစ်ပါသည်။

http://www.dhammadownload.com

သိုးမွေးအခင်း ပြုလုပ်ပြီးရဟန်း လိုက်နာရမည့် စည်းကမ်း

သိုးမွေးအခင်း ပြုလုပ်ပြီးသော ရဟန်းသည် ထိုပြုလုပ်ထားပြီးသော သိုးမွေးအခင်းကို ခြောက်နှစ်တိုင်တိုင် ဆောင်ထားရမည်၊ ခြောက်နှစ် မပြည့်မီအတွင်း သမ္မုတိမရဘဲ ထိုအခင်းဟောင်းကိုစွန့်၍ အခြားအခင်းသစ်ကို မပြုလုပ်ရ၊ ပြုလုပ်လျှင် နိဿဂ္ဂပါစိတ် အာပတ် သင့်၏။

၆–နှစ်အတွင်း အခင်းသစ်လုပ်နိုင်သော ရဟန်း

သန္တတသမ္မုတိရသော ရဟန်း။

အခြားသူအတွက် ပြုလုပ်ပေးကောင်း

ဤသိက္ခာပုဒ်ကား မိမိတို့ အသစ်ပြုလုပ်ခြင်းကိုသာ တားမြစ်သောကြောင့် သူများအတွက် ပြုလုပ်ပေးကောင်းသည်။ ၆–နှစ်အတွင်း သူများက လှူလျှင်လည်း သုံးစွဲကောင်းသေးဟု မှတ်ပါ။



နိသီဒနသန္ထတသိက္ခာပုဒ်

နိသီဒိုင်အခင်းသစ် ပြုလုပ်နိုင်းသော ရဟန်း၏ကျင့်ဝတ်

အခင်းဟောင်း၏ ထက်ဝန်းကျင် နံပါးတစ်ခုမှ ဘုရားရှင်၏ တစ်ထွာ ပမာဏဖြတ်၍ အခင်းသစ်၌ ထည့်သွင်းပြုလုပ်ရမည်။

(၁၃၄၀–ခု အလတ်တန်း)

အခင်းဟောင်းကိုဖြတ်၍ ထည့်ရကျိုး

မကောင်းသောအဆင်း သဏ္ဌာန်ရှိအောင် ပြုလုပ်ရခြင်း အကျိုး ရှိပါသည်။

http://www.dhammadownload.com

တစ်ထွာပမာဏ ဖြတ်ယူခြင်း၏ ရည်ရွယ်ချက်နှင့် ပုံသဏ္ဌာန်

ရည်ရွယ်ချက် – အဆင်းပျက်စေရန်။
ပုံသဏ္ဌာန် – အဝိုင်း(သို့မဟုတ်)လေးထောင့်။

တစ်ထွာလောက်မရသော် အပြစ်မရှိ

အခင်းဟောင်းက ရိုဆွေးနေသဖြင့် အသားကောင်း တစ်ထွာလောက်မှမရှိလျှင် ရတန်သလောက် ဖြတ်ယူရမည်။ လုံးလုံးအသားကောင်းမရှိတော့လျှင်ကား အခင်းဟောင်းမှ အသားကို မယူဘဲလည်း နိသီဒိုင်အခင်း ပြုလုပ်နိုင်သည်။

နိသီဒိုင် (၂) ခုတို့ အထူး

ကောသိယဝဂ် မိသီဒန သိက္ခာပုဒ်၌လာသော နိသီဒန–သည် ပမာဏ သတ်မှတ်ချက်မရှိ၊ မယက်ဘဲခင်း၍ ပြုရ၏။ အဓိဋ္ဌာန် ဝိကပ္ပနာ မပြုဘဲ သုံးစွဲနိုင်ပါသည်။ ရတနဝဂ် နိသီဒနသိက္ခာပုဒ်၌လာသော နိသီဒန–သည် သင်္ကန်းကိုးထည်တွင် ပါဝင်၏။ ပမာဏသတ်မှတ်ချက်ရှိ၏။ ယက်ကန်း၌ ယက်ရ၏။ အဓိဋ္ဌာန် ဝိကပ္ပနာပြု၍ သုံးစွဲရပါသည်။ ဤသို့ ခြားနားပါသည်။ (ဝိမတိဋီကာ)

နိသီဒိုင်အခင်း ပြုလုပ်ပုံ

အခင်းကဲ့သို့ ဖြန့်ခင်း၍ အမြီတ်အစာပြုလုပ်လိုသော် တစ်ဖက်အစွန်း၌ မြတ်စွာဘုရား၏ တစ်ထွာပမာဏမျှ နှစ်နေရာ၌ ခွစိတ်ထားရမည်။ ထိုကဲ့သို့ ခွစိပ်ထားသောအခါ အမြီတ်အစာသည် တစ်ခုနှင့်တစ်ခု မစပ်ဘဲ သုံးမွာ ကွဲလျက် ရှိလိမ့်မည်။ ဤသို့ ပြုလုပ်ရမည်။

(၁၃၄၈–ခု အကြီးတန်း)

http://www.dhammadownload.com

ဧဋ္ဌကလောမသိက္ခာပုဒ်

ခရီးသွားစဉ် သိုးမွေးများလျှံရာ၌ ခံယူလိုသောရဟန်း လိုက်နာရမည့် စည်းကမ်း

သိုးမွေး အလိုရှိသော ရဟန်းသည် ခံယူပြီးနောက် ဆောင်ယူမည့်သူ မရှိခဲ့သော် သုံးယူဇနာတိုင်တိုင် ကိုယ်တိုင်ဆောင် ယူနိုင်ပါသည်။

အပြစ်ဖြစ်ပုံ

ဆောင်ယူမည့်သူမရှိခဲ့သော် သုံးယူဇနာထက် ကျော်လွန်၍ ဆောင်လျှင် နိဿဂ္ဂိယပါစိတ် အာပတ်သင့်ပါသည်။

သိုးမွေးများရလျှင် ကိုယ်တိုင်သယ်ခွင့်ရသည့် ခရီးတာဝေး

၃-ယူဇနာတိုင်တိုင်။

သိုးမွေးခံယူပြီးလျှင် ကိုယ်တိုင်ဆောင်ယူနိုင်သော ခရီးအတိုင်းအတာ

အများဆုံး သုံးယူဇနာဖြစ် ပါသည်။ သာဓက - ပရိဂ္ဂဟေတွာ တိယောဇနပရမံ သဟတ္ထာ ဟရိတဗ္ဗာနိ အသန္တေ ဟာရကေ။

ခရီးသွား ရဟန်းအား သိုးမွေးဖြစ်ပေါ်လာရာ ဆောင်သင့်ရာ ခရီးအတိုင်းအတာကို ဆောင်ယူသူရှိ/ မရှိအားဖြင့် ခွဲခြားဖြေဆိုပါ။

ဆောင်ယူသူရှိလျှင် သုံးယူဇနာထက်ကျော်လွန်၍ ဆောင်ယူနိုင်ပါသည်။ ဆောင်ယူမည့်သူ မရှိလျှင် သုံးယူဇနာအတွင်း ကိုယ်တိုင် ဆောင်ယူနိုင်ပါသည်။

http://www.dhammadownload.com

သိုးမွေးတို့ကို ၃-ယူဇနာအလွန် ကိုယ်တိုင်ဆောင်ယူခွင့် အမြဲတမ်းမရ

အသန္တေ ဟာရကေ-ကို ထောက်၍ ဆောင်ယူသူမရှိရာအခါ၌သာ ကိုယ်တိုင်ဆောင်ယူခွင့်ရသည်။

မည်သည့်နေရာ၌ မဆို သိုးမွေးခံယူကောင်း

သိက္ခာပုဒ်ပညတ်ဖို့ရာ ဝတ္ထုဖြစ်လာပုံ၌ ခရီးသွားစဉ် ရအပ်သောကြောင့် အဒ္ဓါမဂ္ဂ (ပ) ဥပ္ပဇ္ဇေယျုံ (ပ) ပဋိဂ္ဂဟေတဗ္ဗာနိဟု မိန့်တော်မူသည်။ မည်သည့်နေရာ၌မဆို ရရာအရပ်မှာ အလှူခံကောင်းသည်သာ။

အာပတ်မသင့်အောင်ယူနည်းများ

၁။ တစ်စုံတစ်ခုအထည်ဘဏ္ဍာပြုပြီးသော သိုးမွေးအထည်ကို ဆောင် ယူကောင်း၏။ သိုးမွေးများကို ချည်ဖြင့် တွဲထားလျှင်ပင် ဘဏ္ဍာပြုပြီးဖြစ်၍ ဆောင်ယူကောင်းသည်။

၂။ ပထမရခြင်း၌ ၃-ယူဇနာထက်မလွန်ကောင်း။ ခိုးသူတို့ခိုး၍ အသုံး မချလိုသဖြင့် ရဟန်းကို တစ်ဆင့်လှူရာ၌ ဖြစ်စေ, နိဿဂ္ဂိသိုးမွေးကို စွန့်ပြီးနောက် ပြန်ရရာ၌ဖြစ်စေ ဒုတိယရခြင်းဖြစ်၍ ၃-ယူဇနာထက် လွန်အောင် ဆောင်ယူရကောင်း၏။

ရူပိယသိက္ခာပုဒ်

ဇာတရူပ-အရ

ရွှေကို ယူရမည်။

http://www.dhammadownload.com

ရဇတ–အရ

ငွေတုံး, ငွေခဲ, ငွေဒင်္ဂါးနှင့် သုံးစွဲလို့ရသော ငွေစက္ကူအားလုံးကို ယူရမည်။

ဥဂ္ဂဏှေယျ–ဟူသည်

လူအပ်သော ရွှေ, ငွေကို ဖြစ်စေ၊ လမ်းစသည်၌ ဥစ္စာရှင်မရှိသော ရွှေ, ငွေကို ဖြစ်စေ ကိုယ်တိုင်ယူခြင်း။

ဥဂ္ဂဏှပေယျ–ဟူသည်

ကိုယ်တိုင်မဟုတ်ဘဲ တစ်ယောက်ယောက်ကို အယူခိုင်းခြင်း။

အနီးအပါး၌ ချထား၍ လှူဒါန်းအပ်သော ရွှေငွေကို ရဟန်းတော်က ကိုယ်နှုတ်ဖြင့် မပယ်ဘဲ စိတ်ဖြင့်သာ အလှူခံသော် အပ်စပ်ပါသလော၊

ရူပိယ သိက္ခာအရ အနီး၌ ချထားအပ်သော ရွှေငွေကို သာယာလျှင် အာပတ်သင့်သောကြောင့် စိတ်ဖြင့်သာ အလှူခံသော်လည်း မအပ်စပ်ပါ။

ဘဏ်ငွေစာအုပ်နှင့် ချက်လက်မှတ်တို့ကို ခံယူထားသော ရဟန်းအား ရူပိယသိက္ခာပုဒ်ဖြင့် အာပတ်သင့်/ မသင့်

ငွေစုစာအုပ်နှင့် ချက်လက်မှတ်တို့သည် ရောင်းမှု၊ ဝယ်မှု၊ ဖလှယ်မှု ပြု၍ရသောကြောင့် ရူပိယသိက္ခာပုဒ်ဖြင့် အာပတ်သင့်ပါသည်။

ရွှေ ငွေကို အယူခိုင်းမှု

မိမိဖို့ အယူခိုင်းလျှင် နိဿဂ္ဂိယပါစိတ်။ အခြားသီတင်းသုံးဖော်များဖို့ ယူခိုင်းလျှင် ဒုက္ကဋ်။

http://www.dhammadownload.com

စောဒနာဖွယ်

"ရွှေ့,ငွေကို လှူသည့်အခါ စိတ်ထဲ၌ သာယာနေလျှင် အာပတ်သင့်သည်"ဟုဆိုရာ၌ မနောဒွါရေ အာပတ္တိနာမ နတ္ထိ–ဟူသော အဋ္ဌကထာနှင့် ဆန့်ကျင်နေသည် မဟုတ်ပါလောဟု စောဒနာဖွယ်ရှိ၏။ အဖြေကား–စိတ်ထဲ၌ သာယာနေရုံမျှကြောင့် သင့်သည်မဟုတ်။ ကိုယ်,နှုတ် ဖြင့်ပယ်ရှားမှုကို ပြုရမည်ဖြစ်လျက် မပယ်ခြင်းကြောင့် သင့်ရကား မနောဒွါရေ အာပတ္တိနာမ နတ္ထိနှင့် မဆန့်ကျင်ပါ။

(၁၃၃၆–ခု အကြီးတန်း)

[ဆောင်]။ ။ စိတ်၌သာယာ, နေတုံပါလည်း, ခေါင်းခါနှုတ်မြွက်, ပယ်သင့်လျက်ပင်, မပယ်အင်ကြောင့်, ကိုယ်တွင် နှုတ်၌, အပြစ်ဆိုက်, စိတ်၌ မသင့်ချေ။

ရွှေ့, ငွေကို စွန့်ပုံ

ဤရွှေငွေကို စွန့်ရာ၌ကား သံဃာ, ဂိုဏ်း, ပုဂ္ဂိုလ်အားလုံးပင် မအပ်သောကြောင့် အခြား နိဿဂ္ဂိယပစ္စည်းကဲ့သို့ သံဃာ,ဂိုဏ်း, ပုဂ္ဂိုလ်အား စွန့်ခွင့်မရ။ သံဃာ့အလယ်တွင် "အဟံ ဘန္တေ ရူပိယံ ပဋိဂ္ဂဟေသိံ၊ ဣဒံ မေ ဘန္တေ နိဿဂ္ဂိယံ၊ ဣမာဟံ နိသဇ္ဇာမိ"ဟု ဆို၍ ပါဠိလို ဖြစ်စေ၊ "အရှင်ဘုရား...တပည့်တော်သည် ရွှေ(ငွေ)ကို ခံယူမိပါပြီ၊ ဤရွှေ(ငွေ)ကို တပည့်တော် စွန့်ပါ၏"ဟု မြန်မာလို ဖြစ်စေ စွန့်ရသည်။

ရွှေ, ငွေ စွန့်ရက္ခိုး

မစွန့်လျှင် မည်သည့်ရဟန်းမျှ မအပ်တော့ဘဲစွန့်လျှင် သံဃာများ၌ ပစ္စည်းသုံးခွင့်ရခြင်းသည် ရွှေ, ငွေကို စွန့်ရက္ခိုး ဖြစ်သည်။

သီတင်းသုံးဖော် (၅)ဦးလုံး မသုံးစွဲကောင်းသော ပစ္စည်းများ

၁။ ရွှေ, ငွေကို အလှူခံ၍ ထိုရွှေ, ငွေဖြင့် ဝယ်ယူအပ်သော ပစ္စည်းများ။

http://www.dhammadownload.com

၂။ ကုလဒူသန အမှုပြု၍ ရအပ်သော ပစ္စည်းများ။
၃။ မိမိကို ကြည်ညိုအောင် ဟိတ်ဟန်ဆောင်သဖြင့် အထင်ကြီး၍ လှူအပ်သော ပစ္စည်းများ။



ရူပိယသံဝေါဟာရသိက္ခာပုဒ်

ရူပိယသိက္ခာပုဒ်နှင့် ရူပိယသံဝေါဟာရ သိက္ခာပုဒ်အထူး

ရှေ့သိက္ခာပုဒ်က ရွှေ, ငွေ အတုံးအခဲနှင့် ဒင်္ဂါး ပိုက်ဆံဟူသော နိဿဂ်ိဝတ္ထု, အခြားရတနာအမျိုးမျိုးဟူသော ဒုက္ကဋဝတ္ထုများကို ခံယူခြင်းမှ တားမြစ်၍ ဤသိက္ခာပုဒ်ကမူ ထိုနိဿဂ်ိယဝတ္ထု, ဒုက္ကဋ ဝတ္ထုဖြင့် အခြားဝတ္ထုကို လဲလှယ်ခြင်းမှ တားမြစ်သည်။

(၁၃၃၁-ခု အကြီးတန်း)

နာနပွကာရက ဟူသည်

လက်ဝတ်တန်ဆာပြုလုပ်အပ်ပြီးသော ရွှေ, ငွေ၊ လက်ဝတ် တန်ဆာ မပြုလုပ်ရသေးသော ရွှေ, ငွေ၊ လက်ဝတ်တန်ဆာပြုလုပ်ပြီး+ မပြုလုပ်ရသေး ၂-မျိုးလုံး ပါဝင်သော ရွှေ, ငွေ။

(၁၃၃၇- ခု အငယ်တန်း၊ ၅၀-ခု အလတ်တန်း)

မှတ်ချက်။ ။ ဤသိက္ခာပုဒ်က နိဿဂ်ိယဝတ္ထု, ဒုက္ကဋဝတ္ထုချင်း ဖြစ်စေ၊ နိဿဂ်ိယဒုက္ကဋဝတ္ထုဖြင့် အခြားသော ကပ္ပိယဝတ္ထုကို ဖြစ်စေ လဲလှယ်ခြင်းမှ တားမြစ်သောကြောင့် မိမိအလှူခံထားသောငွေဖြင့် (သို့မဟုတ်) အခြား ရတနာဖြင့် ကိုယ်တိုင်ဖြစ်စေ, ကပ္ပိယကိုခိုင်း၍ ဖြစ်စေ ဈေးသည်စသူ၏ ဆွမ်း, သင်္ကန်း စသော ကပ္ပိယဝတ္ထုကို လဲလှယ်လျှင်(ဝယ်လျှင်) ထိုဆွမ်း, သင်္ကန်း စသည်တို့ နိဿဂ်ိထိုက်၏။ မိမိကပ္ပိယဝတ္ထုဖြင့် အခြားရဟန်း၏ နိဿဂ်ိပစ္စည်းကို ကိုယ်တိုင်ဖြစ်စေ၊ ကပ္ပိယကို ခိုင်း၍ဖြစ်စေ လဲယူလျှင် ဒုက္ကဋကပ္ပိယဝတ္ထုဟု စ နိဿဂ်ိဝတ္ထု ပရိ ဝတ္တေန္တ သ နိဿဂ်ိယ ဟောတိ-ဟူသော ကခ်ိနှင့်အညီ မူလနိဿဂ်ိယဝတ္ထုသည် နိဿဂ်ိယဖြစ်မြဲ ဖြစ်ရုံသာမက

http://www.dhammadownload.com

ထိုနိဿဂ္ဂိယဝတ္ထုဖြင့် လဲကြောင်းဖြစ်သော ကပ္ပိယဝတ္ထုလည်း နိဿဂ္ဂိယ ဖြစ်သည်သာ။

စောဒနာဖွယ်

အင်္ဂါနှစ်ပါးတွင် လဲလှယ်သူ တစ်ဖက်ဖက်က ရူပိယပါမှ ဤသိက္ခာပုဒ်အရ နိဿဂ္ဂိထိုက်သည်ဟု ဆိုသောကြောင့် ရဟန်းတစ်ပါး အလှူခံထားသော ငွေဖြင့် ဝယ်မိ၍ နိဿဂ္ဂိထိုက်နေသော သင်္ဃန်းကို အခြားရဟန်းက ကပ္ပိယ ဝတ္ထုဖြင့် လဲယူရာ၌ ဤသိက္ခာပုဒ်အရ အာပတ်မှာ အပြစ်ရှိနိုင်အုံ့နည်း ဟု စောဒနာဖွယ်ရှိ၏။ အဖြေကား– အလှူခံထားသော ငွေဖြင့် ဝယ်အပ်သော ပစ္စည်းသည် ငွေမဟုတ်သော်လည်း ငွေနှင့် အလားတူ၏။ မည်သည့်သီတင်း သုံးဖော်မျှ မအပ်။ သို့ဖြစ်၍ ထိုသင်္ဃန်းကို ကပ္ပိယဝတ္ထုဖြင့် လဲယူရာ၌ ၂–ဖက်လုံးပင် နိဿဂ္ဂိထိုက်သည်။

စွန့်ပုံ

ရွှေ့ငွေဖြင့် ဝယ်မိသော နိဿဂ္ဂိပစ္စည်းများလည်း ရွှေငွေကဲ့သို့ပင် သံဃာ, ဂိဏီး,ပုဂ္ဂိုလ်ထံ မစွန့်ရ။ သံဃာအလယ်မှာ "အဟံ ဘန္တေ ရူပိယ သံဝေါဟာရံ သမာပဇ္ဇိံ၊ ဣဒံ မေ ဘန္တေ နိဿဂ္ဂိယံ, ဣမာဟံ နိဿဇ္ဇာမိ" ဟု ပါဠိလိုဖြစ်စေ, "အရှင်ဘုရား...တပည့်တော်သည် ငွေဖြင့် ဝယ်မိသည် ဖြစ်၍ ဤပစ္စည်းကို စွန့်ထိုက်ပါ၏၊ ဤပစ္စည်းကို တပည့်တော် စွန့်ပါ၏"ဟု မြန်မာလိုဖြစ်စေ အလိုရှိရာဖြင့် စွန့်၍ ရူပိယသိက္ခာပုဒ်အတိုင်း စီစဉ်ရမည်။

ရွှေငွေကြောင့် အာပတ်သင့်ပုံ

ရွှေငွေကို ကိုယ်တိုင်ခံယူခြင်း၊ သူတစ်ပါးကို ခံယူစေခြင်း၊

http://www.dhammadownload.com

အနီး၌ ချထားသည်ကို သာယာခြင်းကြောင့် ရူပိယသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိယပါစိတ်အာပတ်သင့်ပါသည်။

ယင်းရွှေငွေဖြင့် ရောင်းဝယ် လဲလှယ်ခြင်းကြောင့် ရူပိယသံဝေါဟာရ သိက္ခာပုဒ်ဖြင့် နိဿဂ္ဂိယပါစိတ် အာပတ်သင့်ပါသည်။

သင်္ကန်းဖိုး ရွှေငွေကို ကပ္ပိယထံ အပ်နှံထားရာ၌ သုံးကြိမ်တောင်းခြင်း, ခြောက်ကြိမ်ရပ်ခြင်းထက် အပိုအလွန် အားထုတ်ခြင်းကြောင့် ရာဇသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိယပါစိတ် အာပတ်သင့်ပါသည်။



ကာယဝိကွယသိက္ခာပုဒ်

နာနုပ္ပကာရက–အရ

သင်္ကန်းစသော အပ်သော အသုံးအဆောင်အမျိုးမျိုး။

(၁၃၃၇–ခု အငယ်တန်း၊ ၅၀–ခု အလတ်တန်း)

ရူပိယသံဝေါဟာရ သိက္ခာပုဒ်နှင့် ကယဝိကွယ သိက္ခာပုဒ်တို့အထူး

ရူပိယသံဝေါဟာရ သိက္ခာပုဒ်၌ ရွှေ, ငွေဖြင့် ဝယ်ခြင်းကိုဖြစ်စေ၊ ရွှေ, ငွေကိုဖြစ်စေ၊ ရွှေ, ငွေဖြင့် သီတင်းသုံးဖော်တို့ ဝယ်ထားအပ်သော နိဿဂ္ဂိယပစ္စည်းကိုဖြစ်စေ လဲလှယ်ယူခြင်းကြောင့် အာပတ်သင့်ကြောင်းကို ပြပါသည်။ ဤသိက္ခာပုဒ်၌မူ ကပ္ပိယဝတ္ထုများကို လူစသူများနှင့် လဲခြင်းကြောင့် အာပတ်သင့်ကြောင်းကို ပြပါသည်။

မအပ်သောလဲနည်း

ဈေးသည်စသူတို့အထံ၌ရှိသော ပစ္စည်းကို မိမိမှာရှိသောသင်္ကန်း, ဖိနပ်စသည်ဖြင့် လဲလှယ်ယူလိုလျှင် မိမိကိုယ်တိုင် "ဤသင်္ကန်းနှင့် ထို သပိတ်ကို ပေးပါ"ဟု လည်းကောင်း၊ "ဤသင်္ကန်းကို ယူလေ, ထိုသပိတ်ကို ပေးလော့"ဟုလည်းကောင်း ပြောဆို၍ မလဲလှယ်ကောင်း၊

http://www.dhammadownload.com

ဤသို့လဲလှယ်သော စကားမျိုးကိုပြောဆို၍ လူ့ပစ္စည်းမှန်လျှင် မိဘ ပစ္စည်းကိုပင် မလဲကောင်း၊ လဲလှယ်၍ရလျှင် ထိုပစ္စည်း နိဿဂ္ဂိထိုက်သည်။ (၁၃၃၄-ခု အကြီးတန်း)

မိခင်နှင့်သော်မှ ပစ္စည်းမလဲကောင်း

သီတင်းသုံးဖော်ငါးဦးမှတစ်ပါး အခြားမည်သူမဆို မိခင်ဖြစ်စေ ကာမူ ကပ္ပိယဘဏ္ဍာချင်းလဲလှယ်လျှင် ကယဝိက္ကယသိက္ခာပုဒ်အရ အပြစ်ရှိသည်။ (၁၃၄၇-ခု အလတ်တန်း)

အပ်သောလဲနည်း

"ဈေးသည်ထံက ထိုသပိတ်ကိုလိုချင်သည်၊ ဤသင်္ကန်းဖြင့် လဲပေးစမ်း"ဟုကား ကပ္ပိယလုပ်သူကို ပြောကောင်းသည်။ကျောင်းသား ကပ္ပိယ မရှိလျှင် ဈေးဆိုင်သို့သွား၍ (ဈေးသည်မှတစ်ပါး) ဈေးသည်၏ သားသမီး စသူကိုပင် "ငါ့မှာ သင်္ကန်းရှိသည်။ ဤသင်္ကန်းဖြင့် ထို သပိတ်ကို လဲပေးစမ်းပါ"ဟု စေခိုင်း၍ လဲကောင်း၏။ မည်သည့်နည်း နှင့်မျှ ကပ္ပိယရှာမရနိုင်လျှင် (သို့မဟုတ်) ကပ္ပိယ မရှာလိုလျှင် ဈေး သည်ထံသွား၍ "ငါ့မှာ ဤသင်္ကန်း ရှိသည်။ သင်္ကန်းတော့ အသုံး မကျ၊ သပိတ်သာလိုသည်"ဟု ပရိယာယ်ဖြင့်ပြောရာ ဈေးသည်က သင်္ကန်းကိုယူ၍ သပိတ်ကို ပေးလိုက်လျှင် ထိုသပိတ်အပ်၏။ ဤပြ ခဲ့သောနည်းအရ ယခုကာလ ခဝါသည် စသူတို့ထံမှ အပ်သောပစ္စည်း များဖြင့် လဲယူနည်းကို သတိပြုသင့်ကြပေသည်။

အပ်သော + မအပ်သော ခိုင်းနည်းများ

တောင်းရမ်းစားသောက်နေသော (စားကြွင်းစား)နှင့် လက်သ မားစသူကိုမြင်၍ "ဤထမင်းကိုစားပြီးလျှင် ဆိုးရည်ခေါက် ခွာပေး စမ်းလော့" စသည်ဖြင့် ခိုင်းရာ၌ နိဿဂ္ဂိပါစိတ် အာပတ်ပင်။ထိုသို့

http://www.dhammadownload.com

ခိုင်းစေသည့်အတွက် ဆိုးရည်ခေါက် စသော ပစ္စည်းတစ်စုံတစ်ရာရလျှင် ထိုပစ္စည်းပါစွန့်ရ၏။ ကျောင်းပြင်, ခေါင်းရိတ်ခိုင်း စသည်၌ ပစ္စည်းတစ်စုံတရာမရလျှင် အာပတ် ကိုသာ ဒေသနာပြောရမည်။ "ထမင်းကို စားပြီးလျှင် အလုပ်လုပ်" ဟု တစ်ဆက်တည်း စကားမပြောဘဲ "ဤထမင်းကို စားလော့(သို့မဟုတ်) စားရလိမ့်မည်။ ဤအလုပ်ကို လုပ်လော့"ဟု စကား၂-ရပ်ခွဲ၍ ပြောဆိုစေခိုင်းလျှင် အပ်သည်။

ပတ္တာဝဂ်

ပတ္တသိက္ခာပုဒ်

သဝိတ် ၂-မျိုး

(၁) မြေသပိတ်၊ (၂) သံသပိတ်။

သဝိတ် (၉)လုံး

ဥက္ကဋ္ဌသပိတ်, မဇ္ဈိမသပိတ်, ဩမကသပိတ်ဟု မူလသပိတ် (၃)မျိုးပြား၏။ ထိုတွင် ဥက္ကဋ္ဌလည်း ဥက္ကဋ္ဌုက္ကဋ္ဌ, ဥက္ကဋ္ဌ, ဥက္ကဋ္ဌောမက သပိတ် အားဖြင့် ၃-မျိုး ပြားပြန်၏။ ထို့အတူ မဇ္ဈိမသပိတ်လည်း မဇ္ဈိမုက္ကဋ္ဌ, မဇ္ဈိမ, မဇ္ဈိမောမကဟု ၃-လုံးပြား၏။ ဩမကသပိတ်ကိုလည်း ဩမကုက္ကဋ္ဌ, ဩမက, ဩမကောမကဟု သုံးမျိုးပြား၏။

(၁၃၃၇-ခု အကြီးတန်း)

ဥက္ကဋ္ဌသပိတ်ဟူသည်

"ဆန်တစ်ပြည်ကို ချက်ရသော ထမင်း ၂-ပြည်, ပဲဟင်း ၁-ခွက် သား, ဟင်းလျာတစ်ခွက်သား, ပေါင်း ၃-ပြည်ဆံ့သောသပိတ် သည် ဥက္ကဋ္ဌသပိတ်ဖြစ်သည်။

http://www.dhammadownload.com

မန္ဒိမသပိတ်ဟူသည်

ဆန်တစ်ခွက်ကို ချက်၍ရသော ထမင်း ၁-ပြည်၊ ပဲဟင်း ၁-စလယ်ချက်၊ ဟင်းလျာ တစ်စလယ်ချက်၊ ပေါင်း ၁-ပြည့်တစ်ခွက် ဆန့်သော သပိတ်။

ဩမကသပိတ်ဟူသည်

ဆန် ၁-စလယ်ချက်ထမင်း၊ ထိုထမင်း၏ ၄-ပုံ ၁-ပုံပဲဟင်း, ထိုထမင်းလုပ်တိုင်းပါနိုင်သော အမဲသား၊ ငါးဖြင့်ချက်သော ဟင်းလျာ တစ်မျိုး၊ ဤပစ္စည်းအားလုံး ဆန့်သောသပိတ်။

[ဆောင်]။ ။၁။ ၃-ပြည်-၃-ခွက်, ၃-စလယ်တွက်, ဆွမ်းကျက်ဟင်းစုံခတ်, ၂။ ဥက္ကဋ္ဌ မဏ္ဍ, ဩမက, ဝင်ကြစဉ်တိုင်းမှတ်။

သပိတ်ကို မီးဖုတ်ရမည့်အကြိမ်

မြေသပိတ်-၂-ကြိမ်၊
သံသပိတ်-၅-ကြိမ်၊ (အဋ္ဌကထာ)

(တစ်နည်း) ရဟန်းတို့နှင့် သင့်တော်လိုက်ဖက်အောင် ဖုတ်ရမည်။ (ကခ်ါ)

အနီးရှိသပိတ်ကို အဓိဋ္ဌာန်တင်ပုံ

ဣမံ ပတ္တံ အဓိဋ္ဌာမိ။

မှတ်ချက်။ ။ သပိတ်ကအဝေးမှာရှိနေလျှင် ဧတံပတ္တံ အဓိဋ္ဌာမိဟုဆိုပါ။

သပိတ်များစွာ သိမ်းဆည်းနည်း

၁-လုံးသာ အဓိဋ္ဌာန် တင်ထားကောင်း၏။ အခြားသပိတ်များ ရှိသေးလျှင် ဝိကပ္ပနာချည်းပြုထားရမည်။ အဓိဋ္ဌာန်မတင်ဘဲ သပိတ်အားလုံးကိုပင် (သင်္ကန်းကဲ့သို့) ဝိကပ္ပနာချည်းလည်း ပြုထားနိုင်သည်။

http://www.dhammadownload.com

ပစ္စုဒ္ဓိရ်ပြုပုံ

သပိတ်ဟောင်းကို အဓိဋ္ဌာန်တင်၍ ဆောင်ထားသော ရဟန်းသည် သပိတ်သစ်ရသဖြင့် ထိုအသစ်ကို အဓိဋ္ဌာန်တင်လိုလျှင် အဓိဋ္ဌာန်တင်၍ ၁-လုံးသာ ထားကောင်းသောကြောင့် သပိတ်အဟောင်းကို "ကျမံ ပတ္တံ ပစ္စုဒ္ဒရာမိ"ဟုဆို၍ ပစ္စုဒ္ဒိရ်ပြုရမည်။ ဤသို့ ပစ္စုဒ္ဒိရ်ပြုပြီးသော သပိတ်ကိုလည်း ၁၀-ရက်အတွင်းမှာပင် ဝိကပ္ပနာပြုထားရသည်။

သပိတ်အဓိဋ္ဌာန် ကျနိုင်သောအပေါက်

နှုတ်ခမ်းမှ လက်နှစ်သစ်အောက် ဆပ်ဆန်ထမင်း ဝင်နိုင်လောက်သော အပေါက်။

ပရိက္ခရာရှစ်ပါးတို့တွင် အတိရေက ပရိက္ခရာကို (၁၀)ရက်လွန်အောင် ထားပါက အပြစ်ရှိသော ပရိက္ခရာ/ အပြစ်မရှိသော ပရိက္ခရာအား ဖြင့် ခွဲခြားပြပါ။

အပြစ်ရှိသော ပရိက္ခရာများမှာ ကထိန သိက္ခာပုဒ်နှင့် ပတ္တသိက္ခာပုဒ်တို့ကို ထောက်၍ သင်းပိုင်း၊ ဧကသီ၊ ဒုကုဋ္ဌ၊ သပိတ်တို့ ဖြစ်ပါသည်။ အပြစ်မရှိသော ပရိက္ခရာများမှာမူ ရေစစ်၊ အပ်၊ ဓား၊ ခါးပန်းကြိုးတို့ ဖြစ်ပါသည်။



ဥနပဥ္စဗန္ဓန သိက္ခာပုဒ်

၅-ဖွဲ့မပြည့်သေးဘဲ သပိတ်သစ်တောင်းရာ၌ လိုက်နာရမည့် ကျင့်ဝတ်

၁။ ဘိက္ခုပရိသတ်၌ နိဿဂ္ဂိသပိတ်ကို စွန့်ရခြင်း၊

၂။ ထိုစွန့်အပ်ပြီးသော သပိတ်ကို ထေရ်ကြီးမှစ၍ ဆင့်ကာ ဆင့်ကာ ယူစေရခြင်း၊

http://www.dhammadownload.com

၃။ မယူချင်၍ ကျန်နေသောသပိတ်ကိုမှ ထိုရဟန်းအား "ကွဲသည့် တိုင်အောင် ဆောင်ရမည်"ဟု ပြော၍ ပေးရခြင်း။
(၁၃၅၄-ခု အကြီးတန်း၊ ၄၈-ခု အလတ်တန်း)

သပိတ်ဖွဲ့ချည်ပုံ

နှုတ်ခမ်းမှအောက် လက်လေးသစ်လောက် အက်ကြောင်းရှိလျှင် (လက် ၂-သစ်တစ်ဖွဲ့ကိန်းဖြင့်) ၂-ဖွဲ့တုပ်, ၆-သစ်ရှည်လျှင် ၃-ဖွဲ့တုပ်, ၈-သစ်ရှည်လျှင် ၄-ဖွဲ့တုပ်, အက်ကြောင်း တစ်နေရာတည်း မဟုတ်ဘဲ ၃-နေရာရှိလျှင်လည်း နေရာအလိုက် ၂-ဖွဲ့, ၃-ဖွဲ့, ၄-ဖွဲ့ တုပ်နိုင်သည်။ (၁၃၃၇-ခု အကြီးတန်း)

နဝံ ပတ္တံ စေတာ ပေယျ-၌ အာပတ်သင့်ရာဌာနများ

၁။ ဆွေမျိုးမတော်သူ၊
၂။ မဖိတ်မံသူ။

ဘိက္ခု ပရိသာယ ပတ္တပရိယန္တော-၏ ဆိုလိုရင်းအဓိပ္ပာယ်

တောင်းလာသော သပိတ်ကို မထေရ်ကြီးမှစ၍ သံဃာတွင် အငယ်ဆုံးရဟန်း တိုင်အောင် အဆင့်ဆင့်ပေးပြီးနောက် ထိုအငယ်ဆုံး ရဟန်းက စွန့်လွှတ်အပ်သော သပိတ်ဖြစ်ပါသည်။

ဘေသဇ္ဇသိက္ခာပုဒ်

ဆေးကို (၇) ရက် လွန်သော်လည်း သုံးစွဲကောင်းအောင် ပြုလုပ်နည်း

(၇) ရက်လွန်သည့်တိုင်အောင် ကုန်ပုံမရလျှင် (၇-ရက်ဓလွန်ခင်) "ဤထောပတ်စသည်ကို ငါ မစားတော့ပြီ, ခြေနယ်ဆီ စသည် ပြုလုပ်၍ ကိုယ်၏အပြင်၌သာ သုံးစွဲတော့မည်"ဟု အဓိဋ္ဌာန်လိုက်ရ

http://www.dhammadownload.com

မည်။ ထိုအပြင်ပဋ္ဌ သုံးဖို့ဖြစ်လျှင်ကား (၇)ရက်လွန်သော်လည်း အပြစ်မရှိ။

အကပ်မခံဘဲ ကိုယ်တိုင်ယူထားသော ထောပတ်စသည်ကို မစားကောင်း

ပဋိသာယနီယာနိ-ကို ထောက်၍ မစားကောင်းပါ။

စတုမဓူဆေးကို ၇-ရက်အတွင်း စားနိုင်သောအကြောင်း

ထောပတ်စသောဆေးများကို "၇-ရက်အတွင်း စားကောင်းသည်"ဟု ဆိုသော်လည်း မွတ်သိပ်ဆာလောင်ရုံသက်သက်ဖြင့် မစားကောင်း၊ အားနည်းသောရောဂါ, အသွေးအသားနည်းသော (ပိန်ခြောက်သော) ရောဂါနှင့် လေနာရောဂါစသည် ရှိသူတို့သာ စားကောင်းသည်။ မွတ်သိပ်ဆာလောင်ရုံ သက်သက်ကား "ယာမကာလိက" ခေါ် ဖျော်ရည်ကိုသာ သောက်ကောင်းသည်။

စတုမဓူကို ဒုတိယနေ့မှစ၍ အကြောင်းရှိသဖြင့် စားရာ၌ နံနက်ပိုင်းဝယ် စားပုံစားနည်း

သက်ဆိုင်သောရောဂါရှိလျှင် အကပ်ခံအပ်ပြီး စတုမဓူစသော ဆေးများကို နေ့လွဲ၊ နေ့မလွဲ အချိန်တိုင်းမှာပင် စားကောင်း၏။ သို့သော် နေ့မလွဲမီ စားရာဝယ် ပထမအကပ်ခံရာ တစ်နံနက်၌ ဆွမ်းခဲဖွယ်တို့နှင့် ရောဋ္ဌ စားကောင်း၏။ နောက်နေ့နံနက်များကား ဆွမ်းခဲဖွယ်များနှင့် ရောရ်မစားရ၊ ပါးစပ်တွင်း၌ ဆွမ်းခဲဖွယ် အာမိသ ရှိလျှင် ပြောင်စင်အောင် ပါးစပ်ကို ဆေးပြီးမှ ဆေးကို စားရသည်။ ဆေးကို အလျှင်စားလျှင်လည်း ပြောင်စင်အောင် ပါးစပ်ကို ဆေးပြီးမှ ခဲဖွယ်ဘောဇဉ်ကို စားရသည်။

http://www.dhammadownload.com

ဂိလာနရဟန်းများအတွက် ဘုရားရှင်ခွင့်ပြုခဲ့သော ဆေးများ

၁။ ထောပတ်၊ ၂။ ဆီဦး၊ ၃။ ဆီ၊ ၄။ ပျားရည်၊ ၅။ တင်လဲ။

(၁၃၃၁-ခု, ၄၈-ခု အငယ်တန်း)

ဂိလာနရဟန်းများ အကပ်ခံ၍ (၇) ရက်တိုင်တိုင် သုံးဆောင်ကောင်းသော ဆေး(၅)မျိုး၊ သတ္တာဟကာလိကဆေးများ

သပ္ပိ-ထောပတ်၊ နဝနီတ-ဆီဦး၊ တေလေ- ဆီ၊ မဓု-ပျားရည်၊ ဖာဏိတ-တင်လဲတို့ဖြစ်ပါသည်။

ဆေးပစ္စည်းများနှင့် ပတ်သက်၍ အကျိုးနှင့် အပြစ်

ဆေးပစ္စည်းတို့ကို အကပ်ခံ၍ ခုနစ်ရက်အတွင်းသုံးဆောင်လျှင် အပြစ်မဖြစ်ဘဲ လိုအပ်သော အကျိုးပြုစီးပါသည်။ ခုနစ်ရက်ကျော်လွန်မှ သုံးဆောင်လျှင် နိဿဂ္ဂိယပါစိတ် အာပတ်အပြစ်သင့်ပါသည်။

ဆေးများကို သိမ်း၍ စားနိုင်သော ရက်ပေါင်း

(၇)ရက်။

သပ္ပိ, နဝနီတ-အရ

အသားအပ်သော, နွား, ကျွဲ, ဆိတ် စသော သတ္တဝါတို့မှ ဖြစ်သော ထောပတ်, ဆီဦးတို့ကို ယူရမည်။

တေလ=ဆီသရုပ်

နှမ်းဆီ,မုန်ညင်းဆီ, ကြက်ဆူဆီ, သားဆီ။

F. 26. B

http://www.dhammadownload.com

ဖာဏိတ ဟူသည်

အဖတ်မပါအောင် စစ်ပြီးသော ကြံရည်မှစ၍ ကြံနှင့်ဆိုင်သမျှ အားလုံးကို ဖာဏိတဟု ဆိုသည်။ ယခုအခါ ကြံမှတစ်ပါး အခြားသောဝတ္ထုမှ ထွက်သော သကြားနှင့် ထန်းရည်, သကာ, ထန်းလျက်များလည်း ဤဖာဏိတ ပင်တည်း။

ဆာလောင်လျှင် ကြံရည်, ထန်းရည်သောက်ကောင်း

ဘေသဇ္ဇခန္ဓကဋ္ဌ "အနုဇာနာမိ ဘိက္ခဝေ ဂိလာနဿ ဂုဠံ, အဂိလာ နဿ ဂုဠောဒကံ–ဂိလာနအတွက် ကြံသကာ, ထန်းလျက်အခဲကို လည်းကောင်း၊ ဂိလာနမဟုတ်သူအတွက် ကြံရည်, ထန်းရည်, ထန်းလျက် တို့ကိုလည်းကောင်း သောက်ကောင်း၏"ဟု မိန့်တော်မူသောကြောင့် ဆာလောင်မွတ်သိပ်လျှင် သောက်ကောင်းသည်။



ဝဿိကသာဋိက သိက္ခာပုဒ်

ယင်းဆေးပစ္စည်းများနှင့် ပတ်သက်၍ အကျိုးနှင့်အပြစ်

ယင်းဆေး ပစ္စည်းတို့ကို အကပ်ခံ၍ ခုနစ်ရက်အတွင်း သုံးဆောင်လျှင် အပြစ်မဖြစ်ဘဲ လိုအပ်သော အကျိုးပြီးစီးပါသည်။ ခုနစ်ရက် ကျော်လွန်မှ သုံးဆောင်လျှင် နိဿဂ္ဂိယပါစိတ် အာပတ်အပြစ်သင့်ပါသည်။

မာသော သေသော ဂိမှာန်–၌ မာသဟူသည်

နယုန်လပြည့်ကျော် ၁–ရက်နေ့မှ ဝါဆိုလပြည့်ကျော် ၁–ရက်နေ့အထိ။

အမှမာသဟူသည်

ဝါဆိုလဆန်းတစ်ရက်နေ့မှ ဝါဆိုလပြည့်နေ့အထိ။

http://www.dhammadownload.com

ပရိယေတဗ္ဗံ–၌ ရာမိုးပုံ

ဥာတိပဝါရိတအထံသို့ သွား၍ဖြစ်စေ (ဥာတိပဝါရိတ မဟုတ်သော်လည်း) ရှေးက လူနေကျသူထံသို့ သွား၍ဖြစ်စေ "မိုးရေခံသင်္ကန်းအချိန်တန်ပြီ"စသည်ဖြင့် သတိပေးရသည်။ ဥာတိပရိတဖြစ်သူအထံ၌ကား "ငါ့အား မိုးရေခံသင်္ကန်းလှူကြလော့"ဟု တိုက်ရိုက်လည်း ပြောကောင်းသည်။

မိုးရေခံသင်္ကန်းရာရာခေတ် ပြပါဠိ

မာသော (ပ) ပရိယေသိတဗ္ဗံ။

ချုပ်ဆိုးရာ ခေတ်ပြပါဠိ

အမုမာသော (ပ) နိဝါသေတဗ္ဗံ။

မိုးရေခံသင်္ကန်းရာရာခေတ်

နယုန်လပြည့်ကျော် (၁)ရက်နေ့မှ ဝါဆိုလပြည့်နေ့အထိ။

မိုးရေခံသင်္ကန်းကို ချုပ်ဆို ရာခေတ်

ဝါဆိုလဆန်း –၁–ရက်နေ့မှ ဝါဆိုလပြည့်နေ့အထိ။

မိုးရေခံသင်္ကန်းရာမိုးခွင့်တစ်လသာ မဟုတ်

သိက္ခာပုဒ်ပါဠိ၌ "မာသောအမုမာသော"ဟုနွေလ၏နောက်ဆုံးတစ်လကို ရာမိုးရာခေတ်, နောက်ဆုံး ၁၅–ရက်ကို ချုပ်ဆိုးဝတ်ရာခေတ်" အနေဖြင့် ပြထားခြင်းမှာ မိုးလမရောက်ခင် မိုးရေခံသင်္ကန်းကိစ္စ အပြီးအစီး ဖြစ်နှင့်လောက်သောအချိန်ကို ပြထားခြင်းတည်း။ ထိုအတွင်းမှာ မရသေး၊ ရစေကာမူ ဝါဆိုလပြည့်နေ့မှရသဖြင့်

http://www.dhammadownload.com

မချုပ်ဆိုးရသေးလျှင် တန်ဆောင်လမုန်းပြည့်ထိအောင် မရမချင်း ရှာခွင့်၊ မပြီး မချင်း ချုပ်ဆိုးခွင့်ရှိသည်။

(၁၃၃၁-ခု အလတ်တန်း၊ ၅၀-ခု အငယ်တန်း)

ခေတ်-၄-ပါးပိုင်းခြားချက်

၁။ ရှာရာခေတ် = နယုန်လပြည့်ကျော်-၁-ရက်မှ တန် ဆောင်မုန်းလပြည့်အထိ ၅-လ။

၂။ ချုပ်ဆိုး,ကပ္ပဗိန္နုထိုး၍ ဝတ်ရာခေတ် = ဝါဆိုလဆန်း ၁-ရက်မှတန်ဆောင်မုန်းလပြည့်နေ့အထိ ၄-လခွဲ။

၃။ အဓိဋ္ဌာန် တင်ရာခေတ် = ဝါဆိုပြည့်ကျော် ၁-ရက်မှ တန်ဆောင်မုန်းလပြည့်အထိ ၄-လ။

(၁၃၅၂-ခု အငယ်တန်း)

[ဆောင်]။ ။ ယုန်ကျော်တစ်မှ, လကွယ်ကျ, ရှာရတစ်မျိုးသာ။
ဝါဆန်းတစ်မှ, လပြည့်ကျ, ရှာရ ချုပ်-ဝတ်ရာ။
ဆိုကျော်တစ်မှ, မုန်းပြည့်ကျ, လေးဝ ခေတ်အခါ။

မိုးရေခံသင်္ကန်းကို ရှာရုံသာ ရှာခွင့်ရှိသော ကာလ

နယုန်လပြည့်ကျော် ၁ ရက်နေ့မှ နယုန်လကွယ်နေ့အထိ။

မိုးရေခံသင်္ကန်း မရှာမိုးရမည့်ကာလ

တန်ဆောင်မုန်းလဆုတ် ၁ ရက်နေ့မှ နယုန်လပြည့်နေ့အထိ (၇) လ။

သင်္ကန်းမချုပ်လောက်သော ပိတ်စ စသည်ကို ထားနိုင်ရာကာလ

နယုန်လပြည့်ကျော် ၁-ရက်နေ့၌၍ သင်္ကန်းမချုပ်လောက်သေးသော ပိတ်စ ဖျင်စ စသည်ကို မချုပ်ရသေးသမျှ တန်ဆောင်မုန်း

http://www.dhammadownload.com

လပြည့်အထိ အဓိဋ္ဌာန်ဝိကပ္ပနာ မပြုဘဲ ထားနိုင်သည်။ ကထိန်အာနိသင်ရပြန်လျှင် ပထမ ကထိနသိက္ခာပုဒ်အရ တပေါင်းလပြည့်အထိ ထားနိုင်၏။ ဆက်စပ်ချုပ်ဖို့ရန် ပစ္စာသာသက်နှံရှိနေသေးလျှင် တတိယ ကထိန သိက္ခာပုဒ်၏ ခွင့်ပြု ချက်အရ နောက်ထပ်တစ်လ ထားနိုင်၏။ ဤသို့ဝါထပ်လျှင် (၁၁)လ, ဝါ မထပ်လျှင် (၁၀)လ အဓိဋ္ဌာန် ဝိကပ္ပနာ မပြုဘဲ ထားခွင့်ရသည်။ ချုပ်ဆိုး ပြီးလျှင်ကား "ဣဒံ ဝဿိကသာဋိကံ အဓိဋ္ဌာမိ"ဟုဆို၍ မိုးလအတွင်း အဓိဋ္ဌာန်, မိုးလလွန်လျှင် ပစ္စုဒ္ဓိရ် ပြု၍ ပရိက္ခရစောဠဝိကပ္ပနာ တစ်ခုခုပြု ထားရမည်။

ကုစ္ဆိသမယနှင့် ပိဋ္ဌသမယအခွဲ

နယုန်လပြည့်ကျော် (၁)ရက်မှစ၍ တန်ဆောင်မုန်းလပြည့်နေ့ အထိ သည် မိုးရေခံသက်နှံးကို ရှာမှီးခွင့်,ချုပ်ဆိုးခွင့်ရသော ကုစ္ဆိသမယ, တန်ဆောင် မုန်းလပြည့်ကျော် (၁)ရက်မှစ၍ နယုန်လပြည့်အထိသည် ၎င်းသက်နှံးကို ရှာမှီးခွင့်, ချုပ်ဆိုးခွင့်မရသော ပိဋ္ဌိသမယတည်း။

မိုးရေခံသက်နှံး ရှာခွင့်မရသောကာလ

တန်ဆောင်မုန်းလပြည့်ကျော် (၁)ရက်နေ့မှစ၍ နယုန်လပြည့်နေ့ အထိ (၇)လ။ (၁၃၅၀-ခု အကြီးတန်း)

ဤသိက္ခာပုဒ်၌ ပါစိတ် ၂-ချက်သင့်

၁။ အချိန်အခါမဟုတ်ဘဲ ရှာမှီး၍ ရခြင်းကြောင့် အာပတ်တစ်ချက်။

၂။ ချုပ်ဆိုး၍ဝတ်ခြင်းကြောင့် အာပတ်တစ်ချက်။

http://www.dhammadownload.com

စီဝရအစ္ဆိန္နန သိက္ခာပုဒ်

ကိုယ်တိုင်သင်္ကန်းပေးပြီးနောက် ပြန်လုယူရခြင်းအကြောင်းများ

အမျက်ထွက်သောကြောင့်လည်းကောင်း၊ နှလုံးမသာသောကြောင့်လည်းကောင်း။

ကိုယ်ပိုင်မပေးဘဲ သူတစ်ပါးပေးလိုက်သည်ကို ပြန်လုယူက အပြစ်မရှိ

သာမံ စီဝရံ ဒတ္တာ–ကို ထောက်၍ အပြစ်မရှိပါ။

သာမဏေ၏ သင်္ကန်းကို လုယူမှု

ဘိက္ခုဿကိုထောက်၍ နိဿဂ္ဂိမထိုက်။ ဒုက္ကဋ်သာ သင့်သည်။

သင်္ကန်းမှတစ်ပါး အခြားပစ္စည်းကို လုယူမှု

စီဝရံ–ကိုထောက်၍ နိဿဂ္ဂိ မထိုက်။ ဒုက္ကဋ်သာ သင့်သည်။

နိဿဂ္ဂိထိုက်စေသောသညာ

သကသညာဖြင့် လုယူမှုသာ နိဿဂ္ဂိထိုက်သည်။ သူတစ်ပါးပိုင်မှန်းသိလျက် လုယူရာ၌ တန်ဖိုးလိုက်၍ ပါရာဇိကအထိ ဆုံးဖြတ်ခွင့်ရှိသည်။

သုတ္တပိညတ္တိသိက္ခာပုဒ်

ဉာတိပဝါရိတ မဟုတ်သူတို့ထံ မအပ်သောတောင်းခြင်း

ကာယဝိညတ်ဖြင့် ထိုသူ့အနီးသို့ ရပ်ပြီးလျှင် "ဘာအလိုရှိပါတုံးဘုရား" ဟုမေးမှ အလိုရှိရာ ပြောခြင်းမဟုတ်ဘဲ "ချည်ကို လှူစမ်းပါ၊

http://www.dhammadownload.com

ရက်ကမ်းရက်ပေးစမ်းပါ"စသည်ဖြင့် တောင်းခြင်း, ခိုင်းခြင်းကို "မအပ်ဆော တောင်းခြင်း, ခိုင်းခြင်း"ဟု ဆိုသည်။

နိဿဂ္ဂိထိုက်မှု

မအပ်သောနည်းဖြင့် တောင်းအပ်သောချည်ကို မအပ်သောနည်းဖြင့် ရက်စေမှသာ နိဿဂ္ဂိထိုက်သည်။ ချည်ကဖြစ်စေ, ရက်ကန်းသည်ကဖြစ်ဇစေ တစ်ဖက်ဖက်က အပ်နေသေးလျှင် ဒုက္ကဋ်။

စီဝရံ-အရ

အဓိဋ္ဌာန်, ဝိကပ္ပနာလောက်သော သင်္ကန်း။

နိဿဂ္ဂိသင့်ချိန်

အလျားတစ်ထောင်, အနံတစ်ထွာပြီးချိန်။



မဟာပေသကာရသိက္ခာပုဒ်

ရဟန်း၏ စီမံပုံ အခြင်းအရာ ပြပါဠိ

ကဒံ ခေါ အာဝုသော (ပ) အနုပဒဇ္ဇေယျာမ။

(၁၃၅၃-ခု အကြီးတန်း)

သင်္ကန်းကောင်းစေရန် အထူးစီမံချက် (၇) မျိုး

(၁) အာယတ - အလျားရှည်ခြင်း၊ (၂) ဝိတ္ထတ - အနံကျယ်ခြင်း၊ (၃) အပ္ပိတ - တစ်ခဲနက်ထူခြင်း၊ (၄) သုဝိတ - ကောင်းစွာ ရက်အပ်ခြင်း၊ (၅) သုပ္ပဝါယိတ - ကောင်းစွာဖြန့်ခင်းအပ်ခြင်း၊(၆) သုဝိလေခိတ

http://www.dhammadownload.com

– ကောင်းစွာ နယ်ဖြင့် ကန်ခြင်း၊ (၇) သုဝိတစ္ဆိတ – ကောင်းစွာ ဘီးဖြင့် ဖီးအပ်ခြင်းတို့ ဖြစ်ပါသည်။

အလျှုရှင်တို့က မပင့်ဖိတ်ဘဲ ယက်ကန်းသည်ဌာနသို့ ကိုယ်တိုင်သွား ပြီး အလွန်ကောင်းမွန်သော သင်္ကန်းဖြစ်လာအောင် အထူးစီမံပုံ

ငါ့ရှင် ဒါယကာ... ဤသင်္ကန်းသည် ငါ့ကိုရည်၍ ယက်အပ်၏။ အလျားရှည်သည်ကိုလည်းကောင်း၊ အနံကျယ်သည်ကိုလည်းကောင်း၊ ပိတ်ပိတ်သဲသဲ တခဲနက်ကိုလည်းကောင်း၊ ကောင်းစွာယက်အပ်သည်ကိုလည်းကောင်း၊ ကောင်းစွာ အညီအညွတ် ပြုအပ်သည်ကိုလည်းကောင်း၊ ကောင်းစွာ နယ်ဖြင့် ကန်အပ်သည်ကိုလည်းကောင်း ကောင်းစွာ ဘီးဖြင့်ဖီးအပ်သည်ကိုလည်းကောင်း ပြုကြကုန်လော့၊ ငါတို့ကလည်း ငါ့ရှင်တို့အား တစ်စုံတစ်ခုသော ခဲဘွယ်ဘောဇဉ်ကို ပေးကုန်ပါအံ့ ဟု စီမံပါသည်။

နိဿဂ္ဂိထိုက်မှု

ရဟန်း၏အစီအမံကြောင့် ချည်ပို၍ ကုန်လျှင်နိဿဂ္ဂိထိုက်သည်။

အလှူရှင်ဆွေမျိုးတော်စပ်လျှင် အပြစ်မရှိ

အညာတကော–ကိုထောက်၍ အပြစ်မရှိပါ။

အစွေကစီဝရသိက္ခာပုဒ်

ဒသာဟနာဂတံ – ဠှ ဒသ – အရ

သီတင်းကျွတ်လဆန်း (၅) ရက် နေ့မှာ (၅) ရက်နေ့မှ (၁၄) ရက်နေ့ အထိကို ယူရပါမည်။

http://www.dhammadownload.com

အစွေကသင်္ကန်းကို ခံယူခွင့် ရှိသော ရဟန်း

အစွေကသင်္ကန်းဟု သိသောရဟန်း။

အစွေကသင်္ကန်းဟူသည်

(၁) ခရိုးသွားမည့်သူ၊ (၂) ကိုယ်ဝန်ရှိသူ၊ (၃) မကျန်းမာသူ၊ (၄) တရားနာရခြင်း စသည်ကြောင့် ရတ်တရက်သဒ္ဓါတရားဖြစ်သူ ဤအလှူရှင်များတွင် ရှေ့ ၃-မျိုးက အသက်အတွက် စိုးရိမ်ခြင်းစသည်ကြောင့် နောက်ဆုံး တစ်မျိုးက သူ့မှာ ထူးခြားစွာ ဖြစ်ပေါ်လာသော သဒ္ဓါတရားကြောင့် "ဝဿာဝါသိကံ ဒဿာမိ= ဝါဆိုသင်္ကန်းကပ်လှူပါသည်"ဟု အရေးတကြီး ပင့်၍ဖြစ်စေ, ကိုယ်တိုင်လာပြီးလျှင် "ဝဿာသိကံ ဒမ္မိ-ဝါဆိုသင်္ကန်း ကပ်လှူပါ၏"ဟု လျှောက်၍ ဖြစ်စေ လှူအပ်သောသင်္ကန်းကို အစွေကသင်္ကန်း ဟုခေါ်သည်။

(၁၃၂၉-ခု အကြီးတန်း, ၃၇-ခု အလတ်တန်း)

[ဆောင်]။ ။ ခရိုးသွားမည့်, ဂဗ္ဘိနီနှင့်, မအီမကျန်း, သဒ္ဓါစွမ်းကြောင့်, ရဟန်းထံရင်း, ရတ်ချင်းပင့်ကာ, လာတန်လာ၍, ဝဿာဝါသိ, ဒဿာမိဟု, ဆိုဘိလှူဒါန်း, ထိုသင်္ကန်း, ခေါ်မှန်း အစွေက။

အစွေကသင်္ကန်း (၂) မျိုးအထူး

သီတင်းကျွတ်လဆန်း ၅-ရက်မတိုင်မီရသော အစွေက သင်္ကန်းအတွက် ဤသိက္ခာပုဒ်က အထူးလွတ်လပ်ခွင့် မပေးနိုင်။ အများသင်္ကန်းထုံးစံအတိုင်း (ပထမကထိနသိက္ခာပုဒ်)အရ ဆယ်ရက်မလွန်ခင် အဓိဋ္ဌာန်ဝိကပ္ပနာ သင့်ရာပြုထားရမည်။ သီတင်းကျွတ်လဆန်း ၅-ရက်နေ့၌ ရအပ်သော အစွေကသင်္ကန်းအတွက်သာ ဤသိက္ခာပုဒ် အရ လွတ်လပ်ခွင့် တစ်ရက်ပိုရသည်။ ထင်ရှားစေအံ့။ ၅-ရက်နေ့ ရသော သင်္ကန်းသည် ၆-ရက်တစ်အရုဏ်, ၇-ရက်တစ်အရုဏ် စသည်ဖြင့်တွက်လျှင် လပြည့်နေ့၌ ၁၀-အရုဏ် ရနေ ပြီ။ ထိုလပြည့်

http://www.dhammadownload.com

နေ့ညအရာဏ်တက်လျှင် ၁၁–အရာဏ်မြောက်ဖြစ်၍ အခြားသင်္ကန်း ထုံးစံအတိုင်းဆိုသော် နိဿဂ္ဂိထိုက်ရတော့မည်။ သို့သော် ဝဿာဝါသိကအစွေက သင်္ကန်းဖြစ်၍(ဤသိက္ခာပုဒ်၏ သီးခြား ခွင့်ပြုချက် အရ) နိဿဂ္ဂိ မထိုက်။ ဤကဲ့သို့ တစ်ရက်ပို၍ ထားခွင့်ရခြင်းသည် ဤအစွေက ဝဿာဝါသိက သင်္ကန်းအဖို့ ထူးခြားပုံတည်း။

အစွေကမဟုတ်သော ဝဿာဝါသိကသင်္ကန်းများ

ထိုသီတင်းကျွတ်လဆန်း ၅–ရက်နေ့၌ ဝဿာဝါသိကသင်္ကန်း ကိုပင် ရစေကာမူ အစွေကသင်္ကန်းမဟုတ်လျှင် ဤအစောင့်အရှောက် မရ။ လပြည့်နေ့ည အရာဏ်တက်လျှင် နိဿဂ္ဂိ ဖြစ်မည်။ လဆန်း ၆–ရက်နေ့မှ စ၍ရသော သင်္ကန်းများကား အစွေကသင်္ကန်းဟုတ်ဟုတ်, မဟုတ်ဟုတ် (၁၁)ရက်မြောက်အရာဏ်မှာ သင်္ကန်းထားခွင့်ရသော ကာလ၌ အရာဏ်တက်သောကြောင့် အားလုံးသင်္ကန်းများ နိဿဂ္ဂိ မဖြစ်နိုင်။ ထို့ကြောင့် ထိုသိက္ခာ ပုဒ်သည် ပထမကထိနသက္ခာပုဒ် ခွင့်ပြုချက်ထက် လဆန်း ၅–ရက်နေ့ ရသော သင်္ကန်းအတွက် တစ်ရက်ပို၍ ထားခွင့်ရသောကြောင့် ပထမကထိန သိက္ခာပုဒ်၏ အနုပညတ်သဖွယ် ဖြစ်သည်ဟု ဆိုကြသည်။

အဓိဋ္ဌာန် ဝိကပ္ပနာမပြုဘဲ အစွေကသင်္ကန်း သီးသန့်ထားခွင့်ရရာကာလ

သီတင်းကျွတ်လပြည့်နေ့ တစ်ရက်။ (၁၃၅၀–ခု အင်္ဂလိပ်တန်း)

အဓိဋ္ဌာန်ဝိကပ္ပနာမပြုဘဲ အစွေကသင်္ကန်း ထားခွင့်ရရာ ကာလ

သီတင်းကျွတ်လဆန်း (၅) ရက်နေ့မှစ၍ ကထိန်မခင်းလျှင် တန်ဆောင်မုန်းလပြည့်နေ့အထိ၊ ကထိန်ခင်းလျှင် တပေါင်းလပြည့်နေ့ အထိ ထားနိုင်ပါသည်။

အရေးပေါ်သင်္ကန်း လျှုဒါန်းခဲ့သော လိုက်နာကျင့်သုံးရမည့် အစီအရင်

အရေးပေါ်သင်္ကန်းဟု သိသော ရဟန်းသည် ခံယူနိုင်ပါသည်။

http://www.dhammadownload.com

ခံယူပြီးနောက် သင်္ကန်းအချိန်အခါ ကာလတိုင်အောင် ထားနိုင်ပါသည်။ အကယ်၍ တို့ထက်အလွန်ထားလျှင် နိဿဂ္ဂိယပါစိတ် အာပတ် သင့်ပါသည်။

သီတင်းကျွတ်လဆန်း (၃) ရက်နေ့၌ ရရှိသော အစွေကသင်္ကန်းကို အစွေကစီဝရ သိက္ခာပုဒ်လာ သင်္ကန်းကာလကုန်အောင် ထားနိုင်/မထားနိုင်

သီတင်းကျွတ်လဆန်း (၃) ရက်နေ့၌ ရရှိသော သင်္ကန်းသည် ဒသာ ဟာနာဂတ မဟုတ်ပါ၊ ကာလသို့ ရောက်ရန် တစ်ရက်မျှပင် မစောင့်နိုင်ဘဲ သေမည်ရှင်မည် အရေးကြီးသူလျှခြင်းလည်း မဟုတ်ရကား အစွေက သင်္ကန်းဟူ၍ မခေါ်ဆိုနိုင်သောကြောင့် သင်္ကန်းကာလကုန်အောင် မထားနိုင်ပါ။

အစွေကသင်္ကန်း ဖြစ်ပေါ်ရာကာလ

သီတင်းကျွတ်လဆန်း (၅)ရက်နေ့မှ (၁၄)ရက်နေ့အထိ

(၁၃၅၃-ခု အင်္ဂလိပ်တန်း)

ပထမကထိနနှင့် အစွေက စီဝရတို့အထူး

ပထမကထိနသိက္ခာပုဒ်အရ သင်္ကန်းကို အဓိဋ္ဌာန်ဝိကပ္ပနာ မပြုဘဲ (၁၀)ရက်ထားခွင့် ရပါသည်။ အစွေကစီဝရသိက္ခာပုဒ်အရမူ (၁၁) ရက် ထားခွင့်ရပါသည်။ ဤသို့ ထူးပါသည်။

စီဝရကာလ သမယဟူသည်

ကထိန်မခင်းလျှင် သီတင်းကျွတ်လပြည့်ကျော် ၁-ရက်မှ တန်ဆောင်မုန်းလပြည့်အထိ တစ်လ၊ ကထိန်ခင်းလျှင် တပေါင်းလပြည့်အထိ ၅-လတည်း။

http://www.dhammadownload.com

သာသက်သိက္ခာပုဒ်

ကေားအန္တရာယ်ရှိဟုထင်ရသော တောရကျောင်းတိုက်တို၌ တန်ဆောင်မုန်းလပြည့်တိုင်အောင်နေလိုသော ရဟန်း၏ ဆောင်ရွက်ဖွယ်

သာသက်၊ သပ္ပဋိဘယ တောရကျောင်းတို့၌ နေသောရဟန်းသည် အလိုရှိလတ်သော် သက်နှံးသုံးထည်တို့တွင် တစ်ထည်ထည်သော သက်နှံးကို ရွာတွင်း၌ ထားနိုင်ပါသည်။ ထိုရဟန်းအား ထိုသက်နှံးနှင့် ကင်း၍နေခြင်းငှာ အကြောင်းတစ်စုံတစ်ရာ ရှိခဲ့လျှင် ခြောက်ညဉ့် အပိုင်းအခြားရှိသော ကာလပတ်လုံး ထိုရဟန်းသည် ထိုသက်နှံးနှင့် ကင်း၍ နေနိုင်ပါသည်။

သာသက်သိက္ခာပုဒ်အရ အပြစ်ရှိပုံ

သမ္မုတိရသူမဟုတ်ဘဲ ၆-ည၌ထက်ပို၍ ကင်းမနေရ၊ ကင်းနေလျှင် နိဿဂ္ဂိယပါစိတ် အာပတ်သင့်ပါသည်။

တောရဆောက်တည်သော ရဟန်းတို့၏ သက်နှံးနှင့် စပ်လျဉ်းသော အထူးအခွင့်အရေးများ

(၁) သက်နှံးသုံးထည်တို့တွင် တစ်ထည်ထည်ကို ရွာတွင်း၌ ထားနိုင်ခြင်း၊ (၂) အကြောင်းရှိလျှင် ထိုသက်နှံးနှင့် ခြောက်ညဉ့်တိုင်အောင် ကင်းကွာ၍နေနိုင်ခြင်း။

နိဿဂ္ဂိ အာပတ်ကုစားပုံ

(၁) နိဿဂ္ဂိပစ္စည်းကို စွန့်ရခြင်း၊ (၂) ထို့နောက် အာပတ်ကို ဒေသနာပြောကြားရခြင်း။

http://www.dhammadownload.com

အာပတ်သင့်၍ စွန့်ပြီးသော ဝတ္ထုတို့ကို ပြန်မပေးရသော သိက္ခာပုဒ်များ

(၁) ရူပိယသိက္ခာပုဒ်၊ (၂) ရူပိယသံ ဝေါဟာရ သိက္ခာပုဒ်တို့ ဖြစ်ပါသည်။

တောကျောင်းနေ ဝါမကျိုးသောရဟန်း၏ အခွင့်အရေး

၁။ သက်နှံးကာလ၌ သက်နှံး(၃)ထည်တွင် တစ်ထည်ထည်ကို အနီး အပါး ဆွမ်းခံရွာ၌ ထားခွင့်ရခြင်း။

၂။ နေမြဲတောကျောင်းမှ အခြားကျောင်းသို့ ကိစ္စရှိ၍ သွားရသည့် အတွက် (၆)ည၌် အထိ ကင်း၍ နေထိုင်ခွင့်ရခြင်း။

အာရညက–၌ တောဟူသည်

ထိုတောရကျောင်းနှင့်ဆိုင်သော "တော" ဟူသည် ရွာ၏အကာအရံ စည်းရိုး (သို့မဟုတ်) အရံဖြစ်ထိုက်ရာ ခဲတစ်ပစ်အရပ်မှစ၍ ညှို့တင်အပ်ပြီး သောလေးဖြင့် တိုင်းတာလျှင် အနီးဆုံး အပြန်ငါးရာ ကွာဝေးသော တောတည်း။

ဘေးရန်ရှိရာ တောကျောင်း၌နေသော ရဟန်း၏အခွင့်အရေး

သက်နှံး(၃)ထည်တို့တွင် တစ်ထည်ထည်ကို ရွာတွင်း၌ မိမိဆွမ်းခံနေကျ ရွာ၌ ထားနိုင်ခြင်း။

ထားခွင့်ရရာကာလ

သီတင်းကျွတ်လပြည့်ကျော်တစ်ရက်မှ တန်ဆောင်မုန်းလပြည့် နေ့အထိ တစ်လလုံး။

ရွာတွင်း၌ သက်နှံးထားခွင့်အင်္ဂါများ

၁။ ဥပဝသံ–အရ ပုရိမဝါကျွတ်သူဖြစ်ခြင်း၊

http://www.dhammadownload.com

၂။ ကတ္တိကပုဏ္ဏမံ–အရ တန်ဆောင်မုန်းလဖြစ်ခြင်း၊
၃။ အရညကာနိ–အရ လေးအပြန်ငါးရာဝေးသော တောကျောင်း ဖြစ်ခြင်း၊
၄။ သာသက်သမ္မတာနိ သပ္ပဋိဘာယာနိ–အရ သာသက်သပ္ပဋိဘာယ ဖြစ်ခြင်း။ (၁၃၅၂-ခု အလတ်တန်း)

[ဆောင်]။ ။ ဝါပုရိမ, ကျွတ်ပြီးမှလျှင်, လတန်ဆောင်မုန်း, နည်းထုံးကျန, တောရကျောင်းတွင်, သာသင်သပ္ပဋိ, လေးအင်ပြည့်မှ, မိမိ ဆွမ်းခံ, ရပ်ရွာထံ, ထားရန်ခွင့်ပြုသည်။

မြို့ရွာနေပုဂ္ဂိုလ်များ ကထိန်အာနိသင်မရလျှင် သင်္ကန်းကာလ ဖြစ်စေ ကာမူ တိစီဝရိတ် အဓိဋ္ဌာန်တင်အပ်သော သင်္ကန်းနှင့် ညဉ့်မကင်းရ

သင်္ကန်းကာလ၌ပင် သင်္ကန်းနှင့်ညဉ့်ကင်းနေမှုကို တောကျောင်း နေ ဘုန်းကြီးများအတွက် သီးခြားခွင့်ပြုတော်မူထားသောကြောင့် ညဉ့်မကင်းရ။

ကိစ္စရှိက သင်္ကန်းနှင့်ကင်း၍ နေနိုင်သည့်ညဉ့်

သမ္မုတိမရသော ရဟန်းအား ၆–ညဉ့်၊
သမ္မုတိရသော ရဟန်းအား ၆–ညဉ့်ထက်ပို၍။

သမ္မုတိမရသောရဟန်း၏ အာပတ်မသင့်အောင် ကျင့်ဆောင်နည်း

၇–ရက်မြောက် အရုဏ်အတွင်း ပြန်၍မလာနိုင်လျှင် ထိုသင်္ကန်း ကို ပစ္စုဒ္ဓါရ် ပြုရမည်။

ဒုတိယကထိနသိက္ခာပုဒ်နှင့် သာသက်သိက္ခာပုဒ်တို့အထူး

ဒုတိယကထိနသိက္ခာပုဒ်၌ တစ်ညဉ့်မျှလည်း တိစီဝရိတ်နှင့် ကင်းခြင်း ကြောင့် နိဿဂ္ဂိယပါသည်။ သာသက်သိက္ခာပုဒ်၌မူ

http://www.dhammadownload.com

(၆)ညဉ့်ထက်ပို၍ ကင်းခြင်းကြောင်း နိဿဂ္ဂိ ထိုက်ပါသည်။ ဤသို့ ထူးပါသည်။



ပရိဏာတ သိက္ခာပုဒ်

လာဘဟူသည်

ဆွမ်းစသော ပစ္စည်းများနှင့် ဒန်ပူ, မြိတ်ဆာ, ချည်မျှင်တိုင်အောင် ပစ္စည်းများ။

မိမိထံ ညွတ်စေမှု

သံဃာ့ထံညွတ်ပြီးသော လာဘ်ဖြစ်နေလျှင် မယ်တော်ပစ္စည်းကိုပင်ဖြစ်စေ မိမိသို့ မညွတ်ကောင်းပါ။

မှတ်ချက်။ ။ အခြားတိုက်သံဃာသို့ ညွတ်ပြီးသောလာဘ်ကို အခြားတိုက် သံဃာသို့ဖြစ်စေ စေတီသို့ဖြစ်စေ ညွတ်စေလျှင် လည်းကောင်း, စေတီသို့ ညွတ်ပြီးလာဘ်ကို အခြားစေတီနှင့် သံဃာသို့ ညွတ်စေလျှင် လည်းကောင်း, ပုဂ္ဂိုလ်တစ်ပါးသို့ ညွတ်ပြီးသော လာဘ်ကို သံဃာ,စေတီနှင့် အခြားပုဂ္ဂိုလ်သို့ ညွတ်စေလျှင်လည်းကောင်း ဒုက္ကဋ်အာပတ်သင့်၏။ "မည်သည့်နေရာ၌ လူသင့်ပါသနည်း"ဟု တိုင်ပင်လာလျှင်ကား မိမိသဘော အတိုင်း ညွှန်ပြကောင်း၏။ (၁၃၂၉-ခု အကြီးတန်း)

နိဿဂ္ဂိပါစိတ်၌ ပရမသဒ္ဒါပါသော သိက္ခာပုဒ်များ

၁။ ပထမကထိန၊ ၂။ အကာလစီဝရ၊ ၃။ တတုတ္တရိ၊ ၄။ ရာဇ ၅။ ဧဠကလောမဓောဝါပန၊ ၆။ ပတ္တ၊ ၇။ ဘေသဇ္ဇ၊ ၈။ သာသင်္။

http://www.dhammadownload.com

ဘိက္ခုနိဿဂ္ဂိယပါစိတ် ပတ္တဝဂ်လာ သိက္ခာပုဒ်များကို သာဓာရဏ+ အသာဓာရဏအခွဲ

အသာဓာရဏ–

ပတ္တ၊ ဝဿိကသာဋိက၊ သာသင်္။

သာဓာရဏ–

ဥိနပဉ္ဉတ္တန္တန၊ ဘေသဇ္ဇ၊ စီဝရအစ္ဆိန္နန၊ သုတ္တဝိဉတ္တိ၊ မဟာပေ သကာရ၊ အစ္ဆေကစီဝရ၊ ပရိဏာတ။ (၁၃၃၀–ခု အကြိုးတန်း)

ဘိက္ခုနိဿဂ္ဂိယပါစိတ်၌ သမ္မုတိပါသော သိက္ခာပုဒ် (၃)ပုဒ်

၁။ ဥဒေါသိတ၊

၂။ ဆဗ္ဘဿ၊

၃။ သာသင်္။ (၁၃၂၉–ခု အလတ်တန်း)

သံဃာ့အလယ်၌သာ စွန့်ရသော သိက္ခာပုဒ်များ

(၁)ရူပိယသိက္ခာပုဒ်၊ (၂)ရူပိယသံဝေါဟာရ သိက္ခာပုဒ်၊ (၃)ဥိနပဉ္ဉတ္တန္တနသိက္ခာပုဒ်တို့ ဖြစ်ပါသည်။

နိဿဂ္ဂိယပါစိတ်၌ ဘိက္ခုနီမတို့နှင့် စပ်လျဉ်း၍ ပညတ်တော်မူသော သိက္ခာပုဒ်များ

(၁)ပုရာဏစီဝရ သိက္ခာပုဒ်၊ (၂)စီဝရ ပဋိဂ္ဂဟဏ သိက္ခာပုဒ်၊ (၃)ဧဠကလောမ ဓောဝါပန သိက္ခာပုဒ်တို့ဖြစ်ပါသည်။

ပုဂ္ဂိုလ်အလိုက် ကွယ် ရသော သိက္ခာပုဒ်များ

သံဃာ့အလယ်၌ ပရိဏာမလောင်းတို့ (၁)ပုရာဏ စီဝရ သိက္ခာပုဒ်၊ (၂)စီဝရ ပဋိဂ္ဂဟဏ သိက္ခာပုဒ်၊ (၃)ဧဠကလောမ ဓောဝါပန သိက္ခာပုဒ်တို့ ဖြစ်ပါသည်။

http://www.dhammadownload.com

အနုပညတ်ပါသော သိက္ခာပုဒ် (၆)ပုဒ်

စီဝရဝဂ်၌ (၁)ကထိနသိက္ခာပုဒ်[ဒသာဟပရမံ] (၂)ဥဒေါသိတ သိက္ခာပုဒ် [အညတြ ဘိက္ခုသမ္မုတိယာ] (၃)စီဝရ ပဋိဂ္ဂဟဏ သိက္ခာပုဒ် [အညတြ ပါရိဝတ္တကာ] (၄)အညာတက ဝိညတ္တိသိက္ခာပုဒ် [အညတြ သမယာ] ကောသိရဝဂ် ၌ ဆဗ္ဗဿ သိက္ခာပုဒ် [အညတြ ဘိက္ခုသမ္မုတိယာ] ပတ္တဝဂ်၌ ပတ္တ သိက္ခာပုဒ် [ဒသာဟပရမံ]

နိဿဂ္ဂိ-၌ "ပရမ" သဒ္ဒါပါသော သိက္ခာပုဒ်(၈)ပုဒ်

စီဝရ (ကထိန) ဝဂ်၌ (၁)ကထိန သိက္ခာပုဒ် [ဒသာဟပရမံ] (၂)အကာလစီ ဝရ သိက္ခာပုဒ် [မာသပရမံ] (၃)တတုတ္တရိ သိက္ခာပုဒ် [သန္တရုတ္တရ ပရမံ] (၄)ရာဇသိက္ခာပုဒ် [ဆက္ခတ္တုပရမံ] ကောသိယ ဝဂ်၌(၅)ဧဋ္ဌ ကလောမ သိက္ခာပုဒ် [တိယောဇနပရမံ] ပတ္တဝဂ်၌ (၆)ပတ္တသိက္ခာပုဒ် [ဒသာဟပရမံ] [၇]ဘေသဇ္ဇသိက္ခာပုဒ် [သတ္တာဟပရမံ] (၈) သာသင်္ကသိက္ခာပုဒ် [ဆာရတ္တပရမံ]

နိဿဂ္ဂိပါစိတ်-၌ "သမ္မုတိ" သဒ္ဒါပါသော သိက္ခာပုဒ် (၃)ပုဒ်

(၁)ဥဒေါသိတာ သိက္ခာပုဒ် [အညတြ ဘိက္ခုသမ္မုတိယာ] (၂)ဆဗ္ဗဿ သိက္ခာပုဒ် [အညတြ ဘိက္ခုသမ္မုတိယာ] သာသင်္ကသိက္ခာပုဒ် [အညတြ ဘိက္ခုသမ္မုတိယာ]

ဘိက္ခုပါတိမောက်၌ "သာမံ စီဝရံ" သဒ္ဒါပါသော သိက္ခာပုဒ် (၂)ပုဒ်

စီဝရ အစ္ဆိန္ဒန သိက္ခာပုဒ်၊ ဝိကပ္ပန သိက္ခာပုဒ်တို့ ဖြစ်ပါသည်။

"အယံ တတ္ထ" ပါသော သိက္ခာပုဒ်(၃)ပုဒ်

(၁)အညာတက ဝိညတ္တိ သိက္ခာပုဒ် [အယံ တတ္ထ သမယော] (၂)ရာဇသိက္ခာပုဒ် [အယံ တတ္ထ သာမီစိ] (၃)ဦ နပဥ္စဗန္ဓနသိက္ခာပုဒ် [အယံ တတ္ထ သာမီစိ]။

http://www.dhammadownload.com

သပိတ်နှင့်စပ်၍ ပညတ်သော သိက္ခာပုဒ် (၈) ပုဒ်

နိဿဂ္ဂိယပါစိတ်၌ (၁) ပတ္တ၊ (၂) ဥနပဉ္စဗန္ဓန၊ သုဒ္ဓပါစိတ်၌ (၃) အပနိဓာန၊ သေခိယ၌ (၄) ခမ္မကတဝဂ်–ပတ္တသညီ ပဋိဂ္ဂဟဏ၊ (၅) သက္ကစ္စဝဂ်–ပတ္တသညီ ဘုဥ္ဇန၊ (၆) ဥစ္ဆာနသညီ၊ (၇) သုရာသုရဝဂ်–ပတ္တနိလ္လေဟက၊ (၈) သ့သိတ္ထက သိက္ခာပုဒ်တို့ဖြစ်ပါသည်။

နိဿဂ္ဂိယပါစိတ် ၌ သာဓာရဏ သိက္ခာပုဒ် (၈) ပုဒ်

စီဝရ(ကထိန်)ဝဂ်၌(၁)ကထိန (၂)ဥဒေါသိတ (၃)အကာလစီဝရ (၄)အညာတကဝိညတ္တိ (၅)တတုတ္တရိ (၆)ပဌမ ဥပက္ခဋ (၇) ဒုတိယဥပက္ခဋ (၈)ရာဇသိက္ခာပုဒ်၊ ကောသိယဝဂ်၌ (၁) ရူပိယ (၂) ရူပိယသံ ဝေါဟာရ (၃)ကယဝိ က္ကယ သိက္ခာပုဒ်၊ ပတ္တဝဂ် ၌ (၁)ဥနပဉ္စဗန္ဓန (၂)ဘေသဇ္ဇ (၃)စီဝရ အစ္ဆိန္ဒန (၄)သုတ္တဝိညတ္တိ (၅)မဟာပေ သကာရ (၆)အစ္ဆေကစီဝရ (၇)ပရိဏာတသိက္ခာပုဒ်၊ ပေါင်း–သာဓာရဏ သိက္ခာပုဒ် (၁၈)ပုဒ်။

နိဿဂ္ဂိယပါစိတ်၌ အသာဓာရဏ သိက္ခာပုဒ် (၁၂) ပုဒ်

စီဝရ (ကထိန်) ဝဂ်၌ (၁)ပုရာ ဏာစီဝရ(၂)စီဝရ ပဋိဂ္ဂဟဏ၊ ကောသိယဝဂ်၌ (၁)ကောသိယ (၂)သုဒ္ဓကာဠက (၃)ဒွေဘာဂ (၄)ဆဗ္ဗဿ (၅)နိသီဒန သန္ထတ (၆)ဧဠကလောမ (၇)ဧဠကလောမ ဓောဝါပန၊ ပတ္တဝဂ်၌ (၁)ပတ္တ (၂)ဝဿိကသာဋိက (၃)သာသင်္ကသိက္ခာပုဒ်၊ ပေါင်း အသာဓာရဏ သိက္ခာပုဒ် (၁၂) ပုဒ်။



သုဒ္ဓပါစိတ်

သုဒ္ဓပါစိတ် ခေါ်ရပုံ

နိဿဂ္ဂိယဘောမပါသောကြောင့် သုဒ္ဓပါစိတ်ဟုခေါ်သည်။

http://www.dhammadownload.com

ပါစိတ် ခေါ်ရပုံ

စေတနာနှင့်တကွ သဲ့အပ်သော ပါစိတ်အာပတ်များဖြစ်သည့် အခါ ကုသိုလ်စိတ်ကို ကျစေတတ်သောကြောင့် ပါစိတ်ဟု ခေါ်သည်။

ပါရာဇိကစသည် ပါစိတ်မမည်

ပါရာဇိကစသည်တို့ ကုသိုလ်စိတ်ကို ကျစေသော်လည်း ပါရာဇိက စသော နာမည်ထူးကို ရရှိပြီး ဖြစ်သောကြောင့် ပါစိတ် မမည်ပါ။



မုသာဝါဒဝဂ်

မုသာဝါဒသိက္ခာပုဒ်

သမ္မာန

မပြောမီ, ပြောခါနီးခဏနှင့် ပြောဆဲခဏ၌ အလွဲအမှားကို မိမိက လိမ်ပြောနေကြောင်းသိခြင်း (အမှားကို အမှားမှန်းသိခြင်း)ကို သမ္မာန ဟုခေါ်သည်။ တချို့အရာ၌ကား အလွဲကို ပြုနေသော်လည်း ကိုယ်တိုင်ကမူ ကိုယ်တိုင်ကပင် အမှန်ထင်တတ်၏။ ထိုနေရာမျိုး၌ မုသာဝါဒ အပြစ်မရှိပါ။

မုသာဝါဒ ဟူသည်

များသောအားဖြင့် နူတ်ဖြင့်ပြောခြင်းကြောင့် မုသာဝါဒ မုသားပြောခြင်းပဲ ဆိုထားသော်လည်း ပက်, ဦးခေါင်းစသော ကိုယ်အင်္ဂါ ဆိုင်ရာဖြင့် လိမ်ခြင်းကိုပါ ဝါဒ--အရ သွင်းယူရမည်။ ထို့ကြောင့် ကိုယ်, နူတ်တစ်ပါးပါးဖြင့် လိမ်လည်လှည့်ဖြားကြောင်း စေတနာကို မုသာဝါဒဟု မှတ်ပါ။

http://www.dhammadownload.com

မှသားအပြစ်များ

၁။ ဥတ္တရိမနုဿဓမ္မကို လိမ်ပြောသောကြောင့် စတုတ္ထပါရာဇိက၊

၂။ အမှုလက ပါရာဇိကဖြင့် စွပ်စွဲခြင်းကြောင့် သံဃာဒိသေသ်၊

၃။ အမှုလက သံဃာဒိသေသ်ဖြင့် စွပ်စွဲသောကြောင့် ပါစိတ်၊ (ဤပြခဲ့သော ၃-ပါးကား ဒွေမာတိကာ၌ သိက္ခာပုဒ် တိုက်ရိုက်ရှိ၏။)

၄။ အမှုလက ထုလ္လစ္စဉ်းစသော အောက်အာပတ် ၅-ပုံဖြင့် စွပ်စွဲခြင်းကြောင့် ဒုက္ကဋ်အာပတ်၊

၅။ ဥတ္တရိမနုဿဓမ္မကို တိုက်ရိုက်မပြောဘဲ "အကြင်သူသည် မည်သည့် ကျောင်း၌နေ၏, ထိုသူ ရဟန္တာတည်း" စသည်ဖြင့် သွယ်ဝိုက်၍ ပြောခြင်းကြောင့် ထုလ္လစ္စဉ်းအာပတ်၊

၆။ ထိုသို့ သွယ်ဝိုက်ပြောရာ၌ တစ်ဖက်သားနားမလည်လျှင် ဒုက္ကဋ်၊

၇။ ဤမုသာဝါဒ သိက္ခာပုဒ်အရ လိမ်လည်မှုကြောင့် ပါစိတ် အာပတ်အားဖြင့် မုသားအတွက် အာပတ် ၇-ချက် လာသည်။

(၁၃၃၃, ၅၃-ခု အကြီးတန်း)

[ဆောင်]။ ။ စတုတ္ထပါရာ, သံဃာဒိသေသ်, ပါစိတ်ဖြစ်လတ်, ဒုက္ကဋ်-ထုလ္လစ္စဉ်း, တစ်ခင်းဒုက္ကဋ်, ပါစိတ်ထပ်ငြား, ခုနစ်ပါး, မုသားအပြစ်တည်း။



ဩမသဝါဒသိက္ခာပုဒ်

ဩမသဝါဒ အဓိပ္ပာယ်

နှုတ်လုံထိုးခြင်းသည် (ဝါ) နားပ၊ နှလုံးကို ထိုးကျင့်သော စကားကို ဆိုခြင်းသည် "ဩမသဝါဒ" မည်ပါသည်။

http://www.dhammadownload.com

ဆဲရေးခြင်းကြောင့် သင့်သောအာပတ်

ရဟန်းကို ဆဲရေးခြင်းကြောင့် ပါစိတ်အာပတ် သင့်သည်။ ဘိက္ခုနီများနှင့် သာမဏေများ, လူများကို ဆဲရေးခြင်းကြောင့်ကား ဒုက္ကဋ် အာပတ် သင့်သည်။

အက္ကောသ (ဆဲရေးကြောင်း) ဝတ္ထုများ

၁။ ဇာတိ = အမျိုးဇာတ်၊
၂။ နာမ = နာမည်၊
၃။ ဂေါတ္တ = အနွယ်၊
၄။ ကမ္မ = သူ၏အလုပ်အကိုင်၊
၅။ သိပ္ပ = အတတ်ပညာ၊
၆။ အာဗာဓ = သူ့မှာရှိသော အနာရောဂါ၊
၇။ လိင်္ဂ် = သူ၏အချိုးကျ+မကျပုံသဏ္ဌာန်၊
၈။ ကိလေသ = သူ့မှာဖြစ်တတ်သော လောဘ, ဒေါသစသည်၊
၉။ အာပတ္တိ = သူ့မှာ သင့်သောအာပတ်၊
၁၀။ အက္ကောသ = မေထုန်နှင့်စပ်၍ဆဲခြင်း စသည်။

[ဆောင်]။ ။ ဇာတိ-နာမ, ဂေါတ္တ-ကမ္မာ, သိပ္ပါဗာဓ, လိင်္ဂ်-ကိလေသာ, အာပတ္တ-အက္ကောသ,ဤဆယ်ဝ, အက္ကောသဝတ္ထုတည်း။

ဆဲပုံနှင့် အာပတ်အမျိုးမျိုး

တကယ်စိတ်ဆိုး၍ ဒွန်းစဏ္ဍားဇာတ်ရှိသူကို "ဟဲ့-ဒွန်းစဏ္ဍား" ဟု လည်းကောင်း, မင်းဇာတ်ရှိသူကို "ဟဲ့ မင်းမျိုး" ဟုလည်းကောင်း ဆဲလို၍ ပြောလျှင် ပါစိတ်ပင်တည်း။ ထိုအက္ကောသဝတ္ထုများဖြင့်ပင် တိုက်ရိုက်မဆဲဘဲ "ယခုကာလ၌ ဒွန်းစဏ္ဍားများရှိတယ်ဟေ့" စသည်ဖြင့် စောင်း၍ပြောလျှင် ဒုက္ကဋ်အာပတ်။ အက္ကောသဝတ္ထု ၁၀-ပါးမှ အလွတ်ဖြစ်သော "ဟဲ့- သူခိုး စသည်ဖြင့် ဆဲရာ၌လည်း ဒုက္ကဋ်ပင်။

http://www.dhammadownload.com

ထိုအက္ကောသဝတ္ထုဖြင့်ပင် ရဟန်းကို ဖြစ်စေ,သာမဏေလူကိုဖြစ်စေ ပြောင်လျောင်၍ "ဟေ့ ခတ္တိယကြီး လာပြီကွ" စသည်ဖြင့် ပြောရာ ဒုဿာသိတ သင့်၏။

အာပတ်မသင့်သော ဆဲရေးမှု–

အနက်ချပေးရာ, ပါဠိချပေးရာ, ဆုံးမသြဝါဒပေးရာ "စဏ္ဍာလောသိ" စသော ဆဲလုံးများ ပါစေကာမူ အာပတ်မသင့်။

ပေသုညသိက္ခာပုဒ်

ကုန်းတိုက်ခြင်း၏ ရည်ရွယ်ချက်

၁။ သူနှစ်ဦးတို့ ကွဲစေလိုခြင်း၊
၂။ မိမိကို ချစ်ခင်စေလိုခြင်း။

အာပတ်သင့်ပုံ အစီအစဉ်

၁။ ရဟန်းအချင်းချင်း ကုန်း(ဂုံး)တိုက်ခြင်းကြောင့် ပါစိတ်။
၂။ ဘိက္ခုနီ,လူ, သာမဏေတို့ကို ကုန်း(ဂုံး)တိုက်ခြင်းကြောင့် ဒုက္ကဋ်။

ပဒသောဓမ္မသိက္ခာပုဒ်

လူသာမဏေအား ပို့ချမှသာ အပြစ်ရှိ

အနုပသမ္ပန္နံ–ကိုထောက်၍ လူ, သာမဏေအား သံပြိုင်ချပေးမှသာ အာပတ်သင့်သည်။ ရဟန်းချင်းဖြစ်စေ, ဘိက္ခုနီအားဖြစ်စေ သံပြိုင်ပို့ချရာ၌ကား အာပတ်မသင့်။

http://www.dhammadownload.com

ဓမ္မ–အရ

ပါဠိ, အဋ္ဌကထာ ဓမ္မကို ယူရမည်။

ပဒသော–၌ ပဒသရုပ်

၁။ ပဒ = ဂါထာ၏ ပထမပါဒ

၂။ အနုပဒ = ဂါထာ၏ ဒုတိယပါဒ။

၃။ အနက္ခရ = အက္ခရာတစ်လုံးလုံး။

၄။ **အနုဗျဉ္ဇ** = ရှေးဝါကျ၌ရှိသော ဝိဘတ္တိနှုပဒ်နှင့်တူသော နောက်ဝါကျရှိ ဝိဘတ္တိနှုပဒ်။

အာပတ်မသင့်သော လုပ်ရပ်များ:

ဝါစေယျ–ပို့ချအံ့ ဟုဆိုသောကြောင့် သံပြိုင်ချမှ အာပတ်သင့်ရကားစာချသောအရာ မဟုတ်လျှင် အာပတ်မသင့်။ ထို့ကြောင့်သာမဏေနှင့် ရဟန်းတွဲ၍ စာတက်ရာဌာနလည်းကောင်း, တွဲ၍ စာပြန်ရာဌာနလည်းကောင်း, သမဏေထံ ရဟန်းကစာတက်ရာဌာနလည်းကောင်း သံပြိုင်ဆိုသော် အာပတ် မသင့်။ သာမဏေကိုယ်တိုင် ရပြီးလျက်ကြောက်၍ မဆိုဝံ့သော (သို့မဟုတ်) မကျေပွန်သောစာကို သံပြိုင်ထောက်ပေးရာဌာနလည်း အာပတ်မသင့်။

အတန်းတူသာမဏေနှင့် စာအတူပြန်ဆိုသော ရဟန်းအား အာပတ်သင့်

ပဒသော ဓမ္မသိက္ခာပုဒ်အရ ပုဒ်ပြိုင်ရွတ်ဆိုလျှင် ပါစိတ်အာပတ်သင့်ပါသည်။

ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ ရောင်ဝါနေသို့ ထွန်းစေသော် ဟု လူတို့နှင့် သံပြိုင်သီဆိုသော ရဟန်း

http://www.dhammadownload.com

သင်္ဂီယနာသုံးတန်တင် ပါဠိ, အဋ္ဌကထာ ဓမ္မကို ပါဠိဘာသာ ဖြင့် ပို့ချမှုမဟုတ်သောကြောင့် ပဒသောဓမ္မသိက္ခာပုဒ်အရ အပြစ်မရှိပါ။ (၁၃၅၀-ခု အလတ်တန်း)



ပထမသဟသေယျသိက္ခာပုဒ်

ပဒသောဓမ္မလာ အနုပသမ္ပန္နနှင့် ဤသိက္ခာပုဒ်လာ အနုပသမ္ပန္နနှစ်ခုတို့အထူး

ပဒေသောဓမ္မ သိက္ခာပုဒ်၌ အနုပသမ္ပန္န-အရ ဘိက္ခု, ဘိက္ခုနီမှ တစ်ပါး, လူသာမဏေများကိုယူ၍ ဤသိက္ခာ၌ အနုပသမ္ပန္န-အရမူ ဘိက္ခုနီမှတပါး လူ, သာမဏေ, တိရစ္ဆာန်များကို ယူရပါမည်။ ဤသို့ ထူးပါသည်။

ဤသိက္ခာပုဒ်၌ ဘိက္ခုနီမ, လူမိန်းမနှင့် တိရစ္ဆာန်များကို အနုပသမ္ပန္န-အရ မယူရ

ဒုတိယသဟသေယျ သိက္ခာပုဒ်၌ မာတုဂါမနှင့်အတူ အိပ်ခြင်းကို တားမြစ်မည်ဖြစ်သောကြောင့် မယူရပါ။ (ဋီကာ)

ဒိရတ္တသဒ္ဒါမပါဘဲ ပြီးနိုင်လျက် အဓိထည့်ဆိုကျိုး

ဝါစာသိလိဋ္ဌ အကျိုးငှာ ဆိုသည်။

သေယျ-၌ သဟသေယျ ဖြစ်လောက်သော အကာ

လက်သမား အတောင်အားဖြင့် တစ်ထောင့်ထွာ။

အထပ်များသော အိမ်

အတွင်းလေကား တပ်ထားလျှင် အထပ်အားလုံးပင် သဟ သေယျာကို ဖြစ်စေနိုင်၏။ အပြင်လေကား ထပ်ထားသဖြင့် အပြင်

F.28.A

http://www.dhammadownload.com

မထွက်ဘဲ အထက်ထပ်အောက်ထပ် အဆက်အသွယ်မရလျှင် သဟသေယျာ မဖြစ်စေနိုင်။

အာပတ်သင့်သော အိပ်နည်း

ပြခဲ့သော သဟသေယျာ ဖြစ်လောက်သည့် ကျောင်း, ဧရပ်, အိမ်, ရထား, သင်္ဘောများ၌ လူ၊ သာမဏေ၊ တိရစ္ဆာန်တစ်ဦးဦးက (အိပ်ပျော်ပျော်+ မပျော်ပျော်) ဦးခေါင်းချခိုက် ရဟန်းကလည်း ဦးခေါင်းချလိုက်လျှင် သဟသေယျာ (တကွအိပ်ခြင်း) ဖြစ်တော့၏။ ဦးခေါင်းမချဘဲ ထိုင်၍ အိပ်နေလျှင်လည်းကောင်း, ကုလားထိုင်ပေါ်၌ ခြေထောက်နှစ်ဖက်ကို ကြမ်းပြင်ပေါ်ထိစေလျက် အိပ်လျှင်လည်းကောင်း သဟသေယျာမဖြစ်။

သဟသေယျ ဟင်းလေးအိုး

ထိုကဲ့သို့ အရဏ်တက်အောင် (၃)ညဉ့်အပြည့် အိပ်လျှင်ကား (၄) ရက်နေ့နေဝင်လျှင် လူ, သာမဏေ တိရစ္ဆာန်ရှိရာ (သဟသေယျလောက် သော) ကျောင်း စသည်၌ ဦးခေါင်းမချရ။ ဦးခေါင်းချသည်နှင့် တစ်ပြိုင်နက်အာပတ်သင့်၏။ ထိုဦးခေါင်းချပြီးနောက် (အရဏ်မတက်ခင် ထစေကာမူ) အာပတ်မှ မလွတ်တော့ပြီ။ (၅) ရက်နေ့နေဝင်လျှင် လူ စသည်ရှိရာ ကျောင်း၌ ဦးခေါင်းချလျှင် သဟသေယျအာပတ်ဆက်ပြန်၏။ ဤနည်းအတိုင်း လူ, သာမဏေရှိရာကျောင်း၌ ဆက်ကာဆက်ကာ အိပ်နေလျှင် (အရဏ်မတက်ခင် ထသော်လည်း) အာပတ်အဆက်မပြတ်ချေ။ ဤကဲ့သို့ အဆက်မပြတ်သော အာပတ်ကို သဟသေယျ ဟင်းလေးအိုးဟု ခေါ်ရိုးပြု ကြသည်။

သဟသေယျ ဖြတ်နည်း

ဤအဆက်မပြတ်နိုင်သော သဟသေယျအာပတ်ကို ဖြတ်လိုလျှင် နေဝင်ပြီးနောက် လူ စသည်ရှိရာကျောင်း၌ ဦးခေါင်းမချမိစေဘဲ

http://www.dhammadownload.com

လူစသည် မရှိရာ(ရဟန်းရှိလျှင် ရှိပစေ) ကျောင်း၌ဖြစ်စေ၊ လွင်ပြင်၌ဖြစ်စေ အိပ် ရမည်။ ဤသို့အိပ်လျှင် သဟသေယျအဆက်ပြတ်၍ နောက်ထပ်(၃)ည၌ လူစသည်နှင့်အတူ အရဏ်တက်အောင် အိပ်ခွင့်ရသေး၏။



ဒုတိယ သဟသေယျသိက္ခာပုဒ်

လူ, သာမဏေ စသည် မရှိမှန်းသိ၍ အိပ်လည်း အာပတ်–

ဤသဟသေယျနှစ်ပါးသည် အစိတ္တက ဖြစ်သောကြောင့် မာတုဂါမ, လူ, သမဏေစသည်တို့ ရှိမှန်းမသိ၍ ဝင်ရောက်အိပ်လျှင်လည်းကောင်း၊ မိမိနေရာအရပ်သို့ မာတုဂါမ စသူတို့ မိမိမသိဘဲ ဝင်ရောက်အိပ်လျှင်လည်းကောင်း ဆိုင်ရာ သဟသေယျ အာပတ်များသင့်တော့သည်သာ။

မာတုဂါမ– အရ

အောက်ထစ်ဆုံးအားဖြင့် ထိုတစ်မိုးတစ်ရံတည်းသောကျောင်း၌ အတူ အိပ်ရာနေ့ဝယ် မွေးဖွားစသော မိန်းမကို အစပြု၍ မိန်းဖအားလုံးကို ယူရမည်။ (၁၃၂၈–ခုနှစ် အကြီးတန်း)

သဟသေယျ သိက္ခာပုဒ်နှစ်ပုဒ် အထူး

ပထမသဟသေယျသိက္ခာပုဒ်၌ (၄)ည၌မြောက်၌ အိပ်မှသာ အာပတ် သင့်၍ ဒုတိယသဟသေယျ သိက္ခာပုဒ်၌မူ ပထမည၌ အိပ်လျှင်ပင် အာပတ်သင့်ပါသည်။ ဤသို့ ထူးပါသည်။



http://www.dhammadownload.com

ဓမ္မဒေသနာသိက္ခာပုဒ်

မာတုဂါမ–အရ

ဒုဋ္ဌုလ္လဝါစာ, အဒုဋ္ဌုလ္လဝါစာကို ခွဲခြားသိနိုင်သော မိန်းမ။

ဝိညူပုရိသဟူသည်

ဒုဋ္ဌုလ္လဝါစာ, အဒုဋ္ဌုလ္လဝါစာကို ခွဲခြားသိနိုင်သော ယောကျ်ား။

မာတုဂါမအား အများဆုံးဟောနိုင်သောတရား

၆–ခွန်း, ၅–ခွန်း။

အနုပညတ်

အညတြ ဝိညုနာ ပုရိသဝိဂ္ဂဟေန။

မြန်မာဘာသာ စသည်ဖြင့် တရားဟောမှု

ဓမ္မ–အရ ပါဠိ, အဋ္ဌကထာ ဓမ္မများကို ယူရသောကြောင့် မြန်မာ ဘာသာ စသည်ဖြင့် တရားဟောလျှင် အာပတ်မသင့်။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ စသည်ဖြင့် သီလပေးမှု

ဓမ္မဒေသနာသဘောမဟုတ်သောကြောင့် အပြစ်မရှိ။

ဆဟ္ဗဝါစာဟိ–၌ ပဋ္ဌဆည့်ကျိုး

ဝါစာသိလိဋ္ဌ အကျိုးငှာ။

ဆဟ္ဗဝါစာဟိ–၌ စကားခွန်းရေတွက်ပုံ

ဂါထာရွတ်၍ဟောရာဝယ် တစ်ပါဒလျှင် တစ်ခွန်းကျ၊ စုဏ္ဏိယဖြင့် ဟောရာဝယ် တစ်ဝိဘတ်ဆုံးလျှင် တစ်ခွန်းကျ ရေတွက်ရမည်။

http://www.dhammadownload.com

အာပတ်မသင့်အောင် မိန်းမတစ်ယောက်အား ၆-ခွန်း ထက်ပို၍ တရားဟောနည်း

၁။ ၆-ခွန်းပြည့်တိုင်း ကျရိယာပုတ်ပြောင်း၍ ဟောရမည်။

၂။ တတ်သိနားလည်သောယောကျ်ားကို အနီးအနား၌ထား၍ ဟောရမည်။

ပြဿနာမေးလျှင် ဟောကောင်း

မာတုဂါမက "ဒီဃနိကာယ်ဆိုတာ ဘယ်လိုအကြောင်းအရာကို ပြသော နိကာယ်ပါလဲဘုရား" စသည်ဖြင့်မေးလျှင် ဒီဃနိကာယ် ပါဠိတော် အဋ္ဌကထာအားလုံးပင် ဟောကောင်းသည်။ ဤသို့မမေးဘဲ ဟောလျှင်သာ ၆-ခွန်းထက်ပိုရာ၌ အာပတ်သင့်သည်။



ဘူတာရောစန သိက္ခာပုဒ်

အနုပသမ္မန္ဒ-အရ

လူ, သာမဏေတို့ကို ယူရမည်။

မိမိစျာန်မဂ်ဖိုလ်ရကြောင်း ပြောကောင်းသောပုဂ္ဂိုလ်

ဥပသမ္မန္ဒဖြစ်သော ရဟန်းနှင့်ရဟန်းမ

စျာန်မဂ်ဖိုလ် ပြောသည့် အပြစ်များ

၁။ ဟုတ်မှန်သော် ပါစိတ်။

၂။ မဟုတ်မှန်သော် ပါရာဇိက။



http://www.dhammadownload.com

ဒုဋ္ဌုလ္လရောစန သိက္ခာပုဒ်

ဘိက္ခုသ-အရ

ပါရာဇိကမကျသော ရဟန်းကိုယူပါ။ (၁၃၅၅-ခု အကြီးတန်း)

အနုပသမ္မန္န-အရ

လူ, သာမဏေတို့ကို ယူရမည်။

အနုပညတ်

အညတြ ဘိက္ခုသမ္မုတိယာ။

ဒုဋ္ဌုလ္လ-အရ

နောင်ရှောင်ကြဉ်ရန် လူတို့အား ပြောခွင့် သမ္မုတိအားထောက်သာ အားဖြင့် သံဃာဒိသေသ်ကိုသာ ယူရမည်။

ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်လာ ဒုဋ္ဌုလ္လနှင့် ဒုဋ္ဌုလ္လာရောစန သိက္ခာပုဒ်ဟာ ဒုဋ္ဌုလ္လတို့အထူး

ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်၌ ဝစ္စမဂ်, ပဿာဝမဂ်, မေထုန်နှင့်စပ်ယှဉ်ဖြင့် ရုန့်ရင်းကြမ်းတမ်းသော စကားကို ဒုဋ္ဌုလ္လဟုခေါ်ပါသည်။ ဒုဋ္ဌုလ္လာရော စန သိက္ခာပုဒ်၌မူ ရုန့်ရင်းကြမ်းတမ်းသော သံဃာဒိသေသ်ပတ်ကို ဒုဋ္ဌုလ္လ ဟုခေါ်ပါသည်။ ဤသို့ ထူးပါသည်။

(၁၃၃၈-ခု အလတ်တန်း)

ဩပတ်သည့်ပုံ

ပြော-ဟူရာ၌ ဥုးတိသသည် သံဃာဒိသေသ် အာပတ်သည့်၏ ဒု အာပတ်ကိုသာပြောသည်ဖြစ်စေ၊ ဥုးတိသသည် သုက္ကဝိသဋ္ဌိ

http://www.dhammadownload.com

အမှုကို ပြု၏ဟု ဝတ္ထုကိုသာ ပြောသည်ဖြစ်စေ အာပတ်မသင့်သေး။ ဥုးတီဿသည် သုက္ကဝိဿဋ္ဌိအမှုကို ပြုသောကြောင့် သံဃာဒိသေသ် အာပတ်သင့်၏ဟု ဝတ္ထုနှင့်အာပတ်ကို တွဲစပ်၍ ပြောမှသာ ပါစိတ် အာပတ်သင့်သည်။

ဒုက္ကဋ် အာပတ်

၁။ ရဟန်း၏ အောက်အာပတ်များကို ပြောမှု။

၂။ သာမဏေ၏ လွန်ကျူးမှုကို ပြောမှု။

သာမဏေများ၏ ဒုဋ္ဌုလ္လနှင့် အဒုဋ္ဌုလ္လ

၁။ ဒုဋ္ဌုလ္လ = သာမဏေများ၏ ပါဏာတိပါတ စသော ရှေး ၅-ပါးကို လွန်ကျူးခြင်း။

၂။ အဒုဋ္ဌုလ္လ = ဝိကာလဘောဇန စသည်နှင့် သုက္ကဝိဿဋ္ဌိ စသောအမှုကို လွန်ကျူးခြင်း။

ဥမ္မတ္တကရဟန်းများ အာပတ်မှ လွတ်လပ်ခွင့်မရသော သိက္ခာပုဒ်

ဘူတာရောစန သိက္ခာပုဒ် ဖြစ်ပါသည်။



ပထဝီခန္ဏ သိက္ခာပုဒ်

မြေတူးရုံသာမက ပေါက်ခွဲခြင်းစသည် မလုပ်ကောင်း

ခဏနကြိယာကို ဥပလက္ခဏနည်းသောအားဖြင့် ဆိုထားသော ကြောင့် တူးခြင်းတစ်မျိုးသာမက ပေါက်ကွဲခြင်း, ခြစ်ခြင်း, မီးတိုက်ခြင်း စသော ဖျက်ဆီးမှုအားလုံး မလုပ်ကောင်းပါ။

http://www.dhammadownload.com

ပထဝီ(၂)မျိုး

၁။ ဇာတပထဝီ ၂။ အဇာတပထဝီ။

ပထဝီ - အရ

ဇာတ ပထဝီကို ယူရမည်။

ဇာတပထဝီစာရင်းဝင်ရာကာလ

မြေမှုန့်, ခြတောင်ပို့, ပန်းအိုးဥ်ထည့်ထားသော မြေများသည် ပထမတစ်ကြိမ် မိုးစွတ်ပြီးနောက် ၄-လကြာလျှင် ဇာတပထဝီစာရင်းဝင်သည်။

မအပ်သောမြေ တူးခိုင်းနည်း

ဤမြေကိုတူးစမ်း, ဤတွင်းကိုတူးစမ်း, ဤမြေကိုခွဲစမ်း, ဖောက်စမ်း, ဖြိုဖျက်စမ်း, မီးတိုက်စမ်း စသည်ဖြင့် မြေကို တိုက်ရိုက် ညွှန်ပြ၍ ခိုင်းခြင်းသည် မအပ်သော ခိုင်းခြင်းတည်း။

အပ်သော မြေတူးခိုင်းနည်း

ဤတွင်းကို ဤမြေကို ကပ္ပိစမ်း, သိစမ်း, ဤမြေဖြင့် အလိုရှိသည်, ဤမြေကိုယူခဲ့စမ်းပါ စသောခိုင်းခြင်းများသည် အပ်သောခိုင်းခြင်းတည်း။ နေရာကို မသတ်မှတ်ဘဲ မြေပေါက်လိုက်, တွင်းတူးလိုက် စသော ခိုးခြင်းများဥ်လည်း အာပတ်မသင့်ပါ။ သို့ရာတွင် ကပ္ပိစမ်း၊ သိစမ်း စသော အသုံးများကိုသာ သုံးမိအောင် သတိပြုရမည်။

http://www.dhammadownload.com

ဘူတဂါမဝဂ်

ဘူတဂါမသိက္ခာပုဒ်

ဗီဇဂါမ်နှင့် ဘူတဂါမ်အထူး

မျိုးစေ့အပေါင်းကို ဗီဇဂါမ်ဟုခေါ်၍ သစ်ပင်အပေါင်းကို ဘူတဂါမ်ဟု ခေါ်သည်။

ဗီဇဂါမ်သရုပ်

၁။ မူလ = အမြစ်၊
၂။ ခန္ဓ = ပင်စည်၊
၃။ ဖဋ္ဌု = အဆစ်၊
၄။ အဂ္ဂ = အညွှန့်၊
၅။ ဗီဇ = အစေ့။

[ဆောင်]။ ။ မြစ်-ဆစ်-ပင်စည်, ညွှန့်-စေ့မှိ, ငါးလီဗီဇဂါမ်။
ဖျက်လေသမျှ, ဒုက္ကဋ, မုချသင့်ရမှန်။

ဗီဇဂါမ်နှင့် ဘူတဂါမ်အခွဲ

ထိုမျိုးစေ့ကို စိုက်ပျိုးသောအခါ အမြစ်သာထွက်၍ အညွှန့်မထွက်သေးလျှင် လည်းကောင်း၊ အညွှန့်သာထွက်၍ အမြစ်မထွက်သေးလျှင် လည်းကောင်း ဗီဇဂါမ်ပင်တည်း။ အမြစ်,အညွှန့်နှစ်မျိုးလုံးထွက်လျှင်ကား ဘူတဂါမ်တွင် ပါဝင်လေပြီ။

သောက်ရေအိုးအပြင်ဘက်က ရေညှို

ဗီဇဂါမ်တွင် ပါဝင်သောကြောင့် ပွတ်တိုက်ဆေးလျှင် ဒုက္ကဋ်သင့်သည်။

http://www.dhammadownload.com

မအပ်သောခိုင်းနည်း

"ဤသစ်ပင်ကို ဖြတ်စမ်း, ခုတ်စမ်း, လှဲစမ်း, ချိုင်စမ်း, ဤသစ်သီးကို ဆွတ်စမ်း, ငရုတ်သီးကြက်သွန် စသည်ကို ထောင်းစမ်း, ချက်စမ်း, အပင်ပေါက်မည့်ကြံ စသည်ကို ဖြတ်စမ်း" စသော ခိုင်းခြင်းသည် မအပ်သော ခိုင်းခြင်းဖြစ်၍ အာပတ်သင့်၏။ ထိုတွင် သစ်ပင်ကား ဘူတဂါမ်, ငရုတ်သီး စသော အပင်မှ လွတ်ပြီး မျိုးစေ့ကား ဗီဇဂါမ်တည်း။

အပ်သောခိုင်းနည်း

"ဤသစ်ပင်ကို သိစမ်း, ကပ္ပိစမ်း, ဤငရုတ်သီးကို ကပ္ပိစမ်း"စသော ပထဝီခနဏသိက္ခာပုဒ်၌ ပြခဲ့သောခိုင်းနည်းကာ အပ်သောခိုင်းနည်းတည်း။

၂-ကြိမ်ကပ္ပိရမှု

အပ်သောခိုင်းနည်းဖြင့် သစ်ပင်, သစ်သီး, ကြံကိုဆွတ်ခြင်း, ခုတ် ခြင်းကို ပြုစေပြီးသည့်အခါ ဘူတဂါမ်အဖြစ်မှ ကင်းခဲ့လေပြီ။ သို့သော် နောက်ထပ် အပင်ပေါက်ဦးမည်ဖြစ်လျှင် ဗီဇဂါမ်ဖြစ်နေ သောကြောင့် ထိုဗီဇဂါမ် သစ်ပင်,သစ်သီး, ကြံ စသည်ကို ရဟန်း များသုံးဆောင်ကောင်းလောက်အောင် (ဗီဇဂါမ်ကို ဖျက်ဆီးရာ မရောက်အောင် "ကပ္ပိခြင်း"ခေါ် ဝိနည်းကံတစ်ခုကို ပြုရသေးသည်။)

ကပ္ပိနည်း အမျိုးမျိုး

၁။ မီးတိုက်ခြင်း။ ၂။ ဓားဖြင့်ခုတ်ခြင်း။ ၃။ လက်သည်း, ခြေသည်း တို့ဖြင့် ဆိတ်ဖြတ်ထိုးဖောက်ခြင်း။ ၄။ နဂိုအစေ့နှုန်း အပင်မပေါက်နိုင်ခြင်း။ ၅။ သရက်သီးမှည့်စသည်ကဲ့သို့ အစေ့ကို

http://www.dhammadownload.com

ထုတ်၍ ပစ်ခြင်းများတည်း။ ဤ ၅-မျိုးလုံးပင် ရဟန်းတို့အား အပ်သောအသုံးအနှုန်းများ ဖြစ်သောကြောင့် "ကပ္ပ"ဟု ခေါ်သည်။

ကပ္ပိယံ

သူ၏မျိုးစေ့မှ အပင်ပေါက်လောက်သော သစ်သီး, ကြံတို့ကို စား လိုလျှင် ရဟန်းက "ကပ္ပိယံ+ကရောဟိ"ဟု ဆိုပြီးနောက် လူသာမဏေက "ကပ္ပိယံ+ ဘန္တေ"ဟုဆိုလျက် (ဆိုတုန်းဖြစ်စေ, ဆိုပြီးချက်ချင်း ဖြစ်စေ) မီးဖြင့်သော်လည်း ထိုး, ဓားဖြင့်သော်လည်း ခုတ်, လက်သည်းဖြင့် သော် လည်း ဆိတ်ရမည်။ ဓား, လက်သည်းဖြင့် ထိုးခုတ်ဆိတ်ဖြတ်ရာ၌ ထက်ပိုင်း မပြတ်ဘဲ ဓားရာ, လက်သည်းရာ အပေါက် အပြတ် ထင်ရှားလျှင် အပ်ပြီ။ ထက်ပိုင်းပြတ်လျှင်ကား ဆိုဖွယ်ရာမရှိပြီ။



အညဝါဒက သိက္ခာပုဒ်

ပါစိတ် ၂-ချက်

အညဝါဒကကြောင့် ပါစိတ် ၁-ချက်, ဝိဟေသကကြောင့် ပါစိတ် ၁-ချက်သင့်သည်။

အညဝါဒက ဟူသည်

မေးမြန်းအပ်သောအကြောင်းကို မဖြေလိုသဖြင့် ထိုစကားကို အခြား စကားဖြင့် ဖုံးလွှမ်းပစ်ခြင်းတည်း။

ဝိဟေသက ဟူသည်-

ဆိတ်ဆိတ်နေလျက် သံဃာကို ညှဉ်းဆဲခြင်း။

http://www.dhammadownload.com

အနုပညတ်

ဝိဟေသကေ ဖြစ်ပါသည်။

ပါစိတ်, ဒုက္ကဋ်ခွဲခြားချက်

ကံ မပြုသေးခင် အညဝါဒက အမှု, ဝိဟေသက အမှုကိုပြုလျှင် ဒုက္ကဋ်သင့်၍ ကံပြုပြီးနောက် ပြုလျှင်မူ ပါစိတ်သင့်သည်။



ဥဇ္ဈာပနက သိက္ခာပုဒ်

ဥဇ္ဈာပနက ဟူသည်

မိမိမုန်းသူ၏ အကြောင်းကို အခြားရဟန်းတို့အထံသို့သွား၍ အထင် သေး အမြင်သေးဖြစ်အောင် တိုက်ရိုက်ပြောခြင်းတည်း။

ခိယျနကဟူသည်

"ရှင်ဒဗ္ဗသည် ဆန္ဒာဂတိလိုက်၏" စသောစကားကို တစ်စုံတစ်ယောက်ထံသို့ တိုက်ရိုက်ကား သွား၍ မပြော။ သို့သော် ထိုထို စကားများကို ကြားလောက်အောင် (ကြားလောက်သည့် နေရာတို့၌) မိမိတို့အပေါင်းအဖော်ချင်း မုန်းသူ၏ အပြစ်တို့ကို အတင်းပြောခြင်း, မကောင်းသတင်း လွှင့်ခြင်းသည် ခိယျနက မည်၏။

အနုပညတ်

ခိယျနကေဖြစ်ပါသည်။

ပါစိတ် ၂-ချက်

ဥဇ္ဈာပနကကြောင့် ၁-ချက်သင့်၍ ခိယျနကကြောင့် ၁-ချက် သင့်သည်။

http://www.dhammadownload.com

ပါစိတ်, ဒုက္ကဋ် ခွဲခြားချက်

သမ္မုတိရသောရဟန်းအား ကဲ့ရဲ့ရှုတ်ချမှသာ အာပတ်သင့်သည်။ သမ္မုတိမရသော ရဟန်းနှင့်လူသာမဏေတို့၏ မဟုတ်မှန်သော အပြစ်ကို ပြောလျှင်မူ ဒုက္ကဋ်သာသင့်သည်။



ပထမသေနာသနသိက္ခာပုဒ်

လွင်တီးခေါင်၌ ပစ်မထားကောင်းသော သံဃိကအခင်းများ-

ညောင်စောင်း, အင်း, ပျဉ်, ဘုံလျှို, ခတ်အခင်း။

သာသနာတော်၌ ပစ်မထားကောင်းသော သံဃိက အသုံးအဆောင် ပစ္စည်းများ (ခရီးထွက်မည့် ရဟန်းတော်များ သိမ်းဆည်းထားခဲ့ရမည့် သံဃိကပစ္စည်းများ)

မဉ္စ-ညောင်စောင်း၊ ပီဌ- အင်းပျဉ်၊ ဘိသိ-ဘုံလျှို၊ ကောစ္ဆ-ခတ်အခင်း၊ သေယျ-အိပ်ရာနေရာတို့ ဖြစ်ပါသည်။

ရဟန်းတော်များခင်းပြီးနောက် ပြန်လည်သိမ်းဆည်းရမည့် သံဃာ့ အသုံးအဆောင်ပစ္စည်းများ

ပဌမ သေနာသန သိက္ခာပုဒ်ကို ထောက် ၍ ညောင်စောင်း၊ အင်းပျဉ်း၊ ဘုံလျှို၊ ခတ်အခင်း၊ ဒုတိယ သေနာ သန သိက္ခာပုဒ်ကို ထောက်၍ အိပ်ရာနေရာ။

သံဃာပိုင် ညောင်စောင်း အင်းပျဉ်ကို လွင်တီးခေါင်၌ အသုံးပြုပြီး အရပ်တစ်ပါးသို့ ဖဲသွားသော ရဟန်း၏ ကျင့်ဝတ်

ထိုသံဃာပိုင် ညောင်စောင်း၊ အင်းပျဉ်းကို အရပ်တစ်ပါးသို့

http://www.dhammadownload.com

ဖဲသွားလိုလတ်သော် ကိုယ်တိုင်မူလည်း ရုပ်သိမ်းသွားရမည်၊ သူတစ်ပါး ကိုမူလည်း ရုပ်သိမ်းစေရမည်၊ ပန်ပြောရှိလည်း သွားရပါမည်။

ဘိသိဟူသည်

အပြင်က အဝတ် (သို့မဟုတ်) သမင်ရေစသော အပ်သောသားရေကို ချုပ်ပြီးလျှင်အတွင်း၌ အစာသွတ်ထားသော (ထိုင်စရာ,အိပ်စရာ) ဖုံမွေ့ရာ အမျိုးမျိုးကိုကို ဘိသိ=ဘုံလျှို ဟုခေါ်သည်။

(၁၃၅၃-ခု, ၁၃၅၅-ခု အကြီးတန်း)

ကောစ္ဆ ဟူသည်

အလယ်၌ အတွင်းသို့ ကျုံ့ဝင်၍ အထက်အောက်ပြန့်ကျယ်သော အခင်းတစ်မျိုးကို ကောစ္ဆဟု ခေါ်သည်။ (၁၃၅၅-ခု အကြီးတန်း)

ခင်းခိုင်းမှုနှင့်တာဝန်

မဉ္စစသည်ကို ရဟန်းကိုယ်တိုင်ခင်းရာ၌ ကိုယ့်တာဝန်ဖြစ်ကြောင်းမှာ ဆိုဖွယ်ရာမရှိ။ လူသာမဏေများကို အခင်းခိုင်းရာ၌လည်း ကိုယ့်တာဝန်ပင်ဖြစ်၍ ထိုနေရာမှ ထသွားသည့်အခါ ကိုယ်တိုင်သော်လည်း ရုပ်သိမ်း, တစ်ယောက်ယောက်ကိုသော်လည်း အသိမ်းခိုင်း, (သို့မဟုတ်) အလုပ်ဝတ္တရား ကိုလေးစားစောင့်ရှောက်မည့် ကပ္ပိယ, သာမဏေ ရှိလျှင် တစ်ဦးဦးထံ အပ်နှံ၍သော်လည်း သွားရမည်။



ဒုတိယ သေနာသန သိက္ခာပုဒ်

သေယျာသရုပ်

၁။ ဘိသိ = ဘုံလျှို၊
၂။ စိမိလိကာ = အဝတ်ကြမ်း၊
၃။ ဥတ္တရတ္ထရဏ = အပေါ်လွှမ်းအခင်း၊

http://www.dhammadownload.com

၄။ ဘူမတ္ထရဏာ = မြေအခင်း၊
၅။ တဋ္ဋိကာ = ဖျာကြမ်း၊
၆။ ဓမ္မခဏ္ဍော = သားရေပိုင်း၊
၇။ နိသီဒန = နိသီဒိုင်၊
၈။ ပစ္စတ္ထရဏာ = သီးခြားအခင်း၊
၉။ တိဏသန္ထာရ = မြက်အခင်း၊
၁၀။ ပဏ္ဏသန္ထာရ = သစ်ရွက်အခင်း

(ဆောင်) ဘိသိ စိမိလိကာ စေဝ၊ ဥတ္တရတ္ထရဏံပိစ၊
ဘူမတ္ထရဏံ တဋ္ဋိကာ၊ ဓမ္မခဏ္ဍော နိသီဒနံ။
ပစ္စတ္ထရဏံ စ တိဏ–သန္ထာရော ပဏ္ဏသန္ထာရော၊
ဒသယိမာ သေယျာ ဝုတ္တာ၊ မုနိနာဒိစ္စဗန္ဓုနာ။

သံဃိကကျောင်း၌ ခင်းပြီးနောက် သွားလိုသော ရဟန်း၏ တာဝန်

(၃) ရပ်

၁။ ကိုယ်တိုင် ရုပ်သိမ်းရခြင်း၊
၂။ အခြားသူကို ရုပ်သိမ်းခိုင်းရခြင်း၊
၃။ ပန်ပြောရ၍ သွားရခြင်း။

အနာပုစ္ဆံ ဝါ–၌ ပန်ကြားရမည့်သူများ

ရဟန်း, သာမဏေ, အာရာမိကောင့်, ကျောင်းဒကာ။

မှတ်ချက်။ ။ ကျောင်းတွင်း မဟုတ်ဘဲ အခြားမလုံခြုံသောနေရာ၌ ကျောင်းမပျက်၊ အခင်းများသာ ပျက်သောကြောင့် ဒုက္ကဋ်။ (ခြင်္သေ့တက်မည်ဟု မထင်ရ၊ မိုးလည်းလုံသောကျောင်းမှ သွားရာ၌ကား မသိမ်းမပန်ဘဲ သွားခြင်းကြောင့် အာပတ်မသင့်ပါ။ သို့ရာတွင် ရုပ်သိမ်း၍သွားခြင်းမှာ ဝတ္တရားဖြစ်သည်။)

http://www.dhammadownload.com

အနုပခဒ္ဓသိက္ခာပုဒ်

သံဃိကကျောင်း၌ တိုးဝှေ့၍ နေရာလုသောရဟန်း၏ ရည်ရွယ်ချက်

ဤကဲ့သို့ နေလိုက်လျှင် ကျဉ်းကျပ်မှုဖြစ်လိမ့်မည်၊ ကျဉ်းကျပ်ပါက နေရာက ထွက်သွားလိမ့်မည်ဟူသော ရည်ရွယ်ချက်မျိုး ဖြစ်ပါသည်။ သာဓက–ယဿ သမ္မာမော ဘဝိဿတိ၊ သောပက္ကမိဿတိ။

မကျန်းမာ၍ မထေရ်ကြီးနေထိုင်ရာ သံဃိကကျောင်းပေါ်၌ ကပ်ဝင်နေထိုင်သော ရဟန်းအား အပြစ်ရှိ/ မရှိ

ကျပ်တည်းကျဉ်းမြောင်းစေလိုသော စေတနာမရှိသောကြောင့် အပြစ် မရှိပါ။

ဇာနံ–အရ နေရာမှ မထစေထိုက်သူများ

၁။ မိမိထက် သိက္ခာကြီးသူ၊

၂။ ဂိလာန၊

၃။ သံဃာမှာ ကျေးဇူးများသဖြင့် (သို့မဟုတ်) ဂုဏ်ထူးရှိသဖြင့် သီးခြား နေရာပေးထားသူ။ (၁၃၅၂–ခုအကြီးတန်း)

[ဆောင်]။ ။ သိက္ခာကြီးစွာ, ဂိလာနနှင့် , သံဃာကျေးဇူး, ဂုဏ်အထူးကြောင့်, အထူးရကြ, နေရာမှ, မထသွားစေထိုက်။

အနုပခဒ္ဓ–အရ အကွာအဝေး

ဝါကြီးသူတို့နေရာ ခုတင်၏ပတ်ပတ်လည် တစ်ထောင့်ထွာဥပစာ။

အာပတ်သင့်ပုံ အစီအစဉ်

ဤ၌ ထခြင်း, ထိုင်ခြင်း, ၂–မျိုးလုံးပင် သေယျာဟု ခေါ်၏။ ထို့ကြောင့် ဥပစာအတွင်းဝင်၍ အိပ်ရာနေရာခင်းလျှင် ဒုက္ကဋ်, ထို့နောက်

http://www.dhammadownload.com

ထိုင်လျှင် ပါစိတ်တစ်ချက်သင့်, အိပ်လျှင် ပါစိတ် ၁-ချက်သင့်၏။ ထ၍ ထ၍ ထိုင်မှ, အိပ်မှ အကြိမ်များသလောက်လည်း ပါစိတ်အာပတ်များ တိုးပွားသည်။

ရဟန်း၏စိတ်ထား ယုတ်မာပုံပြပါဠိ

ယသ သမ္မာဓော (ပ) အနည်။



နိဂ္ဂုမုန သိင်္ဂါပုဒ်

အာပတ်သင့်စေသော နှင်ထုတ်မှု

တရားသဖြင့် နေသူကို နှင်ထုတ်မှသာ ပါစိတ် အာပတ်သင့်သည်။

အပြစ်ရှိ+မရှိ

ခိုက်ရန်ပြုတတ်သော ရဟန်းများနှင့် ထိုသူတို့ ပရိက္ခရာကိုကား သံဃိက တစ်တိုက်လုံးမှ နှင်ထုတ်သော်လည်း အနာပတ္တိ။ အလဇ္ဇီရဟန်းသာမဏေနှင့် ကောင်းမွန်စွာဆုံးမသည်ကို မလိုက်နာသော ရဟန်းသာမဏေများကိုမူ မိမိနေရာ သံဃိကကျောင်းတစ်ကျောင်းမှသာ နှင်ထုတ်နိုင်ခွင့်ရှိ၏။ တစ်တိုက်လုံးမှကား နှင်ထုတ်ခွင့် မရှိ။ မိမိနှင့် အကျွမ်းဝင်သူ မဟုတ်သော သူများပိုင် ပုဂ္ဂလိကကျောင်းမှ နှင်ထုတ်မှုနှင့် လူသာမဏေကို လည်းကောင်း, ရဟန်းပစ္စည်းနှင့် လူသာမဏေ၏ ပစ္စည်းများကိုလည်းကောင်း ဆွဲထုတ်မှုတို့၌ ဒုက္ကဋ်။

မိမိကိုယ်ပိုင်ကျောင်းမှ သဘောမကျသူကို နှင်ထုတ်မှု

မိမိနှင့် အကျွမ်းဝင်သူ၏ကျောင်းမှ စိတ်ဆိုး၍ နှင်ထုတ်ရာ၌

http://www.dhammadownload.com

အနာပတ္တိဟုဆို၏။ သို့ဖြစ်လျှင် မိမိပိုင် ပုဂ္ဂလိကကျောင်းမှ သဘော မကျသူ ဟူသမျှကို နှင်ထုတ်ခြင်းကြောင့် အနာပတ္တိဟု သိသာပြီ။

ဝေဟာသကုဋိသိက္ခာပုဒ်

အဘယ်သို့သော သံဃိကကျောင်းမျိုးဌ် ထားအပ်သော အဘယ်သို့သော ညောင်စောင်း၊ အင်းပျဉ်များပေါ်ဌ် မထိုင်ရမအိပ်ရပါသနည်း။

အထက်ဆင့်တွင် ဟင်းလင်းအပြင်ရှိသော သံဃိကကျောင်းမျိုးဌ် ထားအပ်သော အပေါင်ဌ်သွင်းအပ်သော အခြေရှိသော ညောင်စောင်း၊ အင်းပျဉ်များပေါ်ဌ် မထိုင်ရ၊ မအိပ်ရပါ။

ဝေဟာသကုဋိဟူသည်

နှစ်ထပ်၊ သုံးထပ်စသည် ဆောက်လုပ်ထားသော သံဃိကကျောင်းဌ် ဒုတိယ၊ တတိယ အထပ်များတွင် ကြမ်းမခင်းရသေးမီ ဟာလာဟင်းလင်းဖြစ်နေသော ကျောင်းကို ဆိုလိုပါသည်။

သံဃိကော–ပါသော သိက္ခာပုဒ် ၃ ပုဒ်

၁။ ဒုတိယသေနာသန၊ ၂။ အနုပခဋ္ဌ၊ ၃။ ဝေဟာသကုဋိ။

သံဃိကကျောင်းဌ် လိုက်နာရမည့် စည်းကမ်းချက်များ

သံဃိကကျောင်းဌ် အိပ်ရာခင်းကို ကိုယ်တိုင်ခင်း၍လည်းကောင်း၊ သူတစ်ပါးကို ခင်းစေ၍လည်းကောင်း ဖဲသွားလိုလတ်သော် ထိုအခင်းကို ကိုယ်တိုင်မူလည်း မထုတ်ဆောင်၊ သူတစ်ပါးကိုမူလည်း မထုတ်ဆောင်စေဘဲ မပန်ပြောမူ၍မသွားရခြင်း၊ မထသွားစေထိုက်မှန်းသိလျက် “ရဟန်းအား အနေအထိုင် ကျဉ်းကျပ်ခြင်းဖြစ်ကာ ထွက်သွားလိမ့်မည်”ဟူသော ရည်ရွယ်ချက်ဖြင့် မိမိရှေ့ကပ်ဝင်နေ

http://www.dhammadownload.com

သော ရဟန်းကို မပန်ပြောဘဲ မအိပ်ရခြင်း၊ အထက်အဆင့်တွင် ဟင်းလင်းအပြင်ရှိသော ကုဋီ၌အဘောင်၌ အခြေတပ်သော ညောင်စောင်း အင်ပျဉ်ကိုဖြ၍ မအိပ်ရ, မထိုင်ရခြင်းတို့ ဖြစ်ပါသည်။



မဟာလွကဝိဟာရသိက္ခာပုဒ်

အင်္ဂတေ, မြေညက် အထပ်ထပ်လိမ်းခြင်း၏ ရည်ရွယ်ချက်

၁။ တံခါးရွက်၊ တံခါးပေါင်များ မလှုပ်ရှားစေရန်၊
၂။ လေသောက်ပြူတင်းတံခါးရွက် ခိုင်မြဲစေရန်။

အမိုးလုပ်နိုင်ရာ အရပ်နှင့် လုပ်နိုင်ရာအထပ်

အရပ်–စိမ်းစိုသောကောက်ပဲ မရှိရာအရပ်၊
အထပ်– ၂–ထပ်, ၃–ထပ်။

အင်္ဂတေ အထပ်ထပ်သုတ်လိမ်းရမည့်အရပ်

တံခါးပေါင်၏ ၂–တောင့်ထွာ ဟတ္ထပါသ်။

ကျောင်းကြီးကြီး ဆောက်လုပ်လိုသော ရဟန်းလိုက်နာရမည့် ဆောင်ရွက်ချက်များ

၁။ တံခါးပေါင်၏ ထက်ဝန်းကျင် (၂)တောင့်ထွာ အရပ်တိုင်အောင် တံခါးရွက်, တံခါးပေါင်တို့ကို မလှုပ်ရှားအောင်ထားခြင်းငှာလည်းကောင်း၊ လေသောက်ပြတင်း တံခါးရွက်ကို ခိုင်မြဲအောင်ပြုခြင်းငှာ လည်းကောင်း အထပ်ထပ်လိမ်းကျံနိုင်သည်။

၂။ အမိုး၏ဝန်းကျင် လှည့်ပတ် (၂)ထပ်, (၃)ထပ်ကို စိမ်းစိုသောကောက်ပဲမရှိရာ အရပ်၌တည်လျက် စီမံနိုင်သည်။

(၁၃၅၀–ခု အကြီးတန်း)

http://www.dhammadownload.com

အာပတ်သင့်ရခြင်းအကြောင်း

၂-ထပ်၊ ၃-ထပ်တိုး၍ စီမံသောကြောင့် ကောက်ပဲသီးနှံ မရှိရာအရပ်၌ ရပ်လျက် စီမံစေကာမူ သုဒ္ဓပါ စိတ် အာပတ်သင့်ပါသည်။



သပ္ပါဏက သိက္ခာပုဒ်

ဥဒက်-အရ

သစ်ရွက် သစ်ခက်စသည် ထည့်လိုက်လျှင် ရေနောက်သွားသဖြင့် ပိုးကလေးများ သေဖွယ်ရှိသော နည်းနည်းပါးပါး ရေကို ယူရမည်။ မြစ်, ချောင်း, ကန်ကြီးများဝယ် များစွာရှိသောရေ၌ကား ထိုမြက်စသည် ထည့်၍ ပိုးမသေနိုင်။



http://www.dhammadownload.com

ဘိက္ခုနောဝါဒကဝဂ်

ဩဝါဒသိက္ခာပုဒ်

အသမ္မတောဟူသည်

ဥတ်ကမ္မဝါစာဖြင့် ဘိက္ခုနောဝါဒကအဖြစ် အသမုတ်မခံရသော ရဟန်း။

အာပတ်သင့်ပုံ

ဂရုမမ်ပါဠိကို ရွတ်၍ဆုံးမမှသာ ပါစိတ်အာပတ်သင့်သည်။ အခြား ပါဠိကို ရွတ်၍ ဆုံးမရာ၌ကား ဒုက္ကဋ် အာပတ်သာသင့်သည်။

ဘိက္ခုနောဝါဒကသမ္မုတိ ပေးခံရမည့် အင်္ဂါများ

၁။ ပါတိမောက္ခ သံဝရသီလ ရှိခြင်း၊
၂။ ပိဋကတ ဗဟုသုတရှိခြင်း၊
၃။ ဥဘတောဝိဘင်းနှင့် ပါတိမောက်ကို နှုတ်တက်ရခြင်း၊
၄။ ကောင်းသောစကားလုံးနှင့် ကောင်းသောအသံရှိခြင်း၊
၅။ ဘိက္ခုနီသံဃာ(အားလုံးမဟုတ်သော်လည်း) . အများ၏ အကြည်ညိုခံရခြင်း၊
၆။ ဘိက္ခုနီတို့ကို တရားဟော စွမ်းနိုင်ခြင်း၊
၇။ ရှေးလူဘဝတုန်းက ဘိက္ခုနီတို့၌ ကာယသံသဂ္ဂ၊ သိက္ခာမာန်, သာမဏေမတို့၌ မေထုန်အမှုကို မပြုဖူးခြင်း၊
၈။ ဝါ ၂၀-ရှိခြင်း။

(ဆောင်) သီလဝါ ဗဟုသုတော စ၊ သွာဂတော စ သုဝါစကော၊
ပိယော ပဋိဗလောစာပိ၊ နဇ္ဈပနွော စ ဝိသတိ။

http://www.dhammadownload.com

(ဆောင်) သီလ–ဗဟု၊ နှုတ်တက်မှု၊ ကောင်းသူ့အသံတွေ။
ကြည်ညို–ဟောစွယ်၊ မေ–နှစ်ဆယ်၊ ရှစ်ဖွယ် အင်္ဂါတွေ။

ယခုခေတ်၌ ဘိက္ခုနီမများ မရှိတော့၍ ပါတိမောက်ပြဂၢ၌ သြဝါဒ ဝဂ်ကို ရွတ်ဆိုသင့်/ မရွတ်ဆိုသင့်

ရွတ်ဆိုသင့်ပါသည်။ သာဓက –ဧတ္တကံ တဿ ဘဂဝတော သုတ္တာဂတံ သုတ္တပရိယာပန္နံ အနွဒ္ဓမာသံ ဥဒ္ဒေသံ အာဂစ္ဆတိ၊ တတ္ထ သဗ္ဗေဟေဝ သမဂ္ဂေဟိ သမ္မောဒမာနေဟိ အဝိဝဒမာနေဟိသိက္ခိတဗ္ဗံ။

ဘိက္ခုနီမတို့ကို ဆုံးမသြဝါဒ ပေးနိုင်ခွင့်ရှိသောရဟန်း

သမ္မုတိရ သော ရဟန်းဖြစ်သည်။

ပေးနိုင်ခွင့်မရှိသောရဟန်း

သမ္မုတိ မရသောရဟန်းဖြစ်ပါသည်။

မပေးသင့်သော အချိန်

နေဝင်ရာအခါ ဖြစ်ပါသည်။

မပေးသင့်သော နေရာ

ဘိက္ခုနီမကျောင်း ဖြစ်ပါသည်။

ဆုံးမနိုင်သည့်အချိန်

နေမဝင်မီအချိန်ဖြစ်ပါသည်။

ဘိက္ခုနီတို့အား သြဝါဒပေးမှုနှင့် စပ်လျဉ်း၍ လိုက်နာရမည့် ဝိနည်း ဥပဒေ

(၁)သြဝါဒ သိက္ခာပုဒ်အရ–သမ္မုတိမရဘဲ ဘိက္ခုနီတို့ကို သြဝါဒမပေးရ၊ (၂)အတ္ထင်္ဂတ သိက္ခာပုဒ်အရ သမ္မုတိ ရထားသော်

http://www.dhammadownload.com

လည်း နေဝင်သည့်တိုင်အောင် ဘိက္ခုနီတို့ကို ဩဝါဒမပေးရ၊ (၃) ဘိက္ခု နုပဿယ သိက္ခာပုဒ်အရ–ဘိက္ခုနီကျောင်းသို့ သွားရောက်၍ ဘိက္ခု နီမတို့ကို ဩဝါဒမပေးရ။



အတ္ထဂ်တ သိက္ခာပုဒ်

အထူး

ဤသိက္ခာပုဒ်၌ ဂရုဓမ်တရားသာမက အခြားတရားဖြင့် ဩဝါဒ ပေးလျှင်လည်း ပါစိတ် အာပတ်ပင်။



ဘိက္ခုနုပဿယ သိက္ခာပုဒ်

အနုပညတ်

အညတြ သမယာ။

ဩဝဒေယျ–ဒ္ဒ ဩဝါဒ–အရ

ဂရုဓမ်တရားကိုသာ ယူရမည်။

ဂိလာနာ ဘိက္ခုနီဟူသည်

အဆုံးအမခံရန်ဖြစ်စေ, ကံကြီးကံငယ်ပြုရန်ဖြစ်စေ မသွားနိုင်လောက်အောင် မကျန်းမာသူ။

ဘိက္ခုနီမကျောင်းသို့ သွားပြီး ဆုံးမသင့်ရာအခါ

ဘိက္ခုနီမ မကျန်းမာရာအခါဖြစ်ပါသည်။ သာဓက–ဂိလာနာ ဟောတိ ဘိက္ခုနီ။

http://www.dhammadownload.com

ပါစိတ် ၃-ချက် တစ်ပြိုင်နက်သင့်ပုံ

သမ္မုတိလည်းမရ, နေလည်းဝင်, ဘိက္ခုနီကျောင်းသို့လည်း သွား၍ ဂရုဓမ်တရားဖြင့် ဩဝါဒပေးလျှင် ပါစိတ် ၃-ချက်သင့်၏။

ဩဝါဒ, အတ္ထင်္ဂတ, ဘိက္ခုနုပဿယ သိက္ခာပုဒ်တို့၌ လာသော ဩဝဒေယျတို့အထူး

ဩဝါဒ, ဘိက္ခုနုပဿယ သိက္ခာပုဒ်များ၌ ဂရုဓမ်ရှစ်ပါးဖြင့် ဆုံးမခြင်း ကို ဩဝဒေယျဟု ဆိုသည်။ အတ္ထင်္ဂတ သိက္ခာပုဒ်၌မူ ဂရုဓမ် ရှစ်ပါးဖြင့် ဖြစ်စေ, အခြားတရားဖြင့် ဖြစ်စေ ဆုံးမခြင်းကို ဩဝဒေယျဟု ဆိုပါသည်။ ဤသို့ ထူးပါသည်။



အာမိသ သိက္ခာပုဒ်

အာပတ်အဆုံးအဖြတ်

၁။ သမ္မုတိရသောရဟန်းကို ကဲ့ရဲ့လျှင် ပါစိတ်၊

၂။ သမ္မုတိ မရသောဘိက္ခုနှင့် ရဟန်းဘဝတုန်းက သမ္မုတိ ရဖူးသော သာမဏေ, သမ္မုတိမရဖူးသော သာမဏေများကို ကဲ့ရဲ့လျှင် ဒုက္ကဋ်။

ထေရာ ဘိက္ခု-အရ

ဘိက္ခုနောဝါဒက သမ္မုတိရပြီး၍ ဝါတော် (၂၀)ရပြီးသော မထေရ် ရဟန်းများကို ယူရမည်။ (၁၃၅၄-ခု အကြီးတန်း)



http://www.dhammadownload.com

စီဝရဒါန သိက္ခာပုဒ်

အနုပညတ်

အညတြ ပါရိဝတ္တကာ။

စီဝရဒါနသိက္ခာပုဒ် ၂ ခု အထူး

ဘိက္ခုစီဝရဒါန သိက္ခာပုဒ်သည် လဲလှယ်မှုကိုကြဉ်၍ ဆွေမျိုးမတော်သော ဘိက္ခုနီမအား သင်္ကန်းပေးခြင်းကြောင့် သုဒ္ဓပါစိတ် အာပတ်သင့်ပါသည်။ ဘိက္ခုနီ စီဝရဒါန သိက္ခာပုဒ်ကား အိမ်နေသူလူ, ပရိဗိုဇ်ယောကျ်ား မိန်းမတို့အား ကပ္ပဗိန္ဒု ထိုးအပ်သော ရဟန်းတို့၏ သင်္ကန်းကို ပေးခြင်းကြောင့် သုဒ္ဓပါစိတ် အာပတ်သင့်ပါသည်။ ဤသို့ထူးပါသည်။

နိဿဂ္ဂိလာ စီဝရပဋိဂ္ဂဟဏနှင့် ဤသိက္ခာပုဒ်အထူး

စီဝရ ပရိဂ္ဂဟဏသိက္ခာပုဒ်၌ ဘိက္ခုက ခံယူသူ ဖြစ်၍ ဤသိက္ခာပုဒ်၌မူ ဘိက္ခုနီမက ခံယူသူ ဖြစ်ပါသည်။ ဤသို့ထူးပါသည်။

စီဝရသိပ္ပန သိက္ခာပုဒ်

စီဝရ-အရ

ဝတ်လောက်ရုံလောက်သော သင်္ကန်းကို ယူရမည်။

အာပတ်သင့်ချိန်

အပ်တစ်ချက် နှုတ်တိုင်း နှုတ်တိုင်း ပါစိတ် ၁-ချက်သင့်သည်။

ဆွေမျိုးတော်သော ဘိက္ခုနီ၏ သင်္ကန်းကို ချုပ်ပေးကောင်း

အညာတိကာယ-ကို ထောက်၍ ချုပ်ပေးကောင်းသည်။

http://www.dhammadownload.com

သံဝိဓာန သိက္ခာပုဒ်

သံဝိဓာယ–၌ တိုင်ပင်လျှင် အာပတ်မသင့်သောနေရာ

ရဟန်းကျောင်း, ဘိက္ခုနီ, တိတ္ထိတို့ကျောင်း အိပ်ရာနေရာများသည် ကပ္ပိယဘူမိ(အပ်သောနေရာ)ဖြစ်၍ ထိုနေရာတို့၌နေ၍ စီစဉ်လျှင် စီစဉ်မှု ကြောင့် အာပတ်မသင့်သေး။ အခြားနေရာ လမ်းဆုံးလမ်းမ စသည်၌နေ၍ စီစဉ်လျှင်ကား စီစဉ်မှုသက်သက်ကြောင့် ဒုက္ကဋ် အာပတ်သင့်၏။

တိုင်ပင်လျှင် အာပတ်သင့်သောနေရာ

လမ်းဆုံးလမ်းမ စသည်။

ဘိက္ခုနီမတို့နှင့် တိုင်ပင်၍ အတူခရီးသွားကောင်းရာအခါ

(၁) သတ္ထ ဂမနီယ – လမ်းခရီးသည် အဖော်ကုန်သည်နှင့်တကွ သွားသင့်ရာအခါ၊ (၂) သာသင်္ကသမ္မတ – လမ်းခရီးသည် ယုံမှားဘွယ်ရှိ၏ဟု သမုတ်အပ်သောအခါ၊ (၃) သပ္ပဋိဘယ – လမ်းခရီးသည် ဘေးရန်နှင့်တကွဖြစ်သောအခါတို့ဖြစ်ပါသည်။

ခိုးသားဓားပြပေါ်၍ ငါတို့လည်း အတိုက်ခံရမည်လား – ဟု သံသယစိတ်ရှိလျက် ဘိက္ခုနီနှင့်ချိန်းဆို၍ ဘုရားဖူးအတူ သွားသော ရဟန်းတော်အား အပြစ်သင့်နိုင်/ မသင့်နိုင်

သာသင်္ကသပ္ပဋိဘယဖြစ်သောကြောင့် အပြစ်မသင့်နိုင်ပါ။

ဧကတော ဘိက္ခုနီမနှင့်အတူ ဘုရားဖူးသွားသော ရဟန်းအား သင့်ရောက်သောအာပတ်

သပ္ပါဏကဝဂ် သံဝိဓာန သိက္ခာပုဒ်အရ သုဒ္ဓပါစိတ်အာပတ် သင့်ပါသည်။

P.30.B

http://www.dhammadownload.com

ဥဘတော ဘိက္ခုနီမနှင့် အတူ ဘုရားဖူးသွားသော ရဟန်းအား သင့်ရောက်သောအာပတ်

ဩဝါဒဝဂ် သံဝိဓာန သိက္ခာပုဒ်အရ သုဒ္ဓပါစိတ် အာပတ်သင့်ပါသည်။

အဒ္ဓါနမဂ္ဂဟူသည်

အနည်းဆုံး ယူဇနာဝက် ခရီး။

အာပတ်သင့်ပုံ

ရွာချင်းမနီးသော တောလမ်းခရီးဖြစ်လျှင် မူလရွာမှထွက်၍ တစ်ယူဇနာဝက် အလွန်တွင် အာပတ်သင့်၏။ (ထွက်စက အာပတ်မသင့်သေး) ရွာချင်းနီးသော ခရီးဖြစ်လျှင်ကား (ရွာချင်းကပ်စေကာမူ) မိမိရွာမှထွက်၍ အခြားတစ်ရွာ၏ (အများသတ်မှတ်ထားအပ်သော) ဥပစာသို့ ဝင်မိလျှင် ပထမခြေလှမ်းဒုက္ကဋ်, ဒုတိယခြေလှမ်း ပါစိတ် အာပတ်သင့်၏။

အနုပညတ်

အညတြ သမယာ။



နာဝါဘိရုဟန သိက္ခာပုဒ်

အာပတ်သင့်+မသင့်

"မည်သည့်နေ့ရက်၊ မည်သည့်အချိန်၊ မည်သည့်လေ့ကို(သင်္ဘော ပါ) စီးကြစို့"ဟု ဘိက္ခုနီမနှင့် သဘောတူချိန်းချက်၍ ဆန်လေ့စုန်လေ့ တစ်စင်းစင်း ကို စီးလျှင် ပါစိတ် အာပတ်သင့်၏။ ဟိုဘက်ကမ်းနှင့် သည်ဘက်ကမ်းကို ဖြတ်ကူးရုံကား ကူးကောင်းသည်။

http://www.dhammadownload.com

မြစ်အတွင်း ဘိက္ခုနီနှင့် နှစ်ဦးအတူ သင်္ဘောစီးသော်လည်း အပြစ်မသင့်ရာအခါ

ဖီလာ(ကန့်လန့်) ဖြတ်ကူးရာအခါ ဖြစ်ပါသည်။

မြစ်အတွင်း စီးကောင်းသောလှေ

မြစ်ကို ဖီလာကန့်လန့်ဖြတ်သွား သောလှေ။

အနုပညတ်

အညတြ သမယာ။

ပရိပါစိတ သိက္ခာပုဒ်

ဘိက္ခုနီမ စီမံသော ဆွမ်းဟုသိလျက် ထိုဆွမ်းကို ရဟန်းတော်များ စားကောင်းသောအခါ

ဘိက္ခုနီ မစီမံမီ လူတို့ဘာသာ စီမံအပ်သော ဆွမ်းဖြစ်ပါသည်။

အနုပညတ်

အညတြ ပုဗ္ဗေ ဂိဟိသမာရမ္ဘာ။

ဂိဟိ သမာရမ္ဘ ဟူသည်

ဘိက္ခုနီမ မစီမံမီ လူတို့ဘာသာ စီမံအပ်သော ဆွမ်း။

ဘိက္ခုနီပရိပါစိတ ဟူသည်

ဟိုဟာထည့်လော့, သည်ဟာခတ်လော့ စသည်ဖြင့် ကောင်းအောင် စီမံခြင်းမျိုးမဟုတ်။ ဘိက္ခုနီတို့သည် မိမိတို့အကျွမ်းဝင်ရာ အိမ်သူအိမ်သားများကို "မည်သည့်ရဟန်းအားလှူကြ"ဟု စီမံတတ်ကြ

http://www.dhammadownload.com

သည်။ ထိုစီမံနှိုးဆော်အပ်သောဆွမ်းကို "ဘိက္ခုနိုပရိပါစိတ"ဟု ခေါ်သည်။

ပိဏ္ဍပါတံ-အရ

ဘောဇဉ် ၅-ပါးတို့ကို ယူရမည်။

ဩဝါဒဝဂ် ရဟောနိသဒ္ဓ သိက္ခာပုဒ်နှင့် အလားတူသောသိက္ခာပုဒ်များ

၁။ ဒုတိယ အနိယတ၊

၂။ အစေလကဝဂ် ရဟောနိသဒ္ဓ။

(ယင်းသို့ အလားတူသော်လည်း အကြောင်းဝတ္ထု ဖြစ်ပေါ်လာခြင်း၏ အစွမ်းဖြင့် ထပ်မံပညတ်တော်မူခြင်းဖြစ်သည်။)



ဘောဇနဝဂ်
အာဝသထပိဏ္ဍ သိက္ခာပုဒ်

အာဝသထ- အရ

ခရီးသွားနေ့သည်တို့ လာရောက်တည်းခိုရာ ဧရပ်စသည်ကို ယူရပါမည်။

ဂိလာန ဟူသည်

ယူဇနာခရီးဝက်မျှကို ဆက်၍ မသွားနိုင်သူ။ (၁၃၅၅-ခု အကြီးတန်း)

အာဝသထပိဏ္ဍကို စားနိုင်သည့်ရက်

ဂိလာနမဟုတ်လျှင် တစ်နေ့စာသာ စားနိုင်သည်။ ဂိလာနဖြစ်လျှင်မူ နောက်ရက်များ၌လည်း စားနိုင်သည်။

http://www.dhammadownload.com

အာဝသထ ပိဏ္ဍာဟူသည်

ခရီးသွားစသူတို့ လာရောက်တည်းခိုရာ ဇရပ်စသည်၌ ဝတ်တည်ထား အပ်သောဆွမ်း။

ယခုခေတ် အာဝသထပိဏ္ဍာ

ယခုခေတ်ကြီးကျယ်သော ဘုရားပွဲ သွားလမ်းများ၌ ဆောက်လုပ်ထား သော စတုဒိသာ မဏ္ဍပ်များဝယ် ထားအပ်သော စားဖွယ်သောက်ဖွယ်များ။

ပိဏ္ဍာ–အရ

ဘောဇဉ် (၅)ပါးလုံးကို ယူရမည်။



ဂဏဘောဇန သိက္ခာပုဒ်

ဂဏဘောဇဉ်ဟူသည်

လူတို့က အပ်သောနည်းဖြင့် ပင့်ဖိတ်၍ လေးပါး, လေးပါး ထက်အလွန် ဖြစ်သော ရဟန်းတို့ တစ်ပေါင်းတည်း ရအပ်သောဆွမ်း၊ မအပ်သော နည်းဖြင့် တောင်း၍ ရအပ်သော ဆွမ်းကို ခေါ်ပါသည်။

ဂဏ ဘောဇန–၌ ဂဏ–အရ

၄–ပါးမှစ၍ အထက် ရာ, ထောင်စသော ရဟန်းများကို ယူရမည်။

မအပ်သော ပင့်ဖိတ်နည်း

တစ်စုတစ်ဝေးတည်း နေသည်ဖြစ်စေ, ကိုယ့်နေရာနှင့်ကိုယ် သီးခြား နေသည်ဖြစ်စေ ရဟန်း ၄–ပါး စသူတို့ထံသွား၍ "ဩဒနေန

http://www.dhammadownload.com

နိမန္တေ မိ–ထမင်းဖြင့် ဖိတ်မန်ပါ၏"ဟု အရပ်သုံး, လူသုံးစကားဖြင့် လျှောက်ခြင်း။

အပ်သော ပင့်ဖိတ်နည်း

"ပိဏ္ဍပါတေန နိမန္တေမိ–ဆွမ်းဖြင့် ဖိတ်မံပါ၏"ဟု ဘုန်းကြီးသုံး စကားဖြင့် လျှောက်ခြင်း။

ခံယူပုံ

ဘောဇဉ်ကို ရဟန်း ၄–ပါးစသူတို့ အတူတကွခံယူမှသာ ဂဏဘောဇဉ်အစစ် ဖြစ်သည်။ စားလျှင် ဆွမ်းလုပ်တိုင်း ပါစိတ်သင့်သည်။

ဂဏဘောဇဉ်ကို အပြစ်လွတ်အောင်ကျင့်နည်း

ပယ်သာလျှင် ပယ်ရမည်။ မပယ်သာလျှင် သုံးပါးစီ ခံယူကာ အခြားတစ်နေရာသို့ သွား၍ စားသောက်နိုင်သည်။

ဂိလာနသမယဟူသည်

ဆွမ်းခံမသွားနိုင်လောက်အောင် မကျန်းမမာဖြစ်ရာအခါ။

စီဝရဒါန သမယဟူသည်

၁။ ကထိန်အာနိသင်မရလျှင် ကထိန်သင်္ကန်း လှူဒါန်းရာ သီတင်းကျွတ် လပြည့်ကျော် ၁–ရက်နေ့မှ တန်ဆောင်မုန်းလပြည့် အထိ တစ်လ။

၂။ ကထိန် အာနိသင်ရလျှင်မူ တပေါင်းလပြည့်တိုင်အောင် ၅–လ။

စီဝရကာရ သမယဟူသည်

အများဝိုင်း၍ သင်္ကန်းချုပ်ရာ, ဆိုးရာအခါ။

http://www.dhammadownload.com

အဒ္ဓါနမဂ္ဂသမယော–၌ အဒ္ဓါနဟူသည်

တစ်ယူဇနာဝက် ခရီး။

သမဏဘတ္တ သမယော–၌ သမဏဟူသည်

သီတင်းသုံးဖော် ၅–ဦးနှင့် ပရိဗိုဇ်ရသေ့များ။

မဟာသမယနှင့် သမဏဘတ္တသမယအထူး

ရွာထဲ၌ ရဟန်းလေးပါးဆွမ်းခံ၍ မမျှတရာအခါသည် မဟာသမယမည်၍ သီတင်းသုံးဖော် ၅–ဦးနှင့် ရသေ့, ပရိဗိုဇ်များက ဘတ္တဟူသောအမည်ဖြင့် ပင့်ဖိတ်၍ ကျွေးမွေးရာအခါသည် သမဏဘတ္တ မည်ပါသည်။ (၁၃၅၃– ခု အကြီးတန်း)

ဂဏဘောဇဉ် စားသင့်ရာအခါများ

(၁)ဂိလာနသမယ–နာဖျား ရာအခါ၊ (၂)စီဝရဒါန သမယ–သင်္ကန်းလှူသောအခါ၊ (၃)စီဝရကာ ရသမယ–သင်္ကန်းချုပ်ဆိုးရာအခါ၊ (၄)အဒ္ဓါဂမနသမယ–အဝွန့်ရှည်သော ခရီးကို သွားရာအခါ၊ (၅)နာဝါဘိရုဟန သမယ– လှေစီးရာအခါ၊ (၆)မဟာသမယ–များစွာသော ရဟန်းတို့စည်းဝေးရာအခါ၊ (၇)သမဏဘတ္တ သမယ–ရဟန်း တို့၏ ဆွမ်းလှူရာအခါတို့ ဖြစ်ပါသည်။

နဟာန သိက္ခာပုဒ်၌သာ ပါဝင်၍ ဂဏဘောဇန သိက္ခာပုဒ်၌ မပါဝင်သော သမယ

ဥဏှသမယ၊ ပရိဠာဟ သမယ၊ ကမ္မသမယ၊ ဝါတဝုဋ္ဌိ သမယတို့ ဖြစ်ပါသည်။

http://www.dhammadownload.com

ဂဏဘောဇန သိက္ခာပုဒ်လာ အနုပညတ် ၇-ပါး

၁။ ဂိလာန သမယော၊
၂။ စီဝရဒါန သမယော၊
၃။ စီဝရကာရ သမယော၊
၄။ အဒ္ဓါနမဂ္ဂ သမယော၊
၅။ နာဝါဘိရုဟန သမယော၊
၆။ မဟာ သမယော၊
၇။ သမဏဘတ္တ သမယော၊

မှတ်ချက်။ ။ ဤ ဂဏဘောဇန သိက္ခာပုဒ်သည် အနုပညတ်အများဆုံး သိက္ခာပုဒ် ဖြစ်ပါသည်။

[ဆောင်]။ ဂိလာ-ဒါန၊ ကာ-အဒ္ဓါ၊ နာဝ-မဟာယေ၊
သမဏစွက်၊ ဂဏတွက်၊ ဟောချက် နုပညေ။



ပရမ္မရဘောဇန သိက္ခာပုဒ်

ပရမ္မရဘောဇဉ်ဟူသည်

မအပ်သောနည်းဖြင့် ရှေးရှေးပင့်ဖိတ်သော ဘောဇဉ်မှတစ်ပါး နောက်နောက်ပင့်ဖိတ်သော ဘောဇဉ်ကို ခေါ်သည်။

အာပတ်သင့်ပုံ

ဂိလာနသမယစသောအခါ၌ ရသူလည်း မဟုတ်၊ ဝိကပ္ပနာလည်း မပြုဘဲ နောက်နောက် ဖိတ်မံသူ၏ ဘောဇဉ်ကို အလျင်စားလျှင် ဆွမ်းလုပ်တိုင်း ပါစိတ်သင့်သည်။

ပရမ္မရဘောဇဉ်ကို စားနိုင်ရာအခါများ

၁။ ဂိလာန သမယ၊

http://www.dhammadownload.com

၂။ စီဝရဒါန သမယ၊
၃။ စီဝရကာရ သမယ၊ (၁၃၅၃-ခု အလတ်တန်း)

ဂိလာန သမယော-၌ ဂိလာနဟူသည်

တစ်ထိုင်တည်း၌ ဝအောင် မစားနိုင်သော ပုဂ္ဂိုလ်။

ပရမ္မရ ဘောဇဉ်ကို အာပတ်မသင့်အောင် စားနည်း

ပထမ ဖိတ်မံထားသော ဘောဇဉ်ကို ဝိကပ္ပနာပြု၍ စားရပါမည်။

ပရမ္မရဘောဇဉ်ကို သမ္မုခါဝိကပ္ပနာပြုပုံ

အနီးအပါးရှိ မိမိနှစ်သက်ရာ သီတင်းသုံးဖော် ငါးဦးတွင် တစ်ဦးဦးအား "မယုံ ဘတ္တ ပစ္စာသံ တုယှံ ဒမ္မိ=ငါ၏ မည်သည့် ဒါယကာဘက်၌ ဆွမ်း မျှော်လင့်ဖွယ်ကို သင့်အား လှူဒါန်းပါ၏" ဟုဆို၍ ပေးရမည်။

ပရမ္မရဘောဇဉ်ကို ပရမ္မုခါဝိကပ္ပနာပြုပုံ

မိမိပေးလိုက်သူက အဝေးမှာရှိလျှင် "မယုံ ဘတ္တ ပစ္စာသံ ကတ္ထန္နာ မဿ ဒမ္မိ" ဟုဆို၍ ပေးရမည်။

ပရမ္မရဘောဇဉ်နှင့် ဂဏဘောဇဉ်အထူး

မအပ်သောနည်းဖြင့် ဖိတ်လျှင် တစ်ပါးတည်းပင့်သည်ဖြစ်စေ၊ အများပင့်သည်ဖြစ်စေ နောက်နောက် ဘောဇဉ်များ ပရမ္မရဘောဇဉ် ဖြစ် နိုင်သည်။ ရှေ့ဂဏဘောဇနကား တစ်ပါးတည်းပင့်ရာ၌ မဖြစ်ပါ။ ဤသို့ ထူးပါသည်။ (၁၃၃၇-ခု အကြီးတန်း)

http://www.dhammadownload.com

ကာဏမာတာသိက္ခာပုဒ်

ပူဝ–အရ

လက်ဆောင်ပေးရန် စီမံအပ်သောမုန့်။

(၁၃၃၂–ခု အကြီးတန်း, ၄၁–ခု အလတ်တန်း)

မန္ထ–အရ

လမ်းခရီး၌ ရိက္ခာအကျိုးငှာ စီမံအပ်သောမုန့်လုံး, မုန့်မှုန့်, နှမ်းလုံး, ဆန်လုံး, သက်သက်အားလုံး။

(၁၃၃၂–ခု အကြီးတန်း၊ ၄၁–ခုအလတ်တန်း)

ပူဝ, မန္ထ တို့ဖြင့် ဖိတ်မံခံရလျှင် ခံယူရမည့်အတိုင်းအတာ

၂–သပိတ်, ၃–သပိတ်ပြည့် ခံယူနိုင်သည်။

ပူဝ, မန္ထ တို့ကို ၂–သပိတ်, ၃–သပိတ် အပြည့်ခံယူသော ရဟန်း၏ လိုက်နာရမည့်ကျင့်ဝတ်

ထိုခံယူရာအရပ်မှ ထုတ်ဆောင်၍ ရဟန်းတို့နှင့်အတူ ဝေဖန်၍ စား ရမည်။ (၁၃၃၂–ခု, ၅၅–ခု အကြီးတန်း, ၅၀–ခု အလတ်တန်း)

ဝေဖန်ပုံ (လောကုတ္တရတရားအားလျော်သော ကျင့်ဝတ်)

၁။ ၃–သပိတ်ပြည့်ခံယူသူသည် ၁–သပိတ်ကို မိမိအတွက်ထား၍ ၂–သပိတ်ကို ဝေဖန်ရမည်။

၂။ ၂–သပိတ်ပြည့်သာ ခံယူသူသည် ၁–သပိတ်ကို ဝေဖန်ရမည်။

၃။ ၁–သပိတ်ပြည့်သာ ခံယူသူကား ဝေဖန်စရာ မလိုပါ။

http://www.dhammadownload.com

ပထမပဝါရိတ သိက္ခာပုဒ်

ဘောဇဉ် ၅-ပါးသရုပ်

၁။ သြဒနော=ထမင်း၊
(လက်ဖြင့်ကော်၍ရသော ယာဂုအပျစ်သည်လည်း သြဒနတွင် ပါဝင်သည်။)
၂။ သတ္တု=ဆန်မုန့်၊
၃။ ကုမ္မာသော=မုယောမုန့်၊
၄။ မစ္ဆ=ငါး၊
၅။ မံသ=နွားသားစသည်။ (၁၃၄၁-ခု အလတ်တန်း)

[ဆောင်] သြဒနော သတ္တု ကုမ္မာသော၊ မစ္ဆော မံသဉ္စ ဘောဇနံ။

ပဝါရိတ်အင်္ဂါ ၅-ပါး

၁။ စားဆဲဖြစ်ခြင်း၊
၂။ ဘောဇဉ် ၅-ပါးတွင် တစ်ပါးပါးဖြစ်ခြင်း၊
၃။ ပေးသူက နှစ်ထောင့်ထွာ ဟတ္ထပါသ်အတွင်းသို့ ရောက်ခြင်း၊
၄။ ဆောင်ယူခိုက်ဖြစ်ခြင်း၊
၅။ ကိုယ်နှုတ်ဖြင့် ပယ်ခြင်း၊

(၁၃၃၄-ခု, ၅၃-ခု အကြီးတန်း)

[ဆောင်]။ ။ စားဆဲဘောဇဉ်, ဟတ်တွင်းဝင်, ဘောဇဉ်ကို နုတ်မြစ်။ အင်္ဂါ ငါးလီ, စုံပြည့်ပြီ, သင့်ပြီ ပဝါရေတ်။

ပဝါရိတ်သင့်သော် အပြစ်လွတ်အောင်စားနည်းများ

၁။ ဣရိယာပုတ်ကို မဖျက်ဘဲ စားခြင်း၊
၂။ အတိရိတ်ဝိနည်းကံပြု၍စားခြင်း၊
၃။ ဂိလာနဏ်၏စားကြွင်းကို စားခြင်း။

http://www.dhammadownload.com

ပဝါရိတ်သင့်သော ရဟန်းများ စားကောင်းသော ဆွမ်း

အတိရိတ် ဝိနည်းကံပြုထားသော ဆွမ်း၊ ဂိလာန၏ အကျန်ဖြစ်သောဆွမ်းတို့ ဖြစ်ပါသည်။

ဂိလာနာတိရိတ္တဟူသည်

ဂိလာနစားပြီး၍ ကျန်မှသာ မဟုတ်။ ဂိလာနဖို့ ရည်မှန်းအပ်သော ခဲဘွယ်, ဘောဇဉ်ဟူသမျှကို ဂိလာနာတိရိတ္တဟုပင် ဆိုရသည်။

အတိရိတ်ဝိနည်းကံပြုခြင်း၏ အင်္ဂါများ

၁။ အပ်စပ်အောင်ပြုပြီးဖြစ်ခြင်း၊

၂။ အကပ်ခံပြီးဖြစ်ခြင်း၊

၃။ ဝိနည်းဓိုရ်၏ အနီး၌မြှောက်ချီထားခြင်း၊

၄။ ဝိနည်းဓိုရ်၏ ဟတ္ထပါသ်သို့ ရောက်ခြင်း၊

၅။ ဝိနည်းဓိုရ်က အနည်းငယ်ဖြစ်စေ စားပြီးခြင်း၊

၆။ ဝိနည်းဓိုရ်ကိုယ်တိုင်က ပဝါရိတ်သင့်ပြီးသူဖြစ်လျှင် ထိုပဝါရိတ် သင့်ရာ နေရာမှ မထခြင်း။

၇။ ဝိနည်းဓိုရ်က "အလမေတံ သဗ္ဗံ"ဟု ရွတ်ဆိုခြင်း။

[ဆောင်]။ ။ ကပ္ပိယမှန်, အကပ်ခံ၍, ချီပြန်ညွတ်လတ်, ဟတ္ထပါသ်နှင့်, စားလတ်လေဘိ, ပဝါရိမူ, ဣရိမပျက်, နှုတ်ဖြင့်မြွက်လေ, အလမေတံ, သဗ္ဗံခုနှစ်, အင်္ဂါဖြစ်သည်, စင်စစ်တိရိတ် ဝိနည်းနည်း။



F.31.A

http://www.dhammadownload.com

ဒုတိယပဝါရဏာ သိက္ခာပုဒ်

အာပတ်သင့်ပုံ အစီအစဉ်

၁။ ဖိတ်မံခြင်းကြောင့် ဒုက္ကဋ်၊

၂။ စားမျိုတိုင်း ဒုက္ကဋ်များစွာသင့်၍ စားပြီးချိန်၌ ပါစိတ် သင့်သည်။

ဝိကာလဘောဇန သိက္ခာပုဒ်

ကာလ–အရ

ရဟန်းတော်တို့၏ ဆွမ်းဘဉ်းပေးချိန် အချိန်အခါဖြစ်သော အရုဏ်တက် ပြီးမှစ၍ မွန်းတည့်တိုင်အောင် အခါကို ယူပါ။

ဝိကာလ–အရ

မွန်းတည့်ပြီးနောက် အရုဏ်တက်သည့်တိုင်အောင်သောအခါ။

ကာလိက ၄–ပါး

၁။ ယာဝကာလိက = အာရုံတက်ပြီးမှစ၍ မွန်းတည့်တိုင်အောင် စား သောက်ကောင်းသော ဘောဇဉ် ၅–ပါးနှင့် ခဲဖွယ်အားလုံး၊

၂။ ယာမကာလိက = မွန်းတည့်ပြီးနောက် အရုဏ်မတက်မီ သောက် ထိုက်သော ဖျော်ရည်များ၊

၃။ သတ္တာဟ ကာလိက = ဘေသဇ္ဇသိက္ခာပုဒ်လာ ထောပတ် စသော ဆေး ၅–မျိုး၊

၄။ ယာဝဒီဝိက = တစ်သက်တာလုံး စားသုံးကောင်းသော ဆား, ချင်း စသည်။

http://www.dhammadownload.com

ဖျော်ရည် ၈-မျိုး

၁။ သပြေသီး၊ ၂။ သရက်သီး၊ ၃။ မုဒရက် (သပျက်)သီး၊ ၄။ ဖက်သက်သီး၊ ၅။ သစ်မည်ဆီသီး၊ ၆။ တောငှက်ပျောသီး၊ ၇။ အိမ်ငှက်ပျောသီး၊ ၈။ ကြာစွယ်။

[ဆောင်]။ ။ သပြေ-သရက်, မုဒရက်, ဖက်သက် သစ်မည်ဆီ။ တော အိမ်ငှက်ပျော, ကြာစွယ်နှော, မှတ်လော ရှစ်ဖျော်ရည်။

အနုလောမ ဖျော်ရည်များ

မန်ကျည်းဖျော်ရည်, ဆီးဖျော်ရည်, ရှောက်ဖျော်ရည်, လိမ္မော်ဖျော်ရည် စသည်။

ယာမကာလိကနှင့် ယဝကာလိကဖျော်ရည်

ရေစိမ်းဖြင့် ပြုလုပ်ထားသော ဖျော်ရည်များသာ ယာမကာလိကဖြစ်သည်။ မီးဖြင့်ချက်၍ လုပ်လျှင်မူ အမှုန့်မပါသော်လည်း ယာဝကာလိက ဖြစ်သည်။

ခေတ်ပေါ် ဘိလပ်ရည်စသည်

ရေစိမ်းဖြင့်လုပ်မှသာ ယာမကာလိကဖြစ်၍ ခေတ်ပေါ် ဘိလပ်ရည် စသည်ကား မီးဖြင့်ချက်ထားသောကြောင့် ယာဝကာလိကသာ ဖြစ်သည်။ နေ့လွဲအခါ၌ မသောက်ကောင်းပါ။

ဖျော်ရည်ကို သောက်ကောင်းခြင်းအကြောင်း

နေလွဲအခါ၌ အကြောင်းမဲ့ သက်သက် မသောက်ကောင်း။ မွတ်သိပ် ဆာလောင်နေမှသာ အဆာပြေအောင် သောက်ကောင်းသည်။

http://www.dhammadownload.com

ယာဝဇီဝိက သုံးစွဲခွင့်

အကြောင်းမဲ့သက်သက် မစားကောင်း။ ရောဂါ တစ်စုံတစ်ရာရှိမှ ဆေးအဖြစ်ဖြင့်သာ စားကောင်းသည်။

ယခုခေတ်ချင်းသုပ်

ယခုခေတ်ပေါ် ညချင်း (ဂျင်း)သုပ်များကား ကြက်သွန်, ဆီ, ဆား,ချင်းများကို တစ်ခုစီကြည့်လျှင် သတ္တာဟကာလိကနှင့် ယာဝဇီဝက ချည်းဖြစ်၍ "အပ်၏"ဟု ထင်ဖွယ်ရှိ၏။ သို့သော် ချင်းကို (ပင်ကိုယ်အကြမ်းအတိုင်း မဟုတ်ဘဲ) စားကောင်းအောင် ပြုပြင်ကာ လက်သုတ်တစ်မျိုးဖြစ်အောင် စီမံထားသဖြင့် "ယာဝကာလိက ခဲဘွယ်တွင် ပါဝင်နေပြီ"ဟု ဆရာတို့ ယူဆကြ၏။ ယာဝကာလိကမဟုတ်ဟု ငြင်းစေကာမူ ထိုချင်းသုပ်ကြောင့် ကင်းပျောက်မည့်ရောဂါရှိမှ စားကောင်းမည်။ အကြောင်းမဲ့ဖြစ်စေ, မွတ်သိပ်ဆာလောင်၍ဖြစ်စေ စားလျှင်ကား မည်သည့်နည်းနှင့်မျှ လွတ်လပ်ခွင့် မရ ချေ။ အကပ်ခံလျှင် ဒုက္ကဋ်, မျိုတိုင်း ဒုက္ကဋ်များစွာသင့်သည်။

ယာမ, သတ္တာဟ, ဇီဝိက ၃-ပါးကို အကြောင်းမဲ့ စားသောက်မှု ဒုက္ကဋ်အာပတ်သင့်သည်။



သန္ဓိကာရက သိက္ခာပုဒ်

စွန့်လျှင် သန္ဓိမဖြစ်

အကပ်ခံပြီးနောက် ခဲဘွယ်ဘောဇဉ်များကို လူသာမဏေတို့အား စွန့်ပေးလိုက်လျှင် သန္ဓိမဖြစ်။ မနက်ဖြန် နံနက်၌ သူတို့ သိမ်းထား အပ်သော အာမိသကို သူတို့ထံမှ တစ်ဖန်အကပ်ခံ၍ စားကောင်း၏။

http://www.dhammadownload.com

သို့သော် စွန့်သည့်အခါ၌ကား "အနပေက္ခ ဝိသဇ္ဇန–ထိုအာမိသကို ငါမစားတော့ပြီ"ဟု မငဲ့မကွက် ပေးလိုက်မှသာ စွန့်ရာရောက်သည်။

သပိတ်ပြောင်စင်အောင် မဆေးမှု

သပိတ်, ပန်းကန်တို့၌ ထည့်၍ စားပြီးနောက် စင်ကြယ်စွာ မဆေးလျှင် ဆီစသော အာမိသကလေးများသည် ငြိကပ်ကျန်နေတတ်၏။ သပိတ်, ပန်းကန်တို့၏ ကွဲအက်ကြောင်း၌လည်း ဆီဝင်နေတတ်၏။ ထိုဆီစသော အာမိသတို့သည် မနက်ဖြန် နံနက်ကာလ၌ သန့်ဓိ ဖြစ်ကြလေ၏။ ထိုသန့်ဓိ အာမိသများသည် မနက်ဖြန်နံနက်၌ ဆွမ်းဟူ, ဟင်းဟူနှင့်ရောမိကာ ရဟန်း၏ ခံတွင်းသို့ ဝင်သွားလျှင် သန့်ဓိ အာမိသတို့အတွက် ပါစိတ်အာပတ်သင့်သည်။

ရဟန်းတော်များ မသုံးဆောင်ကောင်းသော သန့်ဓိပစ္စည်းကို ဘိက္ခုနီမများ သုံးနိုင်

ရဟန်းတော်များနှင့် ဘိက္ခုနီမများ၏ သန့်ဓိပစ္စည်းသည် မိမိအတွက် အသီးသီး မအပ်ကြသော်လည်း တစ်ဦးပစ္စည်းက တစ်ဦးအတွက် အပြန်အလှန် အပ်ကြသည်။

သန့်ဓိပစ္စည်း–အရ

ယာဝကာလိက, ယာမကာလိက တို့ကို ယူပါ။



ပဏီတဘောဇန သိက္ခာပုဒ်

ပဏီတဘောဇဉ် ဟူသည်

ထောပတ်စသည်ဖြင့် ရောအပ်သော ထောပတ် ထမင်း, ဆီဦးထမင်း, နွားနို့ထမင်း စသည်များ။

http://www.dhammadownload.com

ပဏီတသရုပ်

သပ္ပိ၊ နဝနီတ၊ တေလ၊ မဓု၊ ဖာဏိတ၊ မစ္ဆ၊ မံသ၊ ခီရ၊ ဒဓိ။

(၁၃၅၅-ခု အလတ်တန်း)

နေမကောင်း၍ တောင်းစားလျှင် အပြစ်မရှိ

အဂိလာနော-ကို ထောက်၍ အပြစ်မရှိပါ။

တောင်းရမ်းခြင်း၏ အပြစ်များ

၁။ ထောပတ်စသည်နှင့်ရောသော ထမင်းကိုတောင်းလျှင် ဤပဏီတ ဘောဇနသိက္ခာပုဒ်အရ ပါစိတ်။

၂။ ထမင်းနှင့်ရောလျက် မဟုတ်ဘဲ ထောပတ်စသော ၅-မျိုးကို ဆေးအတွက်တောင်းလျှင် အစေလကဝဂ် မဟာနာမသိက္ခာပုဒ်အရ ပါစိတ်။

၃။ မစ္ဆ စသော ၄-မျိုးကို တောင်းလျှင်ဖြစ်စေ, ထောပတ်စသည်ကို ဆေးအတွက်မဟုတ်ဘဲ သက်သက်စားလိုလျှင် တောင်းလျှင်ဖြစ်စေ သေခိယလာ သူပေါဒနဝိညတ္တိ သိက္ခာပုဒ်အရ ဒုက္ကဋ်သင့်သည်။ (၁၃၃၃-ခု အကြီးတန်း)

ပဏီတဘောဇဉ်တို့ကို ကျန်းမာရေးကောင်းပါလျက် တောင်းစားသော ရဟန်းအား သင့်ရောက်နိုင်သော အာပတ်

ထောပတ်စသည်ကို ဆေးအတွက် တောင်းလျှင် မဟာနာမသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊ မစ္ဆ၊ မံသ၊ ခီရ၊ ဒဓိ ၄-မျိုးကို တောင်းလျှင် သုပေါဒနဝိညတ္တိ သိက္ခာပုဒ်ဖြင့် ဒုက္ကဋ်အာပတ်၊ ထောပတ်နှင့်ရောသော ပဏီတကို တောင်းလျှင် ပဏီတ ဘောဇနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ် အာပတ် သင့်ပါသည်။

http://www.dhammadownload.com

ပဏီတဘောဇနေ သိက္ခာပုဒ်၌ အာပတ်သင့်ခြင်းအကြောင်း

ပဏီတဘောဇဉ်တို့ကို ဂိလာန မဟုတ်ဘဲ မိမိအတွက် တောင်း၍စားသောကြောင့် သုဒ္ဓပါစိတ်အာပတ်သင့် ရပါသည်။

ဘေသဇ္ဇ, ပဏီတ (၂)မည်ရသော ဘောဇဉ်

ထောပတ်၊ ဆီဦး၊ ဆီ၊ ပျားရည်၊ တင်လဲ။

ပဏီတအမည် (၁)မျိုးသာသော ဘောဇဉ်

ငါး၊ အသား၊ နို့ရည်၊ နို့ခမ်း။

မစ္ဆ–အရ

ရေသတ္တဝါအားလုံးကို ယူရမည်။

မံသ–အရ

အသားကြီး ၁၀–မျိုးမှတစ်ပါး စားကောင်းသောကုန်းသတ္တဝါအားလုံး၏ အသားကို ယူပါ။

ခီရ, ဒဓိတို့အရ

အပ်သောအသားရှိသော ကုန်းသတ္တဝါတို့၏ နို့ရည်, နို့ခမ်းများကို ယူပါ။

ဒန္တပေါန သိက္ခာပုဒ်

အဒိန္နဒုစ်ခု အထူး

ဒုတိယပါရာဇိကဉ် ဥစ္စာရှင်က မပေးအပ်သော ဥစ္စာကို အဒိန္နဟု ဆိုသည်။ ဤသိက္ခာပုဒ်၌မူ မိမိပိုင်ပစ္စည်း ဖြစ်စေကာမူ

http://www.dhammadownload.com

အကပ်မခံအပ်သော အာဟာရကို အဒိန္နဟုဆိုသည်။ ဤသို့ ထူးပါသည်။ (၁၃၅၂-ခု အလတ်တန်း)

အနုပညတ်

အညတြ ဥဒကဒန္တပေါနာ။ (၁၃၃၃-ခု အကြီးတန်း)

အကပ်မြောက် အင်္ဂါ ၅-ပါး

၁။ ကပ်မည့်သူက ရှေးရှုဆောင်ခြင်း၊

၂။ အကပ်ခံမည့်ရဟန်း၏ နှစ်တောင့်ထွာ ဟတ္ထပါသ်အတွင်း၌ ရောက်ခြင်း၊

၃။ အားအလတ်တန်းစားရှိသူ မြှောက်ချီနိုင်သော ဝတ္ထုဖြစ်ခြင်း။

၄။ ကိုယ်ဖြင့်ဖြစ်စေ၊ ကိုယ်နှင့်စပ်သော (ကိုင်ထားသော) ခွက်စသည်ဖြင့်ဖြစ်စေ, ပစ်၍ဖြစ်စေ ဤသုံးမျိုးတွင် တစ်မျိုးမျိုးဖြင့် ကပ်သူက ပေးခြင်း၊

၅။ ကိုယ်၏ အစိတ်အပိုင်းလက်စသည်ဖြင့်ဖြစ်စေ၊ ကိုယ်နှင့်စပ်သော ကိုင်ထားသောခွက်, တုတ်စသည်ဖြင့်ခံ၍ ထိ၍ဖြစ်စေ ဤနှစ်မျိုးတွင် တစ်မျိုးမျိုးဖြင့် အကပ်ခံရသော ရဟန်းက ခံယူခြင်း။

[ဆောင်]။ ။ ရှေးရှုလည်းဆောင်[၁], ၂-ထောင့်ထွာရောက်[၂], မြှောက်နိုင်ဝတ္ထု[၃], သုံးခုပေးခြင်း[၄], ခံခြင်းနှစ်လောက်[၅], ကပ်ခံမြောက်, မှတ်လောက် အင်္ဂါ ငါးပါးတည်း။

နှာခေါင်းပေါက်မှ ပို့က်ဖြင့်သွင်းလည်း အပြစ်ရှိ

မုခဒ္ဒါရအရ ပါးစပ်ပေါက်ကို မယူရ။ အောက်ပိုင်းအဝဖြစ်သော လည်ချောင်းပေါက်က ယူရသောကြောင့် အာဟာရကို ပါးစပ်က

http://www.dhammadownload.com

ဖြစ်စေ, နှာခေါင်းပေါက်ကဖြစ်စေ သွင်းရာ၌ လည်ချောင်းပေါက်၏ အတွင်းရောက်လျှင် မျိုရာရောက်သဖြင့် ပါစိတ်သင့်သည်။

(၁၃၅၂-ခု အကြီးတန်း)

အာဟာရ-အရ

ယာဝကာလိက စသော ၄-ပါးကို ယူပါ။

အကပ်ခံဖွယ် မလိုသော ပစ္စည်းများ

ရေ, ဒန်ပူ။ (၁၃၃၁-ခု အငယ်တန်း)

ဥဒက-အရ

ရထရေဏု ပမာဏရှိသော မြုံမှုန်မပါသည့်ရေကို ယူပါ။

၎င်းရေကို ကာလိက ၄-ပါးမှ အလွတ်ဖြစ်သောကြောင့် အကပ်မခံဘဲ သောက်ကောင်းသည်။

အကပ်မခံဘဲ မသောက်ကောင်းသောရေ

ရထရေဏု ပမာဏရှိသော မြုံမှုန်ပါသည့်ရေသည် အကပ်ခံလောက်သော အာဟာရတွင် ပါဝင်သောကြောင့် အကပ်မခံဘဲ မသောက်ကောင်းပါ။

သူတစ်ပါး အတွက် စားဖွယ်ဆောင်ယူမှု

ခရီးသွားစဉ် မိဘ, သာမဏေများဖို့ အစာကိုကား အကပ်မခံဘဲလည်း ယူသွားကောင်း၏။ မိမိဖို့ဟု ရည်ရွယ်ချက် လုံးဝမပါ, မိဘစသူဖို့သာဟု မိမိစိတ်ကို စင်ကြယ်နိုင်လျှင် ကိုယ်တိုင်ယူခဲ့သော ထိုအစာများကို ရောက်ရာအရပ်၌ အလိုရှိက အကပ်ခံ၍ စားကောင်း၏။

http://www.dhammadownload.com

အကပ်ပျက်ကြောင်းများ

၁။ အာလယပြတ်စွန့်ခြင်း၊
(ထိုသို့စွန့်ရာ၌ လက်ကလွတ်မှ အကပ်ပျက်သည်။)
၂။ သိက္ခာချခြင်း၊
၃။ သူတစ်ပါးအား ပေးခြင်း၊
၄။ လူစသူတို့ လုယူခြင်း၊
၅။ သေခြင်း၊
၆။ ဘိက္ခုအဖြစ်မှ ဘိက္ခုနီအဖြစ်၊ ဘိက္ခုနီအဖြစ်မှ ဘိက္ခုအဖြစ်သို့ လိင်ပြန်ခြင်း။

[ဆောင်]။ ။ စွန့်+ချ–ပေး–လု, မစ္စု–လိင်ပြန်, ဤခြောက်တန်, ကပ်ခံပျက်ကြောင်းတည်း။

အကပ်ပျက်+မပျက်

ဤအကပ်ခံပျက်ရာ၌ အာဟာရကို တစ်ပါးပိုင်အာဟာရဟု မှတ်ပါ။ နှစ်ပါး,တစ်ပါးစသည်ဆိုင်သောစားဖွယ်၌ တစ်ပါးက စွန့်ရုံဖြင့် အကပ်မပျက်နိုင်။ ထို့ပြင် စွန့်မှအကပ်ပျက်ရကား စားနေစဉ် လူသာမဏေတို့လာ၍ ကိုင်ရာ၌ (ရဟန်းက လက်ဖြင့် မထိစေကာမူ) အကပ်မပျက်။ အကပ်ခံပြီးသော သပိတ်ကိုမစွန့်၊ လူသာမဏေကို အခြားတစ်နေရာသို့ အထားခိုင်းသော်လည်း အကပ်မပျက်။ သို့ရာတွင် လူသာမဏေတို့ ကိုယ်မှ မြူမှုန်များသည် အကပ်ခံပြီး အာဟာရ၌ ကျနေရစ်လျှင်ကား ထိုမြူမှုန်အတွက် ထပ်၍ အကပ်ခံရမည်။

http://www.dhammadownload.com

အစေလကသိက္ခာပုဒ်

တိတ္ထိတို့အား ပြင်ပသုတ်လိမ်းရန် ဆီစသည်ကို ပေးနိုင်

ခါဒနီယံ ဝါ ဘောဇနီယံ ဝါ–ဟု ဝမ်းတွင်းမျိုရန် အာဟာရများကိုသာ တားမြစ်ထားသောကြောင့် ပေးနိုင်သည်။

မိမိလက်ဖြင့် ခဲဖွယ်, ဘောဇဉ် မပေးကောင်းသူများ

၁။ အစေလက = အဝတ်မဝတ်သော တက္ကဒွန်း၊
၂။ ပရိဗ္ဗာဇက = ပရိဗိုဇ်၊
၃။ ပရိဗ္ဗာဇိကာ = ပရိဗိုဇ်မ။ (၁၃၅၄-ခု အလတ်တန်း)

အစေလကဟူသည်

သာသနာမှ အပဖြစ်သော အဝတ်မဝတ်သော တိတ္ထိ။

ပရိဗ္ဗာဇကဟူသည်

သာသနာမှအပဖြစ်သောအဝတ်ဝတ်သော တိတ္ထိ။

ဖိုးသူတော်, သီလရှင်များ ပရိဗ္ဗာဇက, ပရိဗ္ဗာဇိကာတွင် မပါဝင်

သာသနာ့ပြင်ပအယူကို ယူသူများ မဟုတ်သောကြောင့် မပါဝင်ပါ။ သုတ်ပါထေယျအဋ္ဌကထာ၌ ပြအပ်သော အဝတ်ဖြူဝတ်သောရဟန်း အန္တိမဝတ္ထုယူသင့်သည်။

အာပတ်မသင့်အောင်ပေးနည်း

၁။ တိတ္ထိရှေ့ဝယ်ချထားအပ်သောခွက်၌ ထည့်၍ပေးခြင်း။
၂။ ရဟန်းက ခဲဘွယ်ကိုရှေ့၌ ချထားပြီးမှ "ထိုခွက်ထဲက ယူလော့"ဟု ပေးခြင်း။

(သဟတ္ထာဟု ဆိုသောကြောင့် မိမိလက်ထဲမှ ပေးမှသာ အာပတ် သင့်ကြောင်း သိနိုင်ပါသည်။)

http://www.dhammadownload.com

ဥယျောဇန သိက္ခာပုဒ်

ဧတ ဒေဝ ပစ္စယံ-အရ အကြောင်းများ

၁။ မာတုဂါမနှင့်အတူ ရယ်လိုခြင်း၊
၂။ မာတုဂါမနှင့်အတူ ကျီစယ်လိုခြင်း၊
၃။ မာတုဂါမနှင့်အတူ ဆိတ်ကွယ်ရာ၌ နေလိုခြင်း။

(၁၃၄၈-ခု အကြီးတန်း)

ပြန်လွှတ်ရခြင်းအကြောင်း

မာတုဂါမနှင့်အတူ ရယ်မောလို ကြည်စယ်လို ဆိတ်ကွယ်ရာ၌ နေလိုခြင်းစသော မလျောက်ပတ်သော အကျင့်ကို ကျင့်လိုသောကြောင့် ပြန်လွှတ်ပါသည်။

ခေါ်မသွားမီ ပြောဆိုပုံပြုပါ၌

ဗောဂုသော (ပ) ပဝိသိဿာမ။

ဆွမ်းခံအတူသွားရန် ခေါ်သွားပြီးနောက် ပြန်လွှတ်ပုံ (ဥယျောဇန ကာရန်ပါ၌)

ဂစ္ဆာဝုသော နု မေ တယာ သဒ္ဓိံ ကထာ ဝါ နိသဇ္ဇာ ဝါ ဖာသု ဟောတိ၊ ဧကကဿ မေ ကထာ ဝါ နိသဇ္ဇာ ဝါ ဖာသု ဟောတိ။

ငါ့ရှင် သွားပေတော့၊ ငါ့အား သင့်နှင့်အတူ စကားပြောရခြင်း သည် လည်းကောင်း၊ နေထိုင်ရခြင်းသည်လည်းကောင်း မချမ်းသာ၊ တစ်ယောက်တည်းသော ငါ့အား စကားပြောရခြင်းသည်လည်းကောင်း၊ နေထိုင်ရခြင်းသည်လည်းကောင်း ချမ်းသာ၏။

ပြန်လွှတ်ခါနီးဝယ် ပြောဆိုပုံပြုပါ၌

ဂစ္ဆာဝုသော (ပ) ဖာသု ဟောတိ။ (၁၃၄၈-ခု အကြီးတန်း)

http://www.dhammadownload.com

စာရိတ္တသိက္ခာပုဒ်

နိဒါန်းတဟူသည်

ဘောဇဉ်ငါးပါးတွင် တစ်ပါးပါးဖြင့် ဖိတ်မံအပ်သောရဟန်း။

အနုပညတ်များ

၁။ သန္တံ ဘိက္ခုံ အနာပုစ္ဆာ၊
၂။ ပုရေဘတ္တံ၊
၃။ ပစ္ဆာဘတ္တံ၊
၄။ အညတြ သမယာ။

သန္တံ ဘိက္ခုဟူသည်

အိမ်သို့သွားလိုစိတ်ဖြစ်သည်မှစ၍ ၁၂-တောင်အတွင်းရှိသောရဟန်း။

ပုရေဘတ္တနှင့် ပစ္ဆာဘတ္တအထူး

ပင့်ဖိတ်ကြောင်းဖြစ်သောဘတ်ကို မစားမီကာလသည်ပုရေဘတ္တမည်ပါသည်။ ထိုဘတ်ကိုစားပြီးလျှင် နံနက် ၇-နာရီလောက်အချိန်လည်း ပစ္ဆာဘတ္တမည်ပါသည်။

ကုလေသု-အရ

ဘတ်ကိုဖိတ်သောအိမ်မှတစ်ပါး အခြားအိမ်ကို ယူရမည်။

စာရိတ္တသိက္ခာပုဒ်နှင့် ဝိကာလ ဂါမပ္ပဝေသန သိက္ခာပုဒ်တို့အထူး

စာရိတ္တသိက္ခာပုဒ်သည် မွန်းတည့်ချိန် မလွန်မီ ရွာသို့ဝင်ခြင်းကြောင့် အာပတ်သင့်၍ ဝိကာလဂါမပ္ပဝေသန သိက္ခာပုဒ်သည်

http://www.dhammadownload.com

မွန်းလွဲပြီးမှ ရွာသို့ဝင်ခြင်းကြောင့် အာပတ်သင့်ပါသည်။ ဤသို့ ထူးပါသည်။

ဆွမ်းစားလက်ခံသော ရဟန်းတို့ စာရိတ္တသိက္ခာပုဒ်အရ လိုက်နာ ဖွယ်ရာများ

စီဝရဒါန သမယ, စီဝရကာရ သမယ မဟုတ်လျှင် ထင်ရှား ရှိသော ရဟန်းကို မပန်ကြိုဘဲထိုနိမန္တန နဘတ်ကို မစားမီ ရှေးဦးလည်း ကောင်း အိမ်တို့၌ မလှည့်လည်ရ၊ စီဝရဒါန သမယ, စီဝရကာရ သမယဖြစ်လျှင်ကား မည်သည့်အခါမဆို ထင်ရှားရှိသော ရဟန်းကို မပန်ကြိုဘဲ အိမ်တို့၌ လှည့်လည်နိုင်ပါသည်။

ကထိန်အာနိသင်ကြောင့် လွတ်လပ်ခွင့်ရ သိက္ခာပုဒ် စာရိတ္တ သိက္ခာပုဒ် ဖြစ်ပါသည်။

ထပ်ဆင့် ပညတ်ချက်များ

အညတြ ပုန ပဝါရဏာယ၊ အညတြ နိစ္စ ပဝါရဏာယ။



မဟာနာမသိက္ခာပုဒ်

၄-လပတ်လုံး သာယာနိုင်သည်ဟူသောစကားကို အတည်မယူရ

စတုမာသပွစ္စယ ပဝါရဏာ, အညတြပုန ပဝါရဏာယ, အညတြ နိစ္စပဝါရဏာ ဟူသောစကားများကို ဝတ္ထုကြောင်းအလိုက် ၃-မျိုးခွဲ၍ ဆို ထားခြင်းဖြစ်သောကြောင့် ၎င်းစကားများကို တထစ်ချ မယူရပါ။ အမှန်မှာ-ဒါယကာတို့ ဖိတ်သမျှကာလပတ်လုံး သာယာ နိုင်ပါသည်။

http://www.dhammadownload.com

ဆေးပစ္စည်းများ ဖိတ်ခြင်း ၃-မျိုး (ပဝါရဏာ ၃-မျိုး)

(၁) စတု မာသပွစ္စယ ပဝါရဏာ = ၄-လဖိတ်ခြင်း၊ (၂) ပုန ပဝါရဏာ-နောက် ထပ်ဖိတ်ခြင်း၊ (၃) နိစ္စပဝါရဏာ- အမြဲဖိတ်ခြင်း တို့ ဖြစ်ပါသည်။

ပုဂ္ဂလိက ဖိတ်မံသော ဒါယကာထံ ရက်လွန်သော်လည်း တောင်းနိုင်

ဤမဟာနာမ သိက္ခာပုဒ်လာ ဖိတ်ခြင်းသည် သံဃာကို ဖိတ်ခြင်းဖြစ်၍ သံဃာ မကျန်းမာသောအခါ အလိုက်သိစွာ သင့်တော် အောင်တောင်းကြဖို့ရာ ဤသိက္ခာပုဒ်ကို ပညတ်သောကြောင့် ပုဂ္ဂလိက ဖိတ်မံသော ဒါယကာထံ နားလည်အောင် ပြော၍ တောင်းနိုင်သည်။



ဥယျူတ္တသေနာသိက္ခာပုဒ်

တထာရူပပွစ္စယာ-အရ

ထိုစစ်တပ်၌ ဆွေမျိုးတစ်ယောက်ယောက် မကျန်းမာနေ၍ ထိုသူကို ကြည့်ရှုရန်သွားခြင်း စသော အကြောင်းကို ယူပါ။

သေနာဟူသည်

ဆင်တပ်, မြင်းတပ်, ရထားတပ်, ခြေလျင်တပ် ၄-မျိုး အပေါင်းတည်း။

အာပတ်သင့်ပုံ

စစ်အင်္ဂါ ၄-မျိုးလုံးကို ကြည့်လျှင် ပါစိတ်သင့်၍ တစ်ပါးပါးကို ကြည့်လျှင် ဒုက္ကဋ်သင့်သည်။

http://www.dhammadownload.com

စစ်တပ်ကို ကြည့်ခွင့်ရသောအကြောင်းများ

၁။ မိမိနေရာသို့လာခြင်း။
၂။ ခရီးရင်ဆိုင်တွေ့ခြင်း။



သေနာဝါသ သိက္ခာပုဒ်

ဒိရတ္တ တိရတ္တံ-၌ ဒိရတ္တထည့်ကျိုး

ဝါစာသိလိဋ္ဌ အကျိုးငှာ ထည့်သည်။

စစ်တပ်၌ တည်းခိုနိုင်သော ရက်

၂-ည၌, ၃-ည၌။



ဥယျောဓိက သိက္ခာပုဒ်

စစ်တပ်၌ တည်းခိုနေစဉ် သွား၍ မကြည့်ကောင်းသောအရာများ

၁။ ဥယျောဓိက = စစ်ပွဲ၊
၂။ ဗလဂ္ဂ = စစ်သည်အစုကို ရေတွက်ရာအရပ်၊
၃။ သေနာဗျူဟာ = စစ်ဆင်ရာအရပ်၊
၄။ အနီကဒဿန = ဆင်တပ်စသည်ကို ကြည့်ရှုရာအရပ်၊

(၁၃၅၀-ခု အင်္ဂယ်တန်း)

စစ်တပ်ထဲ၌ တည်းခိုနေစဉ် တင်းကြပ်စွာ လိုက်နာရမည့် ပညတ်ချက်

နှစ်ည၌သုံးည၌သာ နေထိုင်ရမည်၊ နှစ်ည၌ သုံးည၌ နေထိုင်ရာ၌လည်း တက်၍ တက်၍ ထိုးပစ်ရာအရပ်၊ စစ်သည်အစုကို ရေတွက်ရာ အရပ်၊ စစ်ဆင်ရာအရပ်၊ ဆင်တပ်, မြင်းတပ် စသည်တို့ကို ကြည့်ရှုစရာအရပ်များသို့ မသွားရပါ။

http://www.dhammadownload.com

စစ်တပ်နှင့် ပတ်သက်၍ လိုက်နာကျင့် သုံးရမည့် စည်းကမ်းချက်များ

ရဟန်းတစ်ပါးအနေဖြင့် သွားထိုက်သော အကြောင်းကိစ္စကို ကြဉ်၍ မြို့ရွာမှထွက်ပြီးသော စစ်တပ်ကို ကြည့်ရှုဖို့ရန် မသွားရခြင်း၊ သွားထိုက်သော အကြောင်းကိစ္စရှိ၍ သွားခဲ့သော် စစ်တပ်၌ နှစ်ညဉ့် သုံးညဉ့်သာ နေရခြင်း၊ အကယ်၍ စစ်တပ်၌ နှစ်ညဉ့် သုံးညဉ့်နေခဲ့သော် စစ်သည်အစုကို ရေတွက်ရာ အစရှိသော နေရာများသို့ မသွားရခြင်းဟူသော စည်းကမ်းချက်များကို လိုက်နာရပါမည်။



သုရာပါန သိက္ခာပုဒ်

သေရည် ၅-မျိုး

၁။ ပိဋ္ဌသုရာ =ဆန်မှုန့်တို့ကို လုပ်အပ်သောသုရာ။
၂။ ပူဝသုရာ =မုန့်ကို လုပ်အပ်သောသုရာ။
၃။ သြဒနသုရာ =ထမင်းကို လုပ်အပ်သောသုရာ။
၄။ ကိဏ္ဏပက္ခိတ္တသုရာ =သေရည်မျိုးစေ့ဖြစ်သော တဆေးမှုန့် ထည့်ခတ်၍ လုပ်အပ်သောသုရာ၊
၅။ သမ္ဘာရ သံယုတ္တသုရာ= ဖန်ခါးသီး, မုန်ညင်းစေ့စသော အဆောက်အဦးကို ရောစပ်၍လုပ်အပ်သော သုရာ။

[ဆောင်]။ ။ ပိဋ္ဌ-ပူဝ၊ သြဒန၊ ကိဏ္ဏ-သမ္ဘာရာ။

အရက် ၅-မျိုး

၁။ ပုပ္ဖါသဝ = သစ်မည်စည်ပွင့်, ထန်းပွင့်, အုန်းပွင့်စသော ပန်းပွင့်တို့ကို ကြာမြင့်စွာ စိမ်အပ်သော အရက်၊

http://www.dhammadownload.com

၂။ ဖလာသဝ = အသီးတို့ကို ကြာမြင့်စွာ စိမ်အပ်သော အရက်၊

၃။ မစ္ဆာသဝ = မုဒရက်ခေါ် စပျစ်သီးတို့ကို ကြာမြင့်စွာ စိမ်အပ်သော အရက်၊

၄။ ဂုဠာသဝ = ကြံရည်, ထန်းရည်တို့ကို ကြာမြင့်စွာ စိမ်အပ်သော အရက်၊

၅။ သမ္ဘာရသံယုတ္တာသဝ= ဖန်ခါးသီးစသော အဆောက်အဦး တို့ကို ကြာမြင့်စွာ စိမ်အပ်သော အရက်။

[ဆောင်]။ ။ပုပ္ပါ–ဖလ၊ မစ္ဆာသ၊ ဂုဠ–သမ္ဘရာ။

ဆေးရည်ထဲ၌ အရက်ပါဝင်မှု

သေရည်အရက်ကို ဟင်း၌ အနံ့ကောင်းရုံမျှ အနည်းငယ် ထည့်ခတ်ရာ၌ အနာပတ္တိဟု မိန့်ရကား အချို့သော ဆေးရည်များ၌ လည်း အခိုးပြင်းရုံမျှ သေရည်အရက် အနံ့ မသိမသာပါနေလျှင် အာပတ်သင့်ဖွယ် မရှိ။ သေရည် အနံ့အရသာ ထင်ရှားနေလျှင်ကား အာပတ်သင့်သည်သာ။



အဂုံလိပတောဒက သိက္ခာပုဒ်

အဂုံလိပတောဒကဟူသည်

လက်ချောင်းတို့ဖြင့် ချိုင်းစသည်တို့ကို ကလိထိုး၍ ကစားခြင်း တည်း။ ကိုယ်ဖြင့် ထိပါး၍ ကစားခြင်းအားလုံးလည်း ပါဝင်ပါသည်။

ဒုက္ကဋ်သင့်

၁။ ကိုယ်နှင့်စပ်နေသော တုတ်စသည်ဖြင့် တို့၍ ကစားခြင်း၊

၂။ လူ, သာမဏေ, ဘိက္ခုနီတို့အား ကိုယ်လက်ဖြင့်ဖြစ်စေ, တုတ် စသည်ဖြင့်ဖြစ်စေ တို့၍ ကစားခြင်း။



http://www.dhammadownload.com

ဟသဓမ္မ သိက္ခာပုဒ်

အဆုံးအဖြတ်

၁။ ခြေမျက်စိမြုပ်လောက်သော ရေ၌ ကစားလျှင် ပါစိတ်။

၂။ လှေဖြင့်ကစားလျှင်ဖြစ်စေ၊ အိုးခွက်ထဲရှိရေ, ကစည်ရေ စသည်ကို ကစားလျှင်ဖြစ်စေ ဒုက္ကဋ်။

၃။ မကျန်းမာ၍ဖြစ်စေ, တစ်ဖက်ကမ်းသို့ သွားလို၍ ဖြစ်စေ ကူးလျှင် အနာပတ်။



အနာဒရိယ သိက္ခာပုဒ်

အနာဒရိယသရုပ်

၁။ ပုဂ္ဂလာနာဒရိယ = ပုဂ္ဂိုလ်ကို မရိုသေခြင်း၊

၂။ ဓမ္မာနာဒရိယ = ပါဠိ, အဋ္ဌကထာဓမ္မကို မရိုသေခြင်း။

အဆုံးအဖြတ်

၁။ ရဟန်းက ဝိနည်းပညတ်တော်ဖြင့် ဆုံးမသည်ကို မလေးမစား ပြုလျှင် ပါစိတ်။

၂။ ရဟန်းကပင် ဝိနည်းပညတ်မှတစ်ပါး သုတ်, အဘိဓမ္မာလာ တရားတော်ဖြင့် ဆုံးမသည်ကို မလေးမစားပြုရာ၌ ဒုက္ကဋ်။

၃။ လူ,သာမဏေတို့က ဝိနည်းဖြင့်ဖြစ်စေ, အခြားတရားဖြင့် ဖြစ်စေ ဆုံးမသည်ကို မလေးမစားပြုရာ၌ ဒုက္ကဋ်။



ဘိံသာပန သိက္ခာပုဒ်

မကြောက်လည်း ပါစိတ်

ဘိံသာပေယျ–ဟု သာမည်အားဖြင့် ဆိုထားသောကြောင့်

http://www.dhammadownload.com

အခြောက်ခံရသူ ကြောက်ကြောက်, မကြောက်ကြောက် ပါစိတ်သင့်သည်။



ဇောတိသိင်္ဂါပုဒ်

တထာရူပပစ္စယာ–အရ

မီးထွန်းခြင်း, သပိတ်ဖုတ်ခြင်းစသော အကြောင်းကို ယူပါ။

ကိုယ်တိုင်မီးမွေး မီးလှုံခြင်းကြောင့် အာပတ်မသင့်ခြင်းအကြောင်း

သပိတ်ဖုတ်ခြင်းစသော အကြောင်းကြောင့် အာပတ်မသင့်ပါ။

ဘုရားမီးပူဇော်လို၍ ဆီမီးညှိထွန်းသော ရဟန်းအား အပြစ်လွတ်/မလွတ်

ဘုရားမီးပူဇော်လို၍ ဆီမီးညှိထွန်းခြင်းသည် ဇောတိသိင်္ဂါပုဒ်၏ ကင်းလွတ်ခွင့် တထာရူပပစ္စယာ–တွင် ပါဝင်သောကြောင့် အာပတ်မှ လွတ်ပါသည်။

အနုပညတ်များ

၁။ အဂိလာနော၊

၂။ အညတြ တထာရူပပစ္စယာ။

နေထိုင်မကောင်း၍ မီးမွေးမှု

အဂိလာနော–ကိုထောက်၍ အပြစ်မရှိပါ။

ဂိလာနဟူသည်

မီးမလှုံရလျှင် မသက်သာနိုင်အောင် မကျန်းမာသူ။

http://www.dhammadownload.com

အဆုံးအဖြတ်

ဆီမီးထွန်းခြင်းစသော အကြောင်းမျိုးမရှိဘဲ ဂိလာနလည်း မဟုတ်ဘဲ သက်သက်မီးလှုံလို၍ မီးမွေးလျှင်လည်းကောင်း, လူသာမဏေတို့ မွေးပြီးသားကို တောက်အောင်မှုတ်ပေးလျှင် ထည့်ပေးလျှင်လည်းကောင်း, မီးလှုံဖို့ရန် လူသာမဏေကိုမီးမွေးခိုင်း, မီးထည့်ခိုင်းလျှင်လည်းကောင်း ပါစိတ်။



နာနသိက္ခာပုဒ်

အနုပညတ်များ

၁။ ဥဏှ သမယော၊
၂။ ပရိဠာဟ သမယော၊
၃။ ဂိလာန သမယော၊
၄။ ကမ္မ သမယော၊
၅။ အဒ္ဓါနဂမန သမယော၊
၆။ ဝါတဝုဋ္ဌိ သမယော၊

၁၅-ရက်အတွင်း ရေချိုးနိုင်ရာအခါများ

၁။ ပူရာအခါ၊
၂။ အိုက်ရာအခါ၊
၃။ မကျန်းမာရာအခါ၊
၄။ အလုပ်လုပ်ရာအခါ၊
၅။ ခရီးရှည်သွားရာအခါ၊
၆။ လေမိုးကျရာအခါ။

(၁၃၃၇-ခု အငယ်တန်း, ၅၂-ခု အလတ်တန်း)

http://www.dhammadownload.com

မြန်မာနိုင်ငံ၌ အချိန်မရွေး ရေချိုးနိုင်

ဤနာနသိက္ခာပုဒ်သည် မဏ္ဍိမဒေသ အိန္ဒိယနယ်ဟူသော တစ်စိတ်တစ်ပိုင်း အရပ်၌သာ ပညတ်အပ်သော ပဒေသပညတ် ဖြစ်သောကြောင့် မြန်မာနိုင်ငံစသော ပစ္စန္တရစ်အရပ်၌ အချိန်မရွေး ရေချိုးနိုင်သည်။

အိန္ဒိယနိုင်ငံသား ရဟန်းတော်များ ရေချိုးနိုင်ရာ ကာလများ

(၁) ဥဏှသမယ–ပူရာအခါ၊ (၂) ပရိဋ္ဌာဟသမယ–အိုက်ရာအခါ၊ (၃) ဂိလာနသမယ–မကျန်းမာရာအခါ၊ (၄) ကမ္မသမယ–အလုပ်လုပ်ရာအခါ၊ (၅) အဒ္ဓါနဂမနသမယ–အဝွန့်ရှည်သော ခရီးကို သွားရာအခါ၊ (၆) ဝါတဝုဋ္ဌသမယ–မြူနှင့်တကွ လေမိုးကျရာအခါ၊

ဥဏှသမယ–ဟူသည်

နယုန်လဆန်း ၁ ရက်နေ့မှ ဝါဆိုလပြည့်နေ့အထိ (၁)လခွဲ။

ပရိဋ္ဌာဟသမယ ဟူသည်

ဝါဆိုလပြည့်ကျော် (၁)ရက်နေ့မှ ဝါခေါင်လပြည့်နေ့အထိ (၁)လ။

ဥဏှသမယနှင့် ပရိဋ္ဌာဟသမယအခွဲ

နယုန်လဆန်း ၁–ရက်နေ့မှ ဝါဆိုလပြည့်နေ့အထိ တစ်လခွဲသည် ဥဏှသမယမည်၍ ဝါဆိုလပြည့်ကျော် တစ်ရက်နေ့မှ ဝါခေါင်လပြည့်နေ့အထိ တစ်လသည် ပရိဋ္ဌာဟသမယမည်ပါသည်။

တစ်နှစ်၌ အပူဆုံး၊ အအိုက်ဆုံး အချိန်ကာလ

နယုန်လဆန်း (၁) ရက်နေ့မှ ဝါဆိုလပြည့်နေ့အထိ နွေဥတု

http://www.dhammadownload.com

အဆုံး တစ်လခွဲနှင့် ဝါဆိုလပြည့်ကျော်(၁)ရက်နေ့မှ ဝါခေါင်လပြည့်နေ့အထိ မိုးဥတု၏ ပထမတစ်လ ဖြစ်ပါသည်။

ဂိလာနသမယဟူသည်

ရေချိုးမှ ရောဂါ သက်သာမည့်အခါ။

ကမ္မသမယော၌ ကမ္မ–အရ

ကျောင်းဝင်းအတွင်း တံမြက်စည်းလှည်းမှုလည်း ပါဝင်ပါသည်။

အဒ္ဓါနကမနသမယဟူသည်

အနည်းဆုံး တစ်ယူဇနာဝက်ခရီးကို သွားရာအခါ။

(ထိုအခါ သွားတုန်းလည်း ရေချိုးနိုင်သည်။ လိုရာအရပ်သို့ ရောက်လည်း ရေချိုးနိုင်သည်။)

ဝါတဝဋ္ဌိ သမယဟူသည်

မြူမှုန်နှင့်တကွ လေလာ၍ မိုးလည်း တဖြောက်ဖြောက်နှင့် ကိုယ်ပေါ်မှာ ကျရာအခါ။



ဒုဗ္ဗဏ္ဏကရဏာ သိက္ခာပုဒ်

နဝစီဝရဟူသည်

ကပ္ပဗိန္ဒု မထိုးရသေးလျှင် သာမဏေတို့ ဝတ်ပြီးဖြစ်၍ ဟောင်းနွမ်းနေသော်လည်း နဝစီဝရစာရင်းဝင်သည်။

ကပ္ပဗိန္ဒု (၃)မျိုး

၁။ နီလ = စိမ်းညိုရောင်၊
၂။ ကဒ္ဒမ = ရွှံ့ညွန်ရောင်၊

http://www.dhammadownload.com

၃။ ကာဠသာမ = မည်းညိုရောင်။

(၁၃၃၇-ခု, ၄၆-ခု, ၅၀-ခု အငယ်တန်း၊ ၅၁-ခု အလတ်တန်း)

ကပ္ပဗိန္ဒုထိုးရမည့်နေရာ

၄-ထောင့်လုံးမှာဖြစ်စေ၊ ၂-ထောင့် ၃-ထောင့်မှာဖြစ်စေ, ၁-ထောင့်မှာ ဖြစ်စေ တစ်ပြောက်စီသာ ထိုးရမည်။

ကခ်ါအလို ဘယ်နေရာ၌မဆို ထိုးနိုင်သည်။

ကပ္ပဗိန္ဒုပမာဏ

ဥဒေါင်းမျက်လုံးပမာဏ (သို့မဟုတ်) ကြမ်းပိုးကျောက်ကုန်း ပမာဏ။ (၁၃၅၀-ခု အကြီးတန်း)

ကပ္ပဗိန္ဒု ထိုးရကျိုး

ဝတ္ထုကြောင်းအရ တိတ္တိတို့ အဝတ်နှင့် မိမိတို့ သင်္ကန်းကို ရဟန်းများ မခွဲခြားနိုင်သောကြောင့် တိတ္ထိတို့အဝတ်နှင့် ခွဲခြားခြင်း အကျိုးငှာ ကပ္ပဗိန္ဒု ထိုးရသည်။

အချို့က ဒုဗ္ဘဏ္ဍကရဏကို ထောက်၍ သင်္ကန်းအဆင်းပျက်စေခြင်းငှာ ထိုးရကြောင်း ဆိုသည်။ အချို့ကမူ သင်္ကန်းမှတ်မိစေခြင်းငှာ ထိုးရကြောင်း ဆိုသည်။ နှစ်ဝါဒလုံး အခြေအမြစ်မရှိပါ။

(၁၃၄၆-ခု အငယ်တန်း)

သင်္ကန်းအသစ် ရရှိရာ၌ လိုက်နာရမည့် ကျင့်ဝတ်

သင်္ကန်းအသစ် ကို ရရှိရာ၌ နီလ၊ ကဒ္ဒမ၊ ကာဠသာမ အဆင်းသုံးမျိုးတို့တွင် တစ်မျိုးမျိုးဖြင့် အဆင်းပျက်အောင် ပြုသောအားဖြင့် ကပ္ပဗိန္ဒု ထိုး ရပါမည်။

http://www.dhammadownload.com

မလိုက်နာဘဲ ဝတ်ရုံသုံးဆောင်ခြင်းကြောင့် သင့်နိုင်သော အာပတ်

ဒုဗ္ဗဏ္ဏကရဏသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်၊ အဓိဋ္ဌာန် ဝိကပ္ပနာမပြုဘဲ ၁၀-ရက်လွန်အောင်ထားလျှင် ပထမကထိန သိက္ခာပုဒ်ဖြင့် နိဿဂ္ဂိယပါစိတ်၊ ဝိကပ္ပနာပြုပြီး ပစ္စုဒ္ဓါရ်မပြုဘဲ သုံးဆောင်လျှင် ဝိကပ္ပနာ သိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်အာပတ်သင့်ပါသည်။

သာမဏေ၏ သင်္ကန်း ကပ္ပဗိန္ဒု ထိုးစရာမလို

နဝံ ပန ဘိက္ခုနာ စီဝရလာဘေန-ဟု ဟောတော်မူသောကြောင့် မလိုပါ။



ဝိကပ္ပန သိက္ခာပုဒ်

အာပတ်သင့်ခြင်းအကြောင်း

သီတင်းသုံးဖော် ၅-ဦးတို့တွင် တစ်ဦးဦးအား သင်္ကန်းကို ကိုယ်တိုင် ဝိကပ္ပနာပြုပြီးနောက် ပစ္စုဒ္ဓါရ်မပြုအပ်သေးသော သင်္ကန်းကို သုံးစွဲခြင်းကြောင့် ပါစိတ်သင့်သည်။

သီတင်းသုံးဖော် ၅-ဦး

၁။ ဘိက္ခု၊ ၂။ ဘိက္ခုနီ၊ ၃။ သိက္ခမာန်၊ ၄။ သာမဏေ၊ ၅။ သာမဏေမ။ (၁၃၂၅-ခု အလတ်တန်း)

(ဝိကပ္ပနာပြုကောင်းရာ ပုဂ္ဂိုလ်များလည်း အတူတူပင်)

ဝိကပ္ပနာပြုပြီး၍ ပစ္စုဒ္ဓါရ် မပြုရသေးသော သင်္ကန်းကို သာမဏေအား သုံးဆောင်ခိုင်းသော ရဟန်း အပြစ်သင့်/မသင့်။

ဝိကပ္ပနာပြုသည့်အနေဖြင့် သီတင်းသုံးဖော်ငါးဦးတို့အား ပေးပြီး

http://www.dhammadownload.com

ပစ္စုဒ္ဓိရ် မပြုရသေးသော ကာလအတွင်း၌ မိမိသင်္ကန်း မဟုတ်တော့၍ အပြစ်မသင့်ပါ။

သင်္ကန်းကို ဝိကပ္ပနာပြုနိုင်သော ပုဂ္ဂိုလ်များ၊ သင်္ကန်းကို ဝိကပ္ပနာပြုရာ၌ ဝိကပ္ပနာ ခံထိုက်သောပုဂ္ဂိုလ်များ

(၁) ဘိက္ခု-ရဟန်း၊ (၂) ဘိက္ခုနီ-ရဟန်းမ (၃) သိက္ခမာန-သိက္ခမာန်(၄) သာမဏေရ-သာမဏေ (၅) သာမဏေရီ- သာမဏေမတို့ ဖြစ်ပါသည်။

ဝိကပ္ပနာ ၂-မျိုး

၁။ သမ္မုခါ ဝိကပ္ပနာ၊ ၂။ ပရမ္မုခါ ဝိကပ္ပနာ။

အနီးဥ်ရှိသူအား သမ္မုခ ဝိကပ္ပနာပြုပုံ

သင်္ကန်းရှင်က ဦးတိသအား ပေးလိုလျှင် ဦးတိသထံ ချဉ်းကပ်၍ သင်္ကန်းတစ်ထည်ကို ကိုင်၍ဖြစ်စေ, အနီးဥ်ချ၍ဖြစ်စေ "ဣဒံ စီဝရံ တုယ်ှ ဝိကပေ်မိ"ဟု ဆိုရမည်။

(၁၃၃၄-ခု အကြီးတန်း)

အဝေးနေသူအား သမ္မုခဝိကပ္ပနာပြုပုံ

မိမိပေးလိုရာ ပုဂ္ဂိုလ်က အဝေးဥ်နေလျှင် ဝိနည်းဓိရ် တစ်ပါး ပါးထံသွား၍ "ဣမံ စီဝရံ တိသဘိက္ခုနော ဝိကပေ်မိ"ဟုဆိုရမည်။

(၁၃၃၄-ခု အကြီးတန်း)

ဝိကပ္ပနာပြုရပုံအကျိုး

ဝိကပ္ပနာပြုပြီးသောအခါ မိမိဥစ္စာ မဟုတ်တော့၍ ၁၀-ရက် လွန်သော်လည်း နိဿဂ္ဂိမထိုက်ခြင်း အကျိုးရှိသည်။

http://www.dhammadownload.com

ပစ္စုဒ္ဓိရ်ပြုပုံ

မယ့် သန္တကဲ့ ပရိဘုဥ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟိ–ဟု ဆို၍ ပြုရမည်။ (၁၃၃၄–ခု အကြီးတန်း)

ပစ္စုဒ္ဓိရ်ပြုရကျိုး

မိမိကိုယ်တိုင် ဝတ်ရုံနိုင်ခြင်း,တစ်ဆင့် ပေးနိုင်ခြင်းစသော အကျိုးများ ကို ရရှိပါသည်။



အပန်ိတန သိက္ခာပုဒ်

ရဟန်း၏ ဝှက်မထားကောင်းသော ပစ္စည်းများ

သပိတ်, သင်္ကန်း, နိသီဒိုင်, အပ်ဘူး, ခါးပန်းကြိုး။

(၁၃၅၂–ခု အကြီးတန်း)

ရယ်မြူးလို၍သော်မှ ဝှက်မထားကောင်းသော ရဟန်းတို့၏ အသုံး အဆောင်များ

(၁) ပတ္တ–သပိတ် (၂) စီဝရ–သင်္ကန်း (၃) နိသီဒန–နိသီဒိုင် (၄) သူစိဃရ–အပ်ကျည်၊ (၅) ကာယဗန္ဓန–ခါးပန်းကြိုးတို့ ဖြစ်ပါသည်။

ပတ္တ, စီဝရ–အရ

အဓိဋ္ဌာန်, ဝိကပ္ပနာလောက်သော သပိတ်, သင်္ကန်းတို့ကို ယူပါ။

ဒုက္ကဋ်အာပတ်

၁။ သပိတ်စသည်မှတစ်ပါး အခြားပစ္စည်းများကို ဝှက်ထားခြင်း၊

၂။ လူ့သာမဏေတို့၏ ပစ္စည်းများကို ဝှက်ထားခြင်း၊

http://www.dhammadownload.com

၃။ အဓိဋ္ဌာန်, ဝိကပ္ပနာမလောက်သော သပိတ်, သင်္ကန်းကို ဝှက်ထားခြင်း။

အနာပတ်

မတော်မလျော်ပစ်ထားသည်ကို သိမ်းထားလျှင်ဖြစ်စေ၊ မတော်မလျော် ပစ်ထားသူကို ဆုံးမလို၍ ခေတ္တဝှက်ထားလျှင်ဖြစ်စေ အာပတ်မသင့်။



သဉ္စိစ္စပါဏာ သိက္ခာပုဒ်

ပါဏာ–အရ

တတိယ ပါရာဇိကဥ် လူကို သတ်ခြင်းကြောင့် ပါရာဇိက အာပတ်ကို ပညတ်တော်မူခဲ့ပြီးသောကြောင့် ပါဏာ–အရ တိရစ္ဆာန်သတ္တဝါကိုသာ ယူရပါမည်။



သပ္ပါဏက သိက္ခာပုဒ်

သပ္ပါဏကဝဂ်၌ ဧကံ – ပါသော သိက္ခာပုဒ်

(၁)သပ္ပါဏကသိက္ခာပုဒ် (၂)ဥက္ကောဋနသိက္ခာပုဒ် (၃)ဒုဋ္ဌုလ္လ သိက္ခာပုဒ် (၄)ဥနဝီသတိဝဿ သိက္ခာပုဒ် (၅)ထေယျသတ္ထ သိက္ခာပုဒ် (၆)ဥက္ခိတ္တသမ္ဘောဂ သိက္ခာပုဒ် (၇)ကဏ္ဍက သိက္ခာပုဒ်တို့ ဖြစ်ပါသည်။

http://www.dhammadownload.com

ပရိဘုဉ္ဇေယျ-၌ သုံးစွဲဟူသည်

သောက်ခြင်း, ဆေးခြင်း, မီးငြိမ်းခြင်း, ရေချိုးခြင်းစသည်ကို ယူပါ။

ပါဏာနှစ်ခုအထူး

သဉ္ဆီစွပါဏ သိက္ခာပုဒ်၌ ပါဏ-အရ တိရစ္ဆာန်အားလုံးကို ယူ၍ သပ္ပါဏက သိက္ခာပုဒ်၌ ပါဏ-အရမူ သောက်ခြင်းစသည်ကို ပြုလိုက်လျှင် သေလောက်သော ပိုးကောင်ငယ်များကို ယူရပါမည်။ ဤသို့ထူးပါသည်။

မသိ၍ ပိုးငယ်ရှိသော ရေကို သောက်မှု

ဇာန်-ကို ထောက်၍ အာပတ်မသင့်ပါ။

သပ္ပါဏက သိက္ခာပုဒ်နှစ်ပုဒ်အထူး

ဘူတဂါမဝဂ်လာ သပ္ပါဏကသိက္ခာပုဒ်ကို ခန္ဓာကိုယ်ပြင်ပ၌ သုံးဆောင် ခြင်း၏အစွမ်းဖြင့် ဟောတော်မူ၍ သပ္ပါဏလဝဂ်လာ သပ္ပါဏက သိက္ခာပုဒ် ကိုမူ ပိုးကောင်ရှိသောရေကို သောက်ခြင်းစသော ခန္ဓာကိုယ် အတွင်း သုံးဆောင်ခြင်း၏ အစွမ်းဖြင့် ဟောတော်မူပါသည်။ ဤသို့ထူးပါသည်။

သဉ္ဆီစွနှင့် သပ္ပါဏက သိက္ခာပုဒ်လာ ပါဏာနှစ်ခုအထူး

သဉ္ဆီစွသိက္ခာပုဒ်၌ ပါဏ-အရ တိရစ္ဆာန် သတ္တဝါအားလုံးကို ရ၍ သပ္ပါဏကသိက္ခာပုဒ်၌ ပါဏ-အရ ရေကိုသောက်ခြင်း, ချိုးခြင်း စသည်ကြောင့် သေလောက်သော ပိုးငယ်လေးများကို ရပါသည်။ ဤသို့ ထူးပါသည်။

http://www.dhammadownload.com

ဒုဋ္ဌုလ္လသိက္ခာပုဒ်

ဒုဋ္ဌုလ္လ-အရ

သံဃာဒိသေသ် အာပတ်ကို ယူပါ။

အာပတ်သင့်ချိန်

"မပြောတော့ဘူး"ဟု ဆုံးဖြတ်လိုက်ချိန်။

ဒုက္ကဋ်

သာမဏေ၏ ဒုဋ္ဌုလ္လ, အဒုဋ္ဌုလ္လ အပြစ်များကို ပြောဆိုမှု။

ဥိနဝိသတိဝဿသိက္ခာပုဒ်

အသက် ၂၀-မပြည့်သေးသူကို ရဟန်းခံပေးခြင်း၏ အပြစ်များ

၁။ ရဟန်းလောင်း ရဟန်းမဖြစ်။

၂။ ကာရက သံဃာအားလုံး ဒုက္ကဋ်အာပတ်သင့်သည်။

၃။ ဥပဇ္ဈာယ်ဆရာမှာ ပါစိတ်သင့်သည်။(၁၃၅၃-ခု အလတ်တန်း)

ရဟန်းပြုခွင့်မရကြသော ပုဂ္ဂိုလ်များ

၁။ အသက်-၂၀မပြည့်သေးသူ၊

၂။ ပါရာဇိကကျသူ၊

၃။ ပဏ္ဍုက်၊

၄။ ထေယျသံဝါသက၊

၅။ တိတ္ထိယပက္ကန္တက၊

၆။ တိရစ္ဆာန်၊

၇။ မာတုဃာတက၊

http://www.dhammadownload.com

၈။ ပိတုဃာတက၊
၉။ အရဟန္တ ဃာတက၊
၁၀။ လောဟိတုပ္ပါဒက၊
၁၁။ သံဃဘေဒက၊
၁၂။ ဘိက္ခုနီဒူသက၊
၁၃။ ဥဘတောဗျဉ်း။ (၁၃၄၆-ခု, ၅၂-ခု အငယ်တန်း)

ရဟန်းဖြစ်ရန် အင်္ဂါ ၅-တန်

၁။ ဝတ္ထုသမ္ပတ္တိ = ရဟန်းလောင်းဟူသော ဝတ္ထု၏ ပြည့်စုံခြင်း၊
၂။ သီမာသမ္ပတ္တိ = သိမ်၏ ပြည့်စုံခြင်း၊
၃။ ပရိသာသမ္ပတ္တိ = ပရိသတ်၏ ပြည့်စုံခြင်း၊
၄။ ဥတ္တိသမ္ပတ္တိ = ဥတ်၏ ပြည့်စုံခြင်း၊
၅။ အနုဿာဝနသမ္ပတ္တိ = ကမ္မဝါစာ၏ ပြည့်စုံခြင်း။

[ဆောင်]။ ။ ဝတ္ထု- သီမာ, ပရိသာ, ဥတ်ပါ- ကမ္မဝါထည့်။
ပဥ္စင်းမြောက်ရန်၊ အင်ငါးတန်၊ ဖောက်ပြန် ဝိပတ္တိ။

အသက်-၂၀ ရေတွက်ပုံ

အသက်-၂၀ ရေတွက်ရာ၌ ပဋိသန္ဓေနေသည်မှစ၍ ရေတွက်ရသည်။ ပဋိသန္ဓေတည်၍ အမိဝမ်း၌ အောင်းစဉ် တချို့မှာ ရ-လ၊ တချို့ ၈-လ၊ ၉-လ၊ ၁၀-လ၊ ၁၁-လ၊ ၁၂-လ အမျိုးမျိုးကြာ၏။ မွေးဖွားပြီးနောက် နှစ်များနှင့် အမိဝမ်း၌ အောင်းခဲ့ရသော လများကို စုပေါင်း ရေတွက်၍ အသက်-၂၀ပြည့်လျှင် "ပရိပုဏ္ဏဝိသတိဝဿ =ပြည့်သော အသက်-၂၀ ရှိသူ"ဟု ခေါ်၏။ တစ်ရက်မျှဖြစ်စေ လိုနေသေးလျှင် "ဦးနဝိသတိဝဿ"ဟု ခေါ်၏။

http://www.dhammadownload.com

ဆက်ဦးအံ့၊ အမိဝမ်း၌ ၇-လကြာလျှင် ဖွားပြီးနောက် ၁၉-နှစ်နှင့် ၅-လပြည့်မှ အသက် ၂၀-ပြည့်၏။ ဤသို့စသည်ဖြင့်အတိုး အဆုတ်ကို သိရာ၏။ သို့ရာတွင် မိမိဝမ်းတွင်း၌ အောင်းခဲ့ရသောလကို သေသေချာချာ သိနိုင်ရန် မလွယ်ကူလှသောကြောင့် အမိဝမ်းတွင်း၌ အနည်းဆုံး ၇-လ ထား၍ ရေတွက်သင့်သည်။

လူကိုပင် ရဟန်းခံပေးကောင်း

ပုဂ္ဂလ-ဟု သာမန်ပုဂ္ဂိုလ်အဖြစ်ဖြင့် ဆိုထားသောကြောင့် လူကိုပင် ရဟန်းခံပေးကောင်းသည်။

လူပုဂ္ဂိုလ်ကို သင်္ကန်းဝတ်၍ ရဟန်းခံပေးလျှင် ဖြစ်နိုင်/ မဖြစ်နိုင်

ယော ပန ဘိက္ခု ဇာနံ ဦနဝီသတိဝဿံ ပုဂ္ဂလံ-ဟု ဟောတော်မူသည်ကို ထောက်၍ "ပုဂ္ဂလံ" ဟု သာမည ဟောတော်မူသောကြောင့် ရဟန်းခံပေးနိုင်ပါသည်။

ဦနဝီသတိဝဿ ပုဂ္ဂိုလ်ကို ရဟန်းခံပေးမိသည့်အတွက် ရရှိနိုင်သော အပြစ်များ

ပဉ္စင်းလောင်း ပဉ္စင်း မဖြစ်ခြင်း၊ ကာရကသံဃာအား ဒုက္ကဋ် အာပတ်သင့်ခြင်း၊ ဥပဇ္ဈာယ်ဆရာအား သုဒ္ဓပါစိတ်အားပတ်သင့်ခြင်း အပြစ်များဖြစ်ပါသည်။

တစ ဘိက္ခူ ဂါရယှာ-၌ ဘိက္ခူ-အရ အသက် (၂၀)မပြည့်သူကို ရဟန်းခံပေးသော ကာရကသံဃာ ရဟန်းတို့ကို ယူရမည်။ အာပတ်သင့်ပုံ။ ထိုကာရကသံဃာတို့အား ဒုက္ကဋ်အာပတ်သင့်ပါသည်။ ဥပဇ္ဈာယ်ဆရာအား သုဒ္ဓပါစိတ်အာပတ်သင့်ပါသည်။

http://www.dhammadownload.com

သာမဏောမပြုဘဲ ယခုချက်ချင်း သင်္ကန်းဝတ်ပေးလိုက်သော သူကို ရဟန်းခံ ပေးသင့်၊ မသင့်

ဇာနံ ဥိနဝိသတိဝဿံ ပဂ္ဂလံ ဥပသမ္ပာဒေယျ–၌ "ပုဂ္ဂလံ" ဟု သာမန်ဆိုခြင်းကြောင့် သာမဏောမပြုဘဲ ရဟန်းခံပေးသင့်ပါသည်။



သံဝိဓာန သိက္ခာပုဒ်

ဘိက္ခုနီ သံဝိဓာန သိက္ခာပုဒ်နှင့် ဤသိက္ခာပုဒ်အထူး

ဘိက္ခုနီ သံဝိဓာန သိက္ခာပုဒ်၌ ဘိက္ခုနီနှင့် ချိန်းချက်၍ သွားခြင်းဖြစ်၍ ဤသိက္ခာပုဒ်၌မူ မာတုဂါမနှင့် ချိန်းချက်၍ သွားခြင်းဖြစ်ပါသည်။ ဤသို့ ထူးပါသည်။

ကေတော ဥပသမ္ပန္နဘိက္ခုနီ စသည်တို့ ဤသိက္ခာပုဒ်၌ပါဝင်

ဩဝါဒဝဂ် သံဝိဓာနသိက္ခာပုဒ်၌ ဘိက္ခုနီ–အရ ဥာဘတော ဥပသမ္ပန္နာ ဘိက္ခုနီကိုသာ ယူခဲ့သောကြောင့် ကေတောဥပသမ္ပန္န ဘိက္ခုနီ, သိက္ခမာန်, သာမဏောမများကိုပါ ဤသိက္ခာပုဒ်၌ သွင်းယူရမည်။

ဘိက္ခုနီစသည်နှင့် မာတုဂါမတို့အထူး

ဘိက္ခုနီ, သိက္ခမာန်, သာမဏောမတို့နှင့် သာသင်္ကသပုဂ္ဂိုဘယ ခရီးကို သွားရာအခါ၌ အတူသွားကောင်း၍ မာတုဂါမနှင့်မူ မည်သည့် အခါမျှ တိုင်ပင်၍ ခရီးအတူမသွားကောင်းပါ။

ကေတော ဥပသမ္ပန္န ဘိက္ခုနီနှင့် ကျိုက်ထီးရိုး ဘုရားဖူး သွားသော ရဟန်း

ဘိက္ခုနောဝါဒဝဂ် သံဝိဓာနသိက္ခာပုဒ်၌ ဥာဘတော ဥပသမ္ပန္န

http://www.dhammadownload.com

ဘိက္ခုနီကိုသာ ယူရမည် ဖြစ်သောကြောင့်လည်းကောင်း၊ ဧကတော ဥပသမ္ပန္နဘိက္ခုနီသည် မာတုဂါမအရတွင် ပါဝင်သောကြောင့် သပွါဏာကဝဂ် သံဝိဓာနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ် သင့်သည်။

သာဓက- ယောပန ဘိက္ခု မာတုဂါမေန သဒ္ဓိ ံ သံဝိဓာယ (ပ) ပါစိတ္တိယံ။ (၁၃၅၄-ခု အကြီးတန်း)

ရဟန်းတော်များ ခရီးသွားရာ၌ တိုင်ပင်၍ မသွားကောင်းသူများ

ဩဝါဒဝဂ် သံဝိဓာန သိက္ခာပုဒ်အရ ဘိက္ခုနီမ၊ သပွါဏာကဝဂ် ထေယျသတ္ထ သိက္ခာပုဒ်အရ ခိုးသူကုန်သည်၊ သံဝိဓာန သိက္ခာပုဒ်အရ- မာတုဂါမတို့ ဖြစ်ပါသည်။



အရိဋ္ဌသိက္ခာပုဒ်

အန္တရာယိကာ-၌ အန္တရာယ် ၅-ပါး

ကမ္မန္တရာယ်, ကိလေသန္တရာယ်, ဝိပါကန္တရာယ်, အရိယူပဝါဒန္တရာယ်, အာဏာဝိတိက္ကမန္တရာယ်။

အရိဋ္ဌရဟန်း ပြောသောစကား

ယထာ ယေမေ (ပ) အန္တရာယာယ။

အရိဋ္ဌရဟန်းယုတ်၏ အယူမှားစွာ ပြောဆိုပုံ

ဗျာန်မင်္ဂ ဖို၏ အန္တရာယ်ကို ပြုတတ်ကုန်၏ - ဟု မြတ်စွာဘုရားဟောသော တရားတို့ကို ဟောထားတော်မူသည့်အတိုင်း ငါသိ၏။ ထိုတရားကို မှီဝဲသော သူအား ဗျာန် မင်္ဂဖိုလ်၏ အန္တရာယ်ကို ပြုခြင်းငှာမစွမ်းနိုင်။ သာဓက - တထာဟံ ဘဂဝတာ (ပ) နာလံ အန္တရာယာယ။

http://www.dhammadownload.com

ရဟန်းကောင်းတို့က အရိဋ္ဌရဟန်းကို ဆုံးမပုံပြပါဠ်

မာယသ္မာ ဧဝံ (ပ) အန္တရာယာယ။

မှတ်ချက်။ ။ယာဝတတိယက ပါစိတ်အာပတ်ဖြစ်၍ ရှုးပါးလှသည်။

သာသနာပစ္စတ္ထိက သာသနာ့ရန်စွယ် အန္တရာယ်ဖြစ်သည့် အရိဋ္ဌရဟန်းကဲ့သို့သော ရဟန်းမျိုး ပေါပေါက်လာပါက သာသနာတော်သန့်ရှင်းရေးအတွက် ပြောဆိုဆောင်ရွက်ရမည့်နည်းလမ်း၊ ယင်းသို့သောဖြစ်ရပ်မျိုး ပါဝင်နိုင်သော အဓိကရဏ်းမျိုးနှင့် ယင်းအဓိကရဏ်းငြိမ်းစေကြောင်း သမထများ

မြင်ကုန်ကြားကုန်သော ရဟန်းတို့သည် "ငါ့ရှင်...ဤသို့ မပြောပါနှင့်၊ မြတ်စွာဘုရားကို မစွပ်စွဲပါနှင့်၊ မြတ်စွာဘုရားကို စွပ်စွဲခြင်းသည် မကောင်းပါ၊ မြတ်စွာဘုရားက ငါ့ရှင်ပြောသည့် အတိုင်း မဟောပါ၊ ပရိယာယ် အမျိုးမျိုးဖြင့် အန္တရာယ်ပြုတတ်သော မေထုန်အကျင့်တို့ကို အန္တရာယ်ပြုတတ်ကုန်၏ ဟူ၍သာ ဟောတော်မူအပ်ပါပြီ၊ ထိုမေထုန်အကျင့်တို့ကို မှီဝဲသော ရဟန်း၏ ထိုမေထုန်အကျင့်တို့သည် စျာန်မဂ်ဖိုလ်၏ အန္တရာယ်ပြုခြင်းငှာ စွမ်းနိုင်သည်သာဖြစ်၏" ဟု ပြောဆိုဆုံးမရပါမည်။

ထိုသို့ ပြောဆိုဆုံးမပါလျက် ထိုအယူကို မစွန့်ငြားအံ့၊ သုံးကြိမ်တိုင်တိုင် ဥတ်ကမ္မဝါစာဖြင့် ပြောဆိုဆုံးမရမည် – စသောအစီအရင်များ ဆောင် ရွက်ရပါမည်။ ယင်းဖြစ်ရပ်မျိုးသည် အနုဝါဒါဓိကရဏ်းမျိုးဖြစ်၍ ယင်းအဓိကရဏ်းကို သမ္မုခါဝိနယသမထ၊ သတိဝိနယသမထ၊ အမူဠ္ဍဝိန ယသမထ၊ တဿ ပါပိယ သိကာ သမထတို့ဖြင့် ငြိမ်းစေရပါမည်။

http://www.dhammadownload.com

ဥက္ခိတ္တသမ္ဘောဂသိက္ခာပုဒ်

သြသာရဏကံမပြုရသေးသော်လည်း မိစ္ဆာအယူစွန့်လျှင် သမ္ဘောဂပြုနိုင်

တံ ဒိဋ္ဌိ အပ္ပဋိနိဿဇ္ဇေန–ကိုထောက်၍ပြုနိုင်သည်။

မှတ်ချက် ။ ဤသိက္ခာပုဒ်သည် ဥက္ခိတ္တကရဟန်းနှင့် အပေါင်းအသင်း မလုပ်သင့်ကြောင်းကိုပြသည်။

သမ္ဘုဇ္ဇေယျ ဝါ–၌ သမ္ဘောဂသရုပ်

၁။ အာမိသသမ္ဘောဂ = **ဆွမ်းစသော အာမိသပစ္စည်း**ကို ခံယူ သုံးစွဲခြင်း, မိမိကထိုသူတို့အား ချီးမြှောက်ပေးကမ်းခြင်း။

၂။ ဓမ္မသမ္ဘောဂ = ပါဠိတော် အဋ္ဌကထာဓမ္မကို ပို့ချပေးခြင်း၊ ထိုရဟန်းထံမှ သင်ယူခြင်း။

သံဝသေယျ ဝါ–၌ သံဝါသဟူသည်

ဥပုသ်ပဝါရဏာ, အခြားသံဃကံများ၌ ထိုဥက္ခိတ္တက ရဟန်းနှင့် အတူတကွ ကံပြုခြင်း။

ဥက္ခိတ္တ သမ္ဘောဂ သိက္ခာပုဒ်၌ ပေါင်းသင်းခွင့် မရှိသော ရဟန်းအမျိုးအစား

တထာဟံ ဘဂဝတာ–စသော စကားကို ပြောလေ့ရှိသော ရဟန်း၊ မပြုအပ်သေးသော သြသာရဏကံရှိသော ရဟန်း၊ မိစ္ဆာအယူကို မစွန့်သေးသော ရဟန်းမျိုး ဖြစ်ပါသည်။

http://www.dhammadownload.com

ကဏ္ဍက သိက္ခာပုဒ်

ကဏ္ဍက သာမဏေ ပြောသောစကား

တထာဟံ ဘဂဝတာ (ပ) အန္တရာယာယ။

ရဟန်းတို့က ကဏ္ဍကသာမဏေကို သိက္ခာပုဒ်အတိုင်း ဆုံးမပုံ–

မာဝုသော သမဏုဒ္ဒေသ (ပ) အန္တရာယာယ။

ကဏ္ဍက သာမဏေနှင့် ပြုလုပ်ခွင့်မရှိသောအရာများ

၁။ သပိတ် သက်နှံး ပေးအံ့၊ ပါဋ္ဌိအဋ္ဌကထာ သင့်အံ့–ဟု မဖြားယောင်းရခြင်း၊ ၂။ဝတ်ကြီး ဝတ်ငယ်ကို သာယာသဖြင့် မလုပ်ကျွေးရခြင်း၊ ၃။အတူ တကွ မသုံးဆောင်ရခြင်း၊ (၄)အတူတကွ တစ်မိုးတစ်ရံတည်းသော ကျောင်း၌ မအိပ်ရခြင်းတို့ဖြစ်ပါသည်။

နှင်ထုတ်ခြင်း အပြစ်ဒဏ်ခံရသော သာမဏေကို သွေးဆောင်လက်ခံပြီး တစ်နှစ်ပတ်လုံးနေစေသောရဟန်းအား အာပတ်မှလွတ်နိုင်/မလွတ်နိုင်

ကဏ္ဍက သိက္ခာပုဒ်အရ အာပတ်မှလွတ်ရန် အကြောင်းမရှိသောကြောင့် အာပတ်မှ မလွတ်နိုင်ပါ။

ကဏ္ဍက သာမဏေကို ဆုံးမ မရသော် ဆက်လက်ပြောဆိုပုံ

အဇ္ဇတဂ္ဂေ (ပ) ပိရေ ဝိနသ။

နှင်ထုတ်ခြင်း အပြစ်ဒဏ်ခံရသော သာမဏေကို သွေးဆောင်လက်ခံပြီး တစ်နှစ်ပတ်လုံး နေစေသော ရဟန်းအား အာပတ်မှ လွတ်နိုင်မလွတ်နိုင်

http://www.dhammadownload.com

ကဏ္ဍက သိက္ခာပုဒ်အရ အာပတ်မှလွတ်ရန် အကြောင်းမရှိသောကြောင့် အာပတ်မှ မလွတ်နိုင်ပါ။

အယူမှားသောကဏ္ဍကသာမဏေကို ဒဏ္ဍက ကမ္မနာသနာပြုပုံ ပြပါဠ်

အဇ္ဇတဂ္ဂေ (ပ) ပိရေ ဝိနသ။

တထာနာသိတံ-ဠ် နာသန-အရ

ဒဏ္ဍက ကမ္မနာသနာကိုယူပါ။ (၁၃၅၀-ခုအကြီးတန်း)

နာသနာ ၃-မျိုး

သံဝါသနာသနာ,လိင်္ဂနာသနာ, ဒဏ္ဍကမ္မနာသနာ။

(၁၃၅၀-ခု အကြီးတန်း)



သဟဓမ္မိက သိက္ခာပုဒ်

အနာဒရိယ သိက္ခာပုဒ်နှင့် သဟဓမ္မိက သိက္ခာပုဒ်အထူး

အနာဒရိယသိက္ခာပုဒ်၌ သိက္ခာပုဒ်ကို တိုက်ရိုက် ငြင်းဆန်ခြင်းကြောင့် အာပတ်သင့်၍ သဟဓမ္မိက သိက္ခာပုဒ်၌မူ သွယ်ဝိုက်၍ ငြင်းဆန်ခြင်းကြောင့် အာပတ်သင့်ပါသည်။

သိက္ခာပုဒ်ကို မသင်မနေရ တိုက်တွန်းသော ပါဠို

သိက္ခမာနေန (ပ) သာမီစိ။

(ဘုရားရှင်၏ အဆုံးအမတော်ကို လိုက်နာကျင့်ကြံလိုသော ရဟန်းများ လိုက်နာကျင့်ကြံရမည့် ကျင့်ဝတ်လည်း ဖြစ်ပါသည်။)

(၁၂၄၈-ခု အကြီးတန်း၊ ၃၄-ခု, ၅၀-ခုအလတ်တန်း၊ ၅၄-ခုအငယ်တန်း)

http://www.dhammadownload.com

သိက္ခာပုဒ်များကို ကျင့်လိုသော ရဟန်း၏ လောကုတ္တရာ တရား လျော်သော ကျင့်ဝတ်

သိက္ခာပုဒ်များကို ကျင့်လိုသော ရဟန်းသည် မသိ သိအောင်ပြု ရပါမည်၊ မသိလျှင်လည်း မေးရပါသည်၊ မေးပြီးနောက် အခေါက် ခေါက်အခါခါ ကြံစည်ရပါမည်။ ဤသို့ သိအောင်ပြုခြင်း၊ မေးခြင်း၊ ကြံစည်ခြင်းသည် ထိုသိက္ခာပုဒ်ကို ကျင့်ရာ၌ လောကုတ္တရာတရား အားလျော်သော ကျင့်ဝတ် ဖြစ်ပါသည်။

သိက္ခာပုဒ်ကို ကျင့်ကြံလိုသော ရဟန်းတော်များ လိုက်နာပြုကျင့်ရမည့် ကျင့်ဝတ်

(၁) အညာတဗ္ဗ – မသိသိအောင် ပြုရမည်။ (၂) ပရိပုစ္ဆိ တဗ္ဗ – မသိလျှင် မေးရမည်။ (၃) ပရိပဥ္ဉိတဗ္ဗ – မေးပြီးနောက် အခေါက်ခေါက် အခါခါ ကြံစည်ရပါမည်။

သီတင်းသုံးဖော်တို့က သိက္ခာပုဒ်ဖြင့် ပြောဆိုဆုံးမသော် ပြန်လှန် ပြောဆိုပုံစကားရပ်

ငါ့ရှင်တို့...ကျွမ်းကျင်လိမ္မာသော အခြားဝိနည်း ဓိရ်ရဟန်းကို မမေးရသေးမှု ကာလပတ်လုံး ငါသည် ဤသိက္ခာပုဒ်၌ ကျင့်လိမ့် မည်မဟုတ်ဟု ပြောဆိုပါသည်။ သာဓက – နံ တာဝါ ဟံ အာဝုသော (ပ) ပုရိပုစ္ဆာမိ။

ပါစိတ်အာပတ်

ဝိနည်းပညတ်တော် (သိက္ခာပုဒ်)ဖြင့် ဆုံးမပြောဆိုရာ၌ ငြင်းဆန်လျှင် ဤသိက္ခာပုဒ်အရ ပါစိတ်သင့်သည်။

ဒုက္ကဋ်အာပတ်

ဝိနည်းပညတ်တော်မှ တစ်ပါးသော သုတ္တန်, အဘိဓမ္မာနည်း လမ်းဖြင့် ပြောဆိုရာ စသည်၌ ငြင်းဆန်လျှင် ဒုက္ကဋ်သင့်သည်။

http://www.dhammadownload.com

သီတင်းသုံးဖော်တို့က ဓမ္မဝိနယနှင့်အညီ ပြောဆိုသောအခါ ပြန်လည် ပြောဆိုသော ရဟန်း၏စကား

နာ တာ ဝါ၊ကံ အာဝုသော ဧတသ္မိံ (ပ) ပရိပုစ္ဆာမိ။

(၁၃၄၈-ခု အကြီးတန်း)

ဝိလေခန သိက္ခာပုဒ်

သိက္ခာပုဒ်ကို ကဲ့ရဲ့ပုံပြပါ၌

ကိံ ပနမေဟိ (ပ) သံဝတ္တန္တိ။

သိက္ခာပုဒ်တော်ကို ကဲ့ရဲ့ပြောဆိုပုံ

ငယ်ကုန်, အလွန်ငယ်ကုန်သော ဤခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်တို့ကို ပြဆိုခြင်းကြောင့် အဘယ်ကျိုးရှိအံ့နည်း။ အတိုင်းထက်အလွန်တွေး တောမှု ဖြစ်ရုံမျှသာ၊ စိတ်နှလုံးကို ရေးခြစ်ရှုပ်ထွေးစေရုံမျှသာ ဖြစ်ကုန်၏ – ဟု သိက္ခာပုဒ်တော်ကို ကဲ့ရဲ့ပြောဆိုပါသည်။

ဝိနည်းပညတ် သိက္ခာပုဒ်တို့ကို ကဲ့ရဲ့ရှုတ်ချသော ရဟန်း၏ ရည်ရွယ်ချက် ၃ – မျိုး

(၁) ကုက္ကုစ္စာယ – အပ်သလော၊ မအပ်သလောဟု အလိုလို ဖြစ်ခြင်းအကျိုး၊ (၂) ဝိဟေသာယ – ပင်ပန်းခြင်းအကျိုး (၃) ဝိလေခါယ – စိတ်ကို ရေးခြစ်သကဲ့သို့ဖြစ်သော ဝိစိကိစ္ဆာအကျိုးတို့ ဖြစ်ပါသည်။

ခုဒ္ဒ, အနုခုဒ္ဒကအခွဲ

ပါရာဇိကကိုကောက်၍ သံဃာဒိသေသ်စသော သိက္ခာပုဒ်များကို ခုဒ္ဒ(ငယ်သော) သိက္ခာပုဒ်များဟု ဆိုနိုင်၏။ ခုဒ္ဒအမည်ရပြီးသော သံဃာ ဒိသေသ်ကို ထောက်၍ ထုလ္လစ္စဋ်းစသော သိက္ခာပုဒ်များကို

http://www.dhammadownload.com

အနုခုဒ္ဒက(သာ၍ငယ်သော) သိက္ခာပုဒ်များဟု ဆိုနိုင်သည်။ အချုပ်မှာ သံဃာဒိသေသ်သည် ခုဒ္ဒသာမည်၍ တုလ္လစ္စဉ်းစသည်တို့မှာ ခုဒ္ဒ+အနုခုဒ္ဒက ၂-မျိုးလုံး မည်သည်ဟု ဆိုလိုသည်။

အဆုံးအဖြတ်

၁။ ရဟန်းထံ၌ သိက္ခာပုဒ်ကို ကဲ့ရဲ့လျှင် ပါစိတ်။

၂။ လူ သာမဏေအနီး၌ သိက္ခာပုဒ်ကို ကဲ့ရဲ့လျှင်ဖြစ်စေ, ရဟန်းနှင့်လူ သာမဏေအထံ၌ သိက္ခာပုဒ်မှတစ်ပါးသော ပါဠိ, အဋ္ဌကထာဓမ္မကို ကဲ့ရဲ့လျှင် ဖြစ်စေ ဒုက္ကဋ်။



မောဟနသိက္ခာပုဒ်

မသိဟန်ဆောင်ပုံပြပါဠိ

ကဒါနေဝ ခေါ (ပ) အာဂစ္ဆတိ။

ပါတိမောက်ပြရာ၌ မောဟန ရဟန်းက ပြောဆိုပုံ

ငါသည် ယခုမှသာလျှင် သိ၏။ ဤတရားသည်လည်း ပါတိမောက်၌ လာသတတ် ပါတိမောက်၌ အကျုံးဝင်သတတ်၊ လခွဲတိုင်း၊ လခွဲတိုင်း အကျဉ်း ပြခြင်းသို့ ရောက်သတတ်ဟု ပြောဆို ပါသည်။

ပါတိမောက်ပြစဉ် သိက္ခာပုဒ်ကို မသိနားမလည်ချင်ယောင်ဟန်ဆောင်ကာမျှဖြင့် အာပတ်သင့်ပါသလော ဆုံးဖြတ်ချက် ချမှတ်ပြပါ။

ပါတိမောက်ပြစဉ် သိက္ခာပုဒ်ကို မသိနားမလည်ချင်ယောင်ဟန်ဆောင် ကာမျှဖြင့် အာပတ်မသင့်ပါ။ မောဟနက်ပြုပြီးသည်၏ အဆုံးကျမှ အာပတ်သင့်ပါသည်။

http://www.dhammadownload.com

မောဟော အာရောပေတဗ္ဗော–၌ မောဟနကံ တင်ပုံ

ငါ့ရှင်...သင်သည် ပါတိမောက်ရွတ်ပြစဉ် ကောင်းမွန်စွာ အကျိုးရှိသည်ကိုပြု၍ နှလုံးမသွင်း၊ သင်သည် ဒိဋ္ဌမွိုက သမ္ပရာယိက လာဘ် တို့ကို မရအပ်လေကုန်စွ၊ သင်သည် လူ့အဖြစ်ကို မကောင်းသဖြင့် ရအပ်လေကုန်စွ၊ ဤသို့ ကဲ့ရဲ့ရှုတ်ချပြီး ဥတ္တိဒုတိယ ကမ္မဝါစာဖြင့် မောဟန ကံသို့ တင်ရပါမည်။ သာဓက–တဿ တေ အာဝုသော (ပ) မနသိ ကရောသိ။

မောဟနကံ မတင်မီ ပြောဆိုပုံပြပါ၌ (မောဟနကံ တင်ပုံပြပါ၌)

တဿ တေ (ပ) မနသိကရောသိ။ (၁၃၅၀–ခုအလတ်တန်း)

အာပတ်သင့်ရာကာလ

မောဟနကံသို့ တင်ပြီးသောအခါ နောက်ထပ် တစ်ဖန် "ဣဒါနေဝ ခေါ အဟံ ဇာနာမိ" စသော စကားမျိုးကို ပြောလျှက် မသိဟန်ဆောင်သောအခါ၌ သုဒ္ဓပါစိတ် အာပတ်သင့် ပါသည်။

အဆုံးအဖြတ်

မောဟကံသို့ မတင်မီ မသိဟန်ဆောင်ခြင်းကြောင့် ဒုက္ကဋ်သင့်၍ တင်ပြီးနောက် မသိဟန်ဆောင်ခြင်းကြောင့် ပါစိတ်သင့်သည်။

(၁၃၃၄–ခု အလတ်တန်း၊ ၅၃–ခုအငယ်တန်း)



ပဟာရသိက္ခာပုဒ်

အဆုံးအဖြတ်

၁။ စိတ်ဆိုး၍ ရဟန်းအား ရိုက်နှက်ပုတ်ခတ်လျှင် ပါစိတ်၊ သေစေလိုသော စေတနာမရှိလျှင် ရိုက်သည့်အတွက် သေစေကာမူ ပါစိတ်ပင်။

http://www.dhammadownload.com

၂။ နဂိုကပင် အင်္ဂါချုတ်ယွင်းစေလို၍ နှိပ်စက်မှု ဒုက္ကဋ်၊ လူသာမဏေကို ရိုက်နှက်ရာ၌ကား ဒုက္ကဋ်ချည်းသာ။

၃။ ရန်သူတို့က နှိပ်စက်လာသဖြင့် လွတ်မြောက်အောင် ကာကွယ်ရာ၌ လက်လွန်၍ သေစေကာမူ အနာပတ္တိ။

ရဟန်းအားပုတ်ခတ်ခြင်းအကြောင်း

အမျက်ထွက်သောကြောင့်လည်းကောင်း၊ နှလုံးမသာယာသောကြောင့်လည်းကောင်း ပုတ်ခပ်သည်။

တလသတ္တိက သိက္ခာပုဒ်

ခြေ, ဒူးစသည်မြှောက်လည်း အာပတ်

တလသတ္တိကကို ဥပလက္ခဏာနည်းအားဖြင့် ဆိုထားသောကြောင့် ကိုယ်အင်္ဂါအစိတ်အပိုင်းတို့တွင် မည်သည့်အင်္ဂါကို မြှောက်မြှောက် အာပတ်သင့်သည်။

ရဟန်းအား လက်ဝါးပြင်မိုးခြင်းအကြောင်း

အမျက်ထွက်သောကြောင့်လည်းကောင်း၊ နှလုံးမသာယာသောကြောင့်လည်းကောင်း လက်ဝါးပြင်မိုးသည်။

အဆုံးအဖြတ်

၁။ ရိုက်မည်ဟု မကြံဘဲ ခြိမ်းခြောက်သောအားဖြင့် ရဟန်း၏ အပေါ်၌ လက်ဝါးကြီး တမိုးမိုး, လက်သီးတရွယ်ရွယ်, ခြေတရမ်းရမ်း, တုတ်ဓားတပြပြလုပ်လျှင် ပါစိတ်။

၂။ ထိုကဲ့သို့ ခြိမ်းခြောက်ရွယ်မိုးရာ၌ မချိန်ဆနိုင်၍ လက်လွန်သွားလျှင် (ရိုက်မိလျှင်) ဒုက္ကဋ်။

http://www.dhammadownload.com

အမှုလက သိက္ခာပုဒ်

ဒုဋ္ဌဒေါသသိက္ခာပုဒ်နှင့် အမှုလက သိက္ခာပုဒ်အထူး

ဒုဋ္ဌဒေါသသိက္ခာပုဒ်၌ ပါရာဇိကဖြင့် စွပ်စွဲခြင်းဖြစ်၍ ဤအမှုလက သိက္ခာပုဒ်၌မူ သံဃာဒိသေသ်ဖြင့် စွပ်စွဲခြင်းဖြစ်ပါသည်။ ဤသို့ ထူးပါသည်။

ရဟန်းကို သီလ, အာစာရ, ဒိဋ္ဌိဝိပတ္တိတို့ဖြင့် စွပ်စွဲခြင်းကြောင့် သင့်နိုင်သော အာပတ်များ

သီလဝိပတ္တိဖြင့် စွပ်စွဲလျှင် သံဃာဒိသေသ်,ပါစိတ်။
အာစာရဝိပတ္တိဖြင့် စွပ်စွဲလျှင် ဒုက္ကဋ်။
ဒိဋ္ဌိဝိပတ္တိဖြင့် စွပ်စွဲလျှင် ဒုက္ကဋ်။ (၁၃၅၄-ခု အကြီးတန်း)



သဉ္စိစ္စသိက္ခာပုဒ်

ကုက္ကုစ္စဖြစ်စေခြင်း၏ ရည်ရွယ်ချက်

ဤသို့ဖြစ်စေရလျှင် ထိုရဟန်းအား တမုဟုတ်မျှလည်း မချမ်းသာမှုဖြစ်လတ့ံ-ဟု ရည်ရွယ်ပါသည်။

အခြားရဟန်းအား ကုက္ကုစ္စဖြစ်စေကာမူ ပြောသော ရဟန်းအား အာ ပတ်မသင့်ခြင်းအကြောင်း

ကုက္ကုစ္စရစ္စဖြစ်စေလိုမှု မရှိခြင်း၊ အကျိုး စီးပွားကို လိုလားခြင်းတို့ဖြင့် ပြောဆိုခြင်းကြောင့် အာပတ်မသင့်ပါ။

အဆုံးအဖြတ်

၁။ တကယ်ပင် အသက်-၂၀ မပြည့်ဟုထင်၍ အကျိုးလိုလားသော စိတ်ဖြင့်ပြောလျှင် အနာပတ်။

http://www.dhammadownload.com

၂။ ကုက္ကုစ္စဖြစ်အောင် ပြုလုပ်ရာ၌ ကုက္ကုစ္စဖြစ်ဖြစ်+မဖြစ်ဖြစ် အာပတ် သင့်သည်။



ဥပဿုတိ သိက္ခာပုဒ်

ချောင်း၍ နားထောင်သူ၏ ရည်ရွယ်ချက်ပြပါ၌

ယံ ဣမေ (ပ) သောသ္သာမိ။

ခိုက်ရန် ငြင်းခိုသော ရဟန်းတို့၏ စကားကို ချောင်း၍ နားထောင်လိုခြင်း ဟူသော နှလုံးသွင်းရည်ရွယ်ချက်

ထိုရဟန်းတို့၏ တိုးတိုးပြောဆိုသော စကားကို နားထောင်လိုခြင်းဟူသော နှလုံးသွင်းရည်ရွယ်ချက် ဖြစ်ပါသည်။

အဆုံးအဖြတ်

နားထောင်လိုရုံ သက်သက်မဟုတ်။ နားထောင်ပြီးလျှင် သူတို့စကားအရ စောဒနာမည်ဟု ရည်ရွယ်ချက်လည်းရှိမှ အာပတ်သင့်သည်။ စောဒနာလို၍ မဟုတ်ဘဲ သူတို့စကားကို ကြားလျှင် "ထိုအဓိကရဏ်းမှ မိမိလွတ်အောင် ရှောင်မည်။ အဓိကရဏ်းကို ငြိမ်းစေမည်"စသော ကောင်းသော စိတ်ဆန္ဒဖြင့် ချောင်း၍ နားထောင်လျှင် အနာပတ္တိ။



ကမ္မပ္ပဋိဗာဟန သိက္ခာပုဒ်

ကမ္မာနံ–အရ

အပလောကနကံ, ဉတ္တိကံ, ဉတ္တိဒုတိယကံ, ဉတ္တိစတုတ္ထကံ။

(၁၃၃၇–ခု အလတ်တန်း)

http://www.dhammadownload.com

ဓမ္မိကာနံ–ဌ် ဓမ္မိကဖြစ်အောင်ပြုနည်း

ဟုတ်မှန်သောဝတ္ထု၊ စောဒနာ, သာရဏာဝိနည်း၊ မြတ်စွာဘုရား အဆုံးအမဖြစ်သော ဉာတ်ကမ္မဝါစာ ပြည့်စုံစွာ ပြုခြင်းသည် ဓမ္မိက ဖြစ်အောင် ပြုနည်းဖြစ်သည်။ (၁၃၃၇–ခု အလတ်တန်း)

ဆန္နံ အဒတ္တာဂမနသိက္ခာပုဒ်

ဝိနိစ္ဆယ ကထာဖြစ်ဆဲအချိန်

အဓိကရဏ်း တစ်ခုခုကို ဆုံးဖြတ်ဖို့ရန် သံဃာစည်းဝေးပြီး နောက် စုဒိတက, စောဒကတို့က ဆိုင်ရာစကားကို ပြောဆိုခြင်း၊ ဝိနည်းမိုရ်ကိုသမုတ်ခြင်း၊ ထို့နောက် စစ်ဆေးမေးမြန်းခြင်း၊ ဝိနိစ္ဆယ နှင့် စပ်သော ဉတ် ကမ္မဝါစာကို ရွတ်ဆိုရာဝယ် ဉတ်ထားပြီး၍ ကမ္မဝါစာ မပြီးဆုံးသေးခြင်း ဟူသော ဤကိစ္စများအတွင်းသည် ဝိနိစ္ဆယကထာဖြစ်ဆဲအချိန် ဖြစ်သည်။

ပါစိတ်သင့်

ဝိနိစ္ဆယကထာဖြစ်နေစဉ် ကံပျက်စေလိုသော စိတ်ဖြင့် ဆန္ဒ မပေးဘဲ သွားလျှင် ပါစိတ်သင့်သည်။

ဒုဗ္ဗလ သိက္ခာပုဒ်

ရွတ်ချပုံပြပါဠ်

ယထာ သန္ဆုတံ (ပ) ပရိဏာမေန္တိ။

ရွတ်ချပုံ

ရဟန်းတို့သည် ချစ်ကျွမ်းဝင်သည်အားလျော်စွာ သံဃိက ဖြစ် သောလာဘ်ကို ညွှတ်စေကုန်၏ – ဟု ရွတ်ချပါသည်။

http://www.dhammadownload.com

ဒုက္ကဋ်အာပတ်

သင်္ကန်းမှတပါး အခြားဝေဖန်ဖွယ်ပစ္စည်းများကို သဘောတူပေးပြီးနောက် ရူတ်ချရာဌ်လည်းကောင်း, သမ္မုတိမရသူအား ပေးပြီးနောက် ရူတ်ချ ရာဌ်လည်းကောင်း, သာမဏေများအား သဘောတူပေးပြီးနောက် ရူတ်ချရာဌ်လည်းကောင်း ဒုက္ကဋ်အာပတ်တည်း။

ပရိဏာမန သိက္ခာပုဒ်

ပရိဏာတနှင့် ပရိဏာမနသိက္ခာပုဒ်နှစ်ပုဒ်အထူး

နိဿဂ္ဂိလာ ပရိဏာတ သိက္ခာပုဒ်၌ သံဃိကလာဘ်ကို မိမိသို့ ညွှတ်စေခြင်းကြောင့် နိဿဂ္ဂိပါစိတ်သင့်၍ ဤပရိဏာမနသိက္ခာပုဒ်၌မူ သံဃိကလာဘ်ကို အခြားပုဂ္ဂိုလ်တစ်ပါးပါးသို့ ညွှတ်စေခြင်းကြောင့် သုဒ္ဓပါစိတ် သင့်သည်။ ဤသို့ထူးပါသည်။

အန္တေပုရ သိက္ခာပုဒ်

ကြိုတင်အသိပေးဝင်မှု

ပဗ္ဗေ အပ္ပဋိသံဝိဒိတော–ကို ထောက်၍ အာပတ် မသင့်ပါ။

မင်းမျိုးမဟုတ်ဘဲ အဘိက်သိက်ခံသော မင်းဖြစ်လျှင် အပြစ်ရှိ+မရှိ

ခတ္တိယဿ–ကို ထောက်၍ အပြစ်မရှိပါ။

ရတန သိက္ခာပုဒ်

ရတန (၂)ခုတို့အထူး

အန္တေပုရ သိက္ခာပုဒ်လာ ရတန–အရ မိဖုရား ရတနာကို

http://www.dhammadownload.com

ယူ၍ ရတနသိက္ခာပုဒ်လာ ရတန-အရမူ ရွှေ၊ ငွေ၊ ပုလဲ စသော ရတနာ ၁၀-ပါးကို ယူရပါမည်။ ဤသို့ထူးပါသည်။

(၁၃၃၇-ခု အလတ်တန်း)

ရတနာ ၁၀-ပါးသရုပ်

၁။ မုတ္တာ=ပုလဲ ၂။ မဏိ=ပတ္တမြား
၃။ ဝေဠုရိယော=ကြောင်မျက်ရွဲ၄။ သင်္ခ=ခရသင်း
၅။ သိလာ=ကျောက်သလင်း ၆။ ပဝါဠ=သန်ဘာ
၇။ ရတဇ=ငွေ ၈။ ဇာတရူပ=ရွှေ
၉။ လောဟိတင်္က=ပတ္တမြားနီ၁၀။
မသာရဂလ္လ=ပတ္တမြားပြောက်။

[ဆောင်] မုတ္တာ မဏိ ဝေဠုရိယော၊ သင်္ခ သိလာ စ ပဝါဠံ၊
ရဇတံ ဇာတရူပဉ္စ၊ လောဟိတင်္ကော် မသာရဂလ္လံ။

လောကုတ္တရာတရားအားလျော်သော ကျင့်ဝတ်

အရံအတွင်း၌ဖြစ်စေ, ဧည့်သည်တည်းခိုရာအိမ်ဇရပ်၌ဖြစ်စေ ရတနာ နှင့် ရတနာဟု သမုတ်အပ်သော အသုံးအဆောင်များကို ကောက်ယူ၍ "ဥစ္စာရှင်ပြန်ယူလိမ့်မည်"ဟု နှလုံးသွင်းလျက် သိမ်းထားရမည်။ (၁၃၅၅-ခုအကြီးတန်း)

ရတနာနှင့်စပ်၍ ဆောင်ရွက်ရမည့် ကျင့်ဝတ်များ

ရတနာကိုလည်းကောင်း, ရတနာဟု သမုတ်အပ်သော ပစ္စည်းကို လည်းကောင်း အာရာမ်အတွင်းနှင့် မိမိနေရာ၌ တွေ့ရှိခဲ့သော် တစ်ယောက်သောသူ၏ ဥစ္စာဖြစ်အံ့၊ ဥစ္စာရှင်ဖြစ်သူ ယူဆောင်လိမ့်မည်ဟု နှလုံးသွင်း၍ ကိုယ်တိုင်ကောက်ယူ၍သော်လည်းကောင်း သူတစ်ပါးကို ကောက်ယူစေ၍ သော်လည်းကောင်း သိမ်းထားရမည်။

http://www.dhammadownload.com

ရွှေငွေရတနာများ ကိုင်ကောင်းသောအရပ်

အာရုံမ်တွင်းနှင့် တည်းခိုရာ ဇရပ်တွင်း၌ ရွှေငွေရတနာများကို ကိုင်ကောင်းပါသည်။

မကိုင်ကောင်းသောအရပ်

အာရာမ်အတွင်းနှင့် တည်းခိုရာဇရပ်အတွင်းမှ တစ်ပါးအခြားသော အရပ်တို့၌ မကိုင်ကောင်းပါ။

ရတနာစသည်ကို ကောက်ယူမသိမ်းသင့်ရာဌာနများ

၁။ ကျောင်းတိုက်အတွင်းမှ အခြားအရပ်

၂။ မိမိနေရာဌာနအတွင်းမှ အခြားအရပ် (၁၃၂၅-ခုအလတ်တန်း)

ကောက်ယူသိမ်းရန်ဝတ္တရားရှိသော နေရာများ

၁။ ကျောင်းတိုက်အတွင်း

၂။ မိမိနေရာဌာနအတွင်း (၁၃၂၄-ခု, ၂၅-ခုအလတ်တန်း)

သိမ်းထားရာ၌ ထားရှိရမည့် ရည်ရွယ်ချက်

"ဥစ္စာရှင် ပြန်ဆောင်ယူလိမ့်မည်"ဟူသော ရည်ရွယ်ချက်။

ရတနာ ပစ္စည်းမျိုးကို မည်သည့်အရပ်၌တွေ့လျှင် မည်သို့နှလုံးသွင်းထား၍ ကောက်ယူ ထားကောင်းပါသနည်း။

ရတနာ (၁၀)ပါးကိုလည်းကောင်း၊ ရတနာ-ဟု သမုတ်အပ်သော အသုံးအဆောင်ကိုလည်းကောင်း အာရုံမ်အတွင်းနှင့် တည်းခိုရာဇရပ်၌ တွေ့လျှင် "အကြင်သူ၏ ဥစ္စာသည် ဖြစ်လတံ့၊ ထိုဥစ္စာရှင်သည် ဆောင်လတံ့"ဟု နှလုံးသွင်းပြု၍ ကောက်ယူထားကောင်းပါသည်။

http://www.dhammadownload.com

အာရာမနှင့် အဇ္ဈာရာမအခွဲ

ရဟန်းများနေထိုင်ရာ ကျောင်းတိုက်ကို အာရာမဟု ခေါ်၍ ထိုအာရာမ် အတွင်းရှိ ကျောင်းဆောင်များနှင့် ကျောင်းပရိဝုဏ်များကို အဇ္ဈာရာမဟု ခေါ်ပါသည်။

အာဝသထနှင့် အဇ္ဈာဝသထအခွဲ

အာရာမ်အတွင်းမှာဖြစ်စေ, အခြားအရပ်မှာဖြစ်စေ မိမိနေခိုက် ကျောင်းများကို အာဝသထဟုခေါ်၍ ထိုမိမိနေရာဌာနက အကာအရံ ရှိလျှင် အကာအရံအတွင်းကို လည်းကောင်း, အကာအရံ မရှိလျှင် ကျည်ပွေ့တစ်ကျအတွင်းကို လည်းကောင်း အဇ္ဈာဝသထဟုခေါ် ပါသည်။



ဝိကာလေဂါမပုဂ္ဂဝေသန သိက္ခာပုဒ်

အစ္စာယိက ကရဏီယ ဟူသည်

ဓားပြဘေး, မီးဘေးစသော ဘေးရန်အန္တရာယ်တို့ ဖြစ်ပေါ်လာခြင်း။

အနုပညတ်များ

၁။ သန္တံ ဘိက္ခုံ။

၂။ အနာပုစ္ဆာ၊

၃။ အညတြ တထာရူပါ အစ္စာယိကာ ကရဏီယာ။

ဝိကာလအခါ ရွာထဲဝင်ရန် ပန်ပြောပုံ

ထင်ရှားရှိသော ရဟန်းထံ၌ "ဝိကာလေ ဂါမပုဂ္ဂဝေသနံ အာပုစ္ဆာမိ"ဟု လည်းကောင်း၊ "ဂါမံ ပဝိသိဿာမိ" ဟုလည်းကောင်း ပန်ပြောရမည်။ (၁၃၅၅-ခုအကြီးတန်း)

http://www.dhammadownload.com

ပန်ပြောရာ၌ စည်းကမ်းချက်

ရဟန်း ၂-ပါးမြို့တွင်း, ရွာတွင်းသို့အတူ ဝင်လိုရာ၌ အချင်းချင်းအပြန် အလှန်ပန်ပြောနိုင်၏။ အများဝင်ရာ၌လည်း နီးရာရဟန်းအား ပန်ပြောနိုင်သည်။

ဝိကာလအခါ အာပတ်မသင့်အောင် ရွာထဲဝင်နည်း

၁။ ဓားပြဘေး စသော အရေးတကြီးကိစ္စကြောင့် ဝင်ခြင်း။
၂။ ထင်ရှားရှိသော ရဟန်းကို ပန်ကြား၍ ဝင်ခြင်း။

စာရိတ္တနှင့် ဝိကာလေဂါမပွဝေသန သိက္ခာပုဒ်တို့အထူး

စာရိတ္တသိက္ခာပုဒ်ကို နိမန္တနဘတ်ရှိသော ရဟန်းအတွက် နေမလွဲမီ ရွာတွင်း ဒကာ, ဒကာမတို့အိမ်သို့ လှည်လည်ခြင်းကြောင့် ပညတ်ခဲ့၍ ဤဝိကာလေဂါမပွဝေသန သိက္ခာပုဒ်ကိုမူ ရဟန်းအားလုံးအတွက် နေလွဲအခါ ရွာတွင်းဝင်ခြင်းကြောင့် ပညတ်ပါသည်။ ဤသို့ ထူးပါသည်။



သူစိယရသိက္ခာပုဒ်

မလုပ်ကောင်းသော အပ်ကျည်သရုပ်

၁။ အင်္ဂီမယ = နွားရိုးစသည်ဖြင့် ပြုလုပ်အပ်သော အပ်ကျည်။
၂။ ဒန္တမယ = ဆင်နွယ်ဖြင့်လုပ်အပ်သော အပ်ကျည်။
၃။ ဝိသာဏမယ= နွားစသည်တို့၏ဦးချိုဖြင့်ပြုလုပ်အပ်သော အပ်ကျည်။

http://www.dhammadownload.com

ဘေဒနက ဝတ္ထုများ (ရဟန်းတော်များ မသုံးစွဲသင့်သည့်အပ်ကျည်ဖူးများ)

(၁) အင်္ဂီမယ – အရိုးဖြင့် ပြုအပ်သောအပ်ဖူး၊ (၂) ဒန္တမယ – ဆင်စွယ်ဖြင့် ပြုအပ်သော အပ်ဖူး (၃) ဝိသာဏမယ – ဦးချိုဖြင့် ပြုအပ်သော အပ်ဖူးတို့ဖြစ်ပါသည်။

အာပတ်သင့်ပုံ

ကိုယ်တိုင်စ၍ ပြုလုပ်ခြင်း, ပြုလုပ်ခိုင်းခြင်းကြောင့် ဒုက္ကဋ်သင့်၍ ကိုယ်တိုင်ပြုပြီးသည့်အခါ (သို့မဟုတ်)ခိုင်းပြီး၍ ရသည့်အခါ ပါစိတ်သင့်သည်။

ဘေဒနက ပါစိတ်ဟု ဆိုခြင်းအကြောင်း

ပါစိတ်ကို ဒေသနာမကြားခင် အပ်ကျည်ကို ခွဲပစ်ရဦးမည် ဖြစ်သော ကြောင့် ခွဲခြင်းရှိသော ပါစိတ်အာပတ်ဟု ဆိုသည်။

မုသာဝါဒသိက္ခာပုဒ် သင့်သော ပါစိတ်နှင့် သူစီဃရသိက္ခာပုဒ်၌ သင့်သောပါစိတ်တို့အထူး

မုသာဝါဒ သိက္ခာပုဒ်၌သင့်သော ပါစိတ်အာပတ်သည် ဒေသနာ ပြောကြားရုံဖြင့် ကုစား ရပါသည်။ သူစီဃရသိက္ခာပုဒ်၌ သင့်သော ပါစိတ်အာပတ်သည် အပ်ဖူးကိုခွဲပြီးမှ ဒေသနာပြောကြား၍ ကုစားရ ပါသည်။ ဤသို့ ထူးပါသည်။

အပ်စင်သောအပ်ကျည်

ဝါး, သစ်သားစသည်တို့ဖြင့် ပြုလုပ်အပ်သောအပ်ကျည်။

http://www.dhammadownload.com

မဋ္ဌပီဌသိက္ခာပုဒ်

ညောင်စောင်း, အင်းပျဉ်အခြေပမာဏ

မြတ်စွာဘုရား လက်သစ်တော်အားဖြင့် လက်ရုစ်သစ်။
(၁၃၃၇-ခု,၄၇-ခု အငယ်တန်း၊ ၅၁-ခု အလတ်တန်း)

လက်ရုစ်သစ်ထက် အခြေရှိသော ညောင်စောင်းကို ရသော် သုံးစွဲနည်း

ဖြတ်၍ (သို့မဟုတ်) အပိုကိုမြေတွင်မြုပ်၍ သုံးစွဲရမည်။

ဘိက္ခုသုဒ္ဓပါစိတ်လာ ဆေဒနကဝတ္ထုများ

မဋ္ဌ – ညောင်စောင်း၊ ပီဌ – အင်းပျဉ်၊ နိသီဒန – နိသီဒိုင်၊ ကဏ္ဏပ္ပဋိစ္ဆာဒိ – အမာလွမ်းသင်္ကန်း၊ ဝဿိကသာဋိက – မိုးရေခံသင်္ကန်း၊ သုဂတစီဝရပမာဏ အတိရေက စီဝရ – မြတ်စွာဘုရား သင်္ကန်းပမာဏရှိသော သင်္ကန်းပမာဏထက် လွန်သော သင်္ကန်းတို့ဖြစ်ပါသည်။

ရတနဝဂ်၌ အတိုင်းအတာ ပမာဏဖြင့် ပြုလုပ်ရန် သတ်မှတ်ထားသော ပစ္စည်းများ

ညောင်စောင်း၊ အင်းပျဉ်၊ နိသီဒိုင်သင်္ကန်း၊ အမာလွမ်း သင်္ကန်း၊ မိုးရေခံသင်္ကန်း၊ မြတ်စွာဘုရား သင်္ကန်းပမာဏရှိသော သင်္ကန်းပမာဏထက်လွန်သော သင်္ကန်း။

http://www.dhammadownload.com

တူလောနဒွသိက္ခာပုဒ်

တူလောနဒွ ဟူသည်

ညောင်စောင်း အင်းပျဉ်ပေါ်၌ ခင်းထားသော လဲအစာသွပ်ထားသောဖုံ, မွေ့ရာ။

လဲ ၃-မျိုး

၁။ ရုက္ခတူလ = လက်ပံပင်စသော သစ်ပင်မှ ဖြစ်သောလဲ၊
၂။ လတာတူလ = နွယ်ပင်မှဖြစ်သောနွယ်လဲ၊
၃။ ပေါဒုကိတူလ = ရှင်မွေ့လွန်းပင်စသောမြက်မျိုးမှဖြစ်သော မြက်လဲ။ (ယခုခေတ်ဝါများလည်း လဲစာရင်းဝင်သည်။)

လဲမှီ့အခင်းနှင့် ခေါင်းအုံးများခင်း၍ အိပ်ကောင်းသူ

အနာပေါက်ခြင်းစသောမကျန်းမာမှုကြောင့် ရိုးရိုးအခင်းပေါ်၌ မထိုင်နိုင်, မအိပ်နိုင်သော ဂိလာနရဟန်း။

ဥဒ္ဒါလနက ဝတ္ထုများ

လဲအစာသွတ်ထားသောညောင်စောင်း၊ အင်းပျဉ်တို့ ဖြစ်ပါသည်။

ခေါင်းအုံးပမာဏ

အရှည် ၂-တောင်၊ အနံတောင်ဆုပ် ပမာဏ။ (ထို့ထက်ကြီးလျှင် မအပ်၊ ငယ်လျှင်မူ အပ်သည်။)

http://www.dhammadownload.com

နိသီဒနသိက္ခာပုဒ်

နိသီဒိုင်အခင်းပမာဏ

ဘုရားရှင်၏ အထွာတော်ဖြင့် – အလျား ၂ – ထွာ၊ အနံ – ၁ ထွာခွဲ၊ အမြိတ်အဆာ ၁ – ထွာ။

ပဇ္ဈိမပုရိသအားဖြင့် = အလျား ၆ – ထွာ၊ အနံ ၄ – ထွာခွဲ၊ အမြိတ် အဆာ ၃ – ထွာ။

ပကတိပုရိသအားဖြင့် = အလျား ၆ – ထွာ၊ အနံ ၆ – ထွာ၊ ၉ – လက်သစ်၊ အမြိတ်အဆာ ၄ – ထွာခွဲဖြစ်ပါသည်။

(၁၃၂၆–ခု အလတ်တန်း)

နိသီဒိုင် ပြုလုပ်ပုံ

နိသီဒိုင် ပြုလုပ်လိုသော ရဟန်းသည် မြတ်စွာဘုရား အထွာတော်ဖြင့် အလျား နှစ်ထွာ, အနံတစ်ထွာနှင့် လက်ခြောက်သစ်, အမြိတ် အဆာတစ်ထွာထား၍ ပြုလုပ်ရပါမည်။

သုက်နှီးသင်္ကန်း

ဤနိသီဒိုင်ကို မူလပညတ်တော်မူရခြင်း၏ အကြောင်းမှာ ရဟန်းတို့သည် မွန်မြတ်သောအစာကိုစားပြီးနောက် တရားနှလုံးမသွင်းဘဲ အိပ်ပျော် ကြသည့်အခါ အိပ်မက်မက်၍ သုက်ထွက်သဖြင့် သင်္ကန်းလည်း ပေ, ကျောင်းအိပ်ရာနေရာနှင့် ခန္ဓာကိုယ်လည်းပေသောကြောင့် ထိုသင်္ကန်း, ကျောင်း, ကိုယ်ခန္ဓာများကို စောင့်ရှောက်ဖို့ရာ (မလူးမလဲဖို့ရာ) ပညတ်တော်မူ ရခြင်းဖြစ်သည်။ ထို့ကြောင့် နိသီဒိုင်ကို "သုက်နှီးသင်္ကန်း"ဟုလည်း ခေါ် စမှတ်ပြုကြသည်။

http://www.dhammadownload.com

နိသီဒိုင်ကို အသုံးချပုံ

ဤနိသီဒိုင်ကို ယခုအခါ နေရာထိုင်ကဲ့သို့ ခင်း၍လည်း ထိုင်နိုင်သည်။ ဆွမ်းစားသည့်အခါ တစ်ပိုင်းကိုခင်း၍ အမြိတ်အဆာကို တင်ပလ္လင်ပေါ်၌တင်ကာ ဆွမ်းဟင်းအစက်များကိုလည်း ကာကွယ်နိုင်၏။ အထူးအားဖြင့်ကား သင်းပိုင်အတွင်းမှ ရှေ့တည့်တည့်က ခံ၍ ဝတ်ဖို့ရန်ဖြစ်၏။ ဝတ်သည့်အခါ အလယ်က အမြိတ်တို ခါးတောင်းကြိုက်သလို နောက်ပို့၍ ကြိုးငယ် (သို့မဟုတ်) တွယ်အပ်တို့ဖြင့် ချိတ်ဆွဲထားရမည်။ ဆရာတို့ကား တင်ပါး ဘက်က ဖုံး၍ အလယ်က အမြိတ်ကို ပေါင်ကြားမှ ရှေ့သို့ပို့ကာ ဆီးပုံးပေါ်မှာ ဖုံး၍ ကြိုးဖြင့် ချည်ထားပုံကို ပြောကြသည်။

ကောသိယဝဂ်လာ နိသီဒနနှင့် ရတနဝဂ်လာ နိသီဒနတို့အထူး

ကောသိယဝဂ် နိသီဒနသိက္ခာပုဒ်လာ နီသီဒနဟူသည် အခင်းဖြစ်သည်။ ပမာဏမရှိ,မရက်ဘဲ ခင်း၍ပြုလုပ်ထားသည်။ အဓိဋ္ဌာန် ဝိကပွနာ မပြုဘဲ သုံးစွဲနိုင်သည်။

ရတနဝဂ် နိသီဒန သိက္ခာပုဒ်လာ နိသီဒနဟူသည် သင်္ကန်းကိုးထည်တွင် ပါဝင်သော သင်္ကန်း ဖြစ်သည်။ ပမာဏလည်းရှိသည်။ ယက္ကန်း၌ ရက်အပ်သော အဝတ်လည်း ဖြစ်သည်။ အဓိဋ္ဌာန်, ဝိကပွနာပြု၍ သုံးစွဲရမည်။ ဤသို့ ထူးပါသည်။

(၁၃၅၃-ခု အလတ်တန်း)



ကဏ္ဍုပွင့်ဆွာဒိ သိက္ခာပုဒ်

ကဏ္ဍု-အရ

ကဏ္ဍုသဒ္ဒါကို ဥပလက္ခဏနည်းအားဖြင့် ဆိုထားသောကြောင့် ယားနာကိုသာမက ဝဲနာ,သွေးစုနာ,အရည်ထွက်သော ဘဂန္ဒိုရ်နာ,

http://www.dhammadownload.com

ဆီးချိုရောဂါ, ဒူလာ, မြင်းသရိုက်နာနှင့် ကြီးကျယ်သော အရည်ထွက်သောအနာ ဟူသမျှကို ယူပါ။

ကဏ္ဍာပ္ပဋိစ္ဆာဒီဟူသည်

ချက်မှအောက်ပိုင်း, ဒူးပဆစ်မှ အထက်ပေါက်လျှင် သင်းပိုင်းကို ပေမည်စိုးသောကြောင့် ထိုအနာများကို ဖုံးလွှမ်းကာကွယ်ခြင်း အကျိုးငှာ ခွင့်ပြုအပ်သော အမာလွှမ်းသင်္ကန်း။

အမာလွှမ်းသင်္ကန်းပမာဏ

အမာလွှမ်းသင်္ကန်းပမာဏ ဘုရားအထွာတော်အားဖြင့် = အလျား ၄ – ထွာ၊ အနံ – ၂ ထွာဖြစ်ပါ သည်။

မဇ္ဈိမပုရိသအားဖြင့် = အလျား ၁၂ – ထွာ၊ အနံ ၆ – ထွာဖြစ်ပါသည်။

ပကတိပုရိသအားဖြင့် = အလျား ၁၈ – ထွာ၊ အနံ ၉ – ထွာဖြစ်ပါသည်။

(၁၃၂၆-ခု, ၅၁-ခု အလတ်တန်း)



ဝဿိကသာဋိကာ သိက္ခာပုဒ်

မိုးရေခံ သင်္ကန်းပမာဏ

ဘုရားအထွာတော်ဖြင့် အလျား ၆ ထွာ၊ အနံ ၂ ထွာခွဲ၊ မဇ္ဈိမပုရိသအားဖြင့် အလျား ၁၈ ထွာ၊ အနံ ၇ ထွာခွဲ၊ ပကတိပုရိသအားဖြင့် အလျား ၂၇ ထွာ၊ အနံ ၁၁ ထွာ၊ ၃ လက်သစ်။

(၁၃၂၄-ခု,၂၆-ခု အလတ်တန်း)

http://www.dhammadownload.com

မိုးရေခဲသင်္ကန်းဆိုးမှု

သင်္ကန်းဟုဆိုသော်လည်း ဆိုးရည်ဖြင့် ပကတိသင်္ကန်းရောင် ထွက်အောင် ဆိုးမှမဟုတ်။ ဆင်စွယ်ရောင်ကဲ့သို့ ခပ်ဝါဝါအရောင် ထွက်ရုံ တစ်ကြိမ်လောက်မျှ ဆိုးလျှင်ပင် ဝတ်ကောင်းပြီ။



သုဂတစီဝရပမာဏသိက္ခာပုဒ်

ဘုရားရှင်၏ သင်္ကန်းတော် ပမာဏ

ဘုရားအထွာအားဖြင့် အလျား ၉ ထွာ၊ အနံ ၆ ထွာဖြစ်ပါသည်။ မဇ္ဈိမပုရိသ အထွာ အားဖြင့် = အလျား ၂၇-ထွာ၊ အနံ ၁၈-ထွာဖြစ်ပါသည်။ ပကတိ ပုရိသ (ယခုလူတို့ ပမာဏ) အားဖြင့် = အလျား အတောင် ၂၀ နှင့် လက် (၈) သစ်၊ အနံ ၁၃-တောင် ၁-ထွာဖြစ်ပါသည်။

သုဒ္ဓပါစိတ်၌ ဘိက္ခုနီမများနှင့် စပ်လျဉ်း၍ ပညတ်တော်မူသော သိက္ခာပုဒ်များ

(၁) ညြဝါဒ (၂) အတ္ထင်္ဂတ (၃) ဘိက္ခုနုပဿယ (၄) အာမိသ (၅) စီဝရဒါန (၆) စီဝရသိဗ္ဗန (၇) သံဝိဓာန (၈) နာဝါ ဘိရုဟန (၉) ပရိပါစိတ (၁၀) ရဟောနိသဇ္ဇသိက္ခာပုဒ်တို့ ဖြစ်ပါသည်။

ဘိက္ခုပါတိမောက်၌ ဘိက္ခုနီမများနှင့် စပ်လျဉ်း၍ ပညတ်တော်မူသော သိက္ခာပုဒ်များ

(၁) ပုရာဏစီဝရ သိက္ခာပုဒ်၊ (၂) စီဝရ ပဋိဂ္ဂဟဏ သိက္ခာပုဒ်၊ (၃) ဧဠကလောမ ဓောဝါပန သိက္ခာပုဒ်၊ (၄) ညြဝါဒ (၅) အတ္ထင်္ဂတ (၆) ဘိက္ခုနုပဿယ (၇) အာမိသ (၈) စီဝရ သိဗ္ဗန (၁၀) သံဝိဓာန

http://www.dhammadownload.com

(၁၁)နာဝါဘိရုဟန (၁၂)ပရိပါစိတ (၁၃)ရဟော နိသဇ္ဇ (၁၄)ပဌမ ပါဋိဒေသနီယ၊ (၁၅)ဒုတိယ ပါဋိဒေသနီယတို့ ဖြစ်ပါသည်။

ဒေဝဒတ်ကို အကြောင်းပြု၍ ပညတ်တော်မူသော သိက္ခာပုဒ်များ

(၁)သံဃဘေဒက (၂)ပရိပါစိတ (၃)ဂဏဘောဇန သိက္ခာပုဒ်တို့ ဖြစ်ပါသည်။

သုဒ္ဓပါစိတ်၌ မာတုဂါမနှင့် စပ်၍ ပညတ်တော်မူသော သိက္ခာပုဒ်များ

မုသာဝါဒဝဂ်၌ (၁)ဒုတိယ သဟသေယျ (၂)ဓမ္မဒေသနာ။ အစေလကဝဂ်၌ (၃)ရဟော ပဋိစ္ဆန္နေ (၄)ရဟော နိသဇ္ဇ၊ သပ္ပါဏက ဝဂ်၌ (၅)သံဝိဓာန သိက္ခာပုဒ်တို့ ဖြစ်ပါသည်။

စစ်သည်နှင့်စပ်၍ ပညတ်တော်မူသော သိက္ခာပုဒ် (၃)ပုဒ်

(၁)ဥယျုတ္တသေနာ၊ (၂)သေနာဝါသ (၃)ဥယျောဓိက သိက္ခာပုဒ်တို့ဖြစ်ပါသည်။

ဘိက္ခုပရိက္ခရာ အများဆုံးပါဝင်သော သိက္ခာပုဒ်

အပနိဓာန သိက္ခာပုဒ်။

သီတင်းသုံးဖော် အများဆုံးပါဝင်သော သိက္ခာပုဒ်

ဝိကပ္ပန သိက္ခာပုဒ်။

အနုပညတ် အများဆုံးပါဝင်သော သိက္ခာပုဒ်

ဂဏဘောဇနသိက္ခာပုဒ်။

http://www.dhammadownload.com

ဘိက္ခု သုဒ္ဓါစိတ် ပဏ္ဏတ္တိဝဇ္ဇ သိက္ခာပုဒ်များတွင် အာပတ်ကို ဒေသနာ ကြားရုံဖြင့် အပြစ်ကင်းစင်သွားခြင်း မရှိသော သိက္ခာပုဒ်များ (ပါစိတ် အတုများ)

(၁)သူစိဃရ (၂)မဉ္စပီဌ (၃)တူလောနဒ္ဓ (၄)နိသီဒန (၅)ကဏ္ဍုပွဋ္ဌိစ္ဆာဒိ (၆)ဝဿိက သာဋ္ဌိက (၇)နန္ဒသိက္ခာပုဒ်တို့ ဖြစ်ပါသည်။

အနုပညတ်ပါသော သိက္ခာပုဒ် (၂၂)ပုဒ်

မုသာဝါဒဝဂ်–၌ (၁)ပဌမ သဟသေယျ [ဥတ္တရိဒိရတ္တ တိရတ္တံ] (၂)ဓမ္မဒေသနာ [ဆပ္ပဉ္စဝါစာဟိ၊ အညတြ ဝိညုနာ ပုရိသ ဝိဂ္ဂဟေန]

ဘူတဂါမဝဂ်၌ (၁)အညဝါဒက သိက္ခာပုဒ် [ဝိဟေသကေ] (၂)ဥဇ္ဈာပနက သိက္ခာပုဒ် [ခိယျနကေ]။

ဩဝါဒဝဂ်၌ (၁)ဘိက္ခုနုပဿယ သိက္ခာပုဒ် [အညတြ သမယာ] (၂) စီဝရဒါန သိက္ခာပုဒ် (အညတြ ပါရိဝတ္တကာ) (၃)သံဝိဓာန သိက္ခာပုဒ် [အညတြ သမယာ] (၄)နာဝါဘိရုဟန သိက္ခာပုဒ် [အညတြ တိရိယံ တရဏာယ] (၅)ပရိပါစိတ သိက္ခာပုဒ် [အညတြ ပုဗ္ဗေ ဂိဟိသမာရမ္ဘာ]။

ဘောဇနဝဂ်၌ (၁)အာဝသထပိဏ္ဍ သိက္ခာပုဒ် [အဂိလာ နေန](၂)ဂဏ ဘောဇန သိက္ခာပုဒ် [အညတြ သမယာ] (၃)ပရမ္ပရ ဘောဇန သိက္ခာပုဒ် [အညတြ သမယာ] (၄)ပဌမ ပဝါရဏာ သိက္ခာပုဒ် [အနတိရိတ္တံ] (၅)ပဏီတဘောဇနသိက္ခာပုဒ် [အဂိလာနော] (၆)ဒန္တ ပေါန သိက္ခာပုဒ် [အညတြ ဥဒကဒန္တ ပေါနာ]။

အစေလကဝဂ်၌ (၁)စာရိတ္တ သိက္ခာပုဒ် (၂)ဥယျုတ္တသေနာ [အညတြ တထာရူပပ္ပစ္စယာ]။

http://www.dhammadownload.com

သုရာပါနဝဂ်၌ =(၁)ဧကတိ သိက္ခာပုဒ် [အဂိလာနော၊ အညတြ တထာရူပပစ္စယာ (၂) နဟာန သိက္ခာပုဒ်၊ ဧရတနဝဂ်၌ **(၁)** ရတနာသိက္ခာပုဒ် [အညတြ အဇ္ဈာရာမဝါ အဇ္ဈာဝသထာဝါ] **(၂)**ဝိကာလဂါမပ္ပဝေသန သိက္ခာပုဒ် [သန္တံ ဘိက္ခုံ၊ အနာပုစ္ဆာ၊ **အ**ညတြ တထာရူပါ အစ္ဆာယိကာ ကရဏီယာ] (၃)နိသီဒန **သိ**က္ခာပုဒ် [ဒသာ ဝိဒတ္ထိ]။

အနုပညတ် (၂)ခုပါသော သိက္ခာပုဒ် (၄)ပုဒ်

(၁) ဓမ္မဒေသနာ သိက္ခာပုဒ် [ဆပ္ပဥ္စဝါစာဟိ၊ အညတြ ဝိညုနာ ပုရိသဝိဂ္ဂဟေန]

(၂) ဧကတိ သိက္ခာပုဒ် [အဂိလာနော၊ အညတြ တထာရူပပစ္စယာ]

(၃) ရတန သိက္ခာပုဒ် [အညတြ အဇ္ဈာရာမာ ဝါ၊ အဇ္ဈာဝသထာ ဝါ]

(၄) တတိယ ပါဠိဒေသနီ သိက္ခာပုဒ် [ပုဗ္ဗေ အနိမန္တိတော၊ အဂိလာနော။]

အနုပညတ် ၃-မျိုးပါသော သိက္ခာပုဒ် (၂) ပုဒ်

(၁) ပရမ္မုခဘောဇန သိက္ခာပုဒ် [ဂိလာန သမယော၊ စီဝရဒါန သမ ယော၊ စီဝရကာလ သမယော]

(၂) ဝိကာလဂါမပ္ပဝေသန သိက္ခာပုဒ် [သန္တံ ဘိက္ခုံ၊ အနာပုစ္ဆာ၊ အညတြ တထာရူပါ အစ္ဆာယိကာ ကရဏီယာ]

အနုပညတ် (၄)မျိုးပါသသော သိက္ခာပုဒ်

စာရိတ္တ သိက္ခာပုဒ် [သန္တံ ဘိက္ခုံ၊ အနာ ပုစ္ဆာ၊ ပုရောတ္တံ

http://www.dhammadownload.com

ဝါ ပစ္ဆာဘတ္တံ ဝါ၊ အညတြ သမယာ]။

အနုပညတ် (၆) မျိုးပါသော သိက္ခာပုဒ်

နဟာန သိက္ခာပုဒ်၊]

အနုပညတ် (၇) မျိုးပါသာ သိက္ခာပုဒ်

ဂဏာဘောဇန သိက္ခာပုဒ်

ပုဒ်ခြားလျက် သမာသ်ဖြစ်နေသည့် ပုဒ် ပါဝင်သော သိက္ခာပုဒ်

ဒုဗ္ဘဏ္ဍကရဏ သိက္ခာပုဒ် ဖြစ်ပါသည်။

ဘိက္ခုပါတိမောက်၌ "ဇာနံ" သဒ္ဒါပါသော သိက္ခာပုဒ် (၁၂) ပုဒ်

ပရိဏာတ၊ အနုပခဇ္ဇ၊ ဘူတဂါမဝဂ်၌–သပ္ပါဏက၊ ပရိဝါစိတ၊ သပ္ပါ ဏကဝဂ်၌–သပ္ပါဏက၊ ဥက္ကောဋ္ဌန၊ ဒုဋ္ဌုလ္လ၊ ဥနဝီသတိဝဿ၊ ထေယျသတ္ထ၊ ဥက္ခိတ္တသမ္ဘောဂ၊ ကဏ္ဋက၊ ပရိဏာမန သိက္ခာပုဒ်တို့ ဖြစ်ပါသည်။

ခါဒနီယ် ဝါ ဘောဇနီယ် ဝါ–ပါသော သိက္ခာပုဒ် (၆) ပုဒ်

(၁) ပဌမ ပဝါရဏာ၊ (၂) ဝိကာလဘောဇန (၃) သန္နိဓိကာရက (၄) ပဌမ ပါဋိ ဒေသနီယ (၅) ဒုတိယ ပါဋိဒေသနီယ (၆) တတိယ ပါဋိဒေသနီယ သိက္ခာပုဒ်တို့ ဖြစ်ပါသည်။

ကုပိတော အနတ္တမနော–သဒ္ဒါပါသော သိက္ခာပုဒ်များ (၄) ပုဒ်

(၁) စီ ဝရ အစ္ဆိန္နန (၂) နိက္ကမုန (၃) ပဟာရ (၄) တလသတ္တိက သိက္ခာပုဒ်တို့ ဖြစ်ပါသည်။

http://www.dhammadownload.com

မဋ္ဌ ဝါ ပိဋ္ဌ ဝါ – သဒ္ဒါပါသော သိက္ခာပုဒ် (၃) ပုဒ်

(၁) ပဌမ သေနာသန၊ (၂) ဝေဟာကုဋ္ဌိ (၃) မဉ္စပိဋ္ဌသိက္ခာပုဒ် တို့ ဖြစ်ပါသည်။

အန္တမသော ဂါမန္တ ရမ္ဖို – သဒ္ဒါပါသော သိက္ခာပုဒ် (၃) ပုဒ်

ဩဝါဒဝဂ် – သံဝိဓာန၊ ထေယျသတ္ထ၊ သပ္ပါဏကဝဂ် – သံဝိဓာန သိက္ခာပုဒ်။

အနည် ပါစိတ္တိယံ – ပါသော သိက္ခာပုဒ် (၄) ပုဒ်

အနုပခဇ္ဇ သိက္ခာပုဒ် ဥယျောဇန သိက္ခာပုဒ်၊ သဉ္စိစ္စ သိက္ခာပုဒ် ဥပဿုတိသိက္ခာပုဒ်တို့ ဖြစ်ပါသည်။

"သံဃိက် လာဘ်" ပါသော သိက္ခာပုဒ် (၃) ပုဒ်

ပရိဏာတ သိက္ခာပုဒ်၊ ဒုဗ္ဘလ သိက္ခာပုဒ်၊ ပရိဏာမန သိက္ခာပုဒ် တို့ ဖြစ်ပါသည်။

"သံဃိကေ ဝိဟာရေ" ပါသော သိက္ခာပုဒ်

ဒုတိယ သေနာသန၊ အနုပခဇ္ဇ၊ ဝေဟာသကုဋ္ဌိ သိက္ခာပုဒ်တို့ ဖြစ်ပါသည်။

"အယံ တတ္ထ သာမီစီ" ပါသော သိက္ခာပုဒ် (၅) ပုဒ်

(၁) ရာဇ သိက္ခာပုဒ် (၂) ဥနပဉ္စဗန္ဓန သိက္ခာပုဒ် (၃) ကာဏ မာတု သိက္ခာပုဒ် (၄) သဟ ဓမ္မိက သိက္ခာပုဒ် (၅) ရတနသိက္ခာပုဒ်တို့ ဖြစ်ပါသည်။

http://www.dhammadownload.com

အပိုအလွန်ကို ဖြတ်ပြီးမှ ဒေသနာကြားရသော သိက္ခာပုဒ် (၅) ပုဒ်

(၁) မဥ္စပီဌ (၂) နိသီဒန (၃) ကဏ္ဍုပ္ပဋိစ္ဆာဒိ (၄) ဝဿိက သာဋိက (၅) နန္ဒ သိက္ခာပုဒ်။

ပါစိတ် (၅) မျိုး

(၁) နိဿဂ္ဂိပါစိတ် (၂) သုဒ္ဓပါစိတ် (၃) ဘေဒန ကပါစိတ် (၄) ဆေဒနကပါစိတ် (၅) ဥဒ္ဒါလနကပါစိတ်တို့ ဖြစ်ပါသည်။

ဆေဒနက သိက္ခာပုဒ် (၅) ပုဒ်

(၁) မဥ္စပီဌ၊ (၂) နိသီန (၃) ကဏ္ဍုပ္ပဋိစ္ဆာဒိ (၄) ဝဿိက သာဋိက (၅) နန္ဒသိက္ခာပုဒ်တို့ ဖြစ်ပါသည်။

ပဒေသပညတ်ဖြစ်သော သိက္ခာပုဒ် (အိန္ဒိယနိုင်ငံအတွက်သာ ပညတ်သော သိက္ခာပုဒ်)

နဟာန သိက္ခာပုဒ်ဖြစ်ပါသည်။

"ဒိရတ္တတိရတ္တ" သဒ္ဒါပါသော သိက္ခာပုဒ် (၄) ပုဒ်

ပဌမ သဟ သေယျ သိက္ခာပုဒ်၊ သေနာဝါသ သိက္ခာပုဒ်၊ ဥယျောဓိက သိက္ခာပုဒ်၊ ကဏ္ဍက သိက္ခာပုဒ်တို့ ဖြစ်ပါသည်။

"အဂိလာန" သဒ္ဒါပါသော သိက္ခာပုဒ် (၄) ပုဒ်

အာဝသထပိဏ္ဍ၊ ပဏီတဘောဇန၊ မဟာနာမ၊ ဇောတိ သိက္ခာပုဒ်တို့ ဖြစ်ပါသည်။

"ဂါမာ ဝါ ဂါမံ ဝါ" သဒ္ဒါပါသော သိက္ခာပုဒ် (၃) ပုဒ်

အဒိန္နာဒါန သိက္ခာပုဒ်၊ ကုလာဒူသက သိက္ခာပုဒ်၊ ဥယျောဇန သိက္ခာပုဒ်။

http://www.dhammadownload.com

ဘိက္ခု–သုဒ္ဓါပါစိတ်တွင် ရဟန်းတော်တို့နှင့် မသင့်တော်သော မလျောက်ပတ်သော နှလုံးသွင်းခြင်းတည်းဟူသော အကြောင်းကြောင့် စည်းကမ်း ချမှတ်ခဲ့သော သိက္ခာပုဒ်များ

(၁) ဘူတဂါမဝဂ် အနုပခဇ္ဇ သိက္ခာပုဒ်၊

(၂) ဘောဇနဝဂ် ဒုတိယ ပဝါရဏ သိက္ခာပုဒ်၊

(၃) အစေလကဝဂ် ဥယျောဇန သိက္ခာပုဒ်၊

ဝေသာလီပြည်၌ ပညတ်တော်မူသော သိက္ခာပုဒ်များ

(၁) မေထုနဓမ္မ (၂) မနုဿဝိဂ္ဂဟ (၃) ဥတ္တရိမနုဿဓမ္မ (၄) ပဌမကထိန (၅) သုဒ္ဓကာဋ္ဌက (၆) ဘူတာရောစန (၇) ပရမ္ပရ ဘောဇန (၈) ဒန္တပေါန (၉) အစေလက (၁၀) ဘိက္ခုနီ–အက္ကောသ သိက္ခာပုဒ်တို့ ဖြစ်ပါသည်။

အာဋ္ဌဝီပြည်၌ ပညတ်တော်မူသော သိက္ခာပုဒ်များ

(၁) ကုဋ္ဌိကာရ (၂) ကောသိယ (၃) ပဌမ သဟသေယျ (၄) ပထဝီခဏန (၅) ဘူတဂါမ (၆) ဘူတဂါမဝဂ် သပ္ပါဏက သိက္ခာပုဒ်တို့ ဖြစ်ပါသည်။

ကောသမ္ဗီပြည်၌ ပညတ်တော်မူသော သိက္ခာပုဒ်များ

(၁) ဝိဟာရကာရ (၂) ဒုဗ္ဗစ (၃) အညဝါဒက (၄) မဟလ္လက ဝိဟာရ (၅) သုရာပါန (၆) အနာဒရိယ (၇) သဟဓမ္မိက (၈) သုရ သုရကာရက သိက္ခာပုဒ်။

သက္ကတိုင်း၌ ပညတ်တော်မူသော သိက္ခာပုဒ်များ

(၁) ဧဋ္ဌကလောမဓောဝါပန (၂) ဦနပဉ္စဗန္ဓန (၃) ဘိက္ခုနုပဿယ (၄) မဟာနာမ (၅) သူစိဃရ (၆) စတုတ္ထပါဋ္ဌိဒေသနီ (၇) ဥဒကသုဒ္ဓိက (၈) ဩဝါဒူပသင်္ကမန သိက္ခာပုဒ်။

http://www.dhammadownload.com

ဘဂ္ဂတိုင်းဌ် ပညတ်တော်မူသော သိက္ခာပုဒ်များ

(၁) စီဝရသိဗ္ဗန (၂) သာမိသ (၃) သသိတ္ထက သိက္ခာပုဒ်တို့ ဖြစ်ပါသည်။

ဘိက္ခုသုဒ္ဓပါစိတ်ဌ် အသာမာရဏ သိက္ခာ ပုဒ် (၂၁) ပုဒ်

သြဝါဒဝဂ်မှ (၁၀) ပုဒ်၊ ဘောဇနဝဂ်မှ ပရမ္မုခဘောဇန သိက္ခာပုဒ်၊ ပဌမ ပဝါရဏာ သိက္ခာပုဒ်၊ ဒုတိယ ပဝါရဏာသိက္ခာပုဒ်၊ ပဏီတ ဘောဇန သိက္ခာပုဒ်။ အစေလကဝဂ်မှ အစေလကသိက္ခာပုဒ်။ သပ္ပါဏကဝဂ်မှ – ဒုဋ္ဌုလ္လသိက္ခာပုဒ်၊ ဥနဝီသတိဝဿ၊ သံဝိဓာန သိက္ခာပုဒ်၊ ရတနဝဂ်မှ – ဝိကာလဂါမပ္ပဝေသန သိက္ခာပုဒ်၊ နိသီဒန သိက္ခာပုဒ်၊ ဝဿိက သာဋိက သိက္ခာပုဒ်အားဖြင့် (၂၁) ပုဒ်ဖြစ်ပါသည်။

သာမာရဏ သိက္ခာပုဒ် (၇၁) ပုဒ်

မုသာဝါဒဝဂ်မှ (၁၀) ပုဒ်၊ ဘူတဂါမဝဂ်မှ (၁၀) ပုဒ်၊ ဘောဇန ဝဂ်မှ – အာဝသထပိဏ္ဍ၊ ဂဏဘောဇန၊ ကာဏမာတု၊ ဝိကာလ ဘောဇန၊ သန္နိဓိကာရက၊ ဒန္တပေါန သိက္ခာပုဒ်၊ အစေလကဝဂ်မှ – ဥယျောဇန၊ သဘောဇန၊ ရဟော ပဋိစ္ဆန္န၊ ရဟောနိသဇ္ဇ၊ စာရိတ္တ၊ မဟာနာမ၊ ဥယျုတ္တ၊ သေနာဝါသ၊ ဥယျောဓိက သိက္ခာပုဒ်။ သုရာပါနဝဂ်မှ – (၁၀) ပုဒ်၊ သပ္ပါဏကဝဂ်မှ – သဉ္စိစ္စ၊ သပ္ပါဏက၊ ဥက္ကောဝုန၊ ထေယျသတ္ထ၊ အရိဋ္ဌ၊ ဥက္ခိတ္တသမ္ဘောဇ၊ ကဏ္ဍက၊ သဟဓမ္မိကဝဂ်မှ (၁၂) ပုဒ်။ ရတနဝဂ်မှ – ရတန၊ သူစိဃန၊ မဉ္စပီဌ၊ တူလောနဒ္ဓ၊ နိသီဒန၊ ကဏ္ဍုပ္ပဋိစ္ဆာဒိ၊ နန္ဒသိက္ခာပုဒ်အားဖြင့် (၇၁) ပုဒ်ဖြစ်ပါသည်။ (၁၃၅၅-ခု အလတ်တန်း)

ရဟန်းတော်များ အတိုဆုံးဝတ်ကောင်းသော တိစီဝရိက်သင်္ကန်း ပမာဏ

၁။ ဇကသိနှင့် ဒုကူဋ် = အလျား ၅-တောင်, ၅-တောင်ဆုပ်၊ အနံ ၃-တောင်, ၃-တောင်ဆုပ်။

http://www.dhammadownload.com

၂။ သင်းပိုင် = (အလျားသည် ကေသီအတိုင်း) အနံ ၂-တောင်။ (၁၃၂၃-ခုအလတ်တန်း)

အကြီးဆုံးဝတ်ကောင်းသော တိစီဝရိက် သင်္ကန်းပမာဏ

ဘုရားရှင်၏ သင်္ကန်းတော်အောက် နည်းနည်းပါးပါး လျော့၍ လုပ်ရမည်။ (၁၃၂၃-ခု အလတ်တန်း)

ဘိက္ခုသုဒ္ဓပါစိတ်၌ အလယ်တည့်တည့် သိက္ခာပုဒ်များ

၁။ စာရိတ္တ ၂။ မဟာနာမ။

ရဟန်းတော်များ ငါးပါးသီလလုံခြုံလျှင် လုံခြုံပြီးသော ပါတိမောက် သိက္ခာပုဒ်များ

၁။ ပါဏာတိပါတ သီလလုံခြုံလျှင် တတိယပါရာဇိက, ဘူတဂါမဝဂ် သပ္ပါဏက, သပ္ပါဏကဝဂ် သဉ္စိစ္စ, သပ္ပါဏက သိက္ခာပုဒ်များ လုံခြုံပြီး ဖြစ်ပါသည်။

၂။ အဒိန္နာဒါန သီလလုံခြုံလျှင် ဒုတိယပါရာဇိက,စီဝရအစ္ဆိန္နန သိက္ခာ ပုဒ်များ လုံခြုံပြီး ဖြစ်ပါသည်။

၃။ ကာမေသုမိစ္ဆာစာရသီလလုံခြုံလျှင် ပထမပါရာဇိက, ကာယသံသဂ္ဂ, ပထမအနိယတ, ရဟောပဋိစ္ဆန္နသိက္ခာပုဒ်များ လုံခြုံပြီး ဖြစ်ပါသည်။

၄။ မုသာဝါဒသီလလုံခြုံလျှင် စတုတ္ထပါရာဇိက, ဒုဋ္ဌဒေါသ, အညဘာ ဂိယ, မုသာဝါဒ, ပေသုည, ဒုဋ္ဌုလ္လ, အရိဋ္ဌ, မောဟန, အမူလက သိက္ခာပုဒ်များ လုံခြုံပြီး ဖြစ်ပါသည်။

၅။ သုရာမေရယသီလ လုံခြုံလျှင် သုရာပါနသိက္ခာပုဒ် လုံခြုံပြီး ဖြစ်ပါသည်။ (၁၃၅၁-ခုအကြီးတန်း)

http://www.dhammadownload.com

ဘိက္ခုပါတိမောက်လာ သုဒ္ဓပါစိတ်တို့တွင် ဘိက္ခုနီမများနှင့် စပ်လျဉ်း၍ ပညတ်တော်မူအပ်သော သိက္ခာပုဒ်များ

သြဝါဒ၊ အတ္ထင်္ဂတ၊ ဘိက္ခုနုပဿယ၊ အာမိသ၊ စီဝရဒါန၊ စီဝရ သိဗ္ဗန၊ သံဝိဓာန၊ နာဝါဘိရုဟန၊ ပရိပါစိတ၊ ရဟောနိသဇ္ဇ၊ (ဝိကပ္ပန) (၁၃၃၂-ခုနှစ်အလတ်တန်း)

ဘိက္ခုသုဒ္ဓပါစိတ်၌ မာတုဂါမနှင့် ပတ်သက်၍ ပညတ်တော်မူအပ်သော သိက္ခာပုဒ်များ

မုသာဝါဒဝဂ်၌ -ဒုတိယသဟသေယျ, ဓမ္မဒေသနာ၊
အစေလကဝဂ်၌ -သဘောဇန, ရဟောပဋိစ္ဆန္န, ရဟောနိသဇ္ဇ၊
သပ္ပါဏကဝဂ်၌ -သံဝိဓာန။ (၁၃၅၅-ခု အလတ်တန်း)

http://www.dhammadownload.com

ပါဠိဒေသနီယကဏ္ဍ

ပထမပါဠိဒေသနီယသိက္ခာပုဒ်

ပါဠိဒေသနီယ ခေါ်ခြင်းအကြောင်း

အခြားအာပတ်များကဲ့သို့ ဒေသနာမကြားရဘဲ သိက္ခာပုဒ်၌ တိုက်ရိုက် ပြသည့်အတိုင်း "ဂါရယှံ အာဝုသော ဓမ္မံ အာပဇ္ဇိံ အသပ္ပါယံ ပါဋိဒေသနီ ယံ, တံ ပဋိဒေသေမိ"ဟုဆို၍ သီးခြား ဒေသနာပြောရသောကြောင့် ပါဋိ ဒေသနီယဟု ခေါ်သည်။

(၁၃၃၂-ခု အင်္ဂတန်း)

မှတ်ချက်။ ။ "အခြားအာပတ်များကဲ့သို့ ဒေသနာကြားလျှင်လည်း အာပတ် မှ မထ"ဟု မဆိုသာ။

မြို့တွင်းမဝင်သေးသော ဘိက္ခုနီထံမှ ခံယူမှု

အန္တရဿရံ ပဝိဋ္ဌာယ– ကိုထောက်၍ အာပတ် မသင့်ပါ။

အာရာမ်တွင်းဝယ် ဆွေမျိုးမတော်သော ရဟန်းမ၏ လက်မှ ဆွမ်းကို ခံယူသော ရဟန်းအား ပါဋိဒေသနီ အာပတ်မသင့်

အန္တရဿရံ ပဝိဋ္ဌာယ ဟု ဟောတော်မူသောကြောင့် ပါဋိဒေသနီ အာပတ် မသင့်ပါ။

ဘိက္ခုကျောင်း, ဘိက္ခုနီကျောင်း, တိတ္ထိအာရာမ်တို့၌ ရောက်နေသော ဘိက္ခုနီထံမှ ခံယူမှု

အန္တရဿရံ ပဝိဋ္ဌာယ–ကိုထောက်၍ အာပတ်မသင့်ပါ။

http://www.dhammadownload.com

ပါဠိဒေသနာအာပတ်သင့်၍ ဒေသနာပြောကြားပုံ

ဂါရယ့် အာဝုသော ဓမ္မံ အာဇ္ဇိ အသပ္ပါယံ ပါဠိဒေသနိယံ၊ တံ ပဋိဒေသေမိ။

အာပတ်သင့်ပုံ

ခံယူခြင်းကြောင့် ဒုက္ကဋ်သင့်၍ စားမျိုတိုင်း ပါဠိဒေသနီ သင့်သည်။

ဒုတိယပါဠိဒေသနိယ သိက္ခာပုဒ်

ရဟန်းမ စီမံပုံပြပါဠိ (ဝေါဘာသနာကာရပြပါဠိ)

ဣဓ သုပံ ဒေထ၊ သြဒနံ ဒေထ။

ရဟန်းတို့က ရဟန်းမကို တားမြစ်ပုံပြပါဠိ (အပသာဒေတဗ္ဗာကာရပြပါဠိ)

အပသက္က တာဝ ဘဂိနိ၊ ယာဝ ဘိက္ခူ ဘုဉ္ဇန္တိ။

ရဟန်းတော်များ ဆွမ်းဘုဉ်းပေးရာ၌ စီမံနေသော ရဟန်းမအား မည်သို့ ပြောဆိုနည်း။

"နှမ... ရဟန်းတို့ ဆွမ်းဘုဉ်းပေးနေချိန်မှာ တော်ရာသို့ ဖဲသွားပါလော့ ဟု ပြောဆိုတားမြစ်ရပါမည်။

မတားမြစ်သော ရဟန်းတို့အား အပြစ်သင့်ပုံ

ဧကဿပိ ဓေ ဘိက္ခူ နော (ပ)ပဋိဒေသမာတိ–ကို ထောက်၍ ပါဠိဒေသနီ အာပတ်သင့်ပါသည်။

http://www.dhammadownload.com

အဆုံးအဖြတ်

၁။ မျက်နှာလိုက်၍ မညီမမျှ စီမံမှုကို ခံယူမှသာ ပါဠိဒေသနိသင့်သည်။

၂။ ညီညီမျှမျှ ဆွမ်းဟင်းလိုက်ရန် စီမံလျှင်ခံယူခြင်းကြောင့် အနာပတ်။



တတိယပါဠိဒေသနိယ သိက္ခာပုဒ်

သေက္ခ သမ္မုတိ ပေးရမည့်အမျိုး

စီးပွားဥစ္စာဆုတ်ယုတ်လျက် သဒ္ဓါတရားလွန်ကဲသော အမျိုး။

သေက္ခအမျိုးကို သမုတ်ရမည်ကဲ့

ဥတ္တိဒုတိယ ကမ္မဝါစာ။ (ဘဒ္ဒဂု-၃ အလုတ်တန်း)

ဥစ္စာနွမ်းပါး သဒ္ဓါများသူတို့ထံ အလှူခံထိုက်ရာအခါ

အမျိုးကို သေက္ခ–ဟု သမုတ်အပ်ပြီးသောအခါ ခဲဖွယ်ဘောဇဉ်ကို အလှူခံရန် ပင့်ဖိတ်ထားသောအခါ "ရဟန်း၏" မကျန်းမာရာအခါတို့၌ ဥစ္စာနည်းပါး သဒ္ဓါတရားရှိသူတို့ထံ အလှူခံထိုက်ပါသည်။

မည်ကဲ့သို့သော အမျိုးကို မည်သည့်ဝိနည်းဓမ္မက်ဖြင့် သေက္ခ–ဟု သမုတ်အပ်ပါသနည်း။

ပစ္စည်းဥစ္စာ ဆင်းရဲနွမ်းပါးပြီး သဒ္ဓါတရား လွန်ကဲသော အမျိုးကို ဥတ္တိဒုတိယ ကမ္မဝါစာဖြင့် "သေက္ခ" ဟု သမုတ်အပ်ပါသည်။

အဂိလာန – အရ

ဆွမ်းခံကြွနိုင်သော ပုဂ္ဂိုလ်ဖြစ်ပါသည်။

http://www.dhammadownload.com

သဒ္ဓါပွားများ၍ ဥစ္စာပါးသော ပုဂ္ဂိုလ်တို့အိမ်၌ ဆွမ်းစားခြင်းနှင့် စပ်လျဉ်း၍ (က)သင့်ရသော အာပတ်အမည်နှင့် (ခ)ထိုအာပတ် ကုစားပုံ

(က)ပါဠိဒေသနီအာပတ် ဖြစ်ပါသည်။ (ခ)ငါရှင်တို့...တပည့်တော်သည် ကဲ့ရဲ့အပ်သည့် မလျောက်ပတ်သော ပါဠိဒေသနီအာပတ် သို့ရောက်ပြီး ထိုပါဠိဒေသနီအာပတ်ကို ပြောကြား၏။

(ဂါရယ့် အာဝုသော ဓမ္မံ အာပဇ္ဇိံ အသပ္ပါယံ ပါဠိဒေသနီယံ၊ တံ ပဋိဒေသေမိ။)

ပင့်ဖိတ်၍ ခံယူမှု

အဂိလာနော–ကိုထောက်၍ အာပတ်မသင့်ပါ။

မှတ်ချက်။ ။ဤသိက္ခာပုဒ်ကို အလွှဲရှင်များ ဒုက္ခမရောက်စေရန် ပညတ်ထားသောကြောင့် ဘုရားရှင်၏ မဟာကရုဏာတော်ကို ထင်ပေါ်စေသည်။

http://www.dhammadownload.com

သေခိယကထာ

ပရိမဏ္ဍလနိဒ္ဒေသ သိက္ခာပုဒ်

သေခိယ ၇၅–ပါးတို့ကို "ပဋ္ဌသတ္တတိ"ဟု ဂဏန်းသချိုင်္ကာ မတပ်ခြင်း အကြောင်း

စူဠဝါ ဝတ္တက္ခန္ဓကဋ္ဌ ဟောတော်မူအပ်သော အာဂန္တုကဝတ် စသည် တို့သည်လည်း ကျင့်ထိုက်သည့်အတွက် သေခိယများပင် ဖြစ်သောကြောင့် ဂဏန်းသချိုင်္ကာမတပ်ပါ။

(၁၃၂၈–ခု, ၅၂–ခုအကြီးတန်း)

[ဆောင်]။ ။ ဝတ္တက္ခန္ဓက, ပါဠိပြသည့်, ဝတ္ထုများဘို, အားလုံး၏လည်း, သေခိယပင်, ဖြစ်ကြအင်ကြောင့်, ဤတွင်ခန်းရပ်, ဂဏန်းဖြတ်, ကန့်သတ်တော်မမူ။

သေခိယ သိက္ခာပုဒ်များကို လွန်ကြူးရာ၌ ဒုက္ကဋ်အာပတ်သင့်လျက် "ဒုက္ကဋ်"ဟု အာပတ်အမည်မတပ်ခြင်းအကြောင်း

စာရိတ္တဝိနည်းဖြစ်ကြောင်းကို ပြတော်မူလိုသောကြောင့်တည်း။

အဝန်းညီစွာ သင်းပိုင်ကို ဝတ်ပုံ

ချက်ကို ဖုံးမိစေ၍ ဒူးဆစ်အောက် လက်ရှစ်သစ်ချလျက် အစွန်းအစ မထွက်စေဘဲ ပတ်ဝန်းကျင် ညီအောင် သင်းပိုင်ကို ဝတ်ရပါမည်။

http://www.dhammadownload.com

အနာပတ်

၁။ ကျင့်နည်းကို မသိ၍ မကျင့်သူ၊
၂။ ခြေသလုံးအနာရှိခြင်း စသော အကြောင်းများကြောင့် ပို၍တို, ပို၍ ရှည်အောင် ဝတ်သူ၊
၃။ ဘေးရန်ရှိ၍ မညီမညာဝတ်သူ၊
၄။ ညီညာအောင် ဝတ်မည်ဟု နှလုံးသွင်း၍ ဝတ်ရာ မညီမညာ ဖြစ်သွားသူ။

အင်္ဂါ ၃-ပါး

၁။ အနာဒရိယ စိတ်ထားရှိခြင်း၊
၂။ အနာပတ်ဖြစ်ရန်အကြောင်း မရှိခြင်း၊
၃။ ထက်ဝန်းကျင် ဝန်းဝိုင်းစွာ မဝတ်ခြင်း၊

မှတ်ချက်။ ။ အထက်ပါ အင်္ဂါ ၃-ပါးတို့တွင် ရှေ့၂-ပါးသည် သေခိယ အားလုံးနှင့် ဆိုင်သည်။ ကျန်အင်္ဂါ တစ်ပါးကိုမူ သိက္ခာပုဒ် အလိုက် ပြောင်းပြန်ပြန်၍ ထည့်ရပါမည်။

(၁၃၂၈-ခု, ၃၆-ခု အကြီးတန်း)

ပရိမဏ္ဍလပါရုပန သိက္ခာပုဒ်

ပရိမဏ္ဍလပါရုပန

သင်္ကန်းအနားအစွန်း(၂)ခုတို့ကို ညီအောင်ထား၍ ခြုံခြင်း, ရမ်းခြင်း။

ပရိမဏ္ဍလသိက္ခာပုဒ် (၂)ပါးကို ကျင့်ရမည့်နေရာ

ကျောင်းတိုက်အတွင်း, ရွာတွင်း။

http://www.dhammadownload.com

သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်

သုပ္ပဋိစ္ဆန္န သွားခြင်းဟူသည်

မြို့တွင်း, ရွာတွင်းသို့ သွားလိုသောအခါ အနားပတ်သီးကို တပ်ပြီးလျှင် လည်ပင်း, လက်ကောက်ဝတ်များကို ဖုံးဖိလောက်အောင် သင်္ကန်းရုံ၍သွား ခြင်းကို ခေါ်သည်။ (၁၃၄၀-ခု အလတ်တန်း)

သုပ္ပဋိစ္ဆန္န ထိုင်ခြင်းဟူသည်

လည်မျိုမှအထက် ဦးခေါင်းကိုလည်းကောင်း, လက်ကောက်ဝတ်မှ ပြင်ဘက် လက်ကိုလည်းကောင်း၊ သလုံးသားမှအောက်ခြေကိုလည်းကောင်း ဖော်ပြီးလျှင် အခြားကိုယ်အင်္ဂါများကို ဖုံး၍ထိုင်ခြင်း။

မြို့, ရွာတွင်း၌ တည်းခိုလျှင် အနာပတ်

အနာပတ္တိ ဝဿူပဂတဿ-ဟု လာသောကြောင့် မြို့,ရွာတွင်း၌ ခေတ္တတည်းခိုနေထိုင်သော ရဟန်းမှာ သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်အရ သင်္ကန်းရုံ၍ မနေသော်လည်း အာပတ်မသင့်။ သို့သော် တည်းခိုနေထိုင်ရန် သွားသည့် အခါ၌မူ သင်္ကန်းရုံ၍ သွားရမည့်အပြင် ပရိမဏ္ဍလ သိက္ခာပုဒ်နှင့်အညီ နေထိုင်ရမည်။

ယခုခေတ် ကျောင်းအမှတ်ဖြင့် သီတင်းသုံးပါဟု လျှောက်ထားမှု

ယခုခေတ် အချို့ဒကာ ဒကာမများက မိမိအိမ်သို့ ရောက်လာသောရဟန်းကို ချမ်းသာစွာ နေထိုင်ခွင့်ရလိုသောသဘောဖြင့် "ကျောင်းအမှတ်ဖြင့် သီတင်းသုံးတော်မူပါ"ဟုလည်းကောင်း၊ "အရှင်ဘုရား နေသမျှ ဤအိမ်, ဤမဏ္ဍပ်ကို လှူပါ၏"ဟုလည်းကောင်း လျှောက်လေ့ရှိကြ၏။ သို့သော် ထိုသို့ လျှောက်ရုံမျှဖြင့် ထိုအိမ်, ထိုမဏ္ဍပ်သည် ကျောင်းလည်းမဖြစ်၊ ထိုသို့လှူမှုသည် တကယ်လှူခြင်းမဟုတ်သော

http://www.dhammadownload.com

ကြောင့် အလှူလည်း မမြောက်ရကား ရဟန်းမှာ ထူး၍ လွတ်လပ်စွာ နေနိုင်ခွင့် မရနိုင်။



ဩကို့တ္တစက္ခု သိက္ခာပုဒ်

မှတ်ချက်။ ။ ဝါသူပဂတ–ပုဂ္ဂိုလ်များသည် ရှေ့သုသံဝုတသိက္ခာပုဒ်နှင့် ဤသိက္ခာပုဒ်များမှ လွတ်လပ်ခွင့် မရကြ။ ဘေးရန်ရှိ+ မရှိ သိဖို့ရန် ကြည့်သင့်သော နေရာဝယ် သွားလာရင်းပင် ဝေးဝေးလှမ်း၍ ကြည့်မှကြောင့် အနာပတ္တိ။



အပ္ပသဒ္ဒ သိက္ခာပုဒ်

အပ္ပသဒ္ဒနှင့် မဟာသဒ္ဒအခွဲ

(၁၂)တောင်ကျယ်သောအိမ်ဝယ် **မြောက်အစွန်မှတစ်ပါး, အလယ်၌တစ်ပါး, တောင်အစွန်၌တစ်ပါး** ထိုင်နေလျှင် မြောက်ဆုံး ပုဂ္ဂိုလ်က (၆)တောင်ခန့်ကွာသော အလယ်ပုဂ္ဂိုလ်ကို လှမ်း၍ စကား ပြောရာ၌ အလယ်ပုဂ္ဂိုလ်သာ အသံကိုလည်းကြား, စကား၏အဓိပ္ပာယ် ကိုလည်း နားလည်၍ တောင်ဆုံးပုဂ္ဂိုလ်မှာ အသံကိုသာကြား၍ စကား၏အဓိပ္ပာယ်ကို သဲသဲကွဲကွဲ နားမလည်လျှင် အပ္ပသဒ္ဒဖြစ်သည်။ တောင်ဆုံးပုဂ္ဂိုလ်မှာလည်း ကွဲကွဲပြားပြား နားလည်လျှင်ကား မဟာ သဒ္ဒဖြစ်၍ အပြစ်သင့်သည်။ (၁၃၅၀–ခု အကြီးတန်း)

ဖဝါးစွန်းဖြင့် နင်း၍ဟသည်

ခြေဖျားကောက်၍ သွားခြင်း၊ ခြေဖျား မြောက်ကာ ဖနောင့် ထောက်၍ သွားခြင်းမျိုးဖြစ်သည်။



http://www.dhammadownload.com

ပလ္လတ္ထိကသိက္ခာပုဒ်

ပလ္လတ္ထိသရုပ်

၁။ ဟတ္ထပလ္လတ္ထိကာ = ထိုင်သည့်အခါ ဒူးနှစ်ဖက်ကို ထောင်၍ လက်ဖြင့် ပတ်ဖွဲ့လျက် ထိုင်ခြင်း။

၂။ ဒုဿပလ္လတ္ထိကာ = သင်္ကန်းဖြင့် ပတ်၍ထိုင်ခြင်း။

(၁၃၅၃-ခု အလတ်တန်း)

အာယောဂပတ် ၂ - မျိုး

(၁) လက်အာယောဂပတ် (၂) ပုဆိုးအာယောဂပတ်။

လက်တာယောဂပတ်ဟူသည်

ဒူးနှစ်ဖက်ကို လက်ဖြင့် ဖွဲ့ပိုက်၍ထိုင်ခြင်း ဖြစ်ပါသည်။

ပုဆိုး အာယောဂပတ် အဓိပ္ပာယ်

ဒူးနှစ်ဖက်ကို အဝတ်သင်္ကန်းဖြင့် ပိုက်ဖွဲ့၍ ထိုင်ခြင်းသည် "အဝတ် (ပုဆိုး) အာယောဂပတ်" မည်ပါသည်။



သမသူပကသိက္ခာပုဒ်

သူပ-အရ

လက်ကော်၍ ရလောက်အောင် မကျဲမပြစ်လွန်းသော ပဲဟင်း အားလုံးကို ယူပါ။

အဆုံးအဖြတ်

၁။ ပဲဟင်းကို ဆွမ်းပမာဏ (၄)ပုံ, (၁)ပုံ ထက်ပိုး၍ ခံယူလျှင် ဒုက္ကဋ်။

http://www.dhammadownload.com

၂။ အခြား သား, ငါး, အသုပ်, အကြော် စသော ဟင်းကောင်းများကို အထက်ပမာဏထက် ခံယူလျှင် အနာပတ်။



သမတိတ္ထိက သိက္ခာပုဒ်

သမတိတ္ထိက်

အတွင်းနှုတ်ခမ်းနှင့် ညီမျှရုံသာ ခံယူရမည်။

ပိဏ္ဍပါတ–အရ

ယာဝကာလိက ခဲဘွယ်, ဘောဇဉ်ကို ယူရမည်။

အနာပတ်

သပိတ်အပေါ်၌တင်လျက် ခွက် စသည်ဖြင့် ထည့်၍ ခံရာ၌လည်းကောင်း, အဓိဋ္ဌာန်လောက်သော သပိတ်မဟုတ်သော ခွက်ဖြင့် ခံရာ၌လည်းကောင်း မို့မောက်နေသော်လည်း အနာပတ္တိ။ သပိတ်တစ်လုံးပြည့် နေ၍ အခြားသူအား ပေးပြီးနောက် အခြားသပိတ်ဖြင့် ခံရာ၌လည်း အနာပတ္တိပင်။



သပဒါန သိက္ခာပုဒ်

သပဒါန စားခြင်း ဟူသည်

ဆွမ်းစားသည့်အခါ ဆွမ်းခွက်ထဲဝယ် "ဟိုနားနှိုက်လိုက်သည်နား နှိုက်လိုက်"လုပ်သော အမူအရာမရှိဘဲ မိမိဘက်ရှိ အစမှစ၍ အစဉ်အတိုင်း စားခြင်းကို သပဒါန စားခြင်းဟု ဆိုသည်။



http://www.dhammadownload.com

ပဋိစ္စာဒန သိက္ခာပုဒ်

သူပ–အဲရ

သောက်၍ စားကောင်းသော ဟင်းရည်မျိုးကို ယူပါ။
(သမသူပကလာ သူပနှင့် မတူ)

ဗျဉ္ဇန အရ

သား, ငါးစသော ဟင်းလျာများကို ယူပါ။

အနာပတ္တိ

လောင်းသူတို့ကိုယ်တိုင်က "မာဃာတ သမယ= သား, ငါး မသတ်ရ" ဟု ကြွေးကြော်ရာအခါဖြစ်၍ လူမမြင်အောင်ဖုံးလျက် လောင်းလိုက်လျှင် ခံယူသူမှာ အနာပတ္တိ။

သူပေါဒနဝိညတ္တိ သိက္ခာပုဒ်

သူပံ ဝါ ဩဒနံ ဝါ–အရ

ပဏီတဘောဇနမှ လွတ်သော စားဘွယ်အားလုံး။

အဆုံးအဖြတ်

၁။ သပို, နဝနီတ စသော ဆေး (၅)မျိုးကို တောင်းစားလျှင် မဟာ နာမသိက္ခာပုဒ်အရ ပါစိတ်။

၂။ မစ္ဆ, မံသ, ခီရ, ဒဓိတို့ချည်း သက်သက်တောင်းစားလျှင် ဤ သူပေါဒန ဝိညတ္တိသိက္ခာပုဒ်အရ ဒုက္ကဋ်။

၃။ သပို, နဝနီတ စသည်နှင့်ဖြစ်စေ၊ မစ္ဆ, မံသစသည်တို့နှင့် ဖြစ် သော ရောသော ဘောဇဉ်, ထောပတ်ဆွမ်းစသည်တို့ကို တောင်း၍ စားလျှင် ပဏီတဘောဇနသိက္ခာပုဒ်အရ ပါစိတ်။

http://www.dhammadownload.com

ဥဇ္ဈာနသညီသိက္ခာပုဒ်

အာပတ်မသင့်အောင် ကြည့်နည်း

နည်းလျှင် လှူမယ်၊ များလျှင် အလှူခံမယ် စသော ရိုးသားသော စိတ်ထားဖြင့် ကြည့်ရမည်။



အတိမဟန္တသိက္ခာပုဒ်

စားသင့်သော ဆွမ်းလုပ်

ဥဒေါင်းဥသည် အလွန်ကြီးသည်။ ကြက်ဥကား အလွန်ငယ်လွန်း၏။ ထိုဥဒေါင်းနှင့်ကြက်ဥ အကြားလောက်ရှိသော ဆွမ်းလုတ်ကို ပြုရမည်။

အာလောမသိက္ခာပုဒ်

အမျှအဝန်းညီစွာ ဆွမ်းလုပ်ကိုပြုပုံ

ရှည်လျားလျား မဖြစ်စေဘဲ အထိုက်အလျောက် ဝိုင်းအောင် သတိထား၍ ပြုပြင်စားရပါမည်။



သကဗဥ သိက္ခာပုဒ်

အနာပတ်

စကားလုံး ပီသအောင် ပြောနိုင်လျှင် ဆွမ်းလုတ်က အနည်းငယ် ရှိသော်လည်း အာပတ်မသင့်။

http://www.dhammadownload.com

အနာပတ်

မုန့် ခဲဖွယ်များနှင့် သစ်သီးများကို မြှောက်၍ စားလျှင်အနာပတ်။



ကဗဠဝစ္ဆေဒက သိက္ခာပုဒ်

အနာပတ်

မုန့်ခဲဘွယ်များ, လက်သုပ်များနှင့် သစ်သီးများကို ကိုက်စားလျှင် အာပတ်မသင့်။



ဟတ္ထနိဒ္ဒုနက သိက္ခာပုဒ်

လက်ခါကောင်းရာအခါ

ဆွမ်းထဲ၌ ကျောက်ခဲ, အမှိုက်ပါလာ၍ ထိုအမှိုက်များကို စွန့်ပစ်သောအခါမျိုး၌ကား ခါကောင်းသည်။

စပုစပုကာရကာသိက္ခာပုဒ် ပညတ်ပြီးလျက် သုရသုရကာရက သိက္ခာပုဒ်ကို ပညတ်ရခြင်းအကြောင်း

ဖြစ်ပုံ ဝတ္ထုအကြောင်း ထူးခြားသောကြောင့် ပညတ်ပါသည်။
(၁၃၅၃-ခု အကြီးတန်း)



ဆတ္တပါဏိ သိက္ခာပုဒ်စသည်

ဆတ္တပါဏိ ပုဂ္ဂိုလ်အား အပတ်မသင့်အောင် ဟောနည်း

ထီးကို လက်မှ လွှတ်ခိုင်းပြီးမှသာ ဟောရမည်။

http://www.dhammadownload.com

ဆတ္တပါဏိစာရင်းမဝင်

ကိုယ်အင်္ဂါတစ်စုံတစ်ခုနှင့် ထိနေစေကာမူ လက်ဖြင့်မထိလျှင် ဆတ္တ ပါဏိမဟုတ်။

ဒဏ္ဍ–အရ

(၄)တောင်ရှိသော တုတ်ကိုသာ ယူရမည်။ ထို့အောက်တိုသော တုတ်, ထို့ထက်ရှည်သောတုတ်ကို မယူရ။

သတ္ထ–အရ

ဓား, သံလျက်, လှံစသော လက်နက်တွင် ပါဝင်သမျှကိုယူ။

အာဝုဓ–အရ

ညှိတင်ပြီးဖြစ်စေ, မတင်သေးဖြစ်စေ, လေးဆိုင်ရာအားလုံး (လေးကိုင်း, လေးကြိုး, မြားတို့ပါ) ယူရမည်။

ပါဒုကနှင့် ဥပါဟနအထူး

ဟိန္ဒူများစီးလေ့ရှိသော သဲကြိုးမပါ, အဖျားဌ ကြေးဖုတပ်၍ ထိုကြေးဖုကို ခြေမ, ခြေညှိုးဖြင့် ညှပ်လျက် စီးရသောဖိနပ်ကို ပါဒုကဟု ခေါ်၍ အခြားသဲကြိုးတပ် တစ်မျိုးမျိုးနှင့် ယခုခေတ် ရှူးဖိနပ်(ခြေနင်း) များကို ဥပါဟန ခေါ်သည်ဟု မှတ်ပါ။

ယာနကတဿ–ဌ် ယာန အရ

ယခုကာလ လှည်း, လန်ချား, ရထား, ကားအမျိုးမျိုးအပြင် အဝတ်ထမ်းစင်များနှင့် လူ(၂)ယောက်လက်ချင်းယှက်၍ ချီမယူအပ်သော လက်ယှက်များကိုပါ ယူရမည်။

http://www.dhammadownload.com

ဟရိတေ ဥစ္စာရ သိက္ခာပုဒ်၌ ခေဠ–အရ

တံတွေးကို သာမက နှပ်ကိုပါ ယူရပါမည်။

ဥဒကေ ဥစ္စာရ သိက္ခာပုဒ်၌ ဥဒက–အရ

သောက်ချိုးကောင်းသော ရေကိုသာ ယူပါ။

ရဟန်းသာမဏေများ တံထွေး မထွေးကောင်းသောနေရာများ

စိမ်းစိုသော မြက်သစ်ပင်ရှိရာအရပ်၊ သောက်ကောင်းသုံးဆောင်ကောင်းသော ရေရှိသောအရပ်တို့ ဖြစ်ပါသည်။

ဂိလာနသော်မှ လွတ်လပ်ခွင့်မရသော သေခိယ သိက္ခာပုဒ်များ

၁။ သမတိတ္ထိက ၂။သူပဗျဥ္ဇနပဋိစ္ဆာဒန ၃။ ဥစ္စာနသညီ။

သမဏသာရုပ္ပသိက္ခာပုဒ်များ

သေခိယ အစမှစ၍ ပလ္လတ္ထိကာ သိက္ခာပုဒ်အထိ သိက္ခာပုဒ် ပေါင်း (၂၆) ပုဒ်။ (၁၃၃၆–ခု အကြီးတန်း)

ဘောဇနပွဋိသံယုတ္တသိက္ခာပုဒ်များ

ခမ္ဘကတဝဂ် သက္ကစ္စပဋိဂ္ဂဟဏ သိက္ခာပုဒ်မှ သုရသုရဝဂ် သသိတ္ထက သိက္ခာပုဒ်အထိ သိက္ခာပုဒ်ပေါင်း (၃၀)။

(၁၃၂၈–ခု အကြီးတန်း၊ ၃၂–ခု အငယ်တန်း)

ဓမ္မဒေသနာ ပဋိသံယုတ္တသိက္ခာပုဒ်များ

သုရသုရဝဂ် ဆတ္တပါဏိ သိက္ခာပုဒ်မှ သေခိယ အဆုံးအထိ သိက္ခာ ပုဒ်ပေါင်း (၁၉)ပုဒ်။ (၁၃၂၈, ၄၄–ခု အကြီးတန်း၌)

http://www.dhammadownload.com

အနုပညတ်ပါသော သေခိယသိက္ခာပုဒ်

သူပေါဒနဝိညတ္တိ သုရသုရဝဂ်လာ ဆတ္တပါဏိ, ဒဏ္ဍပါဏိ, အာဝုဓ ပါဏိ, ပါဒုကတစ်ဝဂ်လုံး ပေါင်း (၂၀)ပုဒ်။

သေခိယ သိက္ခာပုဒ်များ၏ နိဒါန်း, ပုဂ္ဂိုလ်

၁။ သုရသုရကာရက = ကောသမ္မိပြည် ရဟန်းများစွာ။

၂။ ပါနိယထာလက, သသိတ္ထက = ဘဂ္ဂတိုင်း ရဟန်းများစွာ။

၃။ ကြွင်းသောသေခိယများ = သာဝတ္ထိပြည် ဆဗ္ဗဂ္ဂိရဟန်းများ။

သေခိယ သိက္ခာပုဒ်တို့တွင် အလယ်တည့်တည့် သိက္ခာပုဒ်

ဥဒ္ဓါနသညီ

သေခိယ – ဠ် "အဂိလာန" ပါသော သိက္ခာပုဒ် (၂၀)

သက္ကစ္စဝဂ် သူပေါဒဝိညတ္တိ သိက္ခာပုဒ်၊ သုရ သုရဝဂ် ဆတ္တပါဏိ သိက္ခာပုဒ်၊ ဒဏ္ဍပါဏိ သိက္ခာပုဒ်၊ သတ္ထပါဏိ သိက္ခာပုဒ်၊ အာဝု ဓပါဏိ သိက္ခာပုဒ်၊ ပါဒုကဝဂ်၁၅ပုဒ်၊ ပေါင်း – ၂၀။

"သမသူပက" သဒ္ဒါပါသော သိက္ခာပုဒ် (၂)ပုဒ်

သမသူပက ပဋိဂ္ဂဟဏ သိက္ခာပုဒ်၊ သမသူပက သိက္ခာပုဒ် တို့ဖြစ်ပါသည်။

ဆွမ်းခံယူခြင်းနှင့်ဆိုင်ရာ သိက္ခာပုဒ် (၄)ပုဒ်

ခမ္မကတဝဂ် – သက္ကစ္စ ပဋိဂ္ဂဟဏ သိက္ခာပုဒ်၊ ပတ္တသညီ ပဋိဂ္ဂဟဏ သိက္ခာပုဒ်၊ သမသူပက ပဋိဂ္ဂဟဏ သိက္ခာပုဒ်၊ သမတိတ္တိက သိက္ခာပုဒ် ။

http://www.dhammadownload.com

ဆွမ်းစားခြင်းနှင့် စပ်လျဉ်း၍ ကျင့်အပ်သော သိက္ခာပုဒ် (၃၀)
ဘောဇန ပဋိသံယုတ္တ သိက္ခာပုဒ် (၃၀)

ခမ္မကတဝဂ်–သက္ကစ္စ ပဋိဂ္ဂဟဏ သိက္ခာပုဒ်၊ ပတ္တသညီ ပဋိဂ္ဂဟဏသိက္ခာပုဒ်၊ သမသူပက ပဋိဂ္ဂဟဏ သိက္ခာပုဒ်၊သမတိတ္ထိက သိက္ခာ ပုဒ် (၄) ပုဒ်၊ သက္ကစ္စဝဂ် (၁၀) ပုဒ်၊ ကဗဠဝဂ် (၁၀) ပုဒ်၊ သုရသုရဝဂ်မှ သုရသုရ ကာရက သိက္ခာပုဒ်၊ ဟတ္ထနိလ္လေဟက သိက္ခာပုဒ်၊ ပတ္တ နိလ္လေဟက သိက္ခာပုဒ်၊ သြဋ္ဌ နိလ္လေဟက သိက္ခာပုဒ်၊ သာမိသ သိက္ခာပုဒ်၊ သသိတ္ထက သိက္ခာပုဒ်၊ ပေါင်း (၃၀)

သပိတ်နှင့်စပ်ဆက်၍ လိုက်နာဖွယ်ရာ သိက္ခာပုဒ် (၅) ပုဒ်

ခမ္မကတဝဂ် ပတ္တသညီ ပဋိဂ္ဂဟဏ သိက္ခာပုဒ်၊ သက္ကစ္စဝဂ် ပတ္တသညီ ဘုဥ္ဇနသိက္ခာပုဒ်၊ ဥဇ္ဈာသညီ သိက္ခာပုဒ်၊ သုရသုရဝဂ် ပတ္တနိလ္လေဟက သိက္ခာပုဒ်၊ သသိတ္ထက သိက္ခာပုဒ်၊ ပေါင်း ၅။

တည်းခိုနေထိုင်ခြင်းဌာ မြို့တွင်းရွာတွင်းသို့ ရောက်နေသော ရဟန်းအား အပြစ်ကင်းလွတ်ခွင့် ရသောသိက္ခာပုဒ်များ၊ ဝါသူပဂတ လွတ်လပ်ခွင့်ရသော သိက္ခာပုဒ် (၈) ပုဒ်

(၁) သုပ္ပဋိစ္ဆန္နန နိသီဒန (၂) ဥက္ခိတ္တကာယ နိသီဒန (၃) ကာယပ္ပစာလက နိသီဒန (၄) ဇာဟုပ္ပစာလကနိသီဒန (၅) သီသပ္ပ စာလက နိသီဒန (၆) ခမ္မကတ နိသီဒန (၇) သြဂုဏ္ဌိတ နိသီဒန (၈) ပလ္လတ္ထိကာယ နိသီဒနတို့ ဖြစ်ပါသည်။

သေခိယ–၌ အနုပညတ်ပါသော သိက္ခာပုဒ် (၂၀)

သက္ကစ္စဝဂ်–သူပေါဒနဝိညတ္တိ၊ သုရသုရဝဂ် ဆတ္တပါဏိ၊ ဒဏ္ဍပါဏိ၊ သတ္ထပါဏိ၊ အာဝုဓပါဏိ သိက္ခာပုဒ်၊ ပါဒုကဝဂ် (၁၅) ပုဒ်၊ ပေါင်း (၂၀)။

F.36.A

http://www.dhammadownload.com

ဘေးရန်ရှိသော်လည်း အပြစ်မလွတ်သော သိက္ခာပုဒ်များ

သုသံဝုတ သိက္ခာပုဒ် ၂ – ပုဒ်ဖြစ်ပါသည်။

ဂိလာနသော်မှ အပြစ်မလွတ်သော သိက္ခာပုဒ် (၃) ပုဒ်

သမတိတ္ထိက သိက္ခာပုဒ်၊ ဩဒန ပဋိစ္ဆာဒန သိက္ခာပုဒ်၊ ဥဇ္ဈာသညီ သိက္ခာပုဒ်။

သာရုပ္ပ သိက္ခာပုဒ် (၂၆) ပုဒ်

ပရိမဏ္ဍာဝက်(၁၀)ပုဒ်၊ ဥဇ္ဈဂ္ဃိကဝက် (၁၀) ပုဒ်၊ ခမ္ဘာကတဝက် အစ (၆)ပုဒ်၊ ပေါင်း(၂၆)။

ဓမ္မဒေသနာ ပဋိသံယုတ္တ သိက္ခာပုဒ်များ

သုရုသုရုဝက်အဆုံး (၄)ပုဒ်၊ ပါဒုကဝက်အစ(၁၂)ပုဒ်၊ ပေါင်း (၁၆)ပုဒ်။

ဥစ္စာရ သိက္ခာပုဒ်များ

(၁)ဋ္ဌိတော ဥစ္စာရ၊ (၂)ဟရိတေ ဥစ္စာရ၊ (၃)ဥဒကေ ဥစ္စာရ သိက္ခာ ပုဒ်တို့ဖြစ်ပါသည်။

"အန္တဃရ" ပါသော သိက္ခာပုဒ်များ

(၂၅)ပုဒ် ဖြစ်ပါသည်။

အန္တရဃပါသော (၂၅) ပုဒ်

ပရိမဏ္ဍလက်၌ (၁) သုပ္ပဋိစ္ဆန္နသိက္ခာပုဒ် ၂ ပုဒ်၊ (၂) သုသံဝုတ သိက္ခာပုဒ် (၃) ဩက္ခိတ္တစက္ခု သိက္ခာပုဒ် ၂ ပုဒ်၊ (၄) ဥက္ခိတ္တကာယ သိက္ခာပုဒ် ၂ ပုဒ်၊ (၅) ဥဇ္ဈတ္တကာယ သိက္ခာပုဒ် ၂ ပုဒ်၊ (၆) ခမ္ဘကတ သိက္ခာပုဒ် ၂ ပုဒ်၊ (၇) ဩဂုဏ္ဌိတ သိက္ခာပုဒ် ၂ ပုဒ်၊

http://www.dhammadownload.com

(၈) ဥက္ကုဋိကာ သိက္ခာပုဒ်၊ (၉) ပလ္လတ္ထိက သိက္ခာပုဒ်၊ (၁၀) သသိတ္ထက သိက္ခာပုဒ် ပေါင်း ၂၅ ပုဒ်။

စာလက သိက္ခာပုဒ် ၆ ပုဒ်

ကာယပစာလက သိက္ခာပုဒ် ၂ ပုဒ်၊ ဗာဟုပစာလက သိက္ခာပုဒ် ၂ ပုဒ်၊ သီသပစာလက သိက္ခာပုဒ် ၂ ပုဒ်။

ဂစ္ဆန္တသဒ္ဒါပါသော သိက္ခာပုဒ် ၂ ပုဒ်

၁။ ဂစ္ဆတော ဂမနသိက္ခာပုဒ်၊ ၂။ ဥပ္ပတေန ဂမန သိက္ခာပုဒ်။

ပဋိဂ္ဂဟဏပါသော သိက္ခာပုဒ် ၄ ပုဒ်

၁။ သက္ကစ္စ ပဋိဂ္ဂဟဏသိက္ခာပုဒ်၊ (၂) ပတ္တသညီပဋိဂ္ဂဟဏ သိက္ခာပုဒ်၊ (၃) သမသူပက ပဋိဂ္ဂဟဏ သိက္ခာပုဒ်၊ (၄) သမတ္တိက သိက္ခာပုဒ်။

ပရိမဏ္ဍလပါသော သိက္ခာပုဒ် ၃ ပုဒ်

၁။ ပရိမဏ္ဍလသိက္ခာပုဒ် ၂ ပုဒ်၊ ၂။ အာလောပသိက္ခာပုဒ်။

ပလ္လတ္ထိကာယပါသော သိက္ခာပုဒ် ၂ ပုဒ်

၁။ ခမ္ဘကတဝဂ် ပလ္လတ္ထိက သိက္ခာပုဒ်
၂။ ပါဒုကဝဂ် ပလ္လတ္ထိက သိက္ခာပုဒ်

ဆွမ်းခံရာ၌ လိုက်ရာရမည့် သိက္ခာပုဒ် ၆ ပုဒ်

၁။ သက္ကစ္စ ပဋိဂ္ဂဟဏသိက္ခာပုဒ်
၂။ ပတ္တသညီပဋိဂ္ဂဟဏ သိက္ခာပုဒ်
၃။ သမသူပက ပဋိဂ္ဂဟဏ သိက္ခာပုဒ်
၄။ သမတိတ္ထိက သိက္ခာပုဒ်၊

http://www.dhammadownload.com

၅။ ဩဒန ပဋိစ္ဆာဒန သိက္ခာပုဒ်
၆။ သူပေါဒန ဝိညတ္တိ သိက္ခာပုဒ်။

ဆွမ်းစားပြီးချိန်၌ လိုက်နာရမည့် သိက္ခာပုဒ် ၂ ပုဒ်

၁။ သာမိသသိက္ခာပုဒ်
၂။ သသိတ္ထက သိက္ခာပုဒ်

ဆွမ်းစားရာ၌ လိုက်နာရမည့် သိက္ခာပုဒ် ၂၄ ပုဒ်

သက္ကစ္စဝဂ် ၁၀ ပုဒ်၊ ကဗဠဝဂ် ၁၀ ပုဒ်၊ သုရသုရတ် အစ ၄ ပုဒ်၊ ပေါင်း ၂၄ ပုဒ်။

ရဟန်းသာမဏေများ ဆွမ်းခံရာဝယ် လိုက်နာရမည့် ကျင့်ဝတ်များ

(၁)ရှိသေစွာ (၂)သပိတ်၌ အမှတ်ရှိသည်ဖြစ်၍ (၃)ဆွမ်း၏ လေးဘို့ တစ်ဘို့ ပဲနောက်ဟင်းနှင့်အမျှ (၄) သပိတ်အတွင်း၊ အနားရေး နှင့်အမျှ ဤသို့ ဆွမ်းကို ခံယူရပါမည်။

ဟရိတေ ဥစ္စာရ၊ ဥဒကေ ဥစ္စာရ သိက္ခာပုဒ်များကို ထောက်ပါ။

သေခိယသိက္ခာပုဒ်တို့ကို မကျင့်သူ၏အပြစ်

သေခိယ သိက္ခာပုဒ်တို့ကို မကျင့်သော ရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏။

မှတ်ချက်။ ။သာမဏေများ မကျင့်က "ဒဏ်" ထိုက်ပါသည်။

http://www.dhammadownload.com

အဓိကရဏသမထ

အဓိကရဏ်းတို့ကို ငြိမ်းအေးစေခြင်းငှာ ပြုအပ်သော "သမ္မုခါ" သရုပ်

(၁) သံဃသမ္မုခါ (၂) ဓမ္မသမ္မုခါ (၃) ဝိနယသမ္မုခါ (၄)ပုဂ္ဂလ သမ္မုခါ။

သမ္မုခါဝိနယ, သတိဝိနယ, အမူဠှဝိနယ, တဿ ပါဝိယသိက္ခာ ဟူသော သမထ ၄-ပါးတို့ဖြင့် ငြိမ်းစေရပါမည်။

အဓိကရဏ (၄)ပါး:

၁။ ဝိဝါဒါဓိကရဏ်း၊

၂။ အနုဝါဒါဓိကရဏ်း၊

၃။ အာပတ္တာဓိကရဏ်း

၄။ ကိစ္စာဓိကရဏ်း၊

[ဆောင်]။ ။ဝိဝါ-နုဝါ၊ အာပတ္တာ၊ ကိစ္စာဓိကရဏ်း။

ဝိပတ္တိ (၄)ပါး:

၁။ သီလဝိပတ္တိ =ပါရာဇိက, သံဃာဒိသေသ်သင့်ခြင်းများ။

၂။ အာစာရဝိပတ္တိ = အောက်အာပတ် (၅)ပုံသင့်ခြင်း။

၃။ အာဇီဝဝိပတ္တိ = ကုလဒူသန, မိစ္ဆာဇီဝတို့ဖြင့် အသက်မွေးမှု။

၄။ ဒိဋ္ဌိဝိပတ္တိ = အရိဋ္ဌရဟန်းကဲ့သို့ အယူလွဲမှု။

သမထ (၇)ပါးတို့ကြောင့် အာပတ်မသင့်သော်လည်း သိက္ခာပုဒ်အမည်ရ နိုင်ခြင်းအကြောင်း

အဓိသီလသိက္ခာဟူသော ပါတိမောက် သီလများ ရဖို့အကြောင်း ဖြစ်သောကြောင့် သိက္ခာပုဒ်အမည် ရနိုင်ကြသည်။

http://www.dhammadownload.com

ရဟန်းတော်များ၌ ဖြစ်ပွားတတ်သော အဓိကရဏ်းမှုခင်းများနှင့် ပတ်သက်၍ ပြေငြိမ်းစေနိုင်သော နည်းလမ်းကောင်းများ

(၁)သမ္မုခါဝိနယသမထ (၂)သတိ ဝိနယသမထ (၃)အမူဠ္ဍ ဝိနယသမထ (၄)ပဋိညာယကာရေတဗ္ဗသမထ (၅)ယေဘု ယျသိက ကာသမထ (၆)တဿ ပါပိယ သိကာ သမထ (၇)တိဏဝတ္ထာရက သမထတို့ဖြစ်ပါသည်။

သမထာယနှင့် ဂူပသမာယတို့အထူး

သမထ–အရ အဓိကရဏ်းငြိမ်းခြင်းကိုယူ၍ ဂူပသမ–အရ နောက်ထပ် မပေါ်နိုင်အောင် ပိပြားသွားသော ငြိမ်းခြင်းကို ယူသင့်သည်။

အဓိကရဏ်း (၄)ပါးကို ငြိမ်းအေးစေနိုင်သော သမထ (၇)ပါးနှင့် တွဲစပ်ပုံ

၁။ ဝိဝါဒါဓိကရဏ်း = သမ္မုခါဝိနယ, ယေဘုယျသိကာ။
၂။ အနုဝါဒါဓိကရဏ်း = သမ္မုခါဝိနယ, သတိဝိနယ, အမူဠ္ဍဝိနယ, တဿပါပိယသိကာ။
၃။ အာပတ္တာဓိကရဏ်း = သမ္မုခါဝိနယ,ပဋိညာယကရဏ တိဏဝတ္ထာရက။
၄။ ကိစ္စာဓိကရဏ်း = သမ္မုခါဝိနယ။

[ဆောင်]။ ။ သမ္မုခါ ယေဘုယျသိကာ၊ ဝိဝါဒေါ ဒွီဟိ သမ္မတိ။
သမ္မုခါ သတိ အမူဠ္ဍ၊ ပါပိကာယ နုဝါဒကော၊
သမ္မုခါ ပဋိညာတိဏာ၊ အာပတ္တိ ကိစ္စ မေကကော။

အာပတ္တာဓိကရဏ်းနှင့် အနုဝါဒါဓိကရဏ်း အထူး

အာပတ်သင့်နေခြင်းသည် အာပတ္တာဓိကရဏ်းမည်၍ အာပတ်သင့်သည်ဖြစ်စေ, မသင့်သည်ဖြစ်စေ ထိုအာပတ်ဖြင့် သူတစ်ပါးက

http://www.dhammadownload.com

စွပ်စွဲ ခြင်းသည် အနုဝါဒါ ဓိကရဏ်းမည်ပါသည်။ ဤသို့ထူးပါသည်။
(၁၃၃၄-ခု အကြီးတန်း)

ဘိက္ခုပါတိမောက်၌လာသော သိက္ခာပုဒ်များ

ပါရာဇိက	၄-ပုဒ်
သံဃာဒိသေသ်	၁၃-ပုဒ်
အနိယတ	၂-ပုဒ်
နိဿဂ္ဂပါစိတ်	၃၀-ပုဒ်
သုဒ္ဓပါစိတ်	၉၂-ပုဒ်
ပါဋိဒေသနီယ	၄-ပုဒ်
သေခိယ	၇၅-ပုဒ်
အဓိကရဏသမထ	၇-ပုဒ်
ပေါင်း	၂၂၇-ပုဒ်

(၁၃၃၀-ခု အငယ်တန်း)

မဟာနိဂုံးပြုပါဠိ

ဥဒ္ဒိဋ္ဌံ ခေါ (ပ) သိက္ခိတဗ္ဗံ။

၂၂၇-သွယ်သော သိက္ခာပုဒ်တို့သည် ဘုရားဟောပါဠိဟုတ်/ မဟုတ်

ဟုတ်ပါသည်။ သာဓက-ဇေတ္တက် တဿ ဘဂဝတော သုတ္တာဂတံ သုတ္တပရိယာပန္နံ အန္တဒ္ဓမာသုံ ဥဒ္ဒေသံ အာဂစ္ဆတိ။

ရဟန်းတော်တို့သည် ဘုရားရှင်စည်းကမ်း ဥပဒေများကို ကိုယ်နှုတ် နှလုံး မည်သို့ မည်ပုံ ထားရှိလျက် ကျင့်ကြံပွားများရမည်ကို တိကျ မှန်ကန်စွာ ဖြေဆိုပါ။

၂၂၇-သွယ်သော သိက္ခာပုဒ်တို့သည် မြတ်စွာဘုရား၏ ပါတိမောက်၌ လာ၏။ ပါတိမောက်၌ အကျုံးဝင်၏။ လခွဲတိုင်း ရွတ်ဆိုထိုက်၏။ ထို (၂၂၇) သွယ်သော သိက္ခာပုဒ်တို့ကို ထေရ၊ နေဝ၊

http://www.dhammadownload.com

မဇ္ဈိမရဟန်း တော်အားလုံးတို့သည် ကိုယ်ဖြင့် ညီညွတ်ကြလျက် လည်းကောင်း၊ စိတ်ဖြင့် ဝမ်းမြောက်ကြလျက် လည်းကောင်း၊ နုတ်ဖြင့် မငြင်းခုံကြဘဲလည်းကောင်း ဤသို့ နှလုံးထား၍ ကျင့်ကြံပွားများရပါမည်။

သန္နိဓိကာရ-ပါသော သိက္ခာပုဒ်များ

၁။ ဘေသဇ္ဇ၊ ၂။ သန္နိဓိကာရက။

ပါတိမောက်အကျဉ်းပြနိုင်သော အကြောင်းများ

၁။ မင်းစသော ဘေးအန္တရာယ်ရှိခြင်း။
၂။ ထေရ်ကြီးကိုယ်တိုင် အကျယ်မရွတ်နိုင်ခြင်း။

အညတြ တထာရူပပ္ပစ္စယာ-ပါသော သိက္ခာပုဒ်များ

၁။ ဥယျုတ္တသေနာ ၂။ ဇောတိ

အနာပုဒ္ဓ-ပါသော သိက္ခာပုဒ်များ

၁။ အနုပဒ္ဓ ၂။ သဘောဇန

အနာပုစ္ဆ-ပါသော သိက္ခာပုဒ်များ

၁။ ပထမသေနာသန၊ ၂။ ဒုတိယသေနာသန။

အနာပုစ္ဆာ-ပါသော သိက္ခာပုဒ်များ

၁။ စာရိတ္တ ၂။ ဝိကာလဂါမပ္ပဝေသန

ဒုဗ္ဗဏ္ဏ ကရဏ-ပါသော သိက္ခာပုဒ်များ

၁။ နီသီဒနသန္ထတ, ၂။ ဒုဗ္ဗဏ္ဏကရဏ။

http://www.dhammadownload.com

ဒသာဟပရမံ–ပါသော သိက္ခာပုဒ်များ

၁။ ကထိန ၂။ ပတ္တ

နာနာပွကာရက–ပါသော သိက္ခာပုဒ်များ

၁။ ရူပိယသံဝေါဟာရ ၂။ ကယဝိက္ကယ။

သန္ဓံ ဘိက္ခု–ပါသော သိက္ခာပုဒ်များ

၁။ စာရိတ္တ ၂။ ဝိကာလဂါမပ္ပဝေသန

စီဝရစေတာပန္န–ပါသော သိက္ခာပုဒ်များ

၁။ ပထမဥပက္ခဋ္ဌ ၂။ ဒုတိယဥပက္ခဋ္ဌ ၃။ ရာဇ။

ဒုဋ္ဌုလ္လ–ပါသော သိက္ခာပုဒ်များ

၁။ ဒုဋ္ဌုလ္လဝါစာ ၂။ ဒုဋ္ဌုလ္လာရောစန ၃။ ဒုဋ္ဌုလ္လ။

ပတ္တ–ပါသော သိက္ခာပုဒ်များ

၁။ ပတ္တ ၂။ ဥိနပဋ္ဌဗန္ဓန ၃။ အပနိဓာန။

သာသင်္ကံ–ပါသော သိက္ခာပုဒ်များ

၁။ သာသင်္ကံ ၂။ သြဝါဒဝဂ်လာ သံဝိဓာန
၃။ စာတုဒ္ဒသပါဠိဒေသနီယ။

သာမိစိ–ပါသော သိက္ခာပုဒ်များ

၁။ ရာဇ ၂။ ဥိနပဋ္ဌဗန္ဓန ၃။ ကာဏမာတု
၄။ သဟဓမ္မိက၊ ၅။ ရတန။

http://www.dhammadownload.com

သုဂတဝိဒတ္ထိ–ပါသော သိက္ခာပုဒ်များ

၁။ ကုဋိကာရ ၂။ နိသီဒနသန္ထတ ၃။ နိသီဒန
၄။ ကဏ္ဏပ္ပဋိစ္ဆာဒိ၊ ၅။ ဝဿိကသာဋိက ၆။ နန္ဒ။

နိဿဂ္ဂိယပါစိတ်အတု (နိဿဂ္ဂိယပါစိတ်နှင့်အလားတူ) သိက္ခာပုဒ်များ

၁။ သုစိဃရ၊ ၂။မဉ္စပီဌ ၃။တူလောနဒ္ဓ၊
၄။ နိသီဒန၊ ၅။ကဏ္ဏပ္ပဋိစ္ဆာဒိ၊ ၆။ဝဿိကသာဋိက၊
၇။ နန္ဒ။

ကထိန်အာနိသင်ကြောင့် လွတ်လပ်ခွင့်ရ သိက္ခာပုဒ်များ

၁။ ကထိန သိက္ခာပုဒ် = (ယာဝဒတ္ထစီဝရ)၊
၂။ ဥဒေါသိတ သိက္ခာပုဒ် = (အသမာဒါနစာရ)၊
၃။ အကာလစီဝရ သိက္ခာပုဒ် = (ယောစ တတ္ထ စီဝရုပ္ပါဒ)၊
၄။ ဂဏဘောဇန = (ဂဏ ဘောဇန)၊
၅။ စာရိတ္တ = (အနာမန္တ စာရ)၊

[ဆောင်] ကထိ–ဥဒ၊ အကာလ၊ ဂဏ–စာရိတ္တာ။
ကထိန်ကြောင့်ပေ၊ လွတ်လပ်စေ၊ ငါးထွေ မှတ်ကြပါ။

ဘိက္ခုပါတိမောက် အဓိပ္ပါယ်ပြီးပါပြီ။

http://www.dhammadownload.com

ဘိက္ခုနီ ပါတိမောက်အဓိပ္ပာယ်

ပါရာဇိကကဏ္ဍ

ဘိက္ခုဂဏနာ စ ဩဝါဒေါနှင့် ဘိက္ခုနီဂဏနာ စ ဩဝါဒေါ တို့၌ ပါသော ဩဝါဒ နှစ်ခုအထူး

ဘိက္ခုဂဏနာစ ဩဝါဒေါ–၌ ဘိက္ခုနီတို့၏ ဩဝါဒခံလိုသောကြောင့် ခွင့်တောင်းမှုကို သံဃာတော်အား လျှောက်ထားခြင်းကို ဩဝါဒဟု ဆိုသည်။ ဘိက္ခုနီဂဏနာစ ဩဝါဒေါ–၌ ဘိက္ခုနီတို့က ဘိက္ခုတို့ထံ အဆုံးအမခံရန် တောင်းပန်လျှောက်ထားခြင်းကို ဩဝါဒဟု ဆိုပါသည်။ ဤသို့ ထူးပါသည်။

(၁၃၂၉–ခု အကြီးတန်း)

မှတ်ချက်။ ။ ၎င်းဩဝါဒကဗျက်သော ဘိက္ခုနီမအား အာရာမဝဂ် ဩဝါဒသိက္ခာပုဒ်, ဩဝါဒူပသက်မနသိက္ခာပုဒ်များအရ သုဒ္ဓပါစိတ် သင့်သည်။

ဘိက္ခုနီသိက္ခာပုဒ်တိုင်း၌ သိက္ခာသာဇီဝသမာပန္နာ သိက္ခံအပ္ပစ္စက္ခာယစသည် မပါခြင်း အကြောင်း

ဘိက္ခုနီတို့သည် ဘိက္ခုတို့ကဲ့သို့ သိက္ခာကျဖွယ်မလို။ လူဝတ်လဲလိုက်လျှင် ဘိက္ခုနီအဖြစ်မှ ကင်းတော့သောကြောင့် ဖြစ်ပါသည်။

(၁၃၅၄–ခု အကြီးတန်း)

ရာဂစိတ်မရှိဘဲ အဓမ္မကျင့်ခံရလျှင် ပါရာဇိကကျ +မကျ။

ဆန္ဒသော ကိုထောက်၍ မကျပါ။ (၁၃၅၄–ခု အကြီးတန်း)

http://www.dhammadownload.com

ဗလက္ကာရ အပြုခံရသော ရဟန်းမသည် ပထမပါရာဇိက သိက္ခာပုဒ် နှင့် ငြိစွန်းမှု ရှိ/မရှိ။

ယာ ပန ဘိက္ခုနီ ဆန္ဒသော မေထုနံ ဓမ္မံ ပဋိသေဝေယျကို ထောက်၍ ပထမပါရာဇိက သိက္ခာပုဒ်နှင့် ငြိစွန်းမှု မရှိနိုင်ပါ။

ရဟန်းမိန်းမများ လူထွက်ရာ၌ သိက္ခာချစရာမလို

သိက္ခာသာဇီဝ သမာပန္နာ သိက္ခံ အပ္ပစ္စက္ခာယ ဒုဗ္ဗလျံ အနာဝိတက္ကာဟု မဟောဘဲ ယာပန ဘိက္ခုနီ ဆန္ဒသော မေထုနံ ဓမ္မံ ပဋိသေဝေယျ–ဟုသာ ဟောတော်မူထားသောကြောင့် သိက္ခာချစရာ မလိုပါ။

ဘိက္ခုနီပါတိမောက်နှင့် ပတ်သက်သော အာဒိကမ္မိက ဘိက္ခုနီများ

သုန္ဒရီနန္ဒာ, ထုလ္လနန္ဒာ, ဆဗ္ဗဂ္ဂိဘိက္ခုနီများ, စဏ္ဍကာဠီ, အညတရာ ဘိက္ခုနီ, သဗ္ဗဟုလာဘိက္ခုနီယော, ဒွေ ဘိက္ခုနီယော။

သုန္ဒရီနန္ဒာ ထုလ္လနန္ဒာ၊ ဆဗ္ဗဂ္ဂိယညတရာ ပိစ။

စဏ္ဍကာဠီ သမ္မဟုလာ၊ ဒွေစ ဘိက္ခုနိယော ပရာ။

ဘိက္ခုနိနံ တု သတ္တေဝ၊ ဟောန္တိ တာ အာဒိကမ္မိကာ။

(ကခ်ီဠိကာသစ်) (၁၃၃၇-ခု အကြီးတန်း)



ဥပ္ပာဏုမဏ္ဍလိက သိက္ခာပုဒ်

ပါရာဇိကကျနိုင်သည့် ခေတ်

ဥပ္ပာဏုမဏ္ဍလံ–အရ ညှပ်ရိုး၏ အောက်, ပုဆစ် ဒူးဝန်း နှစ်ဖက်၏ အထက်။

http://www.dhammadownload.com

ဥဇ္ဈ–အရ ယူသင့်သော အရပ်

ညှပ်ရိုးနှစ်ဖက်၏ အောက်၊ ပုဆစ်ဒူးဝန်း နှစ်ဖက်၏ အထက် အရပ်နှင့် တတောင်ဆစ်မှ အထက် ဖြစ်သော အရပ်ဖြစ်ပါသည်။

ဥဇ္ဈ– အရ မယူသင့်သော အရပ်

ပါရာဇိက ခေတ်မဟုတ် သော တတောင်ဆစ်မှ အဖျားပိုင်းဖြစ်သော လက်နှင့် ညှပ်ရိုးနှစ်ဖက်၏ အထက်အရပ်ဖျား ဖြစ်ပါသည်။
သာဓက–အဓက္ခက် ဥဇ္ဈဏ္ဍ မဏ္ဍလံ၊ ဟတ္ထဂ္ဂဟဏံ ဝါ သာဒိယေယျ။

ာတောင်ဆစ်မှအထက် လက်မောင်းကိုကိုင်မှု

တတောင်ဆစ်မှအထက် လက်မောင်းကိုလည်း ဥဇ္ဈဏ္ဍမဏ္ဍလ၌ သွင်းယူရသောကြောင့် ပါရာဇိကကျသည်။

(၁၃၅၄–ခု အကြီးတန်း)

ပါရာဇိ က မသင့်နိုင်သော ဘိက္ခုနီမ၏ ကိုယ်အင်္ဂါအစိတ်အပိုင်း

ညှပ်ရိုးနှစ်ဖက်၏ အထက်၊ ပုဆစ်ဒူးဝန်းနှစ်ဖက်၏ အောက် အရပ်၌ ကိုင်တွယ်သုံးသပ်လျှင် ပါရာဇိက မသင့်ပါ။

အာပတ်သင့်ခြင်း အကြောင်း

အဝဿုတ ပုရိသပုဂ္ဂိုလ်က မိမိ (ဘိက္ခုနီမ)၏ ညှပ်ရိုးအောက်နှင့် ပုဆစ်ဒူးဝန်း အထက်၌ သုံးသပ်ခြင်းကိုသော်လည်းကောင်း၊ ထိုမှ ဤမှ သုံးသပ်ခြင်းကိုသော်လည်းကောင်း၊ ကိုင်ခြင်းကိုသော်လည်းကောင်း တို့ထိခြင်းကိုသော်လည်းကောင်း၊ ဖိညှပ် ခြင်းသော်လည်းကောင်း၊ သာယာသောကြောင့် ပါရာဇိက အာပတ် သင့်ရပါသည်။

စိတ်မပါဘဲ အကိုင်ခံရမှု

အဝဿုတာ–ကိုထောက်၍ အပြစ်မရှိပါ။

F.39.A

http://www.dhammadownload.com

မိမိ၏ပယောဂ မပါသော်လည်း ယောက်ျား၏ ကိုင်တွယ်မှုကို သာယာလျှင် ပါရာဇိက

သာဒိယေယျ–ကိုထောက်၍ ပါရာဇိကကျသည်။



ဝဇ္ဇပုဋ္ဌာဒီကာ သိက္ခာပုဒ်

ပါရာဇိကကျနေမှန်းမသိ၍ ဖုံးထားမှု

ဇာနံ–ကိုထောက်၍ အပြစ်မရှိပါ။

ဝဇ္ဇပုဋ္ဌာဒီကာ ဘိက္ခုနီမက အခြားဘိက္ခုနီမတို့အား ပြောဆိုပုံ

အရှင်မတို့ ထိုညီမသည် ဤသို့ သဘောလည်းရှိ၏၊ ဤသို့ သဘောလည်းရှိ၏ဟု ရှေးဦးကပင် တပည့်တော်မ သိခဲ့ပါ၏။ သို့သော်လည်း ကိုယ်တိုင် မစောဒနာမိပါ။ ဂိဏီးအားလည်း မပြောကြားမိပါဟု ပြောဆိုပါသည်။ သာဓက ပုဗ္ဗေဝါဟံ အယျေ(ပ) အာရောစေသံ။

အာပတ်မသင့်အောင် လုပ်ဆောင်နည်း

၁။ ကိုယ်တိုင် စောဒနာခြင်း။

၂။ အခြားဘိက္ခုနီအပေါင်းအား ပြောကြားခြင်း။

ပါရာဇိကကျချိန်

"ဖုံးထားမည်"ဟု ဆုံးဖြတ်ချိန်။

မိမိက အပြစ်ဖုံးထားကြောင်း ဝန်ခံသောစကား။

ပုဗ္ဗေဝါဟံ အယျေ (ပ) နဂဏသ အာရောစေသံ။



F.39.B

http://www.dhammadownload.com

ဥက္ခိတ္တာနုဝတ္တိကာ သိက္ခာပုဒ်

ဥက္ခိတ္တာနုဝတ္တိကာ ပါရာဇိကကျချိန်

ဥက္ခိတ္တာနုဝတ္တိကာ ဘိက္ခုနီကို ဆုံးမရာ၌ ကမ္မဝါစာ (၃)ကြိမ် မပြည့်ခင် ထိုအယူကို စွန့်လိုက်မူ ပါရာဇိကမကျသေးပေ။ တတိယ ကမ္မဝါစာ၏ "သာ ဘာသေယျ"၌ ယျအက္ခရာတိုင်အောင် မစွန့်လွှတ်လျှင် ယင်းအချိန်၌ ပါရာဇိကကျသည်။

ဥက္ခိတ္တာနုဝတ္တိကာ ဘိက္ခုနီမအား မြင်ကုန်ကြားကုန်သော ရဟန်းမတို့က ပြောဆိုပုံ

အရှင်မ...ဤရဟန်းကို ညှဉ်းဆဲတတ်သော သံဃာက ဟုတ်မှန်သောဝိနည်း၊ မြတ်စွာဘုရား အာဏာတော် ဥတ်ကမ္မဝါစာဖြင့် နှင်ထုတ်ထား၏။ ဤရဟန်းသည် ရိုသေခြင်းမရှိ၊ ဤရဟန်းကို သံဃာ့ဘောင်သို့မသွင်းရသေး၊ အပေါင်းအဖော်မပြုရသေး၊ အရှင်မ... ဤ ရဟန်းသို့ အတုလိုက်၍ မကျင့်ပါလင့် – ဟု ပြောဆိုရပါမည်။ သာဓက – [ဧသော ဓေါ (ပ) အနုဝတ္တိ]

ဘိက္ခုနီပါတိမောက်၌ သိက္ခာပုဒ်ပေါင်း

ပါရာဇိက (၈)ပုဒ်၊ သံဃာ ဒိသေသ် (၁၇)ပုဒ်၊ နိဿဂ္ဂိယပါစိတ် (၃၀)ပုဒ်၊ သုဒ္ဓပါစိတ် (၁၆၆)ပုဒ်၊ ပါဋိဒေသနီ (၈)ပုဒ်၊ သေခိယ (၇၅)ပုဒ်၊ အဓိကရဏသမထ(၇)ပုဒ် အားဖြင့် (၃၁၁)ပုဒ် ရှိပါသည်။

အသာဓာရဏ ပါရာဇိက သိက္ခာပုဒ်များ

(၁)ဥဇ္ဈာဏုမဏ္ဍလိကာ သိက္ခာပုဒ် (၂)ဝဇ္ဇပဋိစ္ဆာဒိကာ (၃)ဥက္ခိ တ္တာနုဝတ္တိကာ၊ (၄)အဋ္ဌဝတ္ထုကာ သိက္ခာပုဒ်တို့ ဖြစ်ပါသည်။

http://www.dhammadownload.com

သာဓကရဏ (ဘိက္ခု – ဘိက္ခုနီ ၂ မျိုးလုံးနှင့် သက်ဆိုင်သော) ပါရာဇိက သိက္ခာပုဒ်များ

(၁) မေထုနဓမ္မ (၂) အဒိန္နာဒါန (၃) မနုဿဝိဂ္ဂဟ (၄) ဥတ္တရိမနုဿ ဓမ္မသိက္ခာပုဒ်။



အဋ္ဌဝတ္ထုကာ သိက္ခာပုဒ်

အဋ္ဌဝတ္ထုကာသရုပ်

၁။ ကာယသံဂ္ဂရာဂ စိုစွတ်သော ယောကျ်ား၏ လက်စွဲမှုကို သာယာခြင်း၊
၂။ သင်္ကန်းအနားဆွဲမှုကို သာယာခြင်း၊
၃။ ဟတ္ထပါသ်၌ တည်ခြင်း၊
၄။ အတူတကွ စကားပြောခြင်း၊
၅။ ချိန်းချက်ရာအရပ်သို့ သွားခြင်း၊
၆။ ယောကျ်ားရှေ့ရှုလာမှုကို သာယာခြင်း၊
၇။ ဖုံးကွယ်ရာအရပ်သို့ ဝင်ခြင်း၊
၈။ ကာယသံသဂ္ဂရာဂဟူသော မသူတော်တို့၏ တရားကို မှီဝဲရန် ကိုယ်ကို အနီးသို့ဆောင်ခြင်း။

ဟတ္ထဂ္ဂဟဏ်–၌ ဟတ္ထ–အရ

တံတောင်ဆစ်မှ အဖျားဘက်ကို ယူရပါမည်။

ပုဆစ်ဒူးဝန်အောက် စသည်ကို ကိုင်မှု

ဟတ္ထကို ဥပလက္ခဏနည်းအားဖြင့် ဆိုထားသောကြောင့် ပါရာဇိက ခေတ်မဟုတ်သော ပုဆစ်ဒူးဝန်အောက်, ညှပ်ရိုးအထက်

http://www.dhammadownload.com

လည်ပင်း, မျက်နှာ များကို ကိုင်လည်း ဟတ္ထဂ္ဂဟဏတွင် ပါဝင်သဖြင့် ထုလွှစ္စဉ်းသင့်သည်သာ။

သင်္ကန်းတစ်ထည်လုံး ဘယ်နေရာကိုင်ကိုင် အာပတ်

သဃ်ာဋိကဏ္ဌဂ္ဂဟဏကို ဥပလက္ခဏနည်းအားဖြင့် ဆိုထားသော ကြောင့်တည်း။

သံဃာဋိ–အရ

သင်ပိုင်း, ဧကသီ, သင်္ကန်းကြီး (၃)ထည်ကိုယူပါ။

အဆုံးအဖြတ်

၁။ တစ်မျိုးမျိုးကို ကျူးလွန်လျှင် ထုလွှစ္စဉ်းတစ်ချက်။
၂။ ရှစ်မျိုးပြည့်သည့်အခါ ပါရာဇိက။

ရှစ်မျိုးမပြည့်အောင် ကျင့်နည်း

ရှစ်မျိုးတွင် တစ်မျိုးမျိုးလွန်ကျူး၍ သင့်သောအာပတ်ကို "နောင်အခါ ဤအမှုကို မလွန်ကျူးမိအောင် စောင့်စည်းမည်" ဟူသော အာယတိ သံဝရစိတ်ဖြင့် ဒေသနာကြားပါက ထမြောက်နိုင်သည်။ ထိုသို့ ဒေသနာကြားပြီးနောက် ကိလေသာအလျောက် ထပ်ကျူးလွန်မိပြန်လျှင်လည်း တကယ့်ကို အာယတိ သံဝရစိတ်ဖြင့် ဒေသနာကြားပြန်လျှင် အာပတ်မှ ထပြန်သည်သာ။

http://www.dhammadownload.com

သံယာဒိဿသကတ္ထ

ဥဿယဝါဒိကာသိက္ခာပုဒ်

တရားတွေ့ရာ၌ အာပတ်သင့်ပုံ အစီအစဉ်

ဘိက္ခုနီသည် ဂဟပတိစသူနှင့် တရားစ၍တွေ့လျှင် ဒုက္ကဋ်၊ တစ်ဖက် က ခုခံစကားပြောလျှင် **ထုလ္လစ္စဋ်**း၊ တရားဆုံးဖြတ်ပြီးလျှင် သံဃာဒိဿေသ် သင့်သည်။ **(၁၃၃၁-ခု အကြီးတန်း)**

တရား မစွဲကောင်းသူများ

၁။ ဂဟပတိ = အိမ်ရှင်ယောကျ်ားး
၂။ ဂဟပတိပုတ္တ = အိမ်ရှင်ယောကျ်ားး၏ သားး
၃။ ဒါသ = ကျွန်
၄။ ကမ္မကာရ = **အလုပ်သမား**း
၅။ သမဏပရိဗ္ဗာဇက = **ရဟန်းပရိဗိုဇ်**။

ဤသိက္ခာပုဒ်၏ နာမည်ထူးများ

(၁) ဧကဂါမန္တရဂမနသိက္ခာပဒ (၂) ဧက နဒီပါရဂမန သိက္ခာပဒ (၃) ရတ္တိ ဝိပ္ပဝါသ သိက္ခာပဒ (၄) ဂဏဩဟီယန သိက္ခာပဒ။

သင့်ရောက်နိုင်သည့် အာပတ်အရေအတွက်

သံဃာဒိသ် ၄ ချက်ဖြစ်သည်။

http://www.dhammadownload.com

ဂဟပတိပုတ္တ–အရ

သား, ညီ, အစ်ကို စသည်ကို ယူရမည်။

သမဏပရိဗ္ဗာဇက ဟူသည်

သီတင်းသုံးဖော် (၅)ဦးမှတပါး အခြားရသော့, ပရိဗိုဇ်များ။

နိဿာရဏီယံ–အရ နှင်ထုတ်ဟူသည်

"သံဃာမှ နှင်ထုတ်"ဟူရာ၌ ဥက္ခိတ္တက ရဟန်းကို အပေါင်းအသင်းမပြုဘဲ ကြဉ်ဖယ်ထုတ်ထားသည့် နှင်ထုတ်မျိုး မဟုတ်။ သံဃာဒိသေသ် အာပတ် ထုံးစံအတိုင်း မာနတ်ဆောက်တည်ခိုက်၌ ထိုမာနတ်နှင့် ဆိုင်သော ကျင့်ဝတ်များကို ကျင့်နေရသဖြင့် သံဃာမှ နှင်ထုတ်ရာ ရောက်သည်။ (၁၃၃၁–ခု, ၃၆–ခု အကြီးတန်း၊)

အစောင့်အရှောက်တောင်းနည်း

ဘိက္ခုဖြစ်စေ, ဘိက္ခုနီဖြစ်စေ မိမိကျောင်း၌ အနှောင့်အယှက်ပေးနေသော ခိုးသူစသည်ကို တရားမစွဲကောင်း။ သူတို့ ဘေးမှကင်းဝေးအောင် ဆိုင်ရာအရာရှိထံ အစောင့်အရှောက်တောင်းကောင်း၏။ ထိုသို့ တောင်းရာ၌လည်း နှောင့်ယှက်သူကို တိုက်ရိုက်မညွှန်ပြရ။ နှောင်အခါ မနှောင့်ယှက်အောင်သာ စောင့်ရှောက်ပေးပါ" ဟု နှောင်ရေးအတွက်သာ တောင်းရမည်။

မိမိပစ္စည်းခိုးသွားမှု

တစ်စုံတစ်ယောက် ပစ္စည်းကို ခိုးသွားလျှင် "မည်သည့်ပစ္စည်း ပျောက် သွားပါသည်၊ ရအောင်လုပ်ပေးပါ"ဟု ပြောကောင်း၏။ "မည်သူ ခိုးသွား သည်"ဟုကား မညွှန်ပြကောင်း။ မိမိညွှန်ပြ၍ ထိုသူကို ဒဏ်ငွေတပ်လျှင် မိမိမှာ ဘဏ္ဍာစားထိုက်သည်။ မညွှန်ပြဘဲ အရာရှိတို့ဘာသာ ရှာတွေ့သဖြင့် ဒဏ်တပ်လျှင်ကား မိမိမှာ အပြစ်မရှိ။

http://www.dhammadownload.com

"သူခိုး-သူခိုး" ဟု မအော်ကောင်း

တစ်စုံတစ်ခုကို ခိုးနေစဉ်မြင်၍ "သူခိုး-သူခိုး" ဟု ထိုသူအကျိုးမဲ့အောင် မအော်ကောင်း။ အော်သည့်အတွက် ဖမ်းမိ၌ ဒဏ်တပ်ပျောင်ဘဏ္ဍာစားပင်။



စောရိဝုဋ္ဌာပန သိက္ခာပုဒ်

သတ်ထိုက်သော ခိုးသူမကို ရဟန်းပြုပေးရာ၌ ပန်ပြောရမည့် သူများ

၁။ မင်း၊
၂။ ဘိက္ခုနီ သံဃာ၊
၃။ မလွဂဏ စသောဂိုဏ်း၊
၄။ ကုသိုလ်ကောင်းမှု ပြုသောအသင်း၊.
၅။ နံ့သာကုန်သည်, အထည်ကုန်သည် စသည်။

ခိုးသူမကို ရဟန်းခံပေးသော ဘိက္ခုနီမ ပြုရမည့် တာဝန်များ

ခိုးသူမကို ရဟန်းခံပေးသော ဘိက္ခုနီသည် မင်းကိုလည်းကောင်း၊ ဘိက္ခုနီကိုလည်းကောင်း၊ မလွဂဏ ဘဋ္ဌိပုတ္တဂဏ စသောဂိုဏ်းကို လည်းကောင်း ကောင်းမှုပြုသော အသင်းကိုလည်းကောင်း၊ နံ့သာကုန်သည် အထည်ကုန်သည် စသည်တို့ကိုလည်းကောင်း ပန်ကြားရပါမည်။

http://www.dhammadownload.com

အနုပညတ်

အညတြ ကပ္ပါ။

ကပ္ပါ–သရုပ်

၁။ တိတ္ထိတို့ထံ၌ ရှေးဦးစွာ ပရိဗိုဇ်မ ပြုပြီးမှ မိမိထံရောက်လာသူ။

၂။ အခြားဘိက္ခုနီထံ၌ ရှေးဦးစွာ သာမဏေမ ပြုပြီးမှ မိမိထံ ရောက်လာသူ။



ဂါမန္တရသိက္ခာပုဒ်

ဤသိက္ခာပုဒ်ရနိုင်သော အမည်များ

၁။ ဂါမန္တရ၊

၂။ နဒီပါရဂမန၊

၃။ ရတ္တိဝိပ္ပဝါသ၊

၄။ ဂဏမှာ သြဟီယန။

မိမိနေရာမှ အခြားတစ်ရွာသို့ အဖော်မပါဘဲသွားခြင်း စသည် ကြောင့် သံဃာဒိသေသ်သင့်ခြင်းအကြောင်း

မိန်းမသားကို့သည် မည်သည့်နေရာ၌မဆို အဖော်နှင့်သာ နေထိုက်သောကြောင့် သံဃာဒိသေသ်သင့်သည်။

ဘိက္ခုနီမတစ်ပါးတည်း မလုပ်သင့်သောကိစ္စများ

၁။ ရွာတစ်ပါးသို့သွားခြင်း၊

၂။ မြစ်တစ်ဘက်ကမ်းသို့ သွားခြင်း၊

http://www.dhammadownload.com

၃။ ညဉ့်၌ အဖော်နှင့် ခွဲနေခြင်း၊
၄။ ဂိုဏ်းမှ ချန်ရစ်ခြင်း။

ဘိက္ခုနီမတို့ မသွားအပ်၊ မနေအပ်သော နေရာများ

(၁) ရွာတစ်ပါး (၂) မြစ်၏တစ်ဖက်ကမ်း၊ (၃) ညဉ့်အခါ (၄) ဂိုဏ်းမှချန်၍ နေမှုတို့ ဖြစ်ပါသည်။

ရဟန်းမ၏ တစ်ယောက်တည်း နေခြင်း ၄-မျိုး

(၁) တစ်ယောက်တည်း ရွာတစ်ပါးသို့သွားခြင်း (၂) တစ်ယောက်တည်း မြစ်၏ တစ်ဖက်ကမ်းသို့ သွားခြင်း (၃)ညဉ့်အခါ တစ်ယောက်တည်း အဖော်နှင့် ကင်းရှင်းနေခြင်း (၄)တစ်ယောက်တည်း ဂိုဏ်းမှ ချန်ရှစ်နေခြင်းတို့ ဖြစ်ပါသည်။

ဂဏမှာ- အရ

အဖော်တစ်ယောက်တည်းကိုလည်း ဂိုဏ်းဟု ယူရပါမည်။

အာပတ် (၄) ချက်သင့်သော သိက္ခာပုဒ်

ဧကဂါမန္တရဂမန သိက္ခာပုဒ်။

မှတ်ချက်။ ။ အနုပညတ်(၃)မျိုးပါသော သိက္ခာပုဒ်လည်း ဖြစ်ပါသည်။



ဥက္ခိတ္တာသြာရဏာ သိက္ခာပုဒ်

စောရီဝုဋ္ဌာပန, ဂါမန္တရဂမန, ဥက္ခိတ္တာသြာရဏာ သိက္ခာပုဒ်တို့၌ ပါရှိသော ဂဏတို့ အထူး

စောရီဝုဋ္ဌာပနလာ ဂဏ-အရ မလွဂဏ, ဘဒ္ဒိပုတ္တဂဏ စသော ဂိုဏ်းကို ယူရပါမည်။

http://www.dhammadownload.com

ဂါမန္တရဂမနလာ ဂဏ–အရ တစ်ယောက်တည်း ဖြစ်စေကာမူ **အဖော်ဘိက္ခုနီမကို ယူရမည်။**

ဥက္ခိတ္တာသြသာရဏလာ ဂဏ–အရ **ကာရက** သံဃာကို ယူရပါမည်။ ဤသို့ **ထူးပါသည်။** (၁၃၅၃–ခု အကြီးတန်း)

အာပတ်သင့်ချိန်

သြသာရဏ ကမ္မဝါစာ၏ **အဆုံး။**



ပထမဘောဇနပွဋိဂ္ဂဟဏ သိက္ခာပုဒ်

အဝသုတာ–အရ

ချစ်ကြိုက်မှု ဆန္ဒရာဂ သာမည ကိုယူပါ။



ဒုတိယဘောဇနပွဋိဂ္ဂဟဏ သိက္ခာပုဒ်

တိုက်တွန်းပုံပြပါဠိ

ကိ ံ တေ အယျေ (ပ) ဘုဥ္ဇ ဝါ။

ခဲဖွယ် ဘောဇဉ်ကို စားဖို့ရန် တိုက်တွန်းပုံ

အရှင်မ...ဤယောကျ်ားသည် ရာဂစွတ်စိုသည်ဖြစ်စေ၊ မစွတ်စိုသည်ဖြစ်စေ သင့်အား အဘယ်သို့ ပြုနိုင်လတ့ံနည်း၊ အရှင်မ... ငါတို့က်တွန်းပါ၏။ သင်သည် ရာဂစိုစွတ်သောကြောင့် ဤယောကျ်ား က သင့်အား လျှဒါန်းသော ခဲဖွယ်ဘောဇဉ်ကို မိမိလက်ဖြင့် ခံယူ၍ ခဲမှုလည်းခဲလော့၊ စားမှုလည်း စားလော့ဟု ပြောဆိုပါသည်။

သာဓက–ကိ ံ တေ အယျေ (ပ)ခါဒ ဝါ ဘုဥ္ဇ ဝါ။

http://www.dhammadownload.com

အာပတ်သင့်ပုံအစီအရင်

တိုက်တွန်းစကားပြောဆိုမှု, တိုက်တွန်းအပ်သော ဘိက္ခုနီ၏ ခံယူမှု တို့ကြောင့် ဒုက္ကဋ်၊ တိုက်တွန်းအပ်သူစားတိုင်း ထုလွှစွဲဉ်း၊ စားပြီးသောအခါ သံဃာဒိသေသ် အာပတ်သင့်သည်။



သိက္ခံ ပစ္စာစိက္ခဏာ သိက္ခာပုဒ်

စိတ်ဆိုးသော ဘိက္ခုနီမ ပြောသောစကား

ဗုဒ္ဓံ ပစ္စာစိက္ခာမိ (ပ) ဗြဟ္မစရိယံ စရိသာမိ။

အမျက်ထွက်၍ နှလုံးမသာသော ဘိက္ခုနီမက ပြောဆိုပုံ

ဘုရားကို စွန့်ပါ၏။ တရားကို စွန့်ပါ၏၊ သံဃာကို စွန့်ပါ၏။ အကျင့်သိက္ခာကို စွန့်ပါ၏။ သာကီဝင် မင်းသမီးဘုရားသမီးတော် ဖြစ်သော ဤဘိက္ခုနီမတို့လော့၊ ရုက်တစ်၍ ကုက္ကုစ္စရှိသော အကျင့်သိက္ခာကို လိုလားသူ အခြားဘိက္ခုနီမတို့သည်လည်း ရှိကုန်သေး၏။ ငါသည် ထိုဘိက္ခုနီမတို့၏ အထံ၌ မြတ်သောအကျင့်ကို ကျင့်တော့အံ့-ဟု ပြောဆိုပါသည်။ သာဓက-ဗုဒ္ဓံ ပစ္စာစိက္ခာမိ (ပ) ဗြဟ္မစရိယံ စရိသာမိ။

ဘိက္ခုနီမတို့က ဆုံးမရမည့်စကား

မာယျေ ကုပိတာ အနတ္တမနာ (ပ) အန္တ ကိရိယာယ။

(၁၃၃၈-ခု အလတ်တန်း)

စိတ်ဆိုး၍ ဘုရားကို စွန့်ပါ၏၊ စသည်ဖြင့် ပြောဆိုသော ဘိက္ခုနီမကို အခြားသော ဘိက္ခုနီမတို့က ဖျောင်းဖျတိုက်တွန်းပုံ

အရှင်မ...အမျက်ထွက်၍ နှလုံးမသာသောကြောင့် ဘုရားကို စွန့်ပါ၏။ (ပ) ကျင့်တော့အံ့ဟု မပြောဆိုပါလင့်၊ အရှင်မမွေ့လျော်ပါလော့၊ မြတ်စွာဘုရားသည် တရားတော်ကို ကောင်းစွာ ဟောထား

http://www.dhammadownload.com

တော်မူ၏။ ဆင်းရဲ၏အဆုံးကို ပြုရန်အလို့ငှာ အကျင့်မြတ်ကို ကောင်းစွာကျင့်လော့ဟု ပြောဆိုဆုံးမရပါမည်။ သာဓက – မာယျေ ကုပိတာ (ပ) အန္တ ကိရိယာယ။

သံယာဒိသေသ်သင့်ချိန်

တတိယ ကမ္မဝါစာ အဆုံး။

အဓိကရဏကု ပိတသိက္ခာပဒ

အဓိကရဏ်းရှုံးသော ဘိက္ခုနီမ – က အခြားဘိက္ခုနီမတို့အား ပြောဆိုပုံ

ဘိက္ခုနီမတို့သည် ဆန္ဒဂတိသို့လည်း လိုက်ကုန်၏။ ဘိက္ခုနီမတို့သည် ဒေါသာဂတိသို့လည်း လိုက်ကုန်၏။ ဘိက္ခုနီမတို့သည် မောဟာဂတိသို့လည်း လိုက်ကုန်၏။ ဘိက္ခုနီမတို့သည် ဘယာဂတိသို့လည်း လိုက်ကုန်၏ – ဟု ပြောဆိုပါသည်။

ပြောဆိုပုံ ပါဠိ

ဆန္ဒဂါမိနိယော စ (ပ) ဘယဂါမိနိယော စ ဘိက္ခုနိယော။

ထိုဘိက္ခုနီမကို မြင်ကုန် ကြားကုန်သော ဘိက္ခုနီမတို့က ပြောဆိုဆုံးမပုံ

အရှင်မ...တစ်စုံတစ်ခုသော အဓိကရဏ်း၌ ရှုံးသဖြင့် အမျက်ထွက်၍ နှလုံးမသာသောကြောင့် ဘိက္ခုနီမတို့သည် ဆန္ဒာဂတိသို့လည်း လိုက်ကုန်၏။ (ပ) ဘယာဂတိသို့လည်း လိုက်ကုန်၏ ဟု – မဆိုပါလင့်၊ အရှင်မသည်သာလျှင် ဆန္ဒာဂတိသို့လည်း လိုက်ရာ၏။ ဒေါသာဂတိသို့လည်း လိုက်ရာ၏။ မောဟာဂတိသို့လည်း လိုက်ရာ၏။ ဘယာဂတိသို့လည်း လိုက်ရာ၏ – ဟု ပြောဆိုဆုံးရပါမည်။ သာဓက – မာယျေ ကိသ္မိဉ္စိဒေဝ (ပ) ဘယာပိ ဂစ္ဆေယျ။

http://www.dhammadownload.com

ပါပသမာစာရပထမ သိက္ခာပုဒ်

သံသဋ္ဌာ ဟူသည်

သာသနာတော်ထမ်း ရဟန်းမတို့က ဒကာ,ဒကာမ အပေါ် ဆက်ဆံ ခြင်းမျိုးမဟုတ်ဘဲ လူအချင်းချင်း ပေါင်းသင်းဆက်ဆံခြင်းမျိုး ကဲ့သို့ ဆန်ဖွပ် ပေးခြင်း, ချက်ပြုတ်ပေးခြင်း, နံ့သာကြိတ်ပေးခြင်း, ပန်းကုံးပေးခြင်း, တစ်အိမ်မှ သတင်းစကားကို အခြားအိမ်သို့ ပို့ ဆောင်ခြင်း စသည်ဖြင့် ဆက်ဆံရောနှောမှုကို သံသဋ္ဌာဟု ဆိုသည်။

ပါပါစာရ, ပါပသဒ္ဒ စသည်တို့အထူး

လူများကဲ့သို့ မကောင်းသော ကိုယ်ကျင့်, နှုတ်ကျင့် ရှိခြင်းကို ပါပါ စာရာ ဟုဆိုသည်။ ထိုကဲ့သို့ အကျင့်မကောင်းသည့်အလိုက် မကောင်းသတင်း ထွက်နေခြင်းကို ပါပသဒ္ဒ ဟုဆိုသည်။ အသက်မွေး ချောင်ဖို့ အလံရှူးဒလံများဖြင့် ကျော်ကြားအောင် လုပ်မှုကို ပါပသိ လောက ဟုကြံပါ။

ဝိဟေသိကာ ဟူသည်

အပြစ်အားလျော်စွာ ထိုဘိက္ခုနီတို့အား သံဃာက နိဂ္ဂဟကံ (နှိပ်မှုကံကို) ပြုမည်ဟု စီစဉ်သောအခါ ထိုကံကို မပြုဖြစ်အောင် (ကံ အထ မမြောက်အောင်) တားမြစ်သောအားဖြင့် ဘိက္ခုနီသံဃာကို ညှဉ်းဆဲမှုကို ဝိဟေသိကာ ဟုဆိုသည်။

ဝဇ္ဇပွဋိစ္ဆာဒိကာ ဟူသည်

တစ်ယောက်၏ ခုဒ္ဒါနုခုဒ္ဒက အပြစ်ကို အခြားတစ်ယောက်အား ဖုံး ထားမှုကို ဝဇ္ဇပွဋိစ္ဆာဒိကာ ဟုဆိုသည်။

http://www.dhammadownload.com

ပါပသမာစာရ ဘိက္ခုနီမတို့ကို အခြားသော ဘိက္ခုနီမတို့က ပြောဆို ဆုံးမပုံ

ညီမ အစ်မတို့သည် လူတို့နှင့် ရောနှောကာ ယုတ်မာသော အကျင့်၊ ယုတ်မာသော ကျော်စောသံ၊ ယုတ်မာသော အသက်မွေးခြင်း ရှိကုန်လျက် ဘိက္ခုနီသံဃာအား ညှဉ်းဆဲပြီးလျှင် အချင်းချင်း အပြစ်ကို ဖုံးလွှမ်းလျက်နေကုန်၏။ အရှင်မတို့...ဆိတ်ငြိမ်စွာ နေကုန်လော့၊ ညီမအစ်မတို့၏ ဆိတ်ငြိမ်စွာနေခြင်းကိုသာ သံဃာက ချီးမွမ်း၏ – ဟု ပြောဆိုဆုံးမရမည်။ သာဓက – ဘဂိနိယော ခေါ (ပ) သံယော ဝဏ္ဏော တိ။

ပါပသမာစာရ ဒုတိယသိက္ခာပုဒ်

အကျင့်မကောင်းသဖြင့် သမနုဘာသနက် အပြုခံရသော ရဟန်းမတို့အား အားပေးအားမြှောက်ပြုပုံပြုပါ၌

သံသဋ္ဌာဝ အယျေ တုမှေ (ပ) သံယော ဝဏ္ဏော တိ။

(၁၃၃၉-ခု အလတ်တန်း)

ပါပသမာစာရ ဘိက္ခုနီမတို့ကို အခြားဘိက္ခုနီမတို့က ပြောဆိုဆုံးမပုံ

အရှင်မတို့...သင်တို့သည် လူတို့နှင့် ရောနှောသည်ဖြစ်၍ သာလျှင် နေကုန်လော့၊ သင်တို့သည် တသီးတခြားစီ မနေကုန်လင့်၊ ဤသို့သော အကျင့်၊ ဤသို့သော ကျော်စောသံ၊ ဤသို့သော အသက်မွေးခြင်း ရှိကုန်လျက် ဘိက္ခုနီသံဃာအား ညှဉ်းဆဲကာ အချင်းချင်း အပြစ်ကို ဖုံးလွှမ်းတတ်ကုန်သော အခြားဘိက္ခုနီမတို့သည်လည်း သံဃာ၌ရှိကုန်၏။ သံဃာသည် ထိုဘိက္ခုနီမတို့ကို တစ်စုံတစ်ရာမျှ မပြောမဆိုဘဲ သင်တို့ကိုသာလျှင် မထီမဲ့မြင်ပြုသဖြင့် လည်းကောင်း၊ နှိပ်စက်သဖြင့်လည်းကောင်း၊ သည်းမခံသဖြင့်လည်းကောင်း၊ နိုင်ထက်

http://www.dhammadownload.com

စီးနင်း ပြောသဖြင့်လည်းကောင်း၊ အရှင်မတို့က အားနည်းသဖြင့် လည်းကောင်း ညီမအမတို့သည်သာလျှင် လူတို့နှင့်ရောနှောကာ ယုတ်မာသော အကျင့်ယုတ်မာသော ကျော်စောသံ၊ ယုတ်မာသော အသက်မွေးခြင်း ရှိကုန်လျက် ဘိက္ခုနီသံဃာအား ညှဉ်းဆဲကာ အချင်းချင်း အပြစ်ကို ဖုံးလွှမ်းတတ်ကုန်၏။ အရှင်မတို့...ဆိတ်ငြိမ်စွာနေကုန်လော့ ညီမ အမတို့၏ ဆိတ်ငြိမ်စွာနေခြင်းကိုသာလျှင် သံဃာသည် ချီးမွမ်း၏ဟု သံဃာက ဆိုသည်ဟူ၍ ပြောဆိုပါသည်။ သာဓက – သံသဋ္ဌာဝ အယျေ (ပ) သံဃော ဝဏ္ဏေတိ။

သံသဋ္ဌ ဘိက္ခုနီမတို့ကို မြင်ကုန် ကြားကုန်သော အခြားဘိက္ခုနီမတို့က တိုက်တွန်းဆုံးမပုံ

အရှင်မတို့... သင်တို့သည် (ပ) သံဃာက ဆိုသည်ဟူ၍ မဆိုပါကုန်လင့်ဟု ပြောဆိုတိုက်တွန်းရပါမည်။ သာဓက – မာယျေ ဧဝံ အဝစ (ပ) သံဃော ဝဏ္ဏေတိ။

နဝ ပထမာပတ္တိကာ–၌ နဝ–အရ

ဥဿယဝါဒိကာ, စောရီဝုဋ္ဌာပိကာ, ဧကဂါမန္တရဂမန, ဥက္ခိတ္တက ဩသာရဏာ, ဘောဇနပဋိဂ္ဂဟဏ ပထမ, ဘောဇန ပဋိဂ္ဂဟဏ ဒုတိယ, သဉ္စရိတ္တ, ဒုဋ္ဌဒေါသ, အညဘာဂိယ။

(၁၃၉၂-ခု အကြီးတန်း၊ ၃၇-ခု အလတ်တန်း)

အဋ္ဌ ယာဝ တတိယကာ–၌ အဋ္ဌ–အရ

သိက္ခံ ပစ္စာစိက္ခဏ, အဓိကရဏကုပိတ, ပါပသမာစာရပထမ, ပါပ သမာစာရဒုတိယ, သံဃဘေဒက, ဘေဒါနုဝတ္တက,ဒုဗ္ဘစ, ကုလဒူသက။ (၁၃၂၉-ခု,၅၀-ခု အကြီးတန်း, ၃၇-ခု အလတ်တန်း)

သံဃာဒိသေသ်တို့ကို သာဓာရဏ, အသာဓာရဏအခွဲ

သာဓာရဏ သိက္ခာပုဒ် (၇)ပါး၊ အသာဓာရဏ သိက္ခာပုဒ် (၁၀)ပါး။

http://www.dhammadownload.com

သဲ့ဃာဒိသိသ် အာပတ်သင့်သော ဘိက္ခုနီမသည် အဘယ်ပုဂ္ဂိုလ်ထံ အဘယ်မျှ မာနတ်ကျင့်ရမည်ကို ရေးပြပါ။

နှစ်ဖက်သော ဘိက္ခု၊ ဘိက္ခုနီတို့ထံ ပက္ခမာနတ်ကျင့်ရပါမည်။

သဲ့ဃာဒိသေသ်အာပတ် ကုစားရာ၌ ဘိက္ခုနှင့်ဘိက္ခုနီတို့ မတူထူးခြားပုံ

ဘိက္ခုတို့မှာ ဖုံးလွှမ်းသလောက် ပရိဝါသ်နေရပါသည်။ ဘိက္ခုနီတို့မှာ ပရိဝါသ် နေဖွယ်မလိုပါ။ ဘိက္ခုတို့မှာ ၆-ရက် မာနတ်ကျင့်ရပါသည်။ ဘိက္ခုနီတို့မှာ ပက္ခမာနတ်ကျင့်ရပါသည်။ ဘိက္ခု ဘိက္ခုနီ နှစ်မျိုးစလုံး အနည်ဆုံး နှစ်ကျိပ်အရေအတွက်ရှိသော သဲ့ဃာဖြင့် သိမ်ထဲ၌ အဇ္ဈာန်သွင်းရပါမည်။ (အဇ္ဈာန်ကား မကွဲပြားပါ။)

ဘိက္ခုနီမများ ဘိက္ခုတို့ကဲ့သို့ ပရိဝါသ်မဆောက်တည်ရဘဲ ပက္ခမာနတ်သာ ကျင့်ရခြင်းအကြောင်း

ဘိက္ခုနီမများ သဲ့ဃာဒိသေသ် အာပတ်ဖုံးလွှမ်းသော်လည်း ဒုက္ကဋ် မသင့်သောကြောင့် ဖြစ်ပါသည်။ (၁၃၅၂-ခု အကြီးတန်း)

ဘိက္ခုနီသဲ့ဃာဒိသေသ် အာပတ်ကုစားနည်း

၁။ ဘိက္ခုတို့ကဲ့သို့ ပရိဝါသ်မနေဘဲ ဥဘတောသဲ့ဃာဒ်၌ တစ်ပက္ခ (၁၅-ရက်) ပတ်လုံး မာနတ်ကျင့်ရခြင်း၊

၂။ မာနတ်ကျင့်ပြီးသော် နှစ်ကျိပ်ဂိုဏ်းရှိသော ဘိက္ခုနီသဲ့ဃာဒ်၌ အဇ္ဈာန် သွင်းရခြင်း။ (၁၃၂၃-ခု,၃၂-ခု အလတ်တန်း)

သဲ့ဃာဒိသေသ် အာပတ် ကုစားရာ၌ ဘိက္ခု-ဘိက္ခုနီတို့ တူညီသော အချက်

ဘိက္ခု ဘိက္ခုနီ နှစ်မျိုးစလုံး အနည်းဆုံး နှစ်ကျိပ်အရေအတွက် ရှိသော သဲ့ဃာဖြင့် သိမ်ထဲ၌ အဇ္ဈာန်သွင်းရပါမည်။

http://www.dhammadownload.com

ဘိက္ခုနီများ သံဃာဒိသိသ် အာပတ်ကုစားရာ၌ ပရိပါသ် နေသင့်/မနေသင့်

ဘိက္ခုနီမများ သံဃာဒိသေသ် အာပတ်ကုစားရာ၌ ပရိဝါသ် မနေသင့်ပါ။ သာဓက – ယေသံ ဘိက္ခုနီ အညတရံ ဝါ အညတရံ ဝါ အာပဇ္ဇတိ၊ တာယ ဘိက္ခုနိယာ ဥဘတော သံဃေ ပက္ခမာနတ္တံ စရိတဗ္ဗံ၊ စိဏ္ဏမာနတ္တာ ဘိက္ခု ယတ္ထ သိယာ ဒိသတိဂဏော ဘိက္ခုနီ သံဃော၊ တတ္ထသာ ဘိက္ခုနီ အဇ္ဇေတဗ္ဗာ။

ဘိက္ခု, ဘိက္ခုနီနှစ်မျိုးလုံးနှင့် ဆက်ဆံသော သံဃာဒိသေသ် သာဓာရဏ သိက္ခာပုဒ်များ

သဉ္စရိတ္တ၊ ဒုဋ္ဌဒေါသ၊ အညဘာဂိယ၊ သံဃဘေဒက၊ ဘေဒါနုဝတ္တက၊ ဒုဗ္ဘစ၊ ကုလဒူသက။ (၁၃၂၃-ခု, ၃၂-ခု အလတ်တန်း)

အသာဓာရဏ သံဃာဒိသေသ် သိက္ခာပုဒ်များ

(၁) ဥဿယဝါဒိကာ (၂) စောရီဝုဋ္ဌာပိကာ (၃) ကေဝါမန္တန ရဂမန (၄) ဥက္ခိတ္တာနုဝတ္တိကာ (၅) ဘေဒနပဋိဂ္ဂဟဏ (၆) ဘေဒနပဋိဂ္ဂဟဏ ဒုတိယ (၇) သိက္ခံ ပစ္စာစိက္ခဏ (၈) အဓိကရဏကုပိတ (၉) ပါ ပသမာစာရ ပဌမ (၁၀) ပါပသမာစာရ ဒုတိယ သိက္ခာပုဒ်။

အသာဓာရဏ – ယာဝတတိယက သိက္ခာပုဒ်များ

(၁) သိက္ခံ ပစ္စာ စိက္ခဏ (၂) အဓိကရဏကုပိတ (၃) ပါပသမာစာရ ပဌမ (၄) ပါပသမာစာရ ဒုတိယသိက္ခာပုဒ်။

ဘိက္ခုနီ သံဃာဒိသေသ် ပြီးပါပြီ။

http://www.dhammadownload.com

နိဿဂ္ဂိယ ကဏ္ဍ

ပတ္တသန္နိစယ သိက္ခာပုဒ်

သပိတ်သိုမှီးခြင်း ဟူသည်

သပိတ်ကို အဓိဋ္ဌာန်, ဝိကပ္ပနာတစ်ခုခု မပြုဘဲထားခြင်းကို ပတ္တသန္နိစယ- သပိတ်သိုမှီးခြင်း ဟုခေါ်သည်။

ဘိက္ခုသပိတ်နှင့် ဘိက္ခုနီသပိတ်တို့အထူး

ဘိက္ခုတို့၌ အဓိဋ္ဌာန်ဝိကပ္ပနာမပြုဘဲ သပိတ်သစ်ကို ၁၀-ရက် အထိထားနိုင်သော်လည်း ဘိက္ခုနီတို့မှာ တစ်ညဉ့်မျှ လွန်၍ မထားရ။ သပိတ်သစ်ကို ရသည့်နေ့မှာပင် (သူတစ်ပါးကို မစွန့်လျှင်) အဓိဋ္ဌာန်သော်လည်း တင်, ဝိကပ္ပနာသော်လည်း ပြုရမည်။ မပြုလျှင် နိဿဂ္ဂိယ ပါစိတ်သင့်သည်။

ဘိက္ခုနိဿဂ္ဂိ ပတ္တသိက္ခာပုဒ်နှင့် ဘိက္ခုနီနိဿဂ္ဂိ ပတ္တသန္နိစယ သိက္ခာပုဒ်တို့ အထူး

ဘိက္ခုနိဿဂ္ဂိပတ္တ သိက္ခာပုဒ်၌ (၁၀)ရက်လွန်လျှင် အာပတ်သင့်ပါသည်။ ဘိက္ခုနီ နိဿဂ္ဂိ ပတ္တသန္နိစယ သိက္ခာပုဒ်၌မူ (၁)ရက်လွန်လျှင် အာပတ်သင့်သည်။ ဤသို့ထူးပါသည်။ (၁၃၅၀-ခု အကြီးတန်း)

http://www.dhammadownload.com

အကာလစီဝရာဘာဇန သိက္ခာပုဒ်

ကာလ, အကာလ သင်္ကန်းများ ဝေဖန်ပုံ

အကာလ၌ဖြစ်သော သံဃိက သင်္ကန်းကို (ထိုကျောင်းတိုက်၌ ဝါကျွတ်သူ, အခြားမှ ဝါကျွတ်လာသူ) သံဃာအားလုံး ဝေဖန်ရ၏။ ကာလအတွင်း၌ဖြစ်သော သံဃိကသင်္ကန်းကိုကား ထိုကျောင်းတိုက်၌ ဝါကျွတ်သော သံဃာများသာ ဝေဖန်ရသည်။ ထို့ပြင် သင်္ကန်းကာလအတွင်းမှာပင် သံဃိက မဟုတ်ဘဲ သုတ္တန်ဆောင် ဂိုဏ်းအား လှူပါ၏ စသည်ဖြင့် ဂိုဏ်းအား လှူလျှင်လည်းကောင်း, ပုဂ္ဂိုလ်တစ်ပါးပါးအား လှူလျှင်လည်းကောင်း အကာလသင်္ကန်းပင်တည်း။ ဒါယကာ ရည်ရွယ်အပ်သူတို့သာ ရခွင့်ရှိသည်။

ဝိနည်းစည်းကမ်းအတိုင်း စွန့်ပြီးသည့်အခါ ပေးရမည့်ဌာန

ထိုသင်္ကန်းကို ဒါယကာတို့ မူလရည်စူးသောနေရာ၌ ပြန်ပေးရသည်။ ဒါယကာက သမ္မုခီ ဘူတသံဃာကို ရည်ရွယ်လျှင် မျက်မှောက်ရှိသမျှသော သမ္မုခီဘူတသံဃာက ဝေဖန်ယူ၍ ဂိုဏ်းကို ရည်ရွယ်လျှင် ဂိုဏ်းကိုပြန်ပေး။ ပုဂ္ဂိုလ်ကို ရည်ရွယ်လျှင် ပုဂ္ဂိုလ်ကို ပြန်ပေးပါ။

စီဝရပရိဝတ္တန သိက္ခာပုဒ်

ဤသိက္ခာပုဒ်လာ ဘိက္ခုနီမက အခြား ဘိက္ခုနီမအား ပြောဆိုပုံ

အရှင်မ သင်္ကန်းကို ယူလော့၊ ငါ၏သင်္ကန်းကို ဆောင်ခဲ့လော့၊ သင်၏သင်္ကန်းသည် သင့်ဥစ္စာသာလျှင် ဖြစ်၍ ငါ၏သင်္ကန်းသည်လည်း ငါ့ဥစ္စာသာလျှင်တည်း၊ ငါ၏သင်္ကန်းကို ဆောင်ခဲ့လော့၊ မိမိသင်္ကန်းကို ပြန်ယူလော့။ (ပါဠိ) ဟန္ဒာယျေ တုယှံ (ပ) သင်္ကံ ပစ္စာဟရ။

http://www.dhammadownload.com

အညဝိညာပန သိက္ခာပုဒ်

အာပတ်သင့်ပုံအစီအစဉ်

တောင်းခြင်းကြောင့် ဒုက္ကဋ်သင့်၍ ရခြင်းကြောင့် နိဿဂ္ဂိထိုက်သည်။

ပထမသံယိက စေတာပန သိက္ခာပုဒ်

ပရိက္ခာရေန ဟူသည်

ရဟန်းတို့အား အပ်သောပစ္စည်းအားလုံး။

ပထမဂဏိက စေတာပန သိက္ခာပုဒ်

မဟာဇနိကေန-ဠီ မဟာဇန-အရ

သံဃာကုန်မဟုတ်သော သုတ္တန်ဆောင်ဂိုဏ်းစသော ဘိက္ခုနီဂိုဏ်းကို ယူရမည်။

ဂရုပါဝုရဏာ သိက္ခာပုဒ် စသည်

ဂရုပါဝုရဏာ ဟူသည်

ဆောင်းစသော အေးသောအခါဝယ် ခြုံရန်ဖြစ်သော ခြုံထည်တည်း။

တောင်းနိုင်သော ဂရုပါဝုရဏာ

၄-ကံသ (၁၆-ကျပ်တန်)

မှတ်ချက်။ ။ တစ်ကံသလျှင် ၄-ကျပ်ရှိသည်။

http://www.dhammadownload.com

တောင်းနိုင်သော လဟုပါဝုရဏ

၂-ကံသခွဲ (၁၀-ကျပ်တန်)

လဟု ပါဝုရဏ အဓိပ္ပာယ်

ပူသောကာ၌ ရုံအပ်သော သင်္ကန်းကို "လဟု ပါဝုရဏ"ဟု ခေါ်ပါသည်။

ပေါ့သော ခြုထည် တန်ဖိုး ပမာဏ

နှစ်ကံသခွဲ ၁၀ ကျပ် တန်ဖိုး ဖြစ်သည်။

ဘိက္ခုနီ နိဿဂ္ဂိယပါစိတ် သိက္ခာပုဒ်တို့ကို ဝဂ်အလိုက် သာဓာရဏ, အသာဓာရဏအားဖြင့် ခွဲခြားချက်

သာဓရဏ-

ဒုတိယဝဂ်၌	(၈) ပုဒ်
တတိယဝဂ်၌	(၁၀) ပုဒ်

အသာဓာရဏ-

ပထမဝဂ်၌	(၁၀) ပုဒ်	
ဒုတိယဝဂ်၌	(၂) ပုဒ်	(၁၃၃၃-ခု အကြီးတန်း)

ဘိက္ခုတို့နှင့် မဆက်ဆံသော ဘိက္ခုနီနိဿဂ္ဂိ အသာဓာရဏ သိက္ခာပုဒ် (၁၈)ပုဒ် ဖြစ်ပါသည်။ (၁၃၃၆-ခု အလတ်တန်း)

ဤသိက္ခာပုဒ်လာ ဘိက္ခုနီမက အခြားဘိက္ခုနီမအား ပြောဆိုပုံ

အရှင်မ သင်္ကန်းကို ယူလော့၊ ငါ၏သင်္ကန်းကို ဆောင်ခဲ့လော့၊ သင်၏သင်္ကန်းသည် သင့်ဥစ္စာသာလျှင်ဖြစ်၍ ငါ၏သင်္ကန်းသည်လည်း ငါ့ဥစ္စာသာလျှင်တည်း၊ ငါ၏သင်္ကန်းကို ဆောင်ခဲ့လော့၊

http://www.dhammadownload.com

မိမိသင်္ကန်းကို ပြန်ယူလော့၊ (ပါဠိ) ဂန္ဒာယေျ တုယ္ဟံ (ပ) သင်္ကံ ပစ္စာဟရ။

သပိတ်နှင့်စပ်လျဉ်း၍ ပညတ်အပ်သော သိက္ခာပုဒ်များ

(၁) ပတ္တ သန္ဓိစယ သိက္ခာပုဒ် (၂) ဥနပဉ္စဗန္ဓန သိက္ခာပုဒ် တို့ ဖြစ်ပါသည်။

သံဃကနှင့် စပ်လျဉ်း၍ ပညတ်အပ်သော သိက္ခာပုဒ်များ

(၁) ပဌမ သံဃိက စေတာပန၊ (၂) ဒုတိယ သံဃိက စေတာပန၊ (၃) ပရိဏာတသိက္ခာပုဒ်။

အညတြ–ပါသော သိက္ခာပုဒ်

(၁)ဥဒေါသိတာ သိက္ခာပုဒ် (၂)အညာတကဝိညတ္တိ သိက္ခာပုဒ် တို့ဖြစ်ပါသည်။

ဘိက္ခုနီတို့နှင့်သာ သက်ဆိုင်သော အသာဓာရဏ သိက္ခာပုဒ်များ

ပတ္တဝဂ်ရှိ (၁၀)ပုဒ်၊ စီဝရဝဂ်၌ ဂရုပါဝုရဏာ သိက္ခာပုဒ်၊ လဟုပါဝုရဏာ သိက္ခာပုဒ် ပေါင်း ၁၂။

ဘိက္ခု–ဘိက္ခုနီ နှစ်မျိုးလုံးနှင့်ဆိုင်သော သာဓာရဏ သိက္ခာပုဒ်များ

စီဝရဝဂ်၌–ကထိန၊ ဥဒေါသိတ၊ အကာလစီဝရ၊ အညာတက ဝိညတ္တိ၊ တတုတ္တရ၊ ပဌမ ဥက္ခဋ္ဌ၊ ဒုတိယ ဥပက္ခဋ္ဌ၊ ရာဇသိက္ခာပုဒ် အားပြင့် (၈)ပုဒ်၊ ဇာတရူပဝဂ်၌ ၁၀ပုဒ်၊ ပေါင်း ၁၈။

နိဿဂ္ဂိယ ကဏ္ဍပြီးပါပြီ။

http://www.dhammadownload.com

သုဒ္ဓပါစိတ္တိယကဏ္ဍ
လသုဏ သိက္ခာပုဒ်

လသုဏ–အရ

မာဂဓတိုင်းဌဖြစ်သော အမြောင့်များစွာပါသော ကြက်သွန်ဖြူကို ယူရပါမည်။

အာပတ်ခွဲခြားချက်

ကြက်သွန်ဖြူကို ခဲစားရာ၌ ဘိက္ခုနီတို့မှာ ပါစိတ်၊ ဘိက္ခုတို့မှာ ဒုက္ကဋ်။

အဆုံးအဖြတ်

ထိုကြက်သွန်ဖြူမျိုးကိုလည်း ဟင်း, လက်သုပ် စသည်၌ ထည့်ခတ်ခြင်း မဟုတ်ဘဲ အစိမ်းသက်သက် စားမှ အာပတ်သင့်သည်။ ဟင်း စသည်၌ ပါမူ အနာပတ္တိ။

စားကောင်းသော ကြက်သွန်များ

၁။ ပလဏ္ဍုက = တစ်မြောင့်တည်းရှိသော ကြက်သွန်ဝါ။
၂။ ဘဒ္ဒနက = နှစ်မြောင့်ရှိသော ကြက်သွန်နီ။
၃။ ဟရိတက = သုံးမြောင့်ရှိသော ကြက်သွန်စိမ်း။
၄။ စာပ = အမြောင့်လုံးဝမပါသော ကြက်သွန်မြိတ်။

မှတ်ချက်။ ။ ဘိက္ခုနီသုဒ္ဓပါစိတ်သိက္ခာပုဒ်များကို လွန်ကျူးလျှင် ဘိက္ခုနီမှာ ပါစိတ်သင့်၍ ဘိက္ခုမှာ ဒုက္ကဋ်သင့်သည်။

http://www.dhammadownload.com

သမ္မာဓလောမသိက္ခာပုဒ်

သမ္မာဓ အရပ်ဟူသည်

ချိုင်းကြား, ပသဿဝမဂ်အပြင်။ (၁၃၃၉-ခု အလတ်တန်း)

တလဃာတကေ-၌ တလဟူသည်

ပသဿဝမဂ်အပြင်။ (၁၃၃၉-ခု အလတ်တန်း)

ဇတုမဋ္ဌကသိက္ခာပုဒ်

ဘာကိုသွင်းသွင်း အာပတ်သင့်

ချိပ်တောင့်ကို ဝတ္ထုကြောင်းအရ ဆိုထားသောကြောင့် ချိပ်တောင့်ကို သာမက မည်သည့်ပစ္စည်းကို သွင်းသွင်း ပါစိတ်သင့်သည်။

ဥဒကသုဒ္ဓိကသိက္ခာပုဒ်

ဥဒက သုဒ္ဓိက် အာဒိယမာနာယ ဟူသည်

အင်္ဂါဇာတ်ကို ရေဆေးခြင်းတည်း။

ဆေးနိုင်သော ပမာဏ

လက်နှစ်ချောင်းတို့ကို လက်တစ်ဆစ်စီ နှိုက်၍ ဆေးနိုင်သည်။

အာပတ်သင့်နိုင်

သာယာသည့်အတွက် လက် ၃-ချောင်း သွင်းလျှင်လည်းကောင်း, လက် ၂-ချောင်းတွင် တစ်ချောင်းချောင်း၏ ဒုတိယမြောက် လက်ဆစ်ကို သွင်းလျှင်လည်းကောင်း ပါစိတ်သင့်သည်။

F. 41.A

http://www.dhammadownload.com

အာမကခေည သိက္ခာပုဒ်

အာမကခေည–အရ

တကယ့်ကို စိမ်းစိုနေသော စပါးကိုသာ ဆိုလိုသည်မဟုတ်။ ဆန်အဖြစ်သို့ မရောက်သေးသမျှ စပါးမျိုး (၇)ပါးလုံးကို ခြောက်သည်ဖြစ်စေ, စိုသည်ဖြစ်စေ စပါးစိမ်းဟု ဆိုလိုသည်။

အဆုံးအဖြတ်

၁။ တောင်းခိုင်းခြင်းစသော လုပ်ငန်း (၇)ရပ်ကြောင့် ဒုက္ကဋ်။
၂။ တောင်းခြင်း, စားမျိုခြင်းတို့ကြောင့် မျိုတိုင်းမျိုတိုင်းပါစိတ်။

စပါးစိမ်းကိုမတောင်းဘဲ ကိုင်တွယ်မှု

အနာမာသ ဒုက္ကဋ်သင့်သည်။

စပါးစိမ်းနှင့် ပတ်သက်၍ ဘိက္ခုနီမများ မလုပ်သင့်သောကိစ္စများ

၁။ ကိုယ်တိုင် တောင်းခြင်း၊
၂။ သူတစ်ပါးကို တောင်းခိုင်းခြင်း၊
၃။ ကိုယ်တိုင် လှော်ခြင်း၊
၄။ သူတစ်ပါးကို လှော်ခိုင်းခြင်း၊
၅။ ကိုယ်တိုင် ထောင်းခြင်း၊
၆။ သူတစ်ပါးကို ထောင်းခိုင်းခြင်း၊
၇။ ကိုယ်တိုင် ချက်ခြင်း၊
၈။ သူတစ်ပါးကို ချက်ခိုင်းခြင်း။

http://www.dhammadownload.com

ပထမဥစ္စာရဆင္ရန သိက္ခာပုဒ်

သင်္ကာရ–အရ

အမှိုက်ကိုသာမက သစ်ပင်, ချုံနွယ်များကိုပါ ယူရမည်။

ဝိဃာသ– အရ

အ ရိုး, စားဖတ်များကိုသာမက လုတ်ဆေးရေ, ဒန်ပူကိုပါ ယူရမည်။

အဆုံးအဖြတ်

ဤသိက္ခာပုဒ်လာ တိရောကုဋ္ဌေ ဝါ–အရ ကျောင်းပေါ်မှနေ၍ အောက် သို့ မကြည့်ဘဲ အမှိုက်,စက္ကူစုတ်များကို မပစ်ချကောင်းဟု သတိပြု။ လမ်းသွားလမ်းလာ ရှိ+မရှိကို သေချာစွာ ကြည့်ပြီးမှဖြစ်စေ, လုံးလုံးအသွား အလာ အသုံးအစွဲကင်းသော လမ်းဖြစ်စေ ထိုလမ်းတို့၏ အနီးရှိ တံတိုင်းနံရံတို့ကို ကျော်၍ စွန့်ပစ်ရာ၌ကား အနာပတ္တိ။

ဒုတိယဥစ္စာရဆင္ရန သိက္ခာပုဒ်

ဟရိတေ–အရ

သေခိယသိက္ခာပုဒ်ကဲ့သို့ မြက်, သစ်ပင်အားလုံးကို မယူရ။ ကောက်ပဲသီးနှံ, အုန်းခြံ, ငှက်ပျောခြံ စသည်စိုက်ပျိုးထားရာ အရပ်ကို ယူပါ။

သေခိယ ပါဒုကဝဂ်လာ ဟရိတနှင့် လသုဏဝဂ် ဟရိတေ ဥစ္စာရ ဆဋ္ဌန သိက္ခာပုဒ်လာ ဟရိတတို့အထူး

သေခိယ လာ ဟရိတ–အရ အသက်ရှင်ဆဲဖြစ်သော စိမ်းစိုသော မြက်သစ်ပင်အားလုံးကိုရပါသည်။ လသုဏဝဂ် ဟရိတေ ဥစ္စာရဋ္ဌန

http://www.dhammadownload.com

သိက္ခာပုဒ်လာ ဟရိတအရမူ လယ်၌ဖြစ်စေ, အုန်းခြံစသည်၌ဖြစ်စေ မည်သည့် အရပ်၌မဆို စိုက်ပျိုးအပ်သော စိမ်းစိုသော အရပ်ဌာနကို ယူရပါမည်။ (၁၃၄၁-ခု အလတ်တန်း)



နစ္စဂိတ သိက္ခာပုဒ်

နစ္စ-အရ

ကမ္မဟူရာ၌ ဥဒေါင်းကခြင်း, မျောက်ကခြင်း, ကလေးသူငယ်က ခြင်းများလည်း ပါဝင်သည်။

ဂိတ-အရ

တေးသံပေါက်အောင် ရွတ်အပ်သောတရားများလည်း ပါဝင်သည်။

အဆုံးအဖြတ်

ပွဲလမ်းသဘင်ဖြင့် စေတီတော်ကို, **ဘုန်းကြီးပျံကို ပူဇော်ပါရစေ**ဟု လျှောက်စေကာမူ "အင်း ကောင်းပြီ"ဟု ဝန်မခံရ။ ဘိက္ခုနီမှာ ပါစိတ်၊ ဘိက္ခုမှာ ဒုက္ကဋ်။ **ကျောင်းတိုက်**အတွင်းမှနေ၍ ကြည့်ရှုနား ထောင်ရာ, ကိစ္စတစ်စုံတစ်ခုဖြင့်သွားစဉ် မျက်စိရှေ့ရောက်လာ၍ ကြည့်ရှုရာ တို့၌ကား ဝိနည်းပြစ်မရှိ။ (၁၃၂၈-ခု အကြီးတန်း)



ရတ္တန္ဓကာရ သိက္ခာပုဒ်

နေ့အခါ မှောင်နေလျှင် မနေကောင်း

နေ့ဖြစ်သော်လည်း တစ်စုံတစ်ခုကြောင့် မှောင်နေလျှင် ရတ္တန္ဓကာရဖြစ်သောကြောင့် မနေကောင်းပါ။

http://www.dhammadownload.com

အပ္ပဒီပေ-၌ ပဒီပ-အရ

ပဒီပ= ဆီမီးကို ဥပလက္ခဏာနည်းအားဖြင့် ဆိုထားသောကြောင့် ဆီမီးရောင်, ဓာတ်မီးရောင်, လရောင်, နေရောင်စသော အရောင်အားလုံးကို ယူပါ။



ပဋိစ္ဆန္နောကာသ သိက္ခာပုဒ်

ပဋိစ္ဆန္န-အရ

နံရံ, သစ်ပင်စသည် တစ်စုံတစ်ခု ကွယ်ကာနေသော အရပ်ကို ယူပါ။

ပုရိသ-အရ

အတူတကွလည်းနေချင်, အတူတကွစကားပြောချင်သော နားလည်သော ယောကျ်ားကို ယူရမည်။



အလ္လောကာသ သလ္လပနသိက္ခာပုဒ်

အလ္လောကာသ ဟူသည်

အမိုးအကာ တစ်စုံတစ်ရာမျှ မရှိသော လွင်တီးခေါင် လွင်ပြင်အရပ်တည်း။

ဒုတိယိက ဥယျောဇနသိက္ခာပုဒ်

ရထိကာ, ဗျူဟ စသည်တို့အထူး

ရထိကာ-ဟူသည် မြို့တွင်း, ရွာတွင်း အရှေ့အနောက်ဖြစ်စေ ထုတ်ချင်းပေါက်သော မြင်းရထား, ကား စသည်တို့ သွားလာရာလမ်း

http://www.dhammadownload.com

ဖြစ်ပါသည်။ ဗျူဟကား ထုတ်ချင်းမပေါက်သော (လာခဲ့သော လမ်းကိုပင် ပြန်ထွက်ရသော) တစ်ဆစ်ချိုး လမ်းအတိုမျိုးဖြစ်၍ သိဃ်ဒုကကား လမ်းဆုံလမ်းခွ ဖြစ်ပါသည်။

ဘိက္ခုနီမတို့ယောက်ျားများနှင့် တစ်ယောက်ချင်း မနေသင့်၊ စကားမပြောသင့်သော နေရာများ

၁။ အလင်းရောင်မရှိသော ညဉ့်မှောင်မိုက်ရာအရပ်၊
၂။ ပဋိစ္ဆန္နအရပ်၊
၃။ လွင်တီးခေါင်အရပ်၊
၄။ ရထားသွားလောက် ထုတ်ချင်းပေါက်သောလမ်းမ၊
၅။ ထုတ်ချင်းမပေါက်သောလမ်း၊
၆။ လမ်းဆုံလမ်းခွ။

အနာပုဏ္ဏာ ပက္ကမန သိက္ခာပုဒ်

ပုရေဘတ္တံဟူသည်

မွန်းမတည့်မီ ကာလ။

ပစ္ဆာဘတ္တ ဟူသည်

မွန်းတည့်ပြီးနောက် ကာလ။

ဥပသင်္ကမိတွာ–ဟူသည်

သွားခြင်းပင် ဖြစ်သည်။

အာသနေ–အရ

ထိုင်၍ ဖြစ်လောက်သော ဌာနကို မယူဘဲ ထိုင်ခုံအခင်းများကို ယူရမည်။

http://www.dhammadownload.com

သာမိက–အရ

နားလည်ပါးလည်ရှိသော အိမ်ရှင်ကို ယူရမည်။

ရွှေ့မရအောင် အသေခင်းထားသောအခင်း

မပျောက်နိုင်သောကြောင့် မပန်ပြောဘဲ သွားသော်လည်း အပြစ်မရှိ။



အနာပုစ္ဆာ အဘိနိသီဒန သိက္ခာပုဒ်

အာပတ်သင့်ပုံ

ထိုင်လျှင် အာပတ်တစ်ချက်, လျောင်းလျှင် အာပတ်တစ်ချက်, ၂–မျိုးလုံးလုပ်လျှင် အာပတ်နှစ်ချက်သင့်သည်။

တင်ပလ္လင်ခွေ၍ မရအောင် သေးငယ်သောနေရာ

ရှေးသိက္ခာပုဒ်နှင့် ဤသိက္ခာပုဒ် နှစ်ရပ်လုံးအရ ဒုက္ကဋ်။

ထိုင်ကောင်း, လျောင်းကောင်းသောနေရာ

ဘိက္ခုနီတို့ဖို့ အမြဲခင်းထားသောနေရာ။

သာမိက–အရ

ပေးနိုင်ခွင့်ရှိသူကို ယူရမည်။



အနာပုစ္ဆာ သန္ဆရဏသိက္ခာပုဒ်

ဝိကာလ–အရ

နေဝင်ပြီးနောက် ညအချိန်ကို ယူရမည်။

http://www.dhammadownload.com

အာပတ်နှစ်ချက်

ထိုင်လျှင်တစ်ချက်, လျောင်းလျှင်တစ်ချက်။

သာမိက–အရ

အိပ်ရာအခင်းကို ပေးနိုင်, ခွင့်ပြုနိုင်သော အိမ်ရှင်ကိုသာ ယူရမည်။

ဘိက္ခုနီမတို့ သက်ဆိုင်ရာကို ပန်ကြားပြီးမှ ပြုလုပ်ရမည့်အလုပ်များ

(၁)အနာပုစ္ဆာ ပက္ကမန သိက္ခာပုဒ်အရ– ပုရေဘတ်အခါ အမျိုးအိမ်တို့သို့ ချဉ်းကပ်၍နေရာ၌ နေထိုင်ပြီး ဖဲသွားခြင်း၊ (၂)အနာပုစ္ဆာ အဘိနိသီဒန သိက္ခာပုဒ်အရ–ပစ္ဆာဘတ်အခါ အမျိုးအိမ်တို့သို့ ချဉ်းကပ်၍ နေရာ၌ ထိုင်ခြင်း အိပ်ခြင်း၊ (၃)အနာပုစ္ဆာ သန္ထရဏ သိက္ခာပုဒ်အရ–ဝိကာလအခါ အမျိုးအိမ်တို့သို့ ချဉ်းကပ်၍ အိပ်ရာကို ကိုင်တိုင်ခင်း၍သော်လည်းကောင်း၊ သူတစ်ပါးတို့ကို ခင်းခိုင်း၍ သော်လည်းကောင်း ထိုင်ခြင်း အိပ်ခြင်းတို့ ဖြစ်ပါသည်။

ပရာဇွာပနက သိက္ခာပုဒ်

ဒုဂ္ဂဟိတ ဒူပဓာရိတ ဟူသည်

ပြောသူက ချီးမွမ်းစကား ပြောဆိုပါလျက် မိမိက အကြား လွဲခြင်း, အမှတ်လွဲခြင်းကို ဒုဂ္ဂဟိတ ဒူပဓာရိတ ယုခေါ်သည်။

http://www.dhammadownload.com

ပရအဘိသပန သိက္ခာပုဒ်

မိမိကိုယ်ကို ငရဲဖြင့် ကျိန်ဆဲပုံ

နိရယေ ဥပပစ္စာမိ= ငရဲ၌ ကျစေရဲ့။ (၁၃၃၂-ခု အကြီးတန်း)

သူတစ်ပါးကို ငရဲဖြင့် ကျိန်ဆဲပုံ

နိရယေ ဥပပဇ္ဇတု= ငရဲ၌ ဖြစ်ပါစေဟယ်။ ငရဲကျပါစေဟယ်။

(၁၃၃၂-ခုအကြီးတန်း)

ဘိက္ခုနီမကိုယ်တိုင် မကျိန်ဆိုကောင်းသော အရာများ

(၁) နိရယ - ငရဲ (၂) ဗြဟ္မစရိယ - သာသနာဟူသော ဗြဟ္မစရိယတို့ ဖြစ်ပါသည်။

မိမိကိုယ်ကို ဗြဟ္မစရိယဖြင့် ကျိန်ဆဲပုံ

ဂိဟိနီ ဟောမိ= လူဖြစ်ရစေရဲ့။ အဿမဏီ ဟောမိ= ရဟန်း မဟုတ်ဘဲ ရှိရစေရဲ့။. (၁၃၃၂-ခုအကြီးတန်း)

သူတစ်ပါးကို ဗြဟ္မစရိယဖြင့် ကျိန်ဆဲပုံ

ဂိဟိနီ ဟောတု = လူဖြစ်ပါစေဟယ်။

(၁၃၃၂-ခု အကြီးတန်း)

အဆုံးအဖြတ်

ရဟန်းချင်းကျိန်ဆဲရာ၌ ပါစိတ်၊ သာမဏေချင်း ကျိန်ဆဲရာ၌ ဒုက္ကဋ်၊ နိရယ ဗြဟ္မစရိယ (၂)မျိုးမှလွတ်သော "ခွေးဖြစ်ရစေရဲ့, သေရစေရဲ့၊ ခွေး ဖြစ်ပါစေ, သေပါစေ" စသည်ဖြင့် ရဟန်းကိုဖြစ်စေ, လူ သာမဏေကိုဖြစ်စေ ကျိန်ဆဲရာ၌ကား ဒုက္ကဋ်ချည်းသာ။

http://www.dhammadownload.com

ရောဒန သိက္ခာပုဒ်

အဆုံးအဖြတ်

၁။ ရန်ဖြစ်သည့်အခါ၌ ဖြစ်စေ, အခြားအခါ၌ ဖြစ်စေ မိမိကိုယ်ကို ထုကာရိုက်ကာ ငိုလျှင် ပါစိတ်၊

၂။ ထုရုံသာထု၍ မငို, ငိုရုံသာငို၍ မထုလျှင် ဒုက္ကဋ်၊

၃။ ဉာတိဗျသန(ဆွေမျိုးပျက်မှု), ရောဂဗျသန (ရောဂါဖြစ်မှု), ဘောဂ ဗျသန (စည်းစိမ်ပျက်မှု)တို့နှင့်တွေ့ရ၍ ငိုရုံသာငိုလျှင် (မထုရိုက်လျှင်) အနာပတ္တိ။ (၁၃၃၂-ခု အကြီးတန်း)

နဂ္ဂသိက္ခာပုဒ်

နဂ္ဂါ–ဟူသည်

ခါးဝတ်ဖြစ်စေ, အပေါ်ရုံဖြစ်စေ တစ်ခုခုမျှ မပါသူ။

ဖုံးကွယ်ခြင်း (၃)မျိုး

၁။ ဇန္တာဃရပဋိစ္ဆာဒိ = ဇရုံးအိမ်ဖြင့် ဖုံးကွယ်ခြင်း။

၂။ ဥဒကပဋိစ္ဆာဒိ = မြစ်စသည်သို့ ဆင်း၍ချိုးရာ၌ ရေသနုတ် မဝတ်ထားသော်လည်း ရေဖြင့် ဖုံးကွယ်ထားခြင်း။

၃။ ဝတ္ထပဋိစ္ဆာဒိ = အဝတ်, ရေသနုပ်ဖြင့် ဖုံးကွယ်ထားခြင်း။

http://www.dhammadownload.com

ဥဒကသာဋိကသိက္ခာပုဒ်

ဘိက္ခုနီမများအတွက်သာ သီးခြားခွင့်ပြုအပ်သော သင်္ကန်းများ

(၁) ရင်စည်းတဘက် (၂) ဥတုနှီးသင်္ကန်း (၃) ရေသနုပ်တို့ဖြစ်ပါသည်။

ရေသနုပ်သင်္ကန်းပမာဏ

မြတ်စွာဘုရား၏ လက်သန်းအထွာ တော်ဖြင့် အလျား ၄ – ထွာ၊ အနံ ၂ – ထွာဖြစ်ပါသည်။

မဇ္ဈိမ ပုရိသ အထွာအားဖြင့် = အလျား ၁၂ – ထွာ၊ အနံ ၆ – ထွာဖြစ်ပါသည်။

ပကတိပုရိသ အထွာအားဖြင့် = အလျား ၁၈ – ထွာ၊ အနံ ၉ – ထွာဖြစ်ပါသည်။

ဘိက္ခုနီမများအား ခွင့်ပြုတော်မူအပ်သော သင်္ကန်း ၅ – ထည်

တိစီဝရိတ် ၃ – ထည်၊ ရေသနုပ် ၁ – ထည်၊ ရင်စည်း တဘက် ၁ – ထည်၊ ပေါင်း ၅ – ထည် ဖြစ်ပါသည်။

(၁၃၂၄-ခု၊ ၃၉-ခု အလတ်တန်း)



စီဝရသိပ္ပနသိက္ခာပုဒ်

သင်္ကန်းမချုပ်ဘဲ ထားနိုင်သောရက်

၄ – ရက်၊ ၅ – ရက်။



http://www.dhammadownload.com

သဃ်ာဋိစာရသိက္ခာပုဒ်

သဃ်ာဋိစာရ်၌ သဃ်ာဋိ-အရ

တိစီဝရိတ် (၃)ထည်, ရေသနုပ်, ရင်စည်းတဘက်ဟူသော ဘိက္ခုနိမ တို့၏ သင်္ကန်း (၅)ထည်လုံးကို ယူရမည်။

(၁၃၃၀-ခု, ၃၇-ခု အကြီးတန်း၊ ၂၇-ခု အလတ်တန်း)

ပဋ္ဌာဟိက် သဃ်ာဋိစာရ်-၌ ယူရမည့် သင်္ကန်း

အခြားရဟန်းမ၏ ဥစ္စာကို မပန်ပြောဘဲ ယူသည်ဖြစ်၍ ပြန်ပေးအပ်သော တိစီဝရိတ်၊ ရေသနုပ်၊ ရင်လွှမ်း-ဟူသော သင်္ကန်း ငါးထည်တို့တွင် တစ်ထည်ထည်ကို ယူရပါမည်။

လှည့်လည်ဝတ်ရမည့် သင်္ကန်းများ

တိစီဝရိတ် ၃-ထည်၊ ရေသနုပ်၊ ရင်စည်းတဘက်အားဖြင့် ၅-ထည်ဖြစ်သည်။

သဃ်ာဋိ ၃-မျိုးတို့အထူး

ဘိက္ခုပါတိမောက်လာ သဃ်ာဋိ-အရ ဒုကုဋ်သင်္ကန်းကိုသာ ရပါသည်။ အဋ္ဌဝတ္ထုကသိက္ခာပုဒ်လာ သဃ်ာဋိ-အရ ဘိက္ခုနိမတို့၏ တိစီဝရိတ် (၃) ထည်ကို ရပါသည်။ သဃ်ာဋိစာရ သိက္ခာပုဒ်လာ သဃ်ာဋိ-အရမူ ဘိက္ခု နိမတို့၏ သင်္ကန်း (၅)ထည်လုံး ရပါသည်။ ဤသို့ ထူးပါသည်။ (၁၃၃၇-ခု အကြီးတန်း)

သဃ်ာဋိစာရ ၌ စာရ-အရ လှည့်လည်ခြင်းဟူသည်

ဝတ်ခြင်း၊ နေလှမ်းခြင်းများကို ဆိုလိုသည်။

http://www.dhammadownload.com

စီဝရသက်မနိယ သိက္ခာပုဒ်

သက်မနိယ–ဟူသည်

ဥစ္စာရှင်ထံ ခွင့်မပန်ဘဲ တိတ်တိတ်ယူဝတ်ပြီးနောက် ပြန်ပေးသင့်ခြင်းကို ဆိုလိုသည်။ (၁၃၃၀–ခု အကြီးတန်း)

ပါစိတ်သင့်

ဥစ္စာရှင်ထံ ခွင့်မပန်ဘဲ တိတ်တိတ်ယူဝတ်လျှင် ဤသိက္ခာပုဒ်အရ ပါစိတ်သင့်သည်။

ဂဏစီဝရသိက္ခာပုဒ်

ဂဏဿ–အရ

၂–ပါး, ၃–ပါး စသောဂိုဏ်းကို မယူရ။ဘိက္ခုနီသံဃာကိုပင် ယူမည်။

အန္တရာယ်ပြုခြင်း ဟူသည်

ဘိက္ခုနီသံဃာအား မည်သည့် ဒါယကာက သင်္ကန်းလှူလိမ့်မည်ဟု ကြားလျှင် မလှူဖြစ်အောင် အားထုတ်ခြင်းကို အန္တရာယ်ပြုခြင်းဟု ဆိုလိုသည်။

အဆုံးအဖြတ်

၁။ တစ်ပါး,နှစ်ပါး အခြားဂိုဏ်း၏ သင်္ကန်းလာဘ်ကို အန္တရာယ်ပြုလျှင် လည်းကောင်း၊ သင်္ကန်းမှတစ်ပါး အခြားပစ္စည်းများကို အန္တရာယ်ပြုလျှင်လည်းကောင်း ဒုက္ကဋ်၊

T. 42.A

http://www.dhammadownload.com

၂။ "ယခု မလှူကြဦးနှင့်၊ အဖိုးချိုသောအခါကျမှ လှူကြတာပ"ဟု အကျိုးအကြောင်းပြ၍ စိတ်ကောင်းဖြင့် တားထားလျှင် အနာပတ္တိ။

ပဋိဟာဟန သိက္ခာပုဒ်

ဓမ္မိက– ဟူသည်

ဘိက္ခုနီသံဃာတို့ ညီညွတ်စွာ စည်းဝေးမိခြင်းကို ဆိုလိုသည်။

စီဝရဒါန သိက္ခာပုဒ်

သမဏစီဝရ–အရ

ဝတ်လောက်, ရုံလောက်သော ကပ္ပဗိန္နဲထိုးပြီးသော သင်္ကန်းကို ယူပါ။ (၁၃၃၀–ခု အကြီးတန်း)

အဂါရိက–အရ

မိဘမှတစ်ပါး အခြားလူများကို ယူပါ။

သမဏစီဝရ မပေးသင့်သူများ

သီတင်းသုံးဖော်ငါးဦး, မိဘနှစ်ပါးတို့မှတစ်ပါး လူဝတ်ကြောင်, ဖိုးသူတော်, သီလရှင်, ရသေ့, ပရိဗိုဇ် အားလုံး။

(၁၃၂၃–ခု အလတ်တန်း)

သမဏစီဝရ ပေးသင့်သူများ

သီတင်းသုံးဖော် ငါးဦးနှင့် မိဘနှစ်ပါး။

http://www.dhammadownload.com

ကပ္ပဗိန္ဒု မထိုးရသေးသော သင်္ကန်း

သမဏာစီဝရ အမည်မရသေးသောကြောင့် ပေးကောင်းသည်။

သာမဏေများ နှစ်ထပ်သင်္ကန်းကြီး ဝတ်ကောင်း

ကပ္ပဗိန္ဒု မထိုးသေးလျှင် သမဏာစီဝရ အမည်မရသေး၍ လူများအားပင် ပေးကောင်းသောကြောင့် နှစ်ထပ်သင်္ကန်းကြီးကို ဝတ်ကောင်းသည်။



ကထိနဒွါရသိက္ခာပုဒ်

ဓမ္မိက ကထိနဒွါရဖြစ်ပုံ

ကထိန်နုတ်ခြင်းကြောင့် ရရှိလာမည့် လာဘ်သည် ကထိန်အာနိသင် လာဘ်အောက်နည်းနေလျှင် ဓမ္မိက ကထိနဒွါရ တရားနှင့် လျော်သော ကထိန်နုတ်ခြင်းမဟုတ်။ ကထိန်နုတ်ခြင်းကြောင့် နောက်ထပ်ရဦးမည့် လာဘ်က ကထိန်အာနိသင်လာဘ်ထက် များလျှင်သော်လည်းကောင်း၊ တန်းတူသော်လည်းကောင်းဖြစ်မှ ဓမ္မိက ကထိနဒွါရဖြစ်သည်။ (၁၃၅၆-ခု အကြီးတန်း)

ကထိန်နုတ်ခြင်း၏ ရည်ရွယ်ချက်

သံဃာအတွက် လာဘ်လာဘရခြင်းဟူသော အကျိုးများမှုကို ရည်ရွယ်၍ ကထိန်နုတ်ရသည်။



ကေတ္ထရဏာတုဝဋ္ဋန သိက္ခာပုဒ်

အဆုံးအဖြတ်

တစ်ထည်တည်းကိုပင် ခင်းလည်းခင်း, ခြုံလည်းခြုံရာ၌ ပါစိတ်ဟု ပညတ်တော်မူသည်။ တစ်ခင်းတည်း၌ (မခြုံဘဲ)အတူအိပ်လျှင်

http://www.dhammadownload.com

လည်းကောင်း, အခင်းအသီးသီးခင်း၍ အတူခြံလျှင်လည်းကောင်း, ဘိက္ခု, ဘိက္ခုနီ ၂-မျိုးလုံးပင် ဒုက္ကဋ် ချည်းသာ။

အခင်းတစ်ထည်တည်း၌ အာပတ်မသင့်အောင် အိပ်နည်း

နှစ်ပါးအလည်၌ သင်္ကန်းတစ်ထည်ဖြစ်စေ၊ တောင်ဝှေး, ခါးပန်းကြိုး တစ်မျိုးမျိုးကိုဖြစ်စေ အပိုင်းအခြားထားပြီးမှ အိပ်ရမည်။



အဟာသုကရဏာ သိက္ခာပုဒ်

မချမ်းသာအောင် ပြုလုပ်ပုံ

တစ်ဖက်သား စိတ်မချမ်းသာအောင် အရွဲ့တိုက်၍ စကြဲလျှောက်ခြင်း, ရပ်ခြင်း စသည်များဖြစ်သည်။

အရွဲ့တိုက်လိုစိတ် မရှိဘဲ မိမိဘာသာ စကြဲလျှောက်မှု, စာကျက်မှု

သဉ္ဇိစ္စ-ကိုထောက်၍ အပြစ်မရှိပါ။



နဥပဒ္ဒာပန သိက္ခာပုဒ်

အတူနေ တပည့်မအား ပြုရမည့် ဆရာကျင့်ဝတ်

၁။ နဥပဒ္ဒာပန သိက္ခာပုဒ်အရ- ဂိလာနဖြစ်သော အတူနေတပည့်မကို ကိုယ်တိုင်လည်း ပြုစုရမည်။ သူတစ်ပါးကိုလည်း ပြုစုစေရမည်။ ၂။ ပဌမ သဟဓိဝိနီ သိက္ခာပုဒ်အရ ရဟန်းခံပေးပြီး နှစ်နှစ်ပတ်လုံး ကိုယ်တိုင်လည်း ချီးမြှောက်ရမည်။ သူတစ်ပါးကိုလည်း ချီးမြှောက်စေရမည်။ ၃။ ဒုတိယ သဟဓိဝိနီ သိက္ခာပုဒ်အရ-ရဟန်းခံပေးပြီး အယုတ်ဆုံး ငါးယူဇနာ၊ ခြောက်ယူဇနာခရီးသို့ ကိုယ်တိုင်လည်း ခေါ်သွားရမည်။ သူတစ်ပါးကိုလည်း ခေါ်သွားစေရမည်။

http://www.dhammadownload.com

ဒုက္ခိတနှင့် သဟဇီဝိနီ အထူး

မကျန်းမမာ ဖြစ်နေသူကို ဒုက္ခိတဟုခေါ်၍ ဥပဇ္ဈာယ်ယူနေသော တပည့်အရင်းအချာ သဒ္ဓိဝိဟာရိနီကို သဟဇီဝိနီဟု ခေါ်သည်။

အန္တေဝါသိနီ စသည်ကို မပြုစုမှု

အန္တေဝါသိနီခေါ် နိဿရည်းယူတပည့်, စာတက်နေသော တပည့်များ ကို မပြုစုရာ၌ ဒုက္ကဋ်။



နိက္ကမုနသိက္ခာပုဒ်

အဆုံးအဖြတ်

မိမိပိုင် ပုဂ္ဂလိကကျောင်းကို အခြားရဟန်းမအား ပေးပြီးမှ စိတ်ဆိုး၍ နှင်ထုတ်လျှင် သို့မဟုတ် ဆွဲချခိုင်းလျှင် ကျောင်းတံခါးတို့ကို လွန်အောင် တစ်ကြိမ်ဆွဲထုတ်ရလျှင် ပါစိတ်တစ်ချက်၊ အကြိမ်ကြိမ် ဆွဲထုတ်ရလျှင်ကား ပယောဂများသလောက် ပါစိတ်တိုးပွား၏။တံခါး မရှိသောကျောင်းမှ ဆွဲထုတ်ရာ၌ ဒုက္ကဋ်။

မှတ်ချက်။ ။ ဘိက္ခုပါတိမောက်လာ ဘူတဂါမဝဂ် (၇)ခုမြောက် သိက္ခာပုဒ် နှင့် အမည်တူနေသဖြင့် နိက္ကမုနသိက္ခာပုဒ်နှစ်ပုဒ်ဖြစ်ကြောင်း သတိပြုပါ။



သံသဋ္ဌသိက္ခာပုဒ်

ရဟန်းမတို့က သံသဋ္ဌာ ဘိက္ခုနီမကို ဆုံးမပုံပြုပါ၌

မာ ယျေ သံသဋ္ဌာ (၀) ဝေဏ္ဏတိ။

http://www.dhammadownload.com

သူကြွယ်၊ သူကြွယ်သားတို့နှင့် ရောနှောနေထိုင်သော ရဟန်းမကို မြင်ကုန် ကြားကုန်သော ရဟန်းမတို့က ပြောဆိုပုံ

အရှင်မ...သူကြွယ် နှင့်လည်းကောင်း၊ သူကြွယ်၏ သားနှင့်လည်းကောင်း ရောနှော၍ မနေပါလင့်၊ အရှင်မ...ညီမ၏ ရောနှောခြင်းမှ ကင်းဆိတ်ခြင်းကိုသာလျှင် သံဃာတော်က ချီးမွမ်းပါ၏။

ပြောဆိုမရပါက ဆက်လက်ဆောင်ရွက်ပုံ

သုံးကြိမ်တိုင်အောင် ဆုံးမရပါမည်။

ထိုဆောင်ရွက်ချက်အရ ပေါ်ထွက်လာနိုင်သော အကျိုးဆက်

မစွန့်ခဲ့သော် ပါစိတ်အာပတ်သင့်ခြင်းဟူသော အကျိုးဆက် ပေါ်ထွက်လာနိုင် ပါသည်။

ရှုပါးသိက္ခာပုဒ်

ဘိက္ခုနီသုဒ္ဓပါစိတ်လာ သိက္ခာပုဒ်ပေါင်း (၁၆၆)ပုဒ်အနက် ယာဝတတိ ယက သိက္ခာပုဒ်သည် ဤသိက္ခာပုဒ်နှင့် ဇောတိဝဂ်လာ အရိဋ္ဌသိက္ခာပုဒ်အားဖြင့် နှစ်ပုဒ်သာ ရှိ၍ ရှုပါးလှသဖြင့် ပုစ္ဆကများပါဦ, အနက်ပေးရန် စိတ်ဝင်စားတတ်ကြောင်း သတိပြုပါ။



အန္တောရဋ္ဌ သိက္ခာပုဒ်စသည်

ဂါမန္တရဂမနသိက္ခာပုဒ်နှင့် မတူ

ဂါမန္တရဂမနသိက္ခာပုဒ်၌ ဘိက္ခုနီတစ်ပါးတည်း သွားခြင်းကြောင့် သံဃာဒိသေသ်သင့်၍ ဤအန္တောရဋ္ဌ,တိရောရဋ္ဌသိက္ခာပုဒ်

http://www.dhammadownload.com

များ၌မူ ဘိက္ခုနီအဖော် အများအပြားပါစေကာမူ ဘေးအန္တရာယ် မကင်းသော အရပ်မျိုး၌ အဖော်ကုန်သည်မပါဘဲ သွားလာခြင်းကြောင့် ပါစိတ်သင့်သည်။

ဘိက္ခုနီများ ခရီးသွားခြင်းကြောင့် အာပတ်သင့်ပုံ မတူညီရာအခါ

၁။ နိုင်ငံတွင်း၌ သာသက်သမ္မတ၊ သပ္ပဋိဘယအခါ၌ အဖော်ကုန်သည် မပါဘဲ ခရီးသွားခြင်း၊ (၂) နိုင်ငံရပ်ခြား၌ သာသက်သမ္မတ၊ သပ္ပဋိ ဘယအခါ၌ အဖော်ကုန်သည် မပါဘဲ ခရီးသွားခြင်း။ (၃) ဝါတွင်း၌ ခရီးသွားခြင်းတို့ ဖြစ်ပါသည်။

ဘိက္ခုနီတို့၏ ခရီးဒေစာရီ မသွားသင့်သော ဒေသများ

(၁) တိုင်းနိုင်ငံအတွင်း၌ ယုံမှားဘွယ်ရှိ၏ဟု သမုတ်အပ်သော ဘေးရန်နှင့်တကွ ဖြစ်သောအရပ်၊ (၂) အခြားတစ်နိုင်ငံ၌ ယုံမှားဘွယ်ရှိ၏ဟု သမုတ်အပ်သော ဘေးရန်နှင့်တကွဖြစ်သော အရပ်တို့ဖြစ်ပါသည်။



အန္တေဝဿိကဘုန်း

ဝါတွင်း၌ ဝါပန်သွားနိုင်သောအကြောင်း

(၇) ရက်အတွင်းပြီးအောင် ပြုနိုင်လောက်သော မိဘ, ဆရာ, ရတနာ (၃) ပါး ကိစ္စရှိမှု။

ဝါပန်ပုံ

(၇) ရက်အတွင်း ပြန်လာမည်ဟု အဘောဂ (နှလုံးသွင်း) ပြုခြင်း ပေတည်း။ တချို့ကား ထေရ်ကြီးရှေ့, ဘုရားရှေ့စသည်၌ "အန္တေဝ

http://www.dhammadownload.com

သတ္တာဟေ ပတိနိဝတ္တိသာမိ –(၇)ရက်အတွင်း၌ ပြန်လာပါမည်"ဟု ခွင့်ပန်သလို ပန်ကြ၏။ ကျန်းဂန်မှာ မလာချေ။

ဘိက္ခုနီများ ဝါတွင်း၌ မပြုရမည့်ကိစ္စ

အန္တောဝဿ သိက္ခာပုဒ်အရ ဝါတွင်း၌ ဒေသစာရီ လှည့်လည်ခြင်းကိစ္စ။

ဘိက္ခုနီတို့ ဒေသစာရီ မသွားသင့်သော ကာလ

အန္တောဝဿ သိက္ခာပုဒ်အရ – ဝါတွင်း ကာလ ဖြစ်ပါသည်။

စာရိုက နှ ပက္ကမန သိက္ခာပုဒ်

ဝါကျွတ်လျှင် အနည်းဆုံး သွားရမည့်ခရီး

၆–ယူဇနာ၊ ၅–ယူဇနာ။

အဆုံးအဖြတ်

မိမိနေရာမှ (၃)ယူဇနာခရီးကို သွားပြီး၍ အခြားလမ်းဖြင့် မိမိနေရာသို့ ပြန်လာလျှင်လည်း (၆)ယူဇနာပြည့်သည်သာ။ အန္တရာယ် ရှိခြင်း, အဖော်မရခြင်းကြောင့် မသွားလျှင် အနာပတ္တိ။

ဘိက္ခုနီများသည် သီတင်းဝါကျွတ်လျှင် ခရီးသွားရမည့်ပမာဏ

အနည်းဆုံး ငါးယူဇနာ၊ ခြောက်ယူဇနာ ခရီးသွားရပါမည်။

ဝါကျွတ်သောအခါ ပြုရမည့် ဘိက္ခုနီမကျင့်ဝတ်များ

(၁)စာရိုက နှ ပက္ကမန သိက္ခာပုဒ်အရ – အနည်းဆုံး ငါးယူဇနာ၊ ခြောက်ယူဇနာတိုင်ဘိုင် ဒေသစာရီ ကြွရမည်။

http://www.dhammadownload.com

(၂) အပဝါရဏာ သိက္ခာပုဒ်အရ – ဥဘတော သံဃာ၌ မြင်ခြင်း၊ ကြားခြင်း၊ ယုံမှားခြင်း ဟူသော အကြောင်းသုံးပါးတို့တွင် တစ်ပါးပါးဖြင့် ပဝါရဏာပြုရမည်။



ရာဇဂါရသိက္ခာပုဒ်

ဘိက္ခုနီမ သွား၍ မကြည့်ကောင်းသောနေရာများ

၁။ ရာဇာဂါရ = မင်း၏အိမ်တော်။

၂။ စိတ္တာဂါရ = လူအများ ပျော်ပါးရန် ဆန်းကြယ်စွာ ဆောက်လုပ်ထားသောအိမ်။

၃။ အာရာမ = ကန်တော်မင်္ဂလာပန်းခြံ စသည်ကဲ့သို့ လူအများပျော်ပါးရန် ပြုလုပ်ထားသော ပန်းခြံ။

၄။ ဥယျာန = ပြင်ဦးလွင် ရက္ခဇေဒဥယျာဉ်စသည်ကဲ့သို့ လူအများပျော်ပါးရန် ပြုလုပ်ထားသော သစ်သီး, ပန်းဥယျာဉ်။

၅။ ပေါက္ခရဏီ = ရန်ကုန်ကန်တော်ကြီးစသည်ကဲ့သို့ လူအများ ပျော်ပါးရန်ပြုလုပ်ထားသော ရေကန်။ (၁၃၃၉-ခု အလတ်တန်း)

ဘိက္ခုနီ သွား၍ မကြည့်ရှုကောင်းသော အရာဝတ္ထုများ

နစ္စဂီတ သိက္ခာပုဒ်အရ (၁) နစ္စ–ကရာအရပ်၊ (၂) ဂီတ–သီဆိုရာအရပ်၊ (၃) ဝါဒိတ–တီးမှုတ်ရာအရပ်။ ရာဇာဂါရ သိက္ခာပုဒ်အရ (၁) ရာဇာဂါရ မင်းကစားရာ အိမ်တော် (၂) စိတ္တာဂါရ–ကစားရာပန်းချီဆေးရေးထားသော ဆန်းကြယ်သော အိမ်တော်၊

http://www.dhammadownload.com

(၃) အရာမ-ကစားရာအာရာမ်၊ (၄) ဥယျာန-ကစားရာဥယျာဉ်၊
(၅) ပေါက္ခရာဏီ- ကစားရာရေကန်တို့ ဖြစ်ပါသည်။

အဆုံးအဖြတ်

ထို(၅)မျိုးတွင် တစ်မျိုးမျိုးကို အကြည့်သွားလျှင် ခြေလှမ်းတိုင်း ဒုက္ကဋ်၊ မြင်လောက်ရာအရပ်ဝယ် ရပ်တည်၍ ကြည့်ရာ၌ တစ်မျိုး ကြည့်လျှင် ဘိက္ခုနီတို့မှာ ပါစိတ်တစ်ချက်၊ (၅)မျိုးလုံးလှည့်ကာ လှည့်ကာ ကြည့်လျှင် ပါစိတ် (၅)ချက်၊ ဘိက္ခုတို့မှာ ဒုက္ကဋ်ချည်းသာ။



အာသန္ဒိပရိဘုဉ္ဇန သိက္ခာပုဒ်

အာသန္ဒိနှင့် ပလ္လင်္ကအထူး

အာသန္ဒိဟူသည် လက်ရုစ်သစ်ထက်လွန်သော အခြေရှိသော ညောင် စောင်း, အင်ပျဉ်ဖြစ်၍ ပလ္လင်္ကဟူသည် ခြေသုံ့, သစ်, ကျား စသော သားရဲရုပ်ရှိသော ပလ္လင် ဖြစ်ပါသည်။ ဤသို့ ထူးပါသည်။

အာပတ်မသင့်အောင် သုံးစွဲနည်း

အာသန္ဒိကို လက်ရုစ်သစ်အခြေရှိရုံဖြတ်၍လည်းကောင်း၊ ပလ္လင်္ကို သားရဲရုပ်များကို ဖျက်၍လည်းကောင်း သုံးစွဲရမည်။



သုတ္တကန္တနသိက္ခာပုဒ်

အဆုံးအဖြတ်

ချည်ကိုင်ရာ၌ ငင်သည့်အခါ ဝင်ရိုး၌ တစ်ပတ်ရလျှင် ပါစိတ် အာပတ်တစ်ချက်သင့်၏။ မငင်မီရှေ့အဖို့၌ ဝါကိုရွေးချယ်သည်မှ စ၍ ပယောဂတိုင်း ဒုက္ကဋ်အာပတ်သင့်၏။



http://www.dhammadownload.com

ဂိဟိဝေယျာဝစ္စသိက္ခာပုဒ်

ဂိဟိဝေယျာဝစ္စ ဟူသည်

ယာဂုကျိုပေးခြင်း, မုန့်လုပ်ပေးခြင်း။

အဆုံးအဖြတ်

မိဘတို့ပင်ဖြစ်စေဦးတော့ မိမိကိစ္စတစ်စုံတစ်ခုကို အပြုမခိုင်းဘဲ ထိုမိဘတို့အဖို့ ယာဂုကျိုမှုစသည်ကို မပြုရ။ ဘိက္ခုတို့လည်း မပြုကောင်း။ သို့သော် လူဒါန်းပူဇော်မှုအတွက် ဘိက္ခုနီတို့က ကူညီပြုလုပ်ပေးကောင်း၏။ မိမိ၏ဝေယျာဝစ္စကို ပြုလုပ်ပေးနေသူ အတွက်လည်း မိမိကပြန်၍ ကူညီကောင်း၏။ ထို့ကြောင့် အမိအဖတို့ ကျောင်းလာသည့်အခါ သူတို့ကို ဝေယျာဝစ္စပြုသူ ဖြစ်အောင်ခိုင်းပြီး သူတို့အတွက် ယာဂုကျိုမှု စသည်ကို ပြုလုပ်ကောင်းသည်။

(၁၃၂၉-ခု အကြီးတန်း)

အမိကရဏသိက္ခာပုဒ်

အာပတ်သင့်ချိန်

"ငြိမ်းအောင် မလုပ်တော့ဘူး"ဟု မိမိတာဝန်ကို လျှော့ချလိုက်ချိန်။

ဘောဇနဒါန သိက္ခာပုဒ်

အဆုံးအဖြတ်

လူဝတ်ကြောင် စသူတို့အား မိမိလက်ဖြင့် ခဲဘွယ်ဘောဇဉ် တစ်မျိုးမျိုးကိုပေးလျှင် ပါစိတ်၊ ဒန်ပူနှင့် ရေကိုပေးလျှင် ဒုက္ကဋ်။

http://www.dhammadownload.com

ဘောဇဉ်မပေးမလှူကောင်းသော ပုဂ္ဂိုလ်များ

(၁) အဂါရိက – လူဝတ် ကြောင်၊ (၂) ပရိဗ္ဗာဇက – ပရိဗိုဇ်ယောကျ်ား၊ (၃) ပရိဗ္ဗာဇိကာ – ပရိဗိုဇ်မတို့ဖြစ်ပါသည်။

အာဝသထစီဝရသိက္ခာပုဒ်

အာဝသထစီဝရ ဟူသည်

ဘိက္ခုနီတို့ ဥတုလာသည့်အခါ သုံးဖို့ရန်ကျောင်း၌ လှူဒါန်ထားအပ်သောသင်္ကန်း။ (၁၃၃၀–ခု အကြီးတန်း၊ ၃၇–ခု အလတ်တန်း)

အဆုံးအဖြတ်

ထိုသင်္ကန်းကို ဥတုလာသည့်အခါ သုံးစွဲ၍ (၄)ရက်မြောက်၌ ဖွပ်လျှော်ပြီးလျှင် အခြားဥတုလာသူ ဘိက္ခုနီအားဖြစ်စေ, သာမဏေမအားဖြစ်စေ စွန့်ပေးရမည်။ မပေးလျှင် ပါစိတ်။ ဥတုလာသူ မရှိသေးလျှင် လည်းကောင်း, ခိုးသူအန္တရာယ်ကို စိုးရိမ်ရလျှင် လည်းကောင်း ဆက်လက်၍ ဝတ်ခွင့်ရသေးသည်။

အာဝသထဝိဟာရသိက္ခာပုဒ်

အနိဿဇ္ဇိတ္တာ–အရ စွန့်ပေးခြင်း ဟူသည်

အပိုင်ပေးခဲ့ခြင်းမဟုတ်၊ ကျောင်းကို စောင့်ရှောက်ဖို့ရန် အပ်နှံခြင်းဖြစ်သည်။

အာဝသထ–အရ

တံခါးရွက် တပ်ထားသော ကျောင်းကိုသာ ယူပါ။

http://www.dhammadownload.com

အဆုံးအဖြတ်

၁။ မိမိနေရာ သံဃိက ကျောင်းကို မအပ်နှံဘဲ တစ်ညဉ့်အိပ်ဖြစ်စေ ထွက်သွားလျှင် ပါစိတ်။

၂။ တံခါးရွက်မရှိသောကျောင်းမှ ဖဲသွားလျှင် ဒုက္ကဋ်။



တိရစ္ဆာနဝိဇ္ဇာ သိက္ခာပုဒ်များ

တိရစ္ဆာနဝိဇ္ဇာဟူသည်

သုဂတိလမ်း, နိဗ္ဗာန်လမ်းများကို ကန့်လန့်ဖီလာပြုလျက် တားဆီးတတ်သော အတတ်များ။

တိရစ္ဆာနဝိဇ္ဇာများ

ဆင်စီးအတတ်, မြင်းစီးအတတ်, ရထားစီးအတတ်, လေးပစ်အတတ် စသည်များ။

အဆုံးအဖြတ်

သင်ကြားပို့ချလျှင် ပါစိတ်သင့်သည်။

အင်္ဂလိပ်စာ သင်ကြားခြင်းသည် တိရစ္ဆာနဝိဇ္ဇာမဟုတ်

အချို့ကား ပါဠိဘာသာမှတစ်ပါး အခြားဘာသာဟူသမျှကို "တိရစ္ဆာန ဝိဇ္ဇာ"ဟု အထင်မှားကြသည်။ သူတို့ ထင်မှားတိုင်းမှန်လျှင် မိမိတို့ မြန်မာဘာသာ (စကားစာပေများ)လည်း ပါဠိဘာသာမဟုတ်ရကား တိရစ္ဆာနဝိဇ္ဇာတွင် ပါဝင်ရချေတော့မည်။ စင်စစ်ကား ဤသိက္ခာပုဒ်လာ တိရစ္ဆာန ဝိဇ္ဇာသည် ဘာသာစကား, စာပေများမဟုတ်။ မည်သည့်ဘာသာဖြင့် ဆိုဆို (ရေးရေး) ဆင်အတတ် စသည်မှန်လျှင် တိရစ္ဆာနဝိဇ္ဇာချည်းပင်တည်း။ ထိုသို့ သူတစ်ပါးကို နှိပ်စက်ကြောင်း

http://www.dhammadownload.com

မဟုတ်သော, အကျိုးရှိသော အတတ်မှန်လျှင် ပါဠို, မြန်မာ, အင်္ဂလိပ်, ဟိန္ဒီ, သင်္ကတ စသည်တို့တွင် မည်သည့်ဘာသာဖြင့် ဆိုဆို, မည်သည့် အက္ခရာဖြင့်ရေးရေး သင်ကောင်း, ချကောင်း, တက်ကောင်းသည် သာတည်း။

ဝမ်းနည်းဖွယ်

ဂဏန်းသခ်ၤာ, အင်္ဂလိပ်စာတို့ကို မသင်ကောင်း၊ မချကောင်းဟု ရှေးခုလတ် ဆရာအချို့တို့၏ ဝါဒကြောင့် ရဟန်းတော်များ၏ လက် အောက်ဝယ် စာသင်မည့်သူ အလွန်နည်းပါးသွားသည်ကို ယခုခေတ်၌ ပြန်၍ အကြွေးဆပ်နေရသည်မှာ ဝမ်းနည်းဖွယ်ကောင်းလှသည်။

အာရာမ ပဝိသနသိက္ခာပုဒ်

အနာပုစ္ဆာ–၌ ပန်ပြောရမည့်သူများ

ဘိက္ခု, သာမဏေ, အာရာမ်စောင့်။

အာပတ်သင့်ချိန်

အကာအရံရှိမူ အကာအရံ လွန်သည့်အခါ, အကာမရှိလျှင် ကျောင်းတိုက် ဥပစာလွန်သည့်အခါ။

ဘိက္ခုနီမတို့ သက်ဆိုင်ရာကို ပန်ကြားပြီးမှ ပြုလုပ်ရမည့်အလုပ်

အာရာမပဝိသန သိက္ခာပုဒ်–အရ သိလျက် ရဟန်းရှိသော အာရာမ်သို့ဝင်ခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com

ပဝါရိတသိက္ခာပုဒ်

အဆုံးအဖြတ်

ဖိတ်အပ်သူသည် ထိုပင့်သူ၏ ခဲ့ဘွယ်ဘောဇဉ်ကို မစားသေးဘဲ အခြားခဲ့ဘွယ်ဘောဇဉ်ကို စားလျှင် ပါစိတ်။

မှတ်ချက်။ ။ ဤသိက္ခာပုဒ်ကား ဘိက္ခုတို့၏ ပရမ္မရဘောဇနေ သိက္ခာပုဒ် နှင့် ပထမ ပဝါရိတသိက္ခာပုဒ်၂-ရပ်ကို တစ်ပေါင်းတည်း ပြုထားသကဲ့သို့ဖြစ်သည်။

ကုလမစ္ဆရိနီ သိက္ခာပုဒ်

ဝန်တိုရုံဖြင့် အာပတ်မသင့်

ကုလမစ္ဆရီ-အရ ဝန်တိုနေရုံမျှဖြင့် အာပတ်မသင့်သေး။ ထိုအမျိုးအိမ်၌ ဘိက္ခုနီတို့ မသွားချင်အောင် "အမျိုး၏ သဒ္ဓါတရား နည်းပါးကြောင်း, ခွေးဆိုးရှိကြောင်း"စသည်ကို ဘိက္ခုနီကိုပြောမှသာ သို့မဟုတ် ထိုအမျိုးက ဘိက္ခုတို့အား မလှူချင်အောင် ဘိက္ခုနီတို့၏ အပြစ်ကို ထိုအမျိုးထံပြောမှသာ ပါစိတ်အာပတ်သင့်သည်။

အဘိက္ခုကာဝါသ သိက္ခာပုဒ်

အဘိက္ခုကာဝါသ ဟူသည်

ရဟန်းယောကျ်ား မရှိသောကျောင်းဟူရာ၍ မိမိတို့ တိုက်ထဲဝယ် ရဟန်းယောကျ်ား မရှိခြင်းကို ဆိုလိုသည် မဟုတ်။ မိမိတို့ကျောင်းမှ တစ်ယူဇနာဝက်အတွင်း သွားလာဖို့ရန် ဘေးအန္တရာယ်လည်းကင်းသော အရပ်ဝယ် ရဟန်းယောကျ်ား မရှိခြင်းကို ဆိုလိုသည်။

http://www.dhammadownload.com

အပဝါရဏာသိက္ခာပုဒ်

ဝါကျွတ်ပြီး ဘိက္ခုနီမများ ဆောင်ရွက်ရမည့် ဝတ္တရားများ

၁။ စာရိုက နှ ပက္ကမန သိက္ခာပုဒ်အရ အနည်းဆုံး (၅) ယူဇနာ, (၆) ယူဇနာ ဒေသစာရီ လှည့်လည်ရခြင်း။

၂။ အပဝါရဏာသိက္ခာပုဒ်အရ ဥဘတောသံဃာ၌ ဒိဋ္ဌစသော အကြောင်း (၃)ပါးတို့ဖြင့် ပဝါရဏာပြုရခြင်း။

(၁၃၅၀-ခု အကြီးတန်း)

ဖိတ်မံရမည့် သုံးဌာန

ဒိဋ္ဌ, သုတ, ပရိသင်္ကိတ။

တီဟိ ဌာနေဟိ – ၌ တိသရုပ်

ဒိဋ္ဌ –မြင်ခြင်း၊ သုတ – ကြားခြင်း၊ ပရိသင်္ကိတ – ရှုရှာခြင်းတို့ ဖြစ်ပါသည်။

ပဝါရဏာပြုဟူသည်

ဝါကျွတ်သည့်အခါ ဒိဋ္ဌစသော ဌာန (၃)ပါးဖြင့် ဖိတ်မံခြင်းကို ခေါ်သည်။

ဘိက္ခုပဝါရဏာနှင့် ဘိက္ခုနီပဝါရဏာတို့အထူး

ဘိက္ခုတို့မှာ ဘိက္ခုအချင်းချင်းသာ တစ်ကြိမ်ပြုရုံဖြင့်ပြီး၍ ဘိက္ခုနီတို့မှာမူ ဘိက္ခုနီသံဃာထံ၌ တစ်ကြိမ်၊ ဘိက္ခုသံဃာထံ၌ တစ်ကြိမ်အားဖြင့် နှစ်ကြိမ် ပြုမှသာ ပြီးပါသည်။ ဤသို့ထူးပါသည်။

(၁၃၃၁-ခုအကြီးတန်း)

http://www.dhammadownload.com

ဩဝါဒသိက္ခာပုဒ်

ဩဝါဒဟူသည်

ဂရုဓမ် (၈)ပါးဖြင့် ဆုံးမခြင်း။

သံဝါသ–ဟူသည်

အတူတကွနေကြောင်းဖြစ်သော ဥပုသ်, ပဝါရဏာ။

မှတ်ချက်။ ။ ဘိက္ခုပါတိမောက်လာ ဩဝါဒဝဂ် ပထမသိက္ခာပုဒ်နှင့် အမည်တူနေသည်ကို သတိပြုပါ။



ဩဝါဒူပသင်္ကမန သိက္ခာပုဒ်

လခွဲတိုင်း ဘိက္ခုနီမတို့ တောင့်တရမည့်တရားနှစ်ပါး (အေဓမ္မာသရုပ်)

၁။ ဥပုသ်နေ့ကို မေးခြင်း

၂။ ဩဝါဒခံယူရန် ချဉ်းကပ်ခြင်း

(၁၃၂၃–ခု,၂၉–ခု အလတ်တန်း၊ ၅၀–ခု အကြီးတန်း)



ပဿဒေဇာတသိက္ခာပုဒ်

ပဿဒ–အရ

ချက်၏အောက်ပိုင်း ကိုယ်နှင့် ဒူးဆစ်မှအထက် ပေါင်နှစ်ဖက်တို့ကို ယူရမည်။

ခက်မဋ္ဌ ပေါက်နေသောအနာကို ယောကျ်ား ဆရာဖြင့် ခွဲလိုပါက ပြုရမည့် အစီအစဉ်

သံဃာကိုလည်းကောင်း၊ ဂိဏီးကိုလည်းကောင်း ပန်ကြားရပါမည်။

http://www.dhammadownload.com

ပသာခအရပ်၌ ပေါက်သောအဖုကို ခွဲလိုလျှင် ပန်ပြောရမည့်သူများ

ဘိက္ခုနီသံဃာနှင့် ဂိုဏ်းဖြစ်ပါသည်။

သံဃာဂိုဏ်းကို မပန်ပြောဘဲ မြင်းဖုနှင့်ပတ်သက်၍ မခိုင်းသင့်သော လုပ်ရပ်များ

၁။ ဖောက်ခိုင်းခြင်း၊
၂။ ခွဲခိုင်းခြင်း၊
၃။ ဖန်ဆေးခိုင်းခြင်း၊
၄။ ဆေးလိမ်းခိုင်းခြင်း၊
၅။ ကြပ်စည်းခိုင်းခြင်း၊
၆။ ကြပ်စည်းကို ဖြေခိုင်းခြင်း။

ဘိက္ခုနီမတစ်ဦးအနေဖြင့် သံဃာကို မပန်ပြောဘဲ ယောကျ်ားတစ်ဦးနှင့် တစ်ယောက်ချင်း မပြုလုပ်ကောင်းသောကိစ္စများ

ပသာခအရပ်၌ (၁) ဖောက်စေခြင်း၊ (၂) ခွဲစေခြင်း၊ (၃) ဖန်ဆေးစေခြင်း၊ (၄) ဆေးလိမ်းစေခြင်း၊ (၅) ကြပ်စည်းစေခြင်း၊ (၆) ကြပ်ကိုဖြေစေခြင်းကိစ္စတို့ ဖြစ်ပါသည်။ ရောဂါကား ပသာခ–ဟုဆိုအပ်သော ခက်မခဲ့ ပေါက်သော မြင်းဖုအနာဖြစ်ပါသည်။

အဆုံးအဖြတ်

တစ်ခုလုပ်ခိုင်းလျှင် အာပတ်တစ်ချက် ကျသင့်သည်။

ဂဗ္ဘိနီသိက္ခာပုဒ်စသည်

ဂဗ္ဘိနီ ဟူသည်

ကိုယ်ဝန်ဆောင် မိန်းမတည်း။

http://www.dhammadownload.com

ပါဃန္တိဟူသည်

နို့စို့ကလေးရှိသော မိခင်(သို့ဟုတ်) နို့ထိန်း။



ပထမသိက္ခာမာန သိက္ခာပုဒ်

ဘိက္ခုနီဝတ်လိုသူ၏ ကျင့်ဝတ်

ဘိက္ခုနီသံဃာထံ၌ သိက္ခာသမ္မုတိတောင်း၍ ၂-နှစ်ပတ်လုံး သိက္ခာ ပုဒ် ၆-ပါးတို့ကို ကျင့်ရမည်။

သိက္ခမာန်ကျင့်ရမည့် သိက္ခာပုဒ် (၆)ပါး

၁။ ပါဏာတိပါတမှ ရှောင်ကြဉ်ခြင်း။
၂။ အဒိန္နာဒါနမှ ရှောင်ကြဉ်ခြင်း။
၃။ အဗြဟ္မစရိယမှ ရှောင်ကြဉ်ခြင်း။
၄။ မုသာဝါဒမှ ရှောင်ကြဉ်ခြင်း။
၅။ သုရာမေရယမှ ရှောင်ကြဉ်ခြင်း။
၆။ ဝိကာလဘောဇနမှ ရှောင်ကြဉ်ခြင်း။

(၁၃၂၉-ခု, ၃၉-အလတ်တန်း)

ကျင့်ရမည့်ကာလ

(၂)နှစ်ပတ်လုံးကျင့်ရမည်။ (၂)နှစ်အတွင်း လုံးဝမပျက်စေရ။ ပျက်လျှင် ပြန်၍ ဆောက်တည်ရမည်။

သိက္ခမာနာ ဟူသည်

ပါဏာတိပါတ ဝေရမဏိ အစ ဝိကာလ ဘောဇန ဝေရမဏိအဆုံး သိက္ခာပုဒ် (၆)လုံးကို ကျင့်နေသော သာမဏေမ။



http://www.dhammadownload.com

ဒုတိယသိက္ခာပုဒ်

(၂)နှစ်ပတ်လုံးကျင့်ပြီး၍ ရဟန်းခံလိုသော်ကျင့်ရမည့်ကျင့်ဝတ်

ဘိက္ခုနီသံဃာထံ၌ ဝုဋ္ဌာနသမ္မုတိတောင်းရပါမည်။

ဂဗ္ဘိနီဝဂ် တတိယ၊ စတုတ္ထ သိက္ခာပုဒ်တို့၌လာသော သိက္ခမာန်တို့သည် မည်သည့် သိက္ခမာန် အမျိုးအစားဖြစ်သည်ကို ရေးသားပြီးလျှင် ဥပဇ္ဈာယ်လုပ်၍ ရဟန်းမပြု–ပေးနိုင်သော ရဟန်းနှင့် ရဟန်းမတို့၏ "ဝါ" အရေအတွက်ကိုလည်း ဖော်ပြပါ။

ဂဗ္ဘိနီဝဂ် တတိယ၊ စတုတ္ထ သိက္ခာပုဒ်တို့၌ သိက္ခမာန်တို့သည် အသက် ၂၀ ကျော်ပြီးသော မဟာသိက္ခမာန်တို့ဖြစ်ပါသည်။

ဥပဇ္ဈာယ် ပြုလုပ်ပေးနိုင်သည့် (ဝါ)ဥပဇ္ဈာယ်လုပ်၍ ရဟန်းပြုပေးနိုင်သည့် "ဝါ" ကား = အနည်းဆုံး သိက္ခာ ၁၀–ဝါရှိရပါမည်။

ဥပဇ္ဈာယ်လုပ်၍ ရဟန်းမပြုပေးနိုင်သည့် "ဝါ" ကား အနည်းဆုံး သိက္ခာ ၁၂– ဝါ ရှိရပါမည်။



ပထမဂိဟိဂတသိက္ခာပုဒ်

အမျိုးသမီးများသိက္ခမာန်ပြုကောင်းသည့် အရွယ်

(၁၀)နှစ်ပြည့်အရွယ်။ (၁၃၃၃-ခု အကြီးတန်း)

ဥိနဒ္ဓါဒ သဝဿာဟူသည်

မွေးဖွားသည်မှစ၍ (၁၂)နှစ်မပြည့်သေးသူ။

ဂိဟိဂတာ ဟူသည်

ယောကျ်ားတစ်ယောက်ယောက်နှင့် မေထုန်မှီဝဲဖူးသူ။

http://www.dhammadownload.com

ရဟန်းခံခွင့်ရသော ဂိဟိဂတာသိက္ခမာန်၏ အင်္ဂါများ

၁။ အသက် (၁၂)နှစ်ပြည့်ပြီးခြင်း၊
၂။ ၂-နှစ်ပတ်လုံး သိက္ခာပုဒ် ၆-ပါးတို့၌ ကျင့်ပြီးခြင်း၊
၃။ ဝုဋ္ဌာနသမ္မုတိရပြီးခြင်း။

ဂိဟိဂတသိက္ခမာန်အား ပဋိုင်းခံပေးထိုက်သော အင်္ဂါများ

(၁)ပဌမ ဂိဟိဂတ သိက္ခာပုဒ်အရ-၁၂-နှစ်ပြည့် ပြီးသူဖြစ်ခြင်း၊ (၂)ဒုတိယ ဂိဟိဂတ သိက္ခာပုဒ်အရ-သိက္ခာပုဒ်ခြောက်မျိုးတို့၌ နှစ်နှစ်ပတ်လုံး သိက္ခမာန်ကျင့်ဝတ်ကို ကျင့်ပြီးသူဖြစ်ခြင်း၊ (၃)တတိယ ဂိဟိဂတသိက္ခာပုဒ်အရ- သံဃသမ္မုတိရခြင်း (၀၊)သံဃာက သမုတ်ပြီးဖြစ်ခြင်းတို့ ဖြစ်ပါသည်။

ဂိဟိဂတ၊ ကုမာရီဘူတ၊ မဟာသိက္ခမာန်တို့၏ အသက်အပိုင်းအခြား

ဂိဟိဂတ သိက္ခမာန်သည်- အသက် ၁၀ နှစ်မှ ၁၈ နှစ်အထိ ဖြစ်ပါသည်။

ကုမာရီဘူတ သိက္ခမာန်သည်-အသက် ၁၈ နှစ်မှ ၂၀ နှစ်အထိ ဖြစ်ပါသည်။

မဟာသိက္ခမာန်သည် = အသက် ၂၀ ကျော်ပြီးအထိ ဖြစ်ပါသည်။

အမျိုးသမီးများ သိက္ခမာန်ပြုကောင်းသည့်အရွယ်

အမျိုးသမီးများသည် ၁၀-နှစ်အရွယ်မှစ၍ သိက္ခမာန်ပြုကောင်းပါသည်။

အမျိုးသမီးများ ရဟန်းပြုကြရာ၌ အပျိုစင်နှင့် အအိုတို့၏ အခွင့်အရေး ကွဲပြားခြားနားချက်

ပဌမ၊ ဒုတိယ၊ တတိယ ကုမာရိဘူ သိက္ခာပုဒ်အရ-

http://www.dhammadownload.com

အပျိုစင်များမှာ အသက် ၂၀-ပြည့်မှ ရဟန်းခံခွင့်ရကြသည်။

ပထမ၊ ဒုတိယ၊ တတိယ ဂိဟိဂတ သိက္ခာပုဒ်အရ- အအိုများမှာ ၁၂ နှစ်ပြည့်လျှင်ပင် ရဟန်းခံခွင့်ရကြပါသည်။



ပထမသဟဇိဝိန်သိက္ခာပုဒ်

သဟဇိဝိန် ဟူသည်

ဥပဇ္ဈာယ်ဟူသော သာမဏေမနှင့် သိက္ခမာန်များကို သဟဇိဝိန် ဟု လည်းကောင်း, သဒ္ဓိဝိဟာရိန်ဟုလည်းကောင်း ခေါ်သည်။

ပဋ္ဌင်းခံပေးပြီးသော ဥပဇ္ဈာယ်ဆရာမ၏ တာဝန်ဝတ္တရားများ

(၁) ပဌမသဟဇိဝိန် သိက္ခာပုဒ်အရ- နှစ်နှစ်ပတ်လုံး ကိုယ်တိုင်သော်လည်း ချီးမြှောက်ရမည်၊ သူတစ်ပါးကိုသော်လည်း ချီးမြှောက်စေရမည်။ (၂) ဒုတိယ သဟဇိဝိန် သိက္ခာပုဒ်အရ- အနည်းဆုံး ငါးယူဇနာ၊ ခြောက်ယူဇနာ အရပ်သို့တိုင်အောင် ကိုယ်တိုင်သော်လည်း ခေါ်သွားရမည်၊ သူတစ်ပါးကိုသော်လည်း ခေါ်သွားစေရပါမည်။

အပျိုစင်ဖြစ်သော သိက္ခမာန်ကို ရဟန်းခံပေးရာ၌ ဆရာကျင့်ဝတ်

(ပဌမ သဟဇိဝိန် သိက္ခာပုဒ်အရ) သဒ္ဓိဝိဟာရိန် တပည့်မကို ပဋ္ဌင်း ပြုပေးပြီးနောက် ၂-နှစ်ပတ်လုံး ကိုယ်တိုင်ဖြစ်စေ၊ သူတစ်ပါးကိုဖြစ် စေ ချီးမြှောက်စေရပါမည်။ (ဒုတိယ သဟဇိဝိန် သိက္ခာပုဒ် အရ) အောက်ထစ်ဆုံး ၆-ယူဇနာ၊ ၅-ယူဇနာဝေးသော အရပ်တို့ကို ကိုယ်တိုင်ဖြစ်စေ၊ သူတစ်ပါးကိုဖြစ်စေ ခေါ်သွားစေရပါမည်။



http://www.dhammadownload.com

ပဝတ္တိနိနာနုဗန္ဓသိက္ခာပုဒ်

အနုဗန္ဓေယျ–အရ အစဉ်လိုက်ဟူသည်

သဒ္ဒါဝိဟာရိနီ တပည့်မများ၏ ထုံးစံအတိုင်း မျက်နှာသစ် ရေကပ်ခြင်း, တံပူကပ်ခြင်း စသော ဝတ်ကြီးဝတ်ငယ်ကို ပြုခြင်းတည်း။

ပဉ္စင်းခံပေးပြီးနောက် တပည့်မကျင့်ဝတ်

ပဝတ္တိနီ နာနုဗန္ဓန သိက္ခာ ပုဒ်အရ ပဉ္စင်းခံပေးသော ဥပဇ္ဈာယ် ဆရာမနောက်သို့ ၂–နှစ်ပတ်လုံး အစဉ်လိုက်၍ လုပ်ကျွေးရပါမည်။

ပဉ္စင်းခံပေးပြီးသော တပည့်မ၏ တာဝန်ဝတ္တရားများ

ပဝတ္တိနီ နာနုဗန္ဓန သိက္ခာပုဒ်အရ–ပဉ္စင်းခံပေးသော ဥပဇ္ဈာယ် ဆရာမနောက်သို့ နှစ်နှစ်ပတ်လုံး အစဉ်လိုက်၍ ပြုစုစောင့်ရှောက် ရမည်။



ဒုတိယသဟဇီဝိနီသိက္ခာပုဒ်

သဒ္ဒါဝိဟာရနီ တပည့်မများကို အနည်းဆုံးခေါ်ဆောင်သွားရမည့်ခရီး

(၆)ယူဇနာခရီးဖြစ်ပါသည်။

ခေါ်သွားရခြင်းအကြောင်း

ပဉ္စင်းသစ်မ၏ ရည်းစားနှင့် ခင်ပွန်းဟောင်းများရှိလျှင် အနောင့် အယှက် ခံရဖွယ်ရှိသောကြောင့် ခေါ်သွားရသည်။



http://www.dhammadownload.com

ကုမာရိဘူတ သိက္ခာပုဒ်များ

အပျိုစင်သာမဏေမအား ရဟန်းခံပေးနိုင်ရန် ပြည့်စုံရမည့် အင်္ဂါများ

(၁) ပထမ ကုမာရိဘူတ သိက္ခာပုဒ်အရ–အသက် ၂၀–ပြည့်ပြီး သူဖြစ်ခြင်း၊ (၂) ဒုတိယ ကုမာရိဘူတ သိက္ခာပုဒ်အရ အသက် ၂၀ ပြည့်ပြီးသော်လည်း ၂–နှစ်ပတ်လုံး သိက္ခာပုဒ် ၆–ပါးတို့နှင့် ကျင့်အပ်သော သိက္ခာရှိရခြင်း၊ (၃) တတိယ ကုမာရိဘူတ သိက္ခာပုဒ်အရ အသက် ၂၀–ပြည့်ပြီး ၂–နှစ်ပတ်လုံး သိက္ခာပုဒ် ၆–ပါးတို့၌ ကျင့်အပ်ပြီးသော သိက္ခာပုဒ်ရှိပြီးသော်လည်း သံဃာက သမုတ်အပ်ပြီးသူ ဖြစ်ခြင်း။

အပျိုစင်ဖြစ်သော သိက္ခမာန်ကို ရဟန်းခံပေးရန် ဆရာအင်္ဂါ

၁၂–ဝါရပြီးခြင်း၊ သံဃာက သမုတ်ခြင်းတို့ဖြစ်ပါသည်။

တပည့်အင်္ဂါ

အသက် ၂၀–ပြည့်ပြီးခြင်း၊ သိက္ခာပုဒ် ၆–ပါးကို ၂–နှစ် ကျင့်ပြီးခြင်း၊ သံဃာက သမုတ်ခြင်းတို့ ဖြစ်ပါသည်။

အမျိုးသမီးများ ရဟန်းပြုရာ၌ အပျိုစင်နှင့် အအိုတို့၏ အခွင့်အရေးခြားနားချက်

အပျိုစင်များမှာ ကုမာရိဘူတ ပ–ဒု–တ သိက္ခာပုဒ်များအရ အသက်(၂၀)ပြည့်မှ ရဟန်းခံခွင့် ရကြသည်။ အအိုများမှာမူ ဂိဟိဂတ ပ–ဒု–တ သိက္ခာပုဒ်များအရ (၁၂)ပြည့်လျှင် ရဟန်းခံခွင့်ရသည်။

(၁၃၅၂–ခု အကြီးတန်း)

http://www.dhammadownload.com

ဂိဟိဂတာကို အသက် (၁၂)နှစ်ပြည့်ရုံမျှဖြင့် ရဟန်းပြုခွင့်ပေးခြင်း အကြောင်း

ဂိဟိဂတာဟူသည် ယောကျ်ားသွားလာအပ်ဖူးသော မိန်းမဖြစ်၍ ဆင်းရဲဒုက္ခတို့ကို အပျိုစင်များထက် ခံနိုင်ရည်ရှိသောကြောင့် (၁၂)နှစ်ပြည့်လျှင် သိက္ခာတသိက္ခာရှိ၍ ဝုဋ္ဌာနသမ္မုတိရမူ ဘိက္ခုနီ ဖြစ်ခွင့်ရသည်။

ကုမာရိဘူတ သိက္ခမာန်အား ပဉ္စင်းခံပေးထိုက်သော အင်္ဂါများ

၁။ အသက် (၂၀) ပြည့်ခြင်း၊

၂။ (၂)နှစ်ပတ်လုံး သိက္ခာပုဒ် ဖ–ပါးတို့၌ ကျင့်ပြီးခြင်း။

၃။ သံဃာထံမှ ဝုဋ္ဌာန သမ္မုတိရခြင်း။

(၁၃၃၃–ခု အလတ်တန်း)

ကုမာရိဘူတကို အသက် (၂၀)နှစ်ပြည့်မှသာ ရဟန်းပြုခွင့်ပေးခြင်း အကြောင်း

ကုမာရိဘူတခေါ် အပျိုစင်သာမဏေမများမှာ ဒုက္ခကို ခံနိုင်ရည် မရှိလှ၊ စိတ်ရောကိုယ်ပါ နုနယ်ကြသောကြောင့် အသက် (၂၀)ပြည့်မှသာ ရဟန်းပြုခွင့်ပေးသည်။

ဂိဟိဂတာနှင့် ကုမာရိဘူတာ အထူး

ဂိဟိဂတာခေါ်သော မိန်းကလေးတို့သည် စောစောက လူဘောင်မှာ ဝတ်ကြောင်နှင့်နေ၍ သိက္ခမာန် လုပ်ခါနီးမှဖြစ်စေ, သိက္ခမာန် မလုပ်ခင် မကြာမီကဖြစ်စေ သာမဏေအဝတ်ကို ဝတ်သူတည်း။ ကုမာရီဘူတာ အမျိုးသမီးတို့ကား သိက္ခာမာန် မလုပ်မီ ရှေးရှေးကပင် (ငယ်ရွယ်စဉ်ကပင်) စင်စင်ကြယ်ကြယ်နှင့် သာမဏေမအဝတ်ကို ဝတ်လာခဲ့သူ ငယ်ဖြူများ ဖြစ်ကြသည်။

http://www.dhammadownload.com

သိက္ခမာန် (၃)မျိုး

၁။ မဟာသိက္ခမာန်၊
၂။ ဂိဟိဂတာ သိက္ခမာန်၊
၃။ ကုမာရိဘူတ သိက္ခမာန်။

မဟာသိက္ခမာန်နှင့် ပတ်သက်သော သိက္ခာပုဒ်များ

ဂဒ္ဒိန်ဝဂ် တတိယနှင့် စတုတ္ထသိက္ခာပုဒ်များ။

သိက္ခာသမ္မုတိပေးရာ၌ သုံးစွဲရမည့်အမည်များ

၁။ မဟာသိက္ခမာန် = ဂိဟိဂတာဖြစ်ဖြစ်, ကုမာရိဘူတာဖြစ်ဖြစ် သိက္ခမာနာဟုသာ သုံးစွဲရမည်။

၂။ ဂိဟိဂတာသိက္ခမာန် = (၁၈)နှစ်မပြည့်သေးလျှင် ဂိဟိဂတာဟု လည်းကောင်း, သိက္ခမာနာဟု လည်းကောင်းခေါ်ဝေါ်နိုင်၍ (၁၈)နှစ်မှ အသက် (၂၀)အတွင်းအရွယ်ဖြစ်လျှင်ဂိဟိဂတာဟုလည်းကောင်း, ကုမာရိဘူတာဟု လည်းကောင်း ခေါ်ဝေါ်နိုင်သည်။

၃။ ကုမာရိဘူတာသိက္ခမာန = ကုမာရိဘူတာဟု လည်းကောင်း, သိက္ခ မာနာဟုလည်းကောင်း ခေါ်ဝေါ်နိုင်သည်။

သိက္ခမာန် (၃)မျိုးအထူး

၁။ အသက် (၁၈)နှစ် မပြည့်သေးသော ယောကျ်ားတစ်ပါး သွားလာအပ်ပြီးသော သိက္ခမာန်သည် ဂိဟိတသိက္ခမာန်။

http://www.dhammadownload.com

၂။ အသက်(၁၈)နှစ်မှ (၂၀)အတွင်း အပျိုစင်ဖြစ်သော သိက္ခမာန်သည် ကုမာရိဘူတ သိက္ခမာန်။

၃။ အသက် (၂၀)ကျော်ပြီးသော သိက္ခမာန်များသည် မဟာသိက္ခမာန်။ (၁၃၃၃-ခု အလတ်တန်း)



ဥနဒွါဒသဝဿသိက္ခာပုဒ်စသည်

ဥပဇ္ဈာယ်လုပ်လိုသော ဘိက္ခုနီမ၏ အရည်အချင်း

၁။ (၁၂) ဝါရပြီးခြင်း။

၂။ ဝုဋ္ဌာပနသမ္မုတိရပြီးခြင်း။ (၁၃၅၅-ခု အကြီးတန်း)

ရဟန်းပြုပေးနိုင်သော ဘိက္ခုနီမ၏ "ဝါ"

ဥနဒွါဒသဝဿ သိက္ခာပုဒ်နှင့် ပရိပုဏ္ဏ ဒွါဒသဝဿ သိက္ခာပုဒ်တို့ဖြင့် ၁၂-ဝါရပြီး ဖြစ် ရပါသည်။

ဥပဇ္ဈာယ်ဆရာမလုပ်၍ ရဟန်းခံပေးနိုင်သော ဘိက္ခုနီမ၏ အင်္ဂါရပ်များ (ဥပဇ္ဈာယ်ဆရာမ၏ ဂုဏ်အင်္ဂါရပ်များ)

(၁)ဥနဒွါဒသဝဿ သိက္ခာပုဒ်အရ- (၁၂)ဝါ ရရှိပြီးခြင်း၊ (၂)ပရိပုဏ္ဏ ဒွါဒသဝဿ သိက္ခာပုဒ်အရ-ဝုဋ္ဌာပန သမ္မုတိရခြင်းတို့ ဖြစ်ပါသည်။



http://www.dhammadownload.com

သောကာဝါသသိက္ခာပုဒ်

ပုရိသနှင့် ကုမာရကအထူး

ပုရိသဟူသည် အသက်(၂၀)ပြည့်ပြီးသော ယောကျ်ားဖြစ်၍ ကုမာရက ဟူသည် အသက်(၂၀)မပြည့်သေးသော လုလင်ဖြစ်ပါသည်။ ဤသို့ ထူးပါသည်။ (၁၃၃၇-ခု အကြီးတန်း)

အနနုညာတသိက္ခာပုဒ်

မာတာပိတု-အရ

မွေးစားသောမိဘများကို မယူရ။ အမိရင်း အဖရင်းကိုယူရမည်။

သာမိက ဟူသည်

သူ့ကို သိမ်းပိုက်ထားသောလင်။

ခွင့်ပန်မှု

၁။ မိန်းမသားတို့မှာ ရှင်ပြုပေးလိုလျှင် တစ်ကြိမ်, ရဟန်းခံပေးလိုလျှင် တစ်ကြိမ်အားဖြင့် နှစ်ကြိမ်ခွင့်တောင်းရမည်။

၂။ ဘိက္ခုတို့မှာ ရှင်ပြုခါနီး၌ တစ်ကြိမ်ခွင့်ရလျှင် ဆက်၍ရဟန်းပြုပေးနိုင်သည်။ ထပ်မံ၍ ခွင့်တောင်းစရာမလို။

အနုဝဿသိက္ခာပုဒ်

အနုဝဿ, ဧကဝဿ သိက္ခာပုဒ်များအရ အာပတ်မသင့်အောင် ရဟန်းပြု ပေးနည်း

၂-နှစ်မှတစ်ပါးသာ ဥပဇ္ဈာယ်လုပ်၍ ရဟန်းပြုပေးရမည်။ (၁၃၃၂-ခု အလတ်တန်း)

http://www.dhammadownload.com

ဥပဇ္ဈာယ်ဆရာမသည် နှစ်စဉ်နှစ်တိုင်း သိက္ခာမာန်များကို ဘိက္ခုနီပြုပေးခွင့်ရှိ/မရှိ

အနုဝဿသိက္ခာပုဒ် ယာ ပန ဘိက္ခုနီ အနုဝဿံ ဥဋ္ဌာပေယျ၊ ပါစိတ္တိယံ – ကို ထောက်၍ နှစ်စဉ်နှစ်တိုင်း သိက္ခာမာန်များကို ဘိက္ခုနီပြုပေးခွင့် မရှိပါ။



ဆတ္တုပါဟနသိက္ခာပုဒ်

အဆုံးအဖြတ်

ဂိလာနမဟုတ်ဘဲ ကျောင်းတိုက်အတွင်းနှင့် ကျောင်းတိုက်ဥပစာမှ တစ်ပါးသော မြို့တွင်း, ရွာတွင်း တောအရပ်အားလုံးမှာပင် ဘိက္ခုနီတို့ ထီး, ဖိနပ်နှစ်မျိုးလုံးကို ဆောင်လျှင်ဆောင်တိုင်း ပါစိတ်သင့်၏။ တစ်မျိုးကိုသာ ဆောင်လျှင် ဒုက္ကဋ်အာပတ်သင့်၏။

ထီး, ဖိနပ်အပ်သောအချက်

ကိုယ်ပူရောဂါ, သည်းခြေပျက်ရောဂါ, မျက်စိအားနည်းသော ရောဂါ စသည်ဖြင့် ထီးမဆောင်းရလျှင် တိုးပွားမည့်ရောဂါမျိုးရှိလျှင်လည်းကောင်း, မိုးရွာသည့်အခါ အအေးမိမည်ကို စိုးရိမ်ရခြင်း, နေပူလွန်း၍ အပူမိမည်ကိုစိုးရိမ်ရခြင်း, သင်္ကန်းကို မိုးစိုမည်မှ စောင့်ရှောက်လိုခြင်းစသော လုံလောက်သော အကြောင်းရှိလျှင်လည်းကောင်း ထီးဆောင်းကောင်း၏။ နေပူလွန်းခြင်း, အအေးများလွန်းခြင်း,သွားရာအရပ်က ရောဂါဘယရှိခြင်း စသော အကြောင်း ကြောင့် ကျန်းမာရေးထိခိုက်လောက်လျှင် ဖိနပ်လည်း စီးကောင်း၏။ ဤသို့ အကြောင်းမလုံလောက်လျှင် ထီး, ဖိနပ် (၂)မျိုးလုံးပင် မအပ်။



http://www.dhammadownload.com

ယာန သိက္ခာပုဒ်

မီးရထား, မော်တော်ကား စသည်တို့ကို စီးကောင်း

လူက လှည့်ပေးရသော်လည်း သွားအောင် တွန်းပေးရ, ဆွဲငင်ကြရသည် မဟုတ်။ ဆိုင်ရာ ဓာတ်အား, စက်အားတို့ဖြင့် သွားလာနေရကား မည်သည့်သတ္တဝါကိုမျှ နှိပ်စက်ရာမရောက်သောကြောင့် ယာန စာရင်းမဝင်၍ စီးကောင်းသည်။

ယာန–အရ

နွား, မြင်း, လူအားစိုက်၍ တွန်း၍, ဆွဲရသော လှည်း, မြင်းရထား, လန်ချား, ဆိုက်ကားနှင့် ထမ်းစင်များကိုသာ ယူရမည်။

ဝါသိတကသိက္ခာပုဒ်

ဆပ်ပြာမွေး သုံးစွဲမှု

ယခုခေတ်ပေါ် ဆပ်ပြာမွေးမျိုးစုံတို့သည် ဝါသိတက စာရင်းဝင်ကြ၍ သုံးစွဲသော ဘိက္ခုနီမှာ ဤဝါသုတက သိက္ခာပုဒ်အရ ပါစိတ် သင့်သည်။

ဂန္ဓဝဏ္ဏက သိက္ခာပုဒ်နှင့် ဝါသိတက သိက္ခာပုဒ်တို့အထူး

ဂန္ဓဝဏ္ဏက သိက္ခာပုဒ်သည် နံ့သာအလှရည်တို့ကို ရေ၌ရောစပ်၍ ချိုးခြင်းမှ တားမြစ်ပါသည်။ ဝါသိတက သိက္ခာပုဒ်က နံ့သာထုံအပ်သော နှမ်းမှုန့်တို့ဖြင့် ကိုယ်ကို ပွတ်တိုက်၍ ရေချိုးခြင်းမှ တားမြစ်ပါသည်။ ဤသို့ ထူးပါသည်။

ဘိက္ခုနီမများ မသုံးဆောင်ကောင်းသော ပစ္စည်းများ

(၁) သဃ်ာဏိ သိက္ခာပုဒ်အရ–ခါးကြိုးတန်ဆာ၊ (၂) ဣတ္ထာလင်္ကာရ သိက္ခာပုဒ်အရ လူမိန်းမတို့၏ အဆင်တန်ဆာဖြစ်ပါသည်။

http://www.dhammadownload.com

ဘိက္ခုနီ ဥပဇ္ဈာပနသိက္ခာပုဒ်စသည်

မနှိပ်ခိုင်းကောင်းသူများ

အခြားဘိက္ခုနီမ, သိက္ခမာန်, သာမဏေမ, လူဝတ်ကြောင်မများ။

ပွတ်သပ်ဆုပ်နယ်မှု မပြုခိုင်းကောင်းသောသူများ

(၁)ဘိက္ခုနီ ဥပဇ္ဈာပန သိက္ခာပုဒ်ဖြင့် ဘိက္ခုနီမ၊ (၂)သိက္ခမာန ဥပဇ္ဈာပန သိက္ခာပုဒ်ဖြင့် သိက္ခမာန်၊ (၃)သာမဏေရီ ဥပဇ္ဈာပန သိက္ခာပုဒ်ဖြင့် သာမဏေမ၊ (၄)ဂိဟိနီ ဥပဇ္ဈာပန သိက္ခာပုဒ်ဖြင့် လူဝတ်ကြောင် မိန်းမတို့ ဖြစ်ပါသည်။

အနာပုစ္ဆာသိက္ခာပုဒ်

ပုရတော–အရ

ပုရတော–ဟုဆိုသော်လည်း ရှေ့တည့်တည့်ကိုသာ မယူရ။ ဘိက္ခုနီ၏ ပတ်ပတ်လည် ၁၂–တောင် ဥပစာအတွင်းကို ယူရသည်။

ဘိက္ခုနီမတို့ သက်ဆိုင်ရာကို ပန်ကြားပြီးမှ ပြုလုပ်ရမည့် အလုပ်

ရတ္တန္ဓကာရဝဂ် (၁)အနာပုစ္ဆာ ပက္ကမန သိက္ခာပုဒ်အရ–ပုရေဘတ် အခါ အမျိုးအိမ်တို့သို့ ချဉ်းကပ်၍ နေရာ၌ နေထိုင်ပြီး ဖဲသွားခြင်း၊ (၂)အနာပုစ္ဆာ အဘိနိသီဒန သိက္ခာပုဒ်အရ–ပစ္ဆာဘတ် အခါ အမျိုး အိမ်တို့သို့ ချဉ်းကပ်၍ နေရာ၌ ထိုင်ခြင်း အိပ်ခြင်း၊ (၃)အနာပုစ္ဆာ သန္ထ ရဏသိက္ခာပုဒ်အရ–ဝိကာလအခါ အမျိုးအိမ်

http://www.dhammadownload.com

တို့သို့ ချဉ်းကပ်၍ အိပ်ရာကို ကိုယ်တိုင်ခင်း၍သော်လည်းကောင်း၊ သူတစ်ပါးတို့ကို ခင်းခိုင်း၍သော်လည်းကောင်း ထိုင်ခြင်း အိပ်ခြင်း။

အာရာမဝဂ် = အာရာမ ပဝိသန သိက္ခာပုဒ်အရ– သိလျက် ရဟန်းရှိသော အာရာမ်သို့ဝင်ခြင်း။ ဆတ္တုပါဟနဝဂ် = အနာပုစ္ဆာ သိက္ခာပုဒ်အရ ရဟန်း၏ ရှေ့နေရာ၌ ထိုင်ခြင်း။

ပဉ္စာပုစ္ဆာနသိက္ခာပုဒ်

အဆုံးအဖြတ်

ဘိက္ခုနီသည် ဘိက္ခုကို ပြဿနာမေးလိုလျှင် "မည်သည့်ဌာန၌ မေးပါရစေ, သုတ္တန်ဘက်က မည်သည့်နေရာကို မေးပါရစေ" စသည်ဖြင့် ခွင့်တောင်းပြီးလျှင် မေးခွင့်ရမှ မေးရမည်။ သုတ္တန်ဘက်က ခွင့်တောင်းပြီးနောက် ဝိနည်း, အဘိဓမ္မာဘက်က မေးလျှင်ပင် ပါစိတ်အာပတ်သင့်၏။ လုံးလုံးအခွင့်မတောင်းဘဲ မေးလျှင်ကား ဆိုဖွယ်ရာမရှိပြီ။

အသံကစ္စိက သိက္ခာပုဒ်

သံကစ္စိကာဟူသည်

ယောကျ်ားများ မကြည့်နိုင်အောင် ဖြတ်တောက်ဆီးတား အပ်ရာ ဖြစ်သော ညှပ်ရိုးမှ အောက်ချက်၏ အထက်အရပ်၌ ဝတ်အပ်သောအဝတ်။

သုဒ္ဓပါစိတ်လာ အသာဓာရဏသိက္ခာပုဒ်အပေါင်း

၉၆– ပုဒ်ရှိပါသည်။

http://www.dhammadownload.com

ဘိက္ခုနီ သုဒ္ဓပါစိတ်သိက္ခာပုဒ်တို့ကို ဝဂ်အလိုက် သာဓာရဏ၊ အသာဓာရဏ အခွဲ

သာဓာရဏ-

မုသာဝါဒဝဂ်၌ (၁၀) ပုဒ်
ဘူတဂါမဝဂ်၌ (၁၀) ပုဒ်
ဘောဇနဝဂ်၌ (၁၀) ပုဒ်
စာရိတ္တဝဂ်၌ (၁၀) ပုဒ်
ဇောတိဝဂ်၌ (၁၀) ပုဒ်
ဒိဋ္ဌိဝဂ်၌ (၁၀) ပုဒ်
ဓမ္မိကဝဂ်၌ (၁၀) ပုဒ် ပေါင်း (၇၀)ပုဒ်

အသာဓာရဏ-

လသုဏဝဂ်၌ (၁၀) ပုဒ်
ရတ္တန္ဓကာရဝဂ်၌ (၁၀) ပုဒ်
နဂ္ဂဝဂ်၌ (၁၀) ပုဒ်
တုဝဋ္ဋဝဂ်၌ (၁၀) ပုဒ်
စိတ္တာဂါရဝဂ်၌ (၁၀) ပုဒ်
အာရာမဝဂ်၌ (၁၀) ပုဒ်
ဂဇ္ဈနီဝဂ်၌ (၁၀) ပုဒ်
ကုမာရီဘူတဝဂ်၌ (၁၃) ပုဒ်
ဆတ္တာပါဟနဝဂ်၌ (၁၀) ပုဒ် ပေါင်း (၉၆) ပုဒ်

(၁၃၃၃-ခု အကြီးတန်း)

ဘိက္ခူတို့နှင့် ဆက်ဆံသော ဘိက္ခုနီတို့၏ သာဓာရဏများ

မုသာ ဝါဒဝဂ်(၁၀)ပုဒ်၊ ဘူတဂါမဝဂ် (၁၀)ပုဒ်၊ ဘောဇနဝဂ် (၁၀)ပုဒ်၊ စာရိတ္တဝဂ်(၁၀)ပုဒ်၊ ဇောတိဝဂ်(၁၀)ပုဒ်၊ ဒိဋ္ဌိဝဂ်(၁၀)ပုဒ်၊ ပေါင်း (၇၀)။

http://www.dhammadownload.com

ဘိက္ခုနီတို့နှင့်သာ သက်ဆိုင်သော အသာဓာရဏ သိက္ခာပုဒ်များ

လသုဏာဝဂ် (၁၀) ပုဒ်၊ ရတ္တန္ဓကာရဝဂ် (၁၀) ပုဒ်၊ နဂ္ဂဝဂ်(၁၀)ပုဒ်၊ တုဝဋ္ဋဝဂ်(၁၀)ပုဒ်၊ စိတ္တာဂါရဝဂ် (၁၀)ပုဒ်၊ အာရာမဝဂ်(၁၀)ပုဒ်၊ ဂဇ္ဈနီဝဂ်(၁၀)ပုဒ်၊ ကုမာရိဘူတဝဂ်(၁၃)ပုဒ်၊ ဆတ္တုပါဟနဝဂ်(၁၃)ပုဒ် ပေါင်း (၉၆) ပုဒ်။

အနုပညတ် ၂–မျိုးပါသော သိက္ခာပုဒ်

အာရာမဝဂ် အာရာမပဝိသေန သိက္ခာပုဒ်ဖြစ်ပါသည်။ (၁။ဇာန သဘိက္ခုကံ၊ ၂။ သန္တံ ဘိက္ခုံ အနာပုစ္ဆာ။)

တစ်ပြိုင်နက်ပါစိတ် ၆–ချက်သင့်သော သိက္ခာပုဒ်

အာရာမဝဂ်–ပသာ ဧခ ဇာတသိက္ခာပုဒ်ဖြစ်ပါသည်။

ဘိက္ခုနီ ပါတိမောက်၌ အနုပညတ်ပါသော သိက္ခာပုဒ်များ–

သံဃာ ဒိသိသ်–ဧကဂါမန္တ ရဂမန သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်–အာရာမဝဂ်–အာရာမပဝိသန၊ ဆတ္တုပါဟနဝဂ်–ဆတ္တုပါမာန သိက္ခာပုဒ်၊ ယာနသိက္ခာပုဒ် (အဂိလာနာ)၊ ပါဠိဒေသနီ– ၌ (၁)သပ္ပိဝိညာပန (၂)တေလ ဝိညာပန (၃)မဓုဝိညာပန (၄)ဖာဏိတ ဝိညာပန (၅)မစ္ဆာဝိညာပန (၆)မံ သ ဝိညာပန (၇)ခီရ ဝိညာပန (၈)ဒဓိ ဝိညာပန သိက္ခာပုဒ်။

ဘိက္ခုနီ သုဒ္ဓပါစိတ် သာဓာရဏ သိက္ခာပုဒ်

မုသာဝါဒဝဂ်	(၁၀) ပုဒ်
ဘူတဂါမဝဂ်	(၁၀) ပုဒ်
ဘောဇနဝဂ်	(၁၀) ပုဒ်
စာရိတ္တဝဂ်	(၁၀) ပုဒ်

http://www.dhammadownload.com

ဇောတိဝဂ် (၁၀) ပုဒ်
ဒိဋ္ဌိဝဂ် (၁၀) ပုဒ်
ဓမ္မိကဝဂ် (၁၀) ပုဒ်



ပါဠိဒေသနီယကဏ္ဍ

ဘိက္ခုနီတို့ သီးခြားဒေသနာ ကြားထိုက်သော အာပတ်သင့်ကြောင်း ပစ္စည်းများ (ဘိက္ခုနီမများ ကျန်းမာပါလျက် တောင်းစားခြင်းကြောင့် ပါဠိဒေသနီယ အာပတ်သင့်စေနိုင်သော ပစ္စည်းများ)

သပ္ပိ – ထောပတ်၊ တေလ – ဆီ၊ မဓု – ပျားရည်၊ ဖာဏိတ – တင်လဲ၊ မစ္ဆ – ငါး၊ မံသ – အသား၊ ခီရ – နို့ရည်၊ ဒဓိ – နို့ဓမ်းတို့ ဖြစ်ပါသည်။

တောင်းစားခြင်းကြောင့် ပါဠိဒေသနီယ အာပတ်သင့်နိုင်သော ပစ္စည်းများ

သပ္ပိ, တေလ, မဓု, ဖာဏိတ, မစ္ဆ, မံသ, ခီရ, ဒဓိ။

(၁၃၅၅-ခု အကြီးတန်း)

ပါဠိဒေသနီယ ဝတ္ထုတွင် မပါဝင်သောဆေးပစ္စည်းအမည်

နဝနီတ – ဆီဦး။

ပါဠိဒေသနီယ အာပတ်သင့်၍ ပြောကြားပုံ

ဂါရယှံ အယ္မေ ဓမ္မံ အာပဇ္ဇိံ အသပ္ပါယံ ပါဠိဒေသနီယံ၊ တံ ပဋိဒေသေမိ။ [အရှင်မ ... တပည့်တော်သည် ကဲ့ရဲ့အပ်သည့် မလျောက်ပတ်သော ပါဠိဒေသ နီအာပတ်သို့ ရောက်ပြီ၊ ထိုပါဠိဒေသနီ အာပတ်ကို ပြောကြားပါ၏ဟု ပြောကြားရပါမည်။]

http://www.dhammadownload.com

ဘိက္ခုနီပါတိမောက်၌လာသော သိက္ခာပုဒ်များကို အကျဉ်းချုပ် အားဖြင့် ရေတွက်ပုံ

၁။	ပါရာဇိက သိက္ခာပုဒ်	၈–ပုဒ်
၂။	သံဃာဒိသေသ် သိက္ခာပုဒ်	၁၇–ပုဒ်
၃။	နိဿဂ္ဂိယပါစိတ် သိက္ခာပုဒ်	၃၀–ပုဒ်
၄။	သုဒ္ဓပါစိတ် သိက္ခာပုဒ်	၁၆၆–ပုဒ်
၅။	ပါဋိဒေသနီယ သိက္ခာပုဒ်	၈–ပုဒ်
၆။	သေခိယ သိက္ခာပုဒ်	၇၅–ပုဒ်
၇။	အဓိကရဏ သိက္ခာပုဒ်	၇–ပုဒ်
	ပေါင်း	၃၁၀–ပုဒ်

(၁၃၃၀–ခု အလတ်တန်း)

ဘိက္ခုနီပါတိမောက်အဓိပ္ပာယ် ပြီးပါပြီ။

